ဓမ္မကထိက

# ကျိက္ကစံဦးပဏ္ဍိဓမ္မ

ရေးသား စီရင်တော်မူအပ်သော

## ဂမ္ဘီရ ဓမ္မ ဒေသနာ

# ကျိုက္ကစံတရားစာ

ပထမတွဲ။

မူပိုင်-ဒုရစ္စရှိပြုလုပ်ပြီး

ပဉ္စမအကြိမ်ပုံနှိပ်ခြင်း

သာသနာ့အလင်းစာပေဌာန

အမှတ်-၂၁၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။

ရန်ကုန်မြို့

ကျိုက္ကစံ ဆရာတော် ဘုရားကြီး၏

အန္တေဝါသိက-ညာဟတ္ထ ဖြစ်တော်မူသော

ဓမ္မကထိက

ကျိုက္ကစံ ဦးပဏ္ဍိဓမ္မ

ရေးသားစီရင်တော် မူအပ်သော

ဂမ္ဘီရ ဓမ္မဒေသနာ

# ကျိုက္ကစံယပ်လှဲတရားစာ

ပထမတွဲ

★

(မူပိုင်-ရေးစွဲမှုပြုလုပ်ပြီး)

သာသနာ့ အလင်း စာပေ ဌာန

အမှတ်-၂၁၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။

★

၁၉၇၃-ခု၊ ဖေဖော်ဝါရီလ၊

★

ပဌမအကြိမ်-ရိုက်နှိပ်ခြင်း အုပ်ရေ(၂၀၀၀)

★

**ဆန်းသစ်စ စာပုံနှိပ်တိုက်**

အမှတ်-၅၀၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်။

★

# မာတိကာ

●


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်း၏နိဒါန်းအကြောင်းအရာကိုပြဆိုခြင်း .... | ၁ |
| ၂။ | မြတ်စွာဘုရားအား ရှိခိုးခြင်း စသည်ကိုပြသော ပဏာမာဒိ ဒီပက ဂါထာ ပါဠိ-အနက် .... .... | ၃ |
| ၃။ | ကန်တော့ပုံ ဆုပေးနှင့် နဝင်္ဂသီလ ဆောက်တည်ပုံများကို မှတ်သားရန် ပြဆိုခြင်း .... .... | ၄ |
| ၄။ | ကျမ်းဆရာ၏ ရည်ရွယ်ချက်ကိုပြဆိုခြင်း အာသီသ ဂါထာ ပါဠိ-အနက် .... .... .... | ၁၀ |
| ၅။ | ရဟန်းတော်များအား မေတ္တာပွားပုံကိုပြသော သမဏာသီသ ဂါထာ ပါဠိ-အနက် .... .... | ၁၂ |
| ၆။ | နတ်အများအား တရားနာဘိတ်ရန်ကို ပြဆိုခြင်း ဒေဝနိမန္တ ဂါထာ ပါဠိ-အနက် .... .... | ၁၃ |
| ၇။ | မြတ်စွာဘုရား၏ အစ္စရိယဂုဏ်တော်များကို မှတ်သားရန် ပြဆိုခြင်းအကြောင်း .... .... | ၁၄ |
| ၈။ | မြတ်စွာဘုရားအား ရှိခိုးရုံနှင့် နတ်ဘုံသို့ ရောက်သော စဏ္ဍာလီဒကာမကြီးဝတ္ထု .... | ၂၀ |
| ၉။ | ဘုရားရှင်၏ ဂုဏ်တော်ကိုရွတ်သဖြင့် အန္တရာယ် ကင်းလွတ်၍ ဒိဋ္ဌဓမ္မအကျိုးပေးပုံကိုပြသော ဒါရုသာကဋိကပုတ္တဝတ္ထု .... .... | ၂၃ |
| ၁၀။ | တရားနာရုံနှင့် နတ်ဘုံသို့ရောက်သည်ကိုပြသော မဏ္ဍုကဒေဝပုတ္တာဒိဝတ္ထု .... .... | ၃၄ |
| ၁၁။ | ယပ်ထောင်,ယပ်လှဲ့နှင့် သာဓုခေါ်ပုံကိုပြသော ပါဝေယျကာဇီဝက သားအမိဝတ္ထု .... .... | ၃၆ |
| ၁၂။ | သာဓုခေါ်သဖြင့် နှုတ်ခမ်းမှ ကြာနံ့ထွက်သည်ကို ပြသော ကောသလမင်းနှင့် သုဂန္ဓတ္ထေရဝတ္ထု .... | ၄၃ |
| ၁၃။ | သတ္တဝါများ၏ မီးသုံးပါးရန်ကို ထင်ရှားစွာပြခြင်းအကြောင်း .... .... | ၄၇ |


(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

## မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | လောဘရန်သူမီးကြောင့် ပျက်စီးရသည်ကိုပြသော သေရိဝ ရှဲကုန်သည်ဝတ္ထု .... .... | ၆၁ |
| ၁၅။ | ဒေါသရန်မီးကြောင့် ပျက်စီးပုံအပြစ်ကိုပြသော ကာလဗုမင်းနှင့် ခန္တီဝါဒရသေ့ဝတ္ထု .... .... | ၆၅ |
| ၁၆။ | မောဟရန်သူ မီးကြောင့် ပျက်စီးပုံ အပြစ်ကိုပြသော ကလျာဏီမင်းနှင့် အဘယမထေရ်ဝတ္ထု.... .... | ၇၁ |
| ၁၇။ | ဆုတောင်းပုံ အမှားအမှန်ကို သိသာရန် ပြဆိုသော ဝိသာခါနှင့် သိဘင်းသည်ငါးရာဝတ္ထု .... .... | ၇၉ |
| ၁၈။ | ရက်ကန်းသည်မ ပေသကာရီဝတ္ထု မရဏာနုဿတိတရား .... .... | ၁၀၂ |
| ၁၉။ | သာဓကဥပမာတို့နှင့် ထင်ရှားစွာပြဆိုသော သစ္စာ ၄-ပါး အမှန်တရား .... .... | ၁၂၁ |
| ၂၀။ | သမုဒယကြောင့် ဒုက္ခဖြစ်ပုံကိုပြဆိုသော ဇာတ်နိပါတ်ဝတ္ထုတော်များ .... .... | ၁၃၄ |
| ၂၁။ | ဒီဃာဝုမင်းသားဝတ္ထု ရန်အောင်တရား .... | ၁၄၀ |
| ၂၂။ | နာယကဂုဏ် ၆-ပါး ဂါထာသံပေါက် လင်္ကာနှင့် ရှစ်လုံးဘွဲ့ မြန်မာကဗျာများကိုပြဆိုခြင်း .... | ၁၇၁ |
| ၂၃။ | ကလေးချော့ရန် ဂါထာသံပေါက် ကဗျာများကို ပြဆိုခြင်း .... .... .... .... | ၁၇၂ |
| ၂၄။ | ခေမာမိဖုယားကြီး တောင်းပန်ကန်တော့သော ဂါထာသံပေါက် ရှစ်လုံးဘွဲ့ကဗျာများကိုပြဆိုခြင်း ... | ၁၇၃ |
| ၂၅။ | ပညာဥစ္စာဖြင့် စောင့်ရှောက်ရန် ဂါထာ သံပေါက် ရှစ်လုံးဘွဲ့ကဗျာများကိုပြဆိုခြင်း .... .... | ၁၇၅ |
| ၂၆။ | ကျမ်းပြီးအဆုံးနိဂုံးဂါထာကိုပြဆိုခြင်း.... .... | ၁၇၆ |

(ပဌမအကြိမ် ရိုက်နှိပ်သည်)

# နိဒါန်း

## ကျမ်း၏ နိဒါန်းအကြောင်းအရာကို ပြဆိုခြင်း

တိလောကဓိပတိ တုမရှိသည့်၊ မုနိပုင်္ဂဝ၊ ဥက္ကဋ္ဌဟု၊ သုံးလူ့ဘ စော သတ္တာ ဂေါတမမြတ်စွာသည်၊ ဒီပင်္ကရာ မည်တော်သာသည့်၊ ထွဋ်ချွာ မှန်ကင်း ခြေတော်ရင်း၌၊ ဝပ်စင်းညွှတ်ခ ဦးနှိမ်သလျက်၊ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးလျှင်၊ ဗုဒ္ဓကိုအပေါင်း ရှေးရှေးသော ဘုရားအလောင်းတို့ကဲ့သို့၊ ပွင့်ကြောင်းရွယ်ရည် အစ,ချီသည့်၊ ဆယ်ပါး သောပါရမီ၊ သုံးလီသောစရိယ၊ ငါးပါးသောစာဂဟု၊ သမ္ဘာရဆောက်ဦး၊ တရားမြတ်အဆူဆူတို့ကို၊ ညည်းညူခြင်းမရှိ လွန်ကဲဘိ၍၊ ပဏီမိ၊ စိတ်အနေဖြင့် ကာလကိုတွက်ရေသော်၊ သင်္ချေလေးရပ် တသိန်းကပ်လုံး၊ ယူကြုံးဆည်းပူး၊ အထူးပြုလုပ်၊ နောက်မဆုတ်ဘဲ အားထုတ်တော်မူခဲ့လေသည်။

ဤသို့ အားထုတ် ဖြည့်ကျင့်၊ ချိန်ခါသင့်သဖြင့်၊ လေးဆင့်သစ္စာ၊ ပွင့်လန်းဖြာ၍၊ သမ္မာသမ္ဗုဒ္ဓအစစ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ၊ ဝေနေယျကြွာ၊ ကျွတ်ထိုက်သောသတ္တဝါတို့ကို၊ ခေမာကူးတို့-သောင်ရွှေမြို့သို့၊ ဆောင်ပို့ကယ်တင်တော်မူရန်၊ သုတ္တန်,ဝိနယ ဘိဓမ္မာဟု၊ သုံးဝ,သုံးဖြာ၊ ပိဋကတ်ဓမ္မက္ခန္ဓာတို့ကို၊ လေးဆယ့်ငါးဝါသော ကာလ ပတ်လုံး၊ ရတနာရွဲလုံးကို သီကုံး၍ ထားဘိသကဲ့သို့၊ ဟောကြားတော်မူ သဖြင့်၊ ကိုယ်တော်နှင့်အတူ၊ ကျွတ်သင့်သော ဟိန္ဒူတို့ကို၊ နိဗ္ဗူသောင်ကမ်း၊ မြို့ရွှေနန်းသို့၊ ကူးသန်းထုတ်ချောက် ကင်းလွတ်မြောက်၍၊ ငြိမ်းအေးချမ်း သာခြင်းအဖြစ်သို့ ရောက်ရှိစေတော်မူခဲ့လေသည်။

ထို့နောက်တဖန် ချိန်မတန်၍၊ ကျွတ်လွတ်ရန်ကွာဝေး၊ ပါရမီမရင့် သေးသောသူတို့သည်၊ ထို-ဤ-ပြေးသွား၊ ဘုံသုံးပါးတွင်၊ မနား,မရပ်၊ ချားရဟတ်ကဲ့သို့၊ လှည့်ပတ်ကျင်လည်၊ အတည်မမြဲ၊ ဖောက်လဲဖေါက်ပြန် စုန်,ဆန်ကာဖြင့်၊ သံသရာသမုဒ်၊ ဝဲဇလုပ်၌၊ နစ်မြုပ်နေကြ၊ ဒုက္ခိတ,များ စွာ သတ္တဝါဟူသမျှတို့မှာ၊ ပူဆာလိုက်လဲ၊ ဝဋ်ဆင်းရဲ၌၊ မထနိုင်ဘဲ၊ ပုံကာ လဲ၍၊ လွန်ကဲညှိုးနွမ်းလျက်၊ ကိုယ်စိတ်ပင်ပန်းခြင်း ဒုက္ခဘေးတို့ဖြင့်၊ ရော

ထွေးကာ လွှမ်းဘိ၍၊ မချိမဆန့်အောင်သော နှိပ်စက်ခြင်းတို့ကို ထန်ပြင်းကြီးမားစွာခံစားရလျက်၊ အကြိမ်ကြိမ် အဖန်ဖန် နစ်မွန်းမျောပါး၍ နေခဲ့ကြရလေသည်။

ဤကဲ့သို့သော ဘေးရန်ခပင်းတို့မှ လွတ်ကင်း ချမ်းသာစေခြင်းငှါ၊ ဟောထားတော်မူအပ်သော ပိဋကတ်သုံးဖြာတို့တွင်၊ သုတ္တန်ကျမ်းအပါအဝင်ဖြစ်သော ပိဋကတ်၌၊ သင့်မြတ်လျော်ရာ အခါကာလ ဒေသအလိုက် ပုဂ္ဂိုလ်တို့၏ စရိုက်နှင့် ထောက်ချင့်ကာ ဆင်ခြင်၍၊ ကျင့်စဉ် နည်းတဖြာ၊ မှတ်သားဘွယ်ရာ အခါးခါးနှင့်၊ ဝတ္ထုစုံရောပြွမ်းလျက်၊ ဒုက္ခငြိမ်းချမ်း နိဗ္ဗာန်နန်းသို့၊ ကူးသန်းထွက်မြောက်၊ လျင်မြန်စွာ ပေါက်ရောက်နိုင်ကြစေရန်၊ ရည်သန်သောသမ္မာဆန္ဒဖြင့် "**ကျိုက္ကစံ-ဦးပဏ္ဍိဓမ္မ**" အရှင်မြတ်သည်၊ ပိဋကတ်အသွယ်သွယ်၏ ခက်ခဲနက်နဲသော သဘောအဓိပ္ပါယ်တို့ကို၊ ထင်ရှားပေါ်လွင်သော ဥပမာပရိယာယ်တို့ဖြင့်၊ အလွယ်တကူ နည်းယူ ပုံလုပ်ကျင့်ကြံအားထုတ်နိုင်ကြစေခြင်းငှါ၊ ဆန်းကြယ်စွာ တန်ဆာဆင်လျက်- (**ဂမ္ဘီရဓမ္မဒေသနာ**) မည်သော ဤ (**ကျိုက္ကစံ-ယပ်လှဲတရားစာ**) ပထမတွဲကျမ်းကို ကြိုးပမ်းတည်ထွင်၍ စီရင်ရေးသားလိုက်ရပေသတည်း။

နိဒါန်း အကြောင်းအရာကို ပြဆိုခြင်းပြီး၏။

# ဥပမာမဥ္ဇရီ
## ခေါ် ထိုက် သည့်
## (ဓမ္မကထိကလက်စွဲကျမ်း)
## ပ—၃ ၃၀-၈

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)



# ဂမ္ဘီရဓမ္မဒေသနာကျမ်း

နမော တဿ ဂမ္ဘီရ ဓမ္မဒေသကဿ

## မြတ်စွာဘုရားအား ရှိခိုးခြင်း၊ စသည်ကို ပြသော
## ပဏာမာဒိ ဒီပကဂါထာ ပါဠိ-အနက်

**အဘိဝါဒိယ သမ္ဗုဒ္ဓံ၊ ဂမ္ဘီရဓမ္မဒေသကံ။**
**ယာစိတောဟံ ကရိဿာမိ၊ ဂမ္ဘီရဓမ္မဒေသနံ။ ။**

အဟံ၊ ငါသည်။ ဂမ္ဘီရဓမ္မဒေသကံ၊ သိမ်မွေ့နက်နဲ ခက်ခဲနူးညံ့သော တရားကိုသာ ကောင်းစွာပိုင်းခြား၍ ဟောကြားတော်မူတတ်သော။ သမ္ဗုဒ္ဓံ၊ သစ္စာဉေယျ မြတ်မွေကို မုချသိမြင် ဘုရားရှင်ကို။ အဘိဝါဒိယ၊ ဒူး၊ လက်၊ နဖူး ငါးဦးထိမျိုး ရှိခိုးပြီး၍။ သမဂ္ဂေဟိ၊ သီတင်းသုံးဖော် သံဃာတော်အရှင်မြတ်တို့သည်။ ယာစိတော၊ ကြိမ်ဖန်များစွာ ရေးသားပါဟု ခါခါထပ်ထပ် တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ ၃တောင်းပန်အပ်လေသောကြောင့်။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ ဂမ္ဘီရဓမ္မဒေသနံ၊ သိမ်မွေ့နက်နဲ ခက်ခဲ ကျစ်လစ် ဆီနှစ်ပြည့်လျှမ်း ဂမ္ဘီရဓမ္မဒေသနာမည်သော ကျိုက္ကစံယပ်လှဲကျမ်းစာကို။ ကရိဿာမိ၊ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။

ပဏာမာဒိ ဒီပကဂါထာ ပါဠိ-အနက် ပြီး၏။

(ပဌမအကြိမ် ရိုက်နှိပ်သည်)

## ကန်တော့ပုံဆုပေးနှင့် နဝင်္ဂသီလ ဆောက်တည်ပုံများကို မှတ်သားရန်ပြဆိုခြင်း

ဩကာသ, ဩကာသ, ဩကာသ၊ ကာယကံ, ဝစီကံ, မနောကံ၊ ဤကံသုံးပါးတို့တွင် တပါးပါးသောကံဖြင့် ပြစ်မှားမိသည်ရှိသော်။ သဗ္ဗဒေါသ၊ ခပ်သိမ်းသောအပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှါ။ ပထမ, ဒုတိယ, တတိယ၊ တကြိမ်, နှစ်ကြိမ်, သုံးကြိမ် မြောက်အောင်၊ ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ဟု ဆိုအပ်သော၊ ရတနာမြတ်သုံးပါးနှင့်တကွ၊ ဆရာသမားတို့အား ၊အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသောကုသိုလ်ကံစေတနာတို့ကြောင့်၊ အပါယ်(၄)ပါး၊ ကပ်(၃)ပါး၊ ရပ်ပြစ်(၈)ပါး၊ ရန်သူမျိုး (၅)ပါး၊ ဝိပ္ပတ္တိတရား (၄)ပါး၊ ဗျသနတရား (၅)ပါး၊ မီး(၁၁)ပါး၊ဒဏ်(၁၀)ပါး၊ဥပဒ္ဒဝေါ(၁၆)ပါး၊(၂၅)ပါးသောဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ (၉၆)ပါးသောရောဂါ၊ အနာမျိုးခပ်သိမ်းဘေးရန်ခပ်သိမ်းတို့မှ ဘဝတိုင်း ကင်းလွတ်ငြိမ်းရသည်ဖြစ်၍၊ အဆုံးဘဝ, နောင်ကာလ၌ သုခပဋိပဒါခိပ္ပါဘိညာတို့ဖြင့် မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ရပါလို၏အရှင်ဘုရား။

(ဤကား-ကန်တော့ပုံတည်း။)

**အဘိဝါဒနသီလိဿ နိစ္စံ ဝုဍ္ဎာပစာယိနော။**

**စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ။**

အဘိဝါဒနသီလိဿ၊ ရတနာသုံးရပ် ဆရာမြတ်ကို ဆည်းကပ်မမေ့ ရှိခိုးပူဇော်လေ့ရှိပေထသော။ နိစ္စံ၊ နေ့ရောညဥ့်ပါ အခါမစဲ အမြဲမပြတ်။ ဝုဍ္ဎာပစာယိနော၊ သက်ရွယ်ဂုဏ်အား ကြီးမားသူကို အရိုအသေပြုစုပေထသော။ တဿပုဂ္ဂလဿ၊ လေးမြတ်ကြည်ညို ထိုပုဂ္ဂိုလ်အား။ အာယုစ၊ နာမ်ရုပ်မြဲတည် အသက်ရှည်ခြင်းငှင်း။ ဝဏ္ဏောစ၊ ရုပ်ရေအဆင်းလှပတင့်တယ်ခြင်းငှင်း။ သုခဉ္စ၊ ကိုယ်စိတ်နှစ်ဖြာ လွန်စွာချမ်းသာခြင်းငှင်း။ ဗလဉ္စ၊ ကာယ-ဉာဏ ဗလနှစ်ပါး ခွန်အား ကြီးမားခြင်းငှင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ ရေတွက်ပိုင်းခြင်း သရုပ်အားဖြင့် လေးပါး အပြားရှိ

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ကုန်သော။ ဓမ္မာ၊ မျက်မှောက်ထင်ရှားအကျိုးတရား တို့သည်။ ဝစ္စန္တိ၊ တနေ့တခြား တိုးပွားရှုလာကြကုန်သတည်း။

ဤသို့ဓမ္မပဒပါဠိလာရှိသည်နှင့်လျော်ညီစွာ၊ ယခုအခါ ရတနာသုံးရပ်၊ ဆရာမြတ်ကို၊ ဆည်းကပ်ဝပ်လျှိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမျှော်မာန်လျော့၊ ကန်တော့ရသော၊ သက္ကစ္စဝန္ဒနာ၊ အဖြာဖြာကြောင့်၊ များစွာသောင်းသောင်း၊ ဒါယကာ-ဒါယိကာမ အပေါင်း၊ သူတော်ကောင်းတို့မှာလည်း။ ။အရှင်အာနန္ဒာ၊ ဝိသာခါစသည်တို့ကဲ့သို့၊ မချို့မြဲတည်၊အာယုကပ် ပိုလွန်အောင် အသက်ရှည်ရခြင်း သည်လည်းတပါး။ အရှင်ကစ္စည်းမဟာ၊ မယ်ပဘာ စသည်တို့အသွင်၊ ကြည်လင်သန့်ရှင်း၊ တင့်တယ်လှပခြင်းလည်းတပါး။ အနုရုဒ္ဓါတသီး၊ မင်းသမီးသုခုမဒေဝီစသည်တို့ပမာ၊ ကိုယ်စိတ်နှစ်ဖြာ၊ ငြိမ်းအေးချမ်း သာယာခြင်းလည်း တပါး။ အရှင်သာရိပုတ္တရာ၊ ဝိသာခါစသည်တို့အလား၊ ဉာဏ်အား-ကိုယ်အား၊ လွန်စွာကြီးမားခြင်းလည်းတပါး။ ဤသို့အားဖြင့် မှတ်သားပေါင်းစု၊ အာယု-ဝဏ္ဏ-သုခ-ဗလ၊ လေးဝလေးပါး၊ အကျိုးတရားတို့နှင့်၊ မခြားကုံလုံ၊ ပြည့်ဖြိုးစုံ၍၊ ရှေ့ဘုံနိဗ္ဗာန်၊ ပြည်ခေမံသို့၊ အမှန်ရောက်ကြောင်း၊ မတိမ်းစောင်းဘဲ၊ သူတော်ကောင်းအများ၊ ကျင့်တရားကို၊ ကြိုးစားမယုတ်၊ နောက်မဆုတ်ဘဲ၊ ပေါက်ရောက်အောင် အားထုတ်နိုင်ကြသည်ဖြစ်စေ။

**အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂလမ္ဗန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

(ဒုတိယမ္ပိ၊ တတိယမ္ပိ-ဟု ဆက်၍ ၃-ခေါက်ဆို။)

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ တိသရဏေနသဟ၊ သရဏဂုံသုံးပါးနှင့်တကွ။ နဝင်္ဂသမ္ဗန္နာဂတံ၊ အင်္ဂါ(၉)ပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဟုဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်တရားမြတ်ကို။ ယာစာမိ၊ တောင်းပန်လျှောက်ထားပါ၏အရှင်ဘုရား။ ဘန္တေ၊ အရှင်ဘုရားတို့။ ကုမေ၊ အရှင်ဘုရားတို့သည်။ မေ၊ ဘုရားတပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါကုန် အရှင်ဘုရား။(ဒုတိယမ္ပိ၊နှစ်ကြိမ်မြောက်လည်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်းဟုဆိုလေ။)

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

**ယမဟံ ဝဒါမိ တံ ဝဒေထ။** ။ယံဝစနံ၊ အကြင်စကားကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ရွတ်ဆိုအံ့။ တံဝစနံ၊ ထိုစကားကို။ တုမှေ၊ သင်တို့သည်။ ဝဒေထ၊ နောက်ကလိုက်၍ ဆိုကြကုန်လော။

**အာမ ဘန္တေ။** ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ လိုက်၍ဆိုပါမည် အရှင်ဘုရား။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အရဟတော၊ လူမင်း-နတ်မင်း-ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးတန် တရားမှန်ကို သယမ္ဘူဉာဏ်တော်မြတ်ဖြင့် တပ်အပ်ထင်ထင် သိမြင်တော်မူပြီးထသော။ တဿ-ဘဂဝတော၊ ဘုန်း(၆)ပါးသခင် ထိုဘုရားရှင်အား။ အဟံ၊ ဘုရားတပည့်တော်သည်။ **နမော**၊ ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။ (ဤအတိုင်း ဒါယကာ-ဒါယိကာမများက ၃-ခေါက်ဆိုလေ။)

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။**

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ်ပါ၏ **အရှင်ဘုရား။** (ဒါယကာ-ဒါယိကာမတို့က ဤနည်းအတိုင်း လိုက်၍ ဒုတိယမ္ပိ-တတိယမ္ပိ ဆက်ပြီး ၃-ခေါက်ဆိုလေ။)

**တိသရဏ ဂဟဏံ ပရိပုဏ္ဏံ။** တိသရဏ ဂဟဏံ၊ သရဏဂုံ ၃-ပါး ခံယူဆောက်တည်ခြင်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။ ။အာမ ဘန္တေ။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ သရဏဂုံ (၃)ပါး ခံယူ ပြည့်စုံပါပြီအရှင်ဘုရား။

(၁) **ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။** ။ပါဏာတိပါတာ၊ သူတပါး၏ အသက် ဇီဝိတိန္ဒြေကို သေစေလိုသော စိတ်ဓာတ်ဖြင့် သတ်ဖြတ်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်

ကြည်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

(၂) **အဒိန္နာဒါနာ** ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူတပါး၏ ပစ္စည်း ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ယူခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည်ပါ၏။

(၃) **အဗြဟ္မစရိယာ** ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ။ အဗြဟ္မစရိယာ၊ စေတနာနှင့်တကွ မမြတ်သော မေထုန်အမှုကို ပြုကျင့်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည်ပါ၏။

(၄) **မုသာဝါဒါ** ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ။ မုသာဝါဒါ၊စေတနာနှင့်တကွ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည်ပါ၏။

(၅) **သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ** ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးဝေ မေ့လျော့ခြင်းကို ဖြစ်စေတတ်သော သုရာ(၅)ပါး၊ မေရယ(၅)ပါးတို့ကို၊ စေတနာနှင့်တကွ သောက်စားခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

(၆) **ဝိကာလ ဘောဇနာ** ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ။ဝိကာလဘောဇနာ၊ နေလွဲသောအခါ စေတနာနှင့်တကွ ခဲဘွယ် ဘောဇဉ်ကို စားသောက်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက် တည်ပါ၏။

(၇) **နစ္စ - ဂီတ - ဝါဒိတ - ဝိသုက - ဒဿန - မာလာဂန္ဓ - ဝိလေပန - ဓာရဏ - မဏ္ဍန-ဝိဘူသနဋ္ဌာနာ** ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ။နစ္စ - ဂီတ - ဝါဒိတ - ဝိသုက - ဒဿန - မာလာဂန္ဓ - ဝိလေပန ဓာရဏ - မဏ္ဍန - ဝိဘူသနဋ္ဌာနာ၊ စေတနာနှင့်တကွ အကျင့်သီလ၏ ဆူး

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ဪောင့်သဘွယ်ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, နားထောင်ခြင်း, ကြည့်ရှုခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာပြောင်းတို့ဖြင့် တန်ဆာဆင်ခြင်း, အပြေအပြစ်ပြုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

(၈) **ဥစ္စာသယန မဟာသယနာ** ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ။ဥစ္စာသယန မဟာသယနာ၊ စေတနာနှင့်တကွ မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်ခြင်း, နေထိုင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

(၉) **မေတ္တာသဟဂတေန - စေတသာ - သဗ္ဗပါဏဘူတေသု - ဖရိတွာဝိဟရနံ** သမာဒိယာမိ။ ။မေတ္တာသဟဂတေန၊ မေတ္တာနှင့်ယှဉ်သော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗပါဏဘူတေသု၊ အလုံးစုံသော သတ္တဝါတို့၌။ ဖရိတွာ၊ ပြန့်နှံ့၍။ ဝိဟရနံ ၊နေခြင်းကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

ဣမေပဥ္စက္ခန္ဓာ **အနိစ္စာ** ခယဋ္ဌေန၊ **ဒုက္ခာ**ဘယဋ္ဌေန၊ **အနတ္တာ အသာရကဋ္ဌေန**။ ။ဣမေပဥ္စက္ခန္ဓာ၊ ဤရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟုဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်, တရားတို့သည်။ ခယဋ္ဌေန၊ ဖြစ်ပေါ်ပြီးကပျက်စီးကုန်ခန်းတတ်သောအနက်သဘောကြောင့်။အနိစ္စာ၊ အနိစ္စမည်ကုန်၏။ ။ဘယဋ္ဌေန၊ ကြောက်ထိတ် လန့်ဘွယ် ဆင်းရဲခြင်း ဘေးအန္တရာယ်ဖြစ်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ အသာရကဋ္ဌေန၊ ခိုင်မာကျစ်လစ် အနှစ်လုံးလုံး မရှိသည်းသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။

**ဣဒံမေပုညံ အာသဝက္ခယံ ဝဟံ ဟောတု**။ ။ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဣဒံပုညံ၊ ဤသို့ယခု ဆွမ်း စသော ဝတ္ထုတို့ကို လှူဒါန်းပြုစုရခြင်း ဒါနကုသိုလ်။ သရဏဂုံ (၃)ပါးနှင့် တကွ ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလတို့ကို ခံယူစောင့်ရှောက် ဆောက်တည်ရခြင်း သီလကုသိုလ်။ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယဉ် သုံးပါးသို့တင်၍ ဆင်ခြင် ပွားများရခြင်း

ဘာဝနာကုသိုလ်။ ရတနာသုံးပါး ကိစ္စများကို၊ စိတ်ထားထက်မြက် လွန်နှစ်သက်လျက် ဆောင်ရွက်ပြုစုရခြင်း ဝေယျာဝစ္စကုသိုလ်။ ရတနာသုံးရပ် ထွဋ်အမြတ်ကို ဆည်းကပ်ဝပ်လျှိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမျှော်မာန်လျော့ ကန်တော့ရခြင်း ပူဇာဝန္တ ပဏာမကုသိုလ်။ ဤသို့ပေါင်းအပ် များမြတ်လှသော ကုသိုလ်ကံ စေတနာသည်။ အာသဝက္ခယံ၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာ ကုန်ရာ, ငြိမ်းရာ ချုပ်ရာ ဖြစ်သော အသင်္ခတဓါတ် နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ဝဟံ,ဝဟန္တော၊ လျင်မြန်ထုတ်ခြောက် ပေါက်ရောက်လေအောင် သည်ပိုးရွက်ဆောင်နိုင်သည်။ဟောတု၊ ဖြစ်ရပါစေသတည်း။

**တိသရဏေနသဟ၊ နဝင်္ဂသမ္ပန္နာဂတံ၊ ဥပေါသထသီလံ၊**

**သာဓုကံကတွာ၊ အပ္ပမာဒေန သမ္ပာဒေထ။ ။**

တိသရဏေနသဟ၊ သရဏဂုံ သုံးပါးနှင့်တကွ။ နဝင်္ဂသမ္ပန္နာဂတံ၊ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလတော်မြတ်ကို။ **သာဓုကံကတွာ၊** ကောင်းစွာခံယူဆောက်တည်ကြကုန်ပြီး၍။ အပ္ပမာ**ဒေ**န၊ မမေ့မလျော့ မပေါ့မစားခြင်း တည်းဟူသော သမ္ပဇည သတိတရားနှင့်။ **သ**မ္ပာဒေထ၊ ပြည့်စုံကြပါစေကုန်လော။

**အာမ ဘန္တေ**။ ။ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြည့်စုံအောင် **စော**င့်ရှောက် **ဆောက်တ**ည်ပါအံ့ အရှင်ဘုရား။

(ဤကား-နဝင်္ဂသီလ တောင်းပုံ-ပေးပုံတည်း။)

**မှတ်ချက်**။ ။ငါးပါးသီလ-ရှစ်ပါးသီလနှင့် ဆယ်ပါး သီလများမှာ ခံယူတည်ဆောက်ပုံ - ပေးပုံနည်း မခဲယဉ်းလှဘဲ နဝင်္ဂဥပုသ် ခေါ်သော (၉)ပါးသီလ, ခံယူဆောက်တည်ပုံ-ပေးပုံနည်းမှာ၊ အချို့ ခဲယဉ်းတတ်သဖြင့် ၎င်းနဝင်္ဂ ဥပုသ် ခံယူပုံ နည်းကိုသာ ထည့်သွင်း လိုက်၏။ ဤနည်းကို အစဥ်မှီး၍၊ ငါးပါး,ရှစ်ပါး,ဆယ်ပါး သီလ ဆောက်တည်ပုံ ပေးပုံများကို မှတ်သားသိရှိပါလေ။

၎င်းပြင် သီလဆောက်တည်ရာ၌ အနက် ရေးသား လိုက်သည်မှာ အလိုရှိသော ပုဂ္ဂိုလ်များသာ ထည့်ပေးရာ၏။ အနက်ကို ထည့်ပေးရန်

အလိုမရှိပါလျှင် ပါဠိအတိုင်းကိုပင် ပေးကြပါလေ။(သတိပြုရန်မှာ။ ။ သီလဆောက်တည်သောအခါ၊ ပါဠိ၌ ပုဒ်မတချက်,တချက် ပြထားသည့် အတိုင်း၊ တကြိမ်,တကြိမ်မျှ ရပ်ဆိုင်း ပိုင်းဖြတ်၍ ရွတ်ဆိုကြပါလေ။)

(သီလတောင်း-သီလပေးပုံများ ပြီး၏။)

## ကျမ်းဆရာ၏ ရည်ရွယ်ချက်ကို ပြဆိုခြင်း

## အာသီသဂါထာ ပါဠိ-အနက်

**ကပ္ပါဒိကံ တမောနုဒံ၊ ဝိတ္တိကိဏ္ဏံပိ ဇုတိပ္ပဘံ။**

**ဓမ္မပ္ပဘံ ဇောတာပေယိ၊ မာနမောဟာဒိအန္ဓကံ။**

**တေနသစ္စဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။ ။**

တမောနုဒံ၊ ကမ္ဘာတည်ဦး ပကတူးခါ ရောင်ဝါမလင်း ကွယ်ပျောက်ခြင်းကြောင့် ထန်ပြင်းညှိုးမှိန် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း စိတ်ပင်ပန်းလျက် သူကာဏ်းအသွင် လမ်းမမြင်အောင် ပိတ်လှောင်နှောင်ဆီး ကြီးစွာသော ညဥ့်မိုက်မှောင်ကြီးသည် အုပ်ဆီးမြေးယှက်၍ နေအပ်သော။ ကပ္ပါဒိကံ၊ ကမ္ဘာဦးသူ ဗိုလ်လူစသား သတ္တဝါအများကို။ စန္ဒသူရိယော၊ လေးဆယ့် ကိုးယူဇနာ အေးမြစွာသည့် ရောင်ဝါပဝင်း ဖိုးလမင်းနှင့် အချင်းယူဇနာ ငါးဆယ်ကွာ၍ ကျယ်စွာ ရောင်လင်း ရှင်နေမင်းသည်။ သိရိ၊စိန်တောင်,မြတောင် မကဆောင်၍ တောက်ပြောင်လျှံဖြာကြီးကျယ်ခမ်းနား ဆန်းပြားတင့်တယ်လှစွာသော အရောင်,အသရေကို။ ဝိတ္တိကိဏ္ဏံ-ဝိတ္တိကိဏ္ဏန္တော၊ကောင်းကင်မြေဆုံး တကျွန်းလုံးကို အုပ်ဖုံးရောင်ဝါ သွယ်ဖြာတင့်လျှမ်း ယှက်သန်းပြန့်နှံ့စေလျက်။ ဇုတိပ္ပဘံ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးကင်းကွာ လျှံဝါကြည်အေး မြူဝါဖွေးသော လရောင်, နေရောင်ကို။ ဇောတာပေယိယထာ၊ ဖုံးလွှမ်းရစ်နှောင် အမိုက်မှောင်ကို ပြောင်ပြောင်ထိန်ဝင်း ထွန်းလင်းတောက်ပ စေသကဲ့သို့။ ဝေ၀တထာ၊ ထိုနည်းအလား မခြားထပ်တူသာလျှင်။မာနမောဟာဒိအန္ဓကံ၊ မာန,မောဟစသည်များမြောင် အမိုက်မှောင်ကြောင့် ခွါရှောင်ခဲခက် မထွက်နိုင်ဘဲ အမြဲညှိုးနွမ်း စိတ်ပင်ပန်းလျက် သူကာဏ်းအတိ ဖြစ်၍နေသော။ သတ္တံ၊ အနမတဂ် သံသရာစက်မှ မထွက်နိုင်ဘဲ ဩဃထဲ၌ အမြဲမတည် ထို,ဤပြေးသွား သတ္တဝါအများကို။ ရံသိမရော၊ ဘဝဂ်အဝီစိ နှံ့သိစကြဝဠာ

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

သမုဒ္ဒရာနှင့် သီတာပတ်ကုံး ကျွန်းအလုံးကို အုပ်ဖုံးလျှံဝ ါ ရောင်ခြည်တော်
ခြောက်ဖြာတို့ဖြင့် လွှန်စွာတင့်တယ် သပ္ပါယ်တော်မူသော မြတ်စွာဘုရား
သည်။ ဓမ္မပ္ပဘံ၊ ဓမ္မက္ခန္ဓက္ခာအပေါင်း ရှစ်သောင်းလေးထောင် များမြောင်
စွာလှ ဒေသနာပဗန္ဓတည်းဟူသော တရားရောင်ခြည်တော်ကို။ ဇောတေ
သိ၊ မောဟတိမ်တောင် အမိုက်မှောင်ကို ပြောင်ပြောင်ထိန်ဝင်း ထွန်းလင်း
တောက်ပတော်မူလေပြီ။ ဧတေနသစ္စဝဇ္ဇေန၊ အာဒိကပ္ပ ကမ္ဘာမဦ ငွေလ
စန္ဒာ သူရိယာတို့ ရောင်ဝ ါမထွက် ညဉ့်နက်မိုက်မှောင်သည်နှင့် တူသော။
မောဟအဝိဇ္ဇာ၊ တိမ်သလာတို့ ယှက်ခ ါဖုံးလွှမ်း သူကာဏ်းပမာ ညှိုးနွမ်း
ရှာသည့် သူငါကစ သတ္တဝါဟူသမျှတို့၏ ရှင်ပျလေဆအောင် တရားရောင်
ဖြင့် မိုက်မှောင်ပယ်ရှင်း ထွန်းလင်းတောက်ပလေကုန်ပြီဟူ၍ မှန်ကန်သော
စကားကို မြွက်ကြားပြောဆိုရလေသောကြောင့်။ သာဓဝေါ၊ ရတနာသုံး
ရပ် အမြတ်မြတ်ကို ဆည်းကပ်ဝပ်ညောင်း သူတော်ကောင်း အပေါင်းတို့
သည်။ နိရောဂ ါ၊ ညောင်းညာကိုက်ခဲ အမြဲမနေ မူးဝေထုန်ကျင် အိပ်ချင်
ငိုက်မြည်း မောဟစီး၍ မှိုင်ငြိုးပျင်းရိ စိတ်မရှိကြကုန်သည်။ ဝ ါ၊ကိုယ်တွင်း
ကိုယ်ပ နှစ်ဝ, နှစ်တန် ဘေးရန်မကပ် ဥပဒ်မတွယ် အန္တရာယ်အပေါင်း
မကောင်းဟူသမျှ မကျလွတ်ကင်း ဘေးရန်ရှင်းကြကုန်သည်။ ဟောန္တု၊
ဖြစ်ကြပါစေကုန်သတည်း။။နိရောဂ ါယ၊ ဘေးရန်ကင်းကြကုန်သည်ဖြစ်၍။
ဓမ္မံ၊ ဟောပြောပြသ ဆုံးမြွက်ကြားသည့် တရားဒေသနာတော်ကို။
သုဏန္တု၊ အာရုံတပါး စိတ်မသွားဘဲ မှတ်သား နာယူနိုင်ကြပါစေ ကုန်
သတည်း။

သုတွာန၊ အာရုံတပါး စိတ်မသွားဘဲ မှတ်သားနာယူကြကုန်ပြီး၍။
သဘာဝံ၊ သို့လော-သို့လော တွေးတောယုံမှား ဝိစိကိစ္ဆာများကို ပယ်ရှား
တွန်းလှန် မှန်ကန်ကျန သဘာဝ ဓမ္မ ဖြစ်သော တရားတော် မြတ်ကို။
အာဇာနန္တု၊ မယိမ်းမယိုင် ဥာဏ်မဏ္ဍိုင်ဖြင့် ပိုင်ပိုင်နင်းနင်း ထိုးထွင်း
သိရှိနိုင်ကြပါစေကုန်သတည်း။ အာဇာနိတွာန၊ ထိုးထွင်းမှတ်မိ သိရှိကြ
ကုန်ပြီး၍။ အကုသလံ၊ ပါဏာတိပါတ စသည်ညစ်ကျု မကောင်းမှု
ကုသိုလ်တရားကို။ ပဇဟန္တု၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ရဲရဲဝံ့ဝံ့ ပယ်
စွန့်နိုင်ကြပါစေကုန်သတည်း။ ။ပဇဟိတွာန၊ပယ်စွန့်ကြကုန်ပြီး၍။ဒါနံ၊
ကျောင်း,သင်္ကန်းနှင့် ဆေး,ဆွမ်းအစ များပြားလှသည့် ဒါနဝတ္ထုအစုစု
ကို။ ဒဒန္တု၊ ကြည်ဖြူရှင်လန်း နိဗ္ဗာန်မြန်းဘို့ ပေးကမ်း လှူဒါန်း နိုင်ကြ

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ပါစေကုန်သတည်း။ ။ဒတွာန၊ ပေးကမ်း လှူဒါန်းကြကုန်ပြီး၍။ သီလံ၊ ဂရုဓမ္မ, အင်္ဂါနှင့် ဒသဆင့်ပွား သီလများကို၊ အာရက္ခန္တု၊ မညိုးမခြောက် မကျိုးပေါက်အောင် စောင့်ရှောက် ဆောက်တည် နိုင်ကြပါစေကုန်သတည်း။ ။အာရက္ခိတွာန၊ စောင့်ရှောက် ဆောက်တည် ကြကုန် ပြီး၍။ ဘာဝနံ၊ သမထ, ဝိပဿနာ, ဘာဝနာကမ္မဋ္ဌာန်း အခဏ်းခဏ်းကို။ ဘာဝေန္တု၊ လုလ္လမယုတ် နောက်မဆုတ်ဘဲ အားထုတ်ကြိုးစား၍ ပွားများနိုင်ကြပါစေကုန်သတည်း။ ။ဘာဝေတွာန၊ အားထုတ်ကြိုးစား ပွားများကြကုန်ပြီး၍။ နိဗ္ဗာနံ၊ ကိလေသာခပ်သိမ်း ကင်းငြိမ်းရာအမှန် ပြည်နိဗ္ဗာန်ကို။ သစ္ဆိကရောန္တု၊ အရဟတ္တမဂ် ထက်မြက်လျင်မြန် ပညာ ဉာဏ်ဖြင့် အမှန်ထွင်းဖေါက် အလင်းရောက်အောင် မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။ ။သစ္ဆိကတွာန၊ မျက်မှောက်ပြုကြကုန်ပြီး၍။ နိရုဇ္ဈန္တု၊ ခန္ဓာကမ္မဇရုပ် ခပ်သိမ်းချုပ်၍ ဝိမုတ်စခမ်း နိဗ္ဗာန်နန်း၌ စံမြန်း အေးငြိမ်းကြပါစေကုန်သတည်း။

(အာသီသဂါထာ ပါဠိ-အနက်ပြီး၏။)

## ရဟန်းတော်များအား ဓမ္မတ္တာပွားပုံကို ပြသော သမဏာသီသဂါထာ ပါဠိ-အနက်

**ပိဋကေ ပါဠုဝတ္တာယ၊ နာနာရဋ္ဌေဟိ အာဂတာ။**
**ယထာစိန္တံ သမိဇ္ဈန္တု၊ ဝဍ္ဎန္တု ဇိနသာသနေ။ ။**

ပိဋကေ၊ သုတ္တန်, ဝိနယ ဘိဓမ္မဟု သုံးဝပိုင်းခြား ဘုရားဟောဘော် ပိဋကတ်တော်မြတ်၌။ ပါဠုဝတ္တာယ၊ မြန်မာခရိုင် မဏ္ဍိုင်အဝှန်း ပေါ်ထွန်းထင်ရှား ကြီးပွားကြစေခြင်းငှါ။ နာနာရဋ္ဌေဟိ၊ ထက်အောက်ကျေညာ မြို့ရွာဒေသ ဟူသမျှတို့မှ။ **အာဂတာ**၊ မိဘ, ဆရာ ဉာတကာနှင့် များစွာခင်မင် သံယောဇဉ်ကို ခုတ်ထွင်ပယ်ဖြတ်၍ ချဉ်းကပ် ကြွရောက်တော်မူလာကြကုန်သော။ သမဂ္ဂါ၊ သမ္မာဇီဝ တူမျှသိက္ခာ ကြည်သာအေးမြ ရွှင်ပျနှလုံး သီတင်းသုံးဘော် သံဃာတော် အရှင်မြတ်တို့သည်။ **အဝေရာ**၊ ကိုယ်တွင်း, ကိုယ်ပနှစ်ဝ, နှစ်တန် ဘေးရန်လွတ်ကင်း ချမ်းသာခြင်းရှိကြကုန်လျက်။ ယထာစိန္တံ၊ လောကုတ်, လောကီ နှစ်လီဖြတ်ပိုင်း ရည်မှန်းကြံစည်ကြသည့်အတိုင်း။ သမိဇ္ဈန္တု၊ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခ

ဟူသမျှတို့နှင့် အလိုကျအောင်ပြည့်ဝစုံလင်တော်မူကြပါစေကုန်သတည်း။ ဇိနသာသနေ၊ ဒေဝပုတ္တ ကိလေသနှင့် ခန္ဓ,မစ္စု သင်္ခါရဟု ငါးခု ငါးတန် ငါးပါးမာရ်ကို ပယ်လှန်သုတ်သင် အောင်မြင်တော်မူသည့် ဘုရားရှင် သာသနာတော်မြတ်ကြီး၌။ ဝဍ္ဎန္တု၊ နိုင်ငံဗဟိုတိုင်းထိုထိုဝယ် ပုဂ္ဂိုလ်တယောက် ဆိုစလောက်အောင် ကြီးမြောက်ပြန့်ပွားရ၍ ထွန်းကားတော်မူနိုင်ကြပါစေ ကုန်သတည်း။

(သမဏာသီသဂါထာ ပါဌ်-အနက် ပြီး၏။)

## နတ်အများအား တရားနာဘိတ်ရန်ကို ပြဆိုခြင်း ဒေဝနိမန္တနဂါထာပါဌ်- အနက်

**သမန္တာ စက္ကဝါဠေသု အတြာဂစ္ဆန္တု ဒေဝတာ။**

**သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။**

**ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။ ။**

သမန္တာ၊ ဝန်းကျင်ပတ်ချာ ရပ်မျက်နှာမှ။ စက္ကဝါဠေသု၊ ရှစ်သောင်း, နှစ်ထောင် အမြင့်ဆောင်သည့် စကြဝဠာ တောင် ရစ်ဝိုက် တသောင်းသော လောကဓာတ်တိုက်တို့၌။ ဝသန္တာ၊ ကြည်သာချမ်းမြနေထိုင်ကြကုန်သော။ ဒေဝတာ လူ့ပြည်လူ့ရပ် လောကဓာတ်၌အမြဲမပြတ် စောင့်ကြပ်လှည့်ကာ ရောင်ဝါတန်ခိုး ကံမိုးကြီးမား နတ်အများတို့သည်။ အတြ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပရာ ဖြစ်အောဉ် ဤနေရာ - ဤဌာနသို့။ အာဂစ္ဆန္တု၊ ရှင်ပြကြည်သာ ညီညာဖြဖြနှင့်တကွ စည်းဝေးလာရောက်ကြ စေကုန်သတည်း။

အာဂမိတွာန၊ စည်းဝေး လာရောက်ကြကုန်ပြီး၍။ မုနိရာဇဿ၊ အာဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိ ဟု ဆိုအပ်သော မုနိငါးပါးတို့၏ ရှေ့သွားခရီးညွှန် အမွန်ပဘာဝ ဥက္ကဋ္ဌ ဓိပတိ မဟာမုနိဟူ၍ အမည်နာမ ဝိသေသကို ရတော်မူသော မြတ်စွာဘုရားသခင်၏။ သဂ္ဂမောက္ခဒံ၊ လူ,နတ်,နိဗ္ဗာန် ကျိုးသုံးတန်ကို ကေန်ဆတ်ဆတ် ပေးဆောင်တတ်သော။ သဒ္ဓမ္မံ၊ ဘုရားအစ သဗ္ဗပဏ္ဍိတာ အရိယာ အပေါင်းသူတော်ကောင်းတို့သည် ကျိုးကြောင်းမြွက်ဟ ဟောဘော်ပြသည့် အောင်

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

စည်, အောင်မောင်း, အောင် ခေါင်းလောင်း သ ဘွယ် ဖြစ်တော် မူသော တရားဓမ္မဒေသနာတော်မြတ်ကို။ သုဏန္တု၊ ရိုသေလေးစား အာရုံထား၍ မှတ်သားနာယူလှည့်ကြကုန်လော။

ဘဒ္ဒန္တာ၊ ဝမ်းမြောက်ရွှင်ပျ ဟာဒယဖြင့် ချမ်းမြကြည်သာ ညီညာ ဖြဖြ စည်းဝေးလာရောက်ကြကုန်သည့် ဓမ္မမာမက အမျိုးသား အို - နတ် များတို့။ အယံကာလော၊ ဤနေ့,ဤည,ဤကာလသည်ကား။ ဓမ္မဿဝဏ ကာလော၊ ဘုရားအစ သဗ္ဗပဏ္ဍိတာ အရိယာအပေါင်း သူတော်ကောင်း တို့သည် ကျိုးကြောင်းမြွက်ဟ ဟောဘော်ပြသည့် တရားဓမ္မ ဒေသနာကို ရိုသေလေးစား အားရုံထား၍ မှတ်သားနာယူရမည့် အခါကာလ ဖြစ်ခဲ့ လေသတည်း။ တသ္မာ၊ ထိုသို့ ဤနေ့,ဤည,ဤသမယမှာ ဘုရားအစ သဗ္ဗ ပဏ္ဍိတာ အရိယာ အပေါင်း သူတော်ကောင်းတို့ ကျိုးကြောင်း မြွက်ဟ ဟောဘော်ပြသည့် ဓမ္မကထာဒေသနာကို ရိုသေစွာမှတ်သား၍ နာကြား ရမည့်အခါကာလ ဖြစ်လေသောကြောင့်။ တုမှေ၊ လူ့ပြည်,လူ့ရပ်လော ကဓာတ်၌၊ အမြဲမပြတ်စောင့်ကြပ်လှည့်ကာ ကြည်သာချမ်းမြ နေထိုင်ကြ သည့် ဓမ္မမာမကာ ရောင်ဝါတန်ခိုး ကံမိုးကြီးမား သင်နတ်အများတို့သည်။ အတြ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပရာ ဖြစ်သော ဤနေရာဌာနသို့။ အာ ဂစ္ဆန္တု၊ ရွှင်ပျကြည်သာ ညီညာဖြဖြနှင့် တကွ စည်းဝေး လာရောက် ကြ စေကုန်သတည်း။

(ဒေဝနိမန္တနဂါထာ ပါဠိ-အနက် ပြီး၏။)

## မြတ်စွာဘုရား၏ အဋ္ဌရိယာဂုဏ်တော်များကို မှတ်သားရန် ပြဆိုခြင်းအကြောင်း

**ဝဇီရသမဒန္တေဟိ၊ ဝဇီရကာယ လက္ခိတော။**

**ဝဇီရစက္ကသမ္ပန္နော၊ ဝဇီရဃဋသည်ိနော။**

**အစ္ဆရိယဇနော လောကေ၊ သဗ္ဗဂါရဝဘာဇနော။ ။**

လောကေ၊ ကာမ, ရူပ, အရူပဟု လောကသုံးရပ် ဘုံသုံးထပ်၌။ အစ္ဆရိယဇနော၊ လူထူး, လူမြတ်, လူဉက္ကဋ်ဖြစ်တော်မူသော။ ယောဗုဒ္ဓေါ၊ ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂသညာ လေးသစ္စာကို ကောင်းစွာ သိမြင်

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

အကြွင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ သဗ္ဗဂါရဝဘာဇနော၊ လောကီ-လောကုတ် အနုတ္တရ ရုပ်ရူပနှင့် သီလ, သမာဓိ, ပညာ, ဝိမုတ္တိ တုမရှိတို့ကြောင့် သမုတိ ဥပပါတ် ဝိသုဒ္ဓိနတ်ဟု အမြတ်သုံးဆူ ခပ်သိမ်း သူတို့ ကြည်ဖြူသဒ္ဓါ ရိုသေစွာလျှင် မြင်ရာဒေသ အာရာမ် ပရဝုဏ် အစရှိသော ဥပစာရ ယင်ပြင်တော် အရပ်ကပင် ဘိနပ်, ယာဉ်, ထီး မစီးမဆောင်း ဦးခေါင်းမကိုင်၍ စောင်းငိုက်ပျပ်တုပ် လက်အုပ်ချီမိုး မြတ်နိုးလွန်ပြင်း အလုံးစုံသော ရိုသေခြင်းအပေါင်းတို့၏ တည်ရာအစစ်လည်း ဖြစ်တော်မူပေ၏။ ဝဇီရသမဒန္တေဟိ၊ စိန်တုံးစိန်ခဲ ရိုးရဲထိန်ဝင်း သန့်ရှင်းကြည်လင် ဖြူစင်ညှံ့သက် ရောင်စုံပြက်၍ အထက်နှစ်ဆယ် အောက်နှစ်ဆယ်ဟု လေးဆယ်စုံစွာ မဟာပုရိသ လက္ခဏာတော်ကြီးအဝင် အထင်အရှား လွန်ထူးခြားသည့် ငွေသွားတော်အစိပ်တို့ဖြင့်။ လက္ခိတော၊ တံဆိပ်ခပ်သကဲ့သို့ ကောင်းစွာမှတ်အပ်သော။ ဝဇီရကာယကာယော၊ စိန်တုံး စိန်ခဲကြီးနှင့်တူသော ကိုယ်တော်မြတ်လည်း ရှိတော်မူပါပေ၏။ ။ဝဇီရစက္ကသမ္ပန္နော၊ ဝဇီရစိန်လက်နက် မိုးကြိုးစက်ကဲ့သို့ အချက်မရွေး မနှေးလျှင်မြန် လွန်ပြင်းထန်သဖြင့် ပဟာန်သုံးမျိုး တန်ခိုးကြီးစွာ အရှိန်အဝါ ထိန်ထိန်ဖြာလျက် ကိလေသာခပင်း ကျန်မကြွင်းအောင် မြစ်ရင်းပြုတ်ကြွေ စင်းခုတ်ချေတတ်သော ကုဋေသုံးသန်းခြောက်သိန်း တွက်ကိန်းများစွာ ဝိပဿနာ မဟာဝဇီရဉာဏ်တော်, မဟာကရုဏာသမာပတ်,အရဟတ္တဖလ သမာပတ်ဟု အမြတ်နှစ်ထွေ ကုဋေနှစ်သန်းလေးသိန်း တွက်ကိန်းများလှ သဗ္ဗဒိဝသ ဝင်စားတော်မူနေကြဖြစ်သော မဟာကရုဏာသမာပတ္တိ ဉာဏ်တော်မြတ်အပေါင်းနှင့်လည်း ကောင်းကောင်းကြီး ပြည့်စုံတော်မူခဲ့ပါပေ၏။ ဝဇီရဃဋသညိနော၊ ကိုယ်တော်, ရုပ်တော်, စိတ်တော်, နာမ်တော် နှစ်ဘော်စလုံး စုရုံးများစွာ သတ္တဝါတို့ကပင် စိန်တုံးစိန်ခဲကဲ့သို့ နှစ်သက်အပ် မြတ်နိုးအပ်သည့် ကိုယ်တော်မြတ်လည်း ရှိတော်မူပါပေ၏။ သောဗုဒ္ဓေါ၊ချီးမွမ်းရှုမကုန် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံပေါ်ထင် ထိုဘုရားရှင် ကိုယ်တော်မြတ်သည်။ မယှံ၊ ဓမ္မကထာ ဒေသနာကို ကောင်းစွာဟောမည် စိတ်ကရည်၍ကြံစည်အားထုတ် အကျွန်ုပ်၏။ သီသကေ၊ဦးခေါင်းရတနာ မြတ်အင်္ဂါ၌။ ဌိတော၊ မယိမ်းမယိုင် ကျောက်စာတိုင်သို့ ခိုင်ခိုင်မတ်မတ် တန့်ရပ်တော်မူလျက်။ မံ၊ ဓမ္မကထာ ဒေသနာကို ဘွေရှာဟောမည် စိတ်ကရည်၍

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ကြံစည်အားထုတ် အကျွန်ုပ်ကို။ သမ္မာပါလေတုံ၊ ကိုယ်တော်တိုင်ကြွရောက်၍ စောင့်ရှောက် မ,စတော်မူလှဲ့ပါ၊ အရှင်ဘုရား။

ဤအာသီသဂါထာလာ ဆိုလိုရင်း အဓိပ္ပါယ်မှာတော့၊ ကာမရူပ, အရူပဟု ဆိုအပ်သော လောကသုံးပါး၌ ဘုရားရှင် ကိုယ်ကော်မြတ်တို့၏ ခန္ဓာရူပကာယ ဒြဗ်တော်ဟာ အဆေဇ္ဇကာယ-အဘေဇ္ဇကာယ ဖြစ်တော်မူ၍ သူတပါးတို့၏ လုလ္လပယောဂအတွက် မကွဲမအက် မပျက် မစီး နိုင်သောကြောင့်၊ လောက၌ ထိုးဖေါက်ခုတ်ထစ်၍ မရနိုင်အောင် ခက်ထန်မာကျောသည်ဟု ပြောဆိုသမုတ်ကြသော သံတုံး, သံခဲ, ကျောက်တုံး, ကျောက်ခဲကြီးများထက် အဆတရာ မကသာအောင် အမာဆုံး, အခိုင်ဆုံးဟု ဆိုရသော စိန်တုံး, စိန်ခဲကြီးနှင့် တူတယ်လို့ ဆိုရပေတယ်။ ထိုမှတဖန် အနန္တဖြစ်တော်မူသော မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်မြတ် မှာတော့ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ကမ္ဘာများစွာ သံသရာ၌ တခါတရံမှ အဟုတ်ကေန် အမှန်ဖြစ်သော စတုသစ္စ မြတ်မဓမ္မ၏ သဘာဝ အစဉ်ကို မသိမမြင် မထင်မလင်းနိုင်အောင် ပိတ်ပင်ကွယ်ဝှက် မြှေးယှက်ဖုံးလွှမ်း၍ ထားသော မောဟအဝိဇ္ဇာကို အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုမ်သင်ရှင်းလင်း၍ ထိုးထွင်းသိမြင်တော်မူနိုင်လေသောကြောင့် လောက၌ ထက်မြက်စူးရှလှသည်ဟု သမုတ်ကြသည့် ရိန္ဒမာလှံ, သံလျက်, မြှားစသည်များထက် မကကြီးကျယ် မြင့်မောက်လှသော ပဗ္ဗတခေါ်ဆို မြင့်မိုရ် တောင်မင်းကိုပင် တမုဟုတ်ချင်း ဖေါက်ထွင်း စူးဝင်နိုင်သော သိကြားလက်နက် မိုဃ်းကြိုးစက်၏ ထက်မြက်ကြီးမား ဝဇီရစိန်သွားနှင့် အလားတူတယ်လို့ ဆိုရပေတယ်။ ။ထိုနှစ်ပါးသော ခန္ဓာရူပကာယ ဒြဗ်တော်နှင့် အနန္တဖြစ်သော ဉာဏ်တော်မြတ်တို့တွင် ဉာဏ်တော်မြတ်၏ ထက်မြက်စူးရှပုံ အလုံးစုံမှာတော့ ပြခဲ့သော ဥပမာနှင့်ပင် ထင်ရှားစွာ သိနိုင်လောက်ပေသည်။ ရူပကာယ ခန္ဓာတော်၏ ခိုင်မာ ခက်ထန်ပုံမှာ ဘယ်လိုဟာ ထောက်ဆ၍ ထင်ရှားစွာ သိရပါမလဲဟု မေးစရာ ရှိ၏။ လူတွေကတော့ မြတ်စွာဘုရားသည် နာမက္ခန္ဓာဟုဆိုအပ်သော ဉာဏ်တော် သာထူးခြား၍ ရုပ်ခန္ဓာမှာတော့ ငါတို့လို ဆံ,အမွေးစသော ကောဋ္ဌာသ အစုမျှဘဲဟု အတူတူကဲ့သို့ ထင်မှတ်နေကြပေ၏။ မျက်စိအမြင်နှင့် စမ်းသပ်ကိုင်တွယ်လို့ကြည့်လျှင်ဖြင့် ထင်လောက်စရာပေဘဲ။

(ပဌမအကြိမ် ရိုက်နှိပ်သည်)

သို့သော်လဲ သတ္တဝါတို့၏ ခန္ဓာမှာတော့ သေနတ်,သစ်ချွန်,ဓား, လှံ,လေးမြှားကို မဆိုထားဘိ နှီးကြော, သက်ငယ်တို့ ထိတာနှင့်ပင် သွေး စိမ်းစက်စက် ယိုစီးထွက်ကျအောင် ရှ,န,ပွန်း, ပဲ့, ကွဲအက်,စုတ်ပြတ်၍ မခံ မရပ်နိုင်အောင် ဆင်းရဲဒုက္ခရောက်ရခြင်း၊ မိမိအသက်ပင် ဆုံးပါးပျက်စီးရ ခြင်းများဖြစ်ကြသေးတယ်။မြတ်စွာဘုရား၏ ရူပကာယခန္ဓာတော်မှာတော့ ဓားလှံ, သေနတ်, ပဲကွပ်, ပေါက်ဆိန်, အမြောက်, စိန်ဗုံး လူ့ပြည်မှာရှိကြ သည့် လက်နက်အားလုံးကို မဆိုထားဘိဦး၊ စိန်တောင်, ကျောက်တောင်, မြင့်မိုရ်တောင်ကိုပင် ဖေါက်ခွဲ စူးဝင် နိုင်သည့် သိကြားမင်း၏ လက်နက် ဝဇီရစိန် မိုးကြိုးစက်နှင့်ပင် အချက်ပေါင်းများစွာ ဘယ်လောက်ပင် ပစ်စေကာမူ၊ လူမတူ နတ်မမျှ ဖြည့်ကျင့် ဆည်းပူးတော် မူခဲ့သော ပါရမီ သမ္ဘာရကြောင့် အရေအသား အကြောများကို စူးဝင် ထွင်းဖောက် ကွဲ ပေါက် စုတ်ပြတ် ပွန်းပဲ့ရှနခြင်းမရှိ ပကတိ တည်တော်မူနေနိုင်တယ်။ အဲ တာကြောင့် ဒေဝဒတ်သူယုတ်သည် ဂိဇ္ဈကုတ်တောင်စောင်းက ကျောက် မောင်းနှင့်လှိမ့်ချတာ လူနှင့် ကျွဲ,နွား,မြင်း,ဆင်များသာဖြစ်ရင် အရိုးအသား ရှာမရအောင် ကြေမွ ပျက်စီး သွားလောက်ထာဘဲ၊ သို့သော်လဲ မြတ်စွာ ဘုရားမှာတော့ ဝိပါက်တော်မလွတ်ရှာ၍သာ ခြေမတော်အဖျား၌ သွေး ချည်များလောက်သာ ဥလာတယ်။

အဲသည်လို လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ထက် လွန်ကဲထူးခြားတော် မူသည့် မြတ်စွာဘုရား၏ ရူပကာယခန္ဓာတော်ဒြပ်ကို စိန်တုံး, စိန်ခဲကြီးနှင့် တူတယ်။ နာမကာယ ဉာဏ်တော်မြတ်ကို ဝဇီရစိန်လက်နက် မိုးကြိုး စက်နှင့်တူတယ်လို့ လောက၌ ထင်ရှားသော ဥပမာဖြင့် ချီးမွမ်း ထော မနာ၍ ဩဘာမင်္ဂလာပြုရပေတယ်။

(ဂါထာအနက်ပြန်ကောက်)

အဲတာက တရားဟောသော ပုဂ္ဂိုလ်၏အတွက် အနက်ယောဇနာ ပြီး အာသီသပြုတာလို့ မှတ်ရမယ်။ တရားနာသော ပုဂ္ဂိုလ်၏ အတွက်ဆို လျှင် **"မယှံ၊ ဓမ္မ ႏ ထာ ဒေသနာကို ကောင်းစွာနာမည် စိတ်ကရည်၍၊ ကြီစည်အားထုတ် အကျွန်ုပ်၏"** အဲသည်လို အနက်ပေးရမယ်။

တရားကို နာသည့်အခါမဟုတ်ဘဲ ဘုရားကို ဆည်းကပ် ဝတ်ပြု သည့်အခါ၊ တပါးကိစ္စကို ပြုလုပ်သည့်အခါများမှာတော့ **"မယှံ၊ ဘုရား**

ထိုဒါယကာလို စိတ်အာရုံမလှင့်ပါးစေဘဲ၊ ထိန့်မိဒ္ဓကို ပယ်ရှားပြီး တရားကိုသာ နှလုံးထား၍ မှတ်မှတ်သားသားနှင့် နာကြားရမယ်။ တရားဟောတဲ့ ပုဂ္ဂိုလ်မှာတော့ တရား ဟောနေတဲ့ အခါ စည်း ဝေး ရောက် လာ သည့် ပရိသတ်ကို မလန့်မထိတ် မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ကြည်လင်စွာစိတ်ထားပြီး ရှင်ပြသော မျက်နှာများ နှင့် ဟောကြားသောတရား၏ မမှားမယွင်း မထစ်မဖု မချွတ်မချော် မတိမ်းမစောင်းပါဘဲနှင့် ကောင်းကောင်း မွန်မွန် ဖြောင့်ဖြောင့် မတ်မတ် အဆုံးသတ် ပေါက်ရောက်၍ ပြီးမြောက်အောင်မြင်စေရန် ရည်သန် ရိုးရင်း နှလုံးသွင်းရတယ်။

သို့လိုမဟုတ်ပါဘဲ တရားဟောနေဆဲအခါမှာ၊ ကြောက်လန့်ထိတ်ရွံ့ တုန်လှုပ်ဖေါက်ပြန်၍နေပါလျှင် သူအ့ သူဆွံ့ သဘွယ် မတင့် တယ်ဘဲ ပရိသတ်အလယ်မှာ ရယ်ရွှင်ဘွယ် ပွဲကြီးကဲ့သို့ အရှက်တကွဲ အကျိုးနဲ့ပြီး အလွဲအမှားကို ပြောမိတတ်ကြပေတယ်။

ရှေးက ရဟန်းကြီး တပါးဟာ တရားဟောချင်ရှာလို့ ဆရာကို လျှောက်ထား၍ ခွင့်သနားသဖြင့် တရားများကျက် လွန်စွာဘဲသွက်လက်၍ ကြေညက်အောင်ရ တရားဟော အလှည့်ကျတော့ တကယ့်ကို တွယ်လိုက်မယ်ဟု ရည်ရွယ်စိတ်ထား ပင့်လာသူ ဒကာနှင့်ပါသွားပြီး၊ တ ရား ဟော ပလ္လင်မှာထိုင်တော့ တပြိုင်ထဲညီညာ ဒါယကာအများက "သြကာသ, သြကာသ" ဆိုလျှင်ပင် မင်းညီနောင်နတ်ဝင်ပူးသလို ရင်ဝ လှိုက်ခုန် တကိုယ်လုံးဆတ်ဆတ်တုန်ပြီးလျှင် ချွေးဒီးဒီးကျ နိဗ္ဗာန် ရပါလို၏ဟု အဆုံးကျတော့ ကြက်သေသေမြောမေ့ ကန်တော့ချိုး အစမတွေ့၍ "အာမဘန္တေ" တကာကြီးတို့ဟု ဆိုလိုက်မိသတဲ့။ ထိုအခါ များစွာသော ပရိသတ်တို့က မရပ်မဆိုင်း ဝိုင်းအုံရယ်မောကြသဖြင့် အာမဘန္တေနှင့် အဆုံးသတ် သွားရတယ်။ ဘုရားရှင်၏ဂုဏ်တော်များကို အာသီသ ပြုထားပါလျှင် ယခုကဲ့သို့ ယွင်းမှားကြောက်ရွံ့ခြင်း ကင်းပျောက်၍ ကောင်းမွန် ဖြောင့်မတ်စွာ ပြီးမြောက်နိုင်သည်ဟု ယုံကြည်စွာ မှတ်သားကြရမယ်။

အဲတာကြောင့် မြတ်စွာဘုရားနှင့် တကွ ဘုရားရှင်၏ ဂုဏ်တော်များဟာ အစ္ဆရိယ, အဗ္ဘုတ ဖြစ်ကြောင်းကို ရှေးသူတော်ကောင်းကြီးများက "**အဟော ဗုဒ္ဓေါ၊ အဟော ဓမ္မော၊ အဟော သံဃော**" ဟု အဲသည်လို ချီးမွမ်းမိန့်ဆိုတော်မူကြတယ်။

(ပဌမအကြိမ် ရိုက်နှိပ်သည်)

ဗုဒ္ဓေါ၊ မြတ်စွာဘုရား လူသုံးပါး၌ ထင်ရှားပွင့်လင်း ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာခြင်းသည်။ အဟော၊ ဩော်-လူ့ပြည် ဘုံခေတ် မဖြစ်စဘူး အထူးအံ့ဩဘွယ်ကြီး ပါတကား။ ဓမ္မော၊ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင် တရားရောင်တို့ ပြောင်ပြောင် ပ၀င်း ဖြစ်ထွန်း ပေါ်ပေါက်တော် မူလာခြင်းသည်။ အဟော၊ အထူးအံ့ဘွယ်ကြီး ပါပေ တကား။ သံဃော၊ ရှစ်ပါးသံဃာ အရိယာတို့ များစွာထိန်လင်း ဖြစ် ထွန်းပေါ်ပေါက်တော်မူလာရခြင်းသည်။ အဟော၊ ဩော်-လူ့ဘုံတခေတ် မဖြစ်စဘူး အထူးအံ့ဩဘွယ်ကြီး ပါပေတကား။

ဤသို့ ကျမ်းဂန်ဒေသနာ လာရှိသည်အရမှာ၊ ဘယ်လို အံ့ဩဘွယ် ရာ ကောင်းပါသလဲဆိုတော့၊ လောကသုံးပါး၌ မြတ်စွာဘုရားသခင် တို့ သည် လေးအင်သောသစ္စာ ငါးဖြာသောဉေယျဓံတို့ကို ဝေဘန်ထိုးထွင်း ၍ လင်းလင်းထင်ထင် သိမြင်တော်မူသည်နှင့် တပြိုင်နက် တချက်တည်း တော်လျှောင်ပဲ့တင်ဟီး၍ မြေကြီးများ သွက်သွက်ခါ သွားပေတ ံ။ ထိုမှ တဖြာ ကမ္ဘာဦးသူ ဗိုလ် လူ ခပင်းတို့သည် ကိုယ်ရောင်အလင်း ကွယ်ပ ပျောက်ပျက်ခြင်းကြောင့် လွန်မင်းသော အမိုက်မှောင်တို့က တိုက်လှောင် သည့်ပုံအနေလို ဒုက္ခကြီးပင်လယ်ဝေ၍ အထွေထွေ သောကနှင့် ပူပြင်းစွာ ရှိကြလျက် အလင်းကိုတောင့်တပြီးနေဆဲအခါ၊ ထိန်ထိန်ပ၀င်း နေမင်း, လမင်းတို့က အရောင် အဆင်းနှင့်တကွ ထွန်းလင်းတောက်ပသဖြင့် လူနေ အိမ်ခြေ ရေ,မြေ,တော,တောင် စသည်များကို ထင်ထင်ရှားရှားကြီး တွေ့ မြင်ကြည့်ရှုကြရသဖြင့် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းပီတိ ဖြစ်ကြရ တာလို၊ဇာတိခေတ်ပေါင်း စကြဝဠာတိုက်ဟသောင်းအတွင်း၌ ခိုအောင်း နေထိုင်ကြရသည့် ဇာတိပဋိသန္ဓေ တည်နေသည်ကစပြီး ပါလာသော ဇစ္စန္ဓနှင့်တကွ မျက်စိမှုန်, မျက်ခမ်းစပ်, မျက်ကြောပြတ်, မျက်တောင်စူး, ကြက်ဆူးကြောင်တောင် မိုက်မှောင်ယှက်သန်း တိမ်သလာလွှမ်း၍ နေကြ သည့် အလုံးစုံသော သူကာဏ်းဟူသမျှတို့ဟာ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင် ကင်းစင်ပ၀င်း ရွှေလမင်းကဲ့သို့ မျက်စိနှစ်ကွင်း ရှင်းရှင်း ကြီး ပွင့်လင်းကြ၍ အဝေး,အနီးမှာရှိကြတဲ့ အကြီး,အငယ် အသွယ်သွယ် သော ရူပါရုံအလုံးစုံတို့ကို တိုက်ဆိုင်တွေ့မြင်ကြရသဖြင့် မကြုံစတောင်း နှစ် ထောင်းအားရ ရွှင်ပျအေးကြည်သော ပီတိသောမနဿနှင့်တကွ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသုခရှိကြပေတယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

တာကြောင့် လောကသုံးပါး၌ မြတ်စွာဘုရားတို့ ထင်ရှားပွင့်ထွန်း ပေါ်ပေါက်တော် မူလာခြင်းသည် အလွန်အမင်း အံ့ဩဘွယ်ရာကြီးဟု ချီးကျူးမြွက်ဆိုရပေတယ်။

**အဟော ဗုဒ္ဓါနံ-ဥပ္ပါဒေါ၊ ယတော သဗ္ဗေပိ အန္တကာ။**

**လောကေ ဒသသဟဿမှိ၊ ဝိသုံ ရူပါနိ ပဿရေ။ ။**

လောကေ၊ လူပြည်လူ့ရပ် လောကဓာတ်ကြီး၌။ ဗုဒ္ဓါနံ၊ သစ္စာလေးပါးမြတ်ဓမ္မကို မှန်စွာသိမြင် ဘုရားရှင် ကိုယ်တော်မြတ်တို့၏။ ဥပ္ပါဒေါ၊ ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာခြင်းသည်။ အဟော၊ ဘယ်-ညာ ရိုက်ဟီး လက်ဖျစ်တီး၍ အံ့ချီးဘွယ်ကောင်းလှလေစွ တကား။ ယတော ယသ္မာကာရဏာ၊ အကြင် ကြောင့်။ ဝါ၊ ယဘောယသ္မိံခဏေ၊ သုံးလူ့ထွဋ်ချာ မြတ်စွာဘုရား ထင်ရှားပေါ်လာပွင့်ဆဲခါ၌။ လောကေ ဒသ သဟဿမှိ၊ ဇာတိခေတ်ပေါင်း စကြဝဠာတိုက်တသောင်း၌။ သဗ္ဗေပိအန္ဓကာ၊ လူကြီး, လူငယ်, လူရွယ်, လူလတ်, လူမြတ်, လူယုတ်, လူနုတ်, လူမွဲ, အနုံနှံ, အဝဝ အလုံးစုံသော သူကန်းဟူသမျှတို့သည်လည်း။ ရူပါနိ၊ဖြူ,နီ,မည်း,ပြာ,စိမ်း,အဝါနှင့် များစွာလုံးစုံရူပါရုံတို့ကို။ ဝိသုံ၊ အသီးသီး ကိုယ်စီကိုယ်ငှ။ ပဿရေ ပဿန္တိ၊ မျက်စိထင်ထင် စိတ်ကြည်လင်အောင် တွေ့မြင်ကြည့်ရှုနိုင်ကြလေကုန်သတည်း။

လောကသုံးပါး၌ မြတ်စွာဘုရားတို့၏ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းဟာ အဲသည်လိုအံ့ဩစရာကောင်းတာတဲ့၊ ထိုသို့ မြတ်စွာဘုရား၏ အစ္ဆရိယအဗ္ဘုတဓမ္မ-ဟာ ဤမျှလောက်သာ အံ့ဩစရာ ရှိသလားဟု မေးစရာရှိပေတယ်။ ဘာ-ဤမျှလောက်သာ ကပါ့လဲ လောကသုံးပါး၌ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်တို့သည် ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်ဟု ဆိုအပ်သော သုံးပါးသော ဉာဏ်အရောင်ဖြင့် မိုက်မှောင်အဝိဇ္ဇာ အစ,ဖြာသော တထောင့်ငါးရာ ကိလေသာကို ပယ်ခွါကင်းစင် လင်းလင်းထင်၍ သစ္စာတရားကို သိမြင်တော် မူဆဲအခါမှာ၊ ကြီးလှစွာသော ရာဇဝတ်မှုကို ကျူးလွန်မိ၍ ခြေကျိုး, လက်ကျိုး, ခါးကျိုး, နားကျိုးအမျိုးမျိုးတို့နှင့် မတိုး,မဆုတ်,မလှုပ်,မရှား နိုင်အောင် တုပ်နှောင်ဖွဲ့ထားသဖြင့် ရှည်ကြာလှစွာသော ကာလပတ်လုံး ယူကျုံးမရ မချိမဆန့် ဆင်းရဲဒုက္ခကို ခံနေရသည့်သူဟာ၊ တဦးသောဆရာက အင်း

ချကာမန္တာန်စုတ်ပြီး ရုတ်တရက်ဖြေဖြုတ်ပေးသည့်အခါ အလိုရှိရာအရပ် မျက်နှာသို့ ချမ်းသာစွာ လာနိုင်ကြသဖြင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက် ဝမ်းသာခြင်း ဖြစ်ကြရပေတယ်။

အဲ တာ လို စ ကြ ဝ ဠာ တိုက် ပေါင်း တ သောင်း သော လော က ခေတ်အတွင်း၌ မှိုင်းနေထိုင်ကြကုန်သော ချိန့်ကျင်ထုန် ခြေကုန်လက် ပမ်း တကိုယ်လုံးလေဖျန်း၍ ညှိုးနွမ်းခွေယိုင် မထိုင့်မထ မလှုပ် မကြွ နိုင် သော ဒုက္ခိတ သတ္တဝါတို့နှင့်တကွ ဇာတိပဋိသန္ဓေကပင်အစဉ်ပါ၍ မသွား မလာနိုင်ကြသည့် သူဆွံ့ဟူသမျှတွေဟာ ကိုယ်လက် ကျန်းမာ သန်စွမ်း လာသဖြင့် အလိုရှိရာအရပ်မျက်နှာတို့သို့ နှစ်သက်ရွှင်လန်း ဝမ်းမြောက် ဝမ်းသာနှင့် ပေါ့ပါးလျင်မြန်စွာ သွားနိုင်ကြသဖြင့် ကိုယ့်စိတ် နှစ်ဖြာ ချမ်းသာသုခရှိကြပေတယ်။ တာလဲလောကသုံးပါး၌ မြတ်စွာဘုရား သခင် တို့ ထင်ရှားပွင့်ထွန်း ပေါ်ပေါက်တော် မူလာခြင်းသည် အလွန်တမင်း အံ့ဩဘွယ်ရာကြီးဟု ချီးကျူးမြွက်ဆိုရပြန်တာဘဲ။

**အဟော ဗုဒ္ဓါနံ့မုပ္ပါဒေါ၊ ယံခဉ္စော ပီဌသပ္ပယော။**
**လောကေ ဒသသဟဿမှိ၊ ဂစ္ဆန္တိ ဝေဒိသောဒိသံ။ ။**

လောကေ၊ လူ့ပြည်လောက ဘုံဌာနကြီး၌။ ဗုဒ္ဓါနံ၊ သစ္စာလေးပါး ဉေယျငါးကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်တို့၏။ ဥပ္ပါဒေါ၊ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းသည်။ အဟော၊ အံ့ချီးဘွယ်ကောင်း လှပေစွတကား။ ကသ္မာ၊ အဘယ်ကြောင့်။ အဟော၊ အံ့ချီးဘွယ်ကောင်း လှလေသနည်းဟူမူကား။ ယံယသ္မာ၊ အကြင်ကြောင့်။ ဝါ၊ ယံယသ္မိံခဏေ၊ ပွင့်ဆဲအခါ၌။ လောကေ ဒသ သဟဿမှိ၊ စကြဝဠာတိုက်ပေါင်း သောင်း လောကခေတ် ဇာတိရပ်၌။ ပီဌသပ္ပယော၊ လှုပ်ရှားယိမ်းယိုင် မပြုနိုင်၍ ငေးမှိုင်နေရ မထိုင်မထ မကြွနိုင်ကြကုန်သော သူဆွံ့ဟူသမျှတို့သည်။ ဝေ- ဓကေန္တေနု၊ မုချဧကန် အမှန်စင်စစ်အားဖြင့်။ ဒိသောဒိသံ၊ အရှေ့ - အ နောက် အထက်အောက်နှင့် တောင့် မြောက် ဖီလာ မျှားပြား စွာသည့် အလိုရှိရာ ရပ်မျက်နှာသို့။ ဂစ္ဆန္တိ၊ ကိုယ်လက် ပေါ့ပါး စိတ်ခွန်အားနှင့် လှုပ်ရှားကြွ့ခိုင် သွားလာနိုင်ကြလေကုန်သတည်း။

မြတ်စွာဘုရား၏ ချီးမွမ်း အံ့ဩစရာမှာ၊ ဤမျှလောက်သာ မက ပါဘဲ ဇာတိ ခေတ်ပေါင်း တသောင်းသော စကြဝဠာတိုက်အတွင်း၌

မှီတင်းနေထိုင်လျက်ရှိကြသော ဇာတိပဋိသန္ဓေအခါ၊ အမိဝမ်းက ပါလာသည့် သူအ,နှင့်တကွ ပဝတ္တိအခါ ကြီးစွာသောလေငန်း သူငယ်နာ ကိုင်ဘမ်း၍ ရူးနှမ်းမေးခိုင် ငေးမှိုင်ယွင်းချွတ် ပေါ့သွပ် ရမ်းဆ နှုတ်ခမ်းဟ၍ တခွန်းတပါဒမျှ စကားပီသအောင် မပြောဆိုနိုင်ကြသည့် သူအ, သတ္တဝါတွေ များပြားစွာ ရှိကြပေတယ်။

ထိုအလုံးစုံသော သူအ,ဟူသမျှတွေဟာ မြတ်စွာဘုရားသခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ထက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး၊ ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် ဟု ဆိုအပ်သော ငါးပါးသောမာရ်ယုတ်ကို ပယ်ဖြုတ်ခုတ်ထွင် သုခ်သင် ရှင်းလင်းအောင်မြင်ခြင်းသို့ ရောက်တော်မူဆဲအခါမှာ၊ ပီယဝါစာ နှုတ်လျှာမြွက်ဟ၍ ကောင်းမွန်ပီသစွာ ပြောကြားနိုင်ကြပေတယ်။ တာလဲ မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်ထွန်း ပေါ်ပေါက်တော် မူလာ၍သာ ဖြစ်ရခြင်းကြောင့် အလွန်အမင်း အံ့ဩဘွယ်ကြီး တခု ပေဘဲဟု ချီးကျူးမြွက်ဆိုကြပြန်ဘယ်။

**အဟော ဗုဒ္ဓါနုဘာပ္ပါဒေါ၊ သဗ္ဗေမူဂါပိ ယံခဏေ။**

**လောကေ ဒသသဟဿမှိ၊ ဝါစံ သက္ကောန္တိ ဘာသိတုံ။ ။**

လောကေ၊ အဝိဇ္ဇာဟု မိစ္ဆာမိုက်မှောင် လူတို့ဘောင်၌။ ဗုဒ္ဓါနံ၊ တရားရောင်ဖြင့် မိုက်မှောင်ပယ်ရှင်း လူခပင်းတို့ကို ပွင့်လင်းစေဘတ်ဘုရားရှင် ကိုယ်တော်မြတ်တို့၏။ ဥပ္ပါဒေါ၊ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာခြင်းသည်။ အဟော၊ အံ့ချီးဘွယ် ကောင်းလှပေစွတကား။ ကသ္မာ၊ အဘယ်ကြောင့်။ အဟော၊ အံ့ချီးဘွယ် ကောင်းလှလေသနည်းဟူမူကား။ ယံယသ္မာ၊ အကြင်ကြောင့်။ ဝါ၊ ယံယသ္မိံခဏေ၊ ပွင့်ဆဲအခါ၌။ လောကေ ဒသ သဟဿမှိ၊ ရှစ်သောင်း နှစ်ထောင် အမြင့်ဆောင်သည့် စကြဝဠာတောင်ရစ်ဝိုက် တသောင်းသော လောကဓာတ် တိုက်၌။ သဗ္ဗေမူဂါပိ၊ ကြောင်းကျိုးဘော်ပြ နှုတ်မြွက်ဟ၍ တခွန်းတပါဒမျှ မပြောမဆိုနိုင်ကြသည့် အလုံးစုံသော သတ္တဝါ ဟူသမျှတို့ သည်လည်း။ ဝါစံ၊ ချိုမြဇီဝှါ နှုတ်လျှာဖြင့် ကောင်းစွာမြွက်ကြား သာယာသောစကားကို။ ဘာသိတုံ၊ ပြီပြီသသ ပီယဝါစာ ဘွယ်ရာတွတ်တွတ် ကယားရေလွှတ်သကဲ့သို့ မချွတ်

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

မယှင်း ပြောဆိုခြင်းငှါ။ သင်္ကေတ္တ၊ ပြေပြေပြစ်ပြစ် ကျစ်လစ်မှန်ကန် ဝေဘန်ခွဲခြမ်း၍ တတ်စွမ်းနိုင်ကြလေကုန်သတည်း။

မြတ်စွာ ဘုရား၏ အစ္စရိယ အဗ္ဘုတ ဖြစ်သော ဂုဏ်ကျေးဇူး တရားသည် ဤမျှလောက်သာ မကပါဘဲ တကမ္ဘာပတ်လုံး အသက်တာ ရှည်တည်နေပြီး၊ သဗ္ဗညုတ ဘုရားရှေ့ဥာဏ်တော်ကြီးနှင့်ပင် ချီးမွမ်းထောမနာသော်လည်း ကမ္ဘာအသက်ကုန်၍ ကျေးဇူးတော်, ဂုဏ်တော် များမှာ မကုန်မခန်းနိုင်ပေရာ။

အဲတာလို ချီးမွမ်းအံ့ဩ ထောမနာလို့ မကုန်နိုင်သည့် ၃၂-ပါးလော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့နှင့် တင့်တယ်သပ္ပါယ်တော်မူသော ရူပကာယ ခန္ဓာတော်။ သိမ်မွေ့ ခက်ခဲ နက်နဲစူးရှသည့် အနန္တဖြစ်သောဥာဏ်တော်။ ဤသို့ မကြံစည်အပ်, မကြံစည်နိုင်သည့် ခပ်သိမ်းဥဿုံ ကျေးဇူးတော်, ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ကိုးကွယ်သော သူတို့မှာ "သဒိသံ ပါကံ ဇနေတိ" ဟု ဆိုသည့်အတိုင်း မကြံစည်အပ်, မကြံစည်နိုင်သော ဂုဏ်ကျေးဇူး အကျိုးတရားတို့နှင့် ထင်ရှား ပြည့်စုံစွာ ခံစားစံစား ကြရမယ်ဟု အဋ္ဌကထာ ဆရာများက မိန့်ဆိုတော်မူကြတယ်။

**ဝေံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။**
**အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။ ။**

ဧဝံ၊ ဤသို့များမြတ် ဆုံးမသတ်အောင် ပြောဆို အပ်ခဲ့ပြီးသော နည်းဖြင့်။ ဗုဒ္ဓါ၊ သစ္စာလေးရပ် ပရမတ်ကို ဆတ်ဆတ်သိမြင် ဘုရားရှင်တို့ကို။ အစိန္တိယာ၊ ဤရွေ့ဤမျှ ဂဏန်းချလည်း မျှားလှဖုံဖုံ မကြံစည် အပ်လေကုန်။ ဗုဒ္ဓဓမ္မာ၊ ဘုရားရှင်၏ ဘုန်းတော်,ကံတော်,သမ္မာတော်နှင့် ဥာဏ်တော်အနန္တ အံ့ဩရှမပြီး ချီးမွမ်း၍ မကုန် နိုင်ကုန်သော ကျေးဇူးတော်, ဂုဏ်တော် ဟူသမျှ တို့ကို။ အစိန္တိယာ၊ မကြံစည်အပ် လေကုန်။ အစိန္တိယေ၊ မကြံစည်အပ်,မကြံစည်နိုင် ပျံ့လှိုင်ဘုန်းတော် ထင်ပေါ် ကျော်ကြား မြတ်စွာဘုရားနှင့် မျှားပြားဥဿုံ ပြောမကုန်သည့် ကျေးဇူးတော်, ဂုဏ်တော်မြတ်တို့ကို။ ပသန္နာနံ၊ ကြည်ညို မြတ်နိုး ကိုးကွယ် ဆည်းကပ် မပြတ် အောက်မေ့ ကြကုန်သော ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့အား။

အစိန္တိယော၊ မကြံစည်အပ်, မကြံစည်နိုင်သော။ ဝိပါကော၊ အာနိသံသ ကျိုးဖလသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေသတည်း။

အဲသည်လို ကျေးဇူးတရားကို များပြားစွာ ခံစားရလေသော ကြောင့် လောကသုံးပါး၌ မြတ်စွာဘုရားတို့ ပွင့်ထွန်း ပေါ်ပေါက်တော်မူ လာတာဟာ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ လောကီ, လောကုတ္တရာ အဖြာဖြာသော စီးပွားချမ်းသာ မင်္ဂလာအကျိုး လူ,နတ်,နိဗ္ဗာန် သုံးတန် သော ချမ်းသာအကျိုးကို ပွားတိုးစေခြင်းငှါ ပွင့်ထွန်းပေါ်ပေါက်တော် မူလာပေတယ်။

အဲဒါကြောင့် မြတ်စွာဘုရားကို ကိုယ်ဖြင့်ရှင်း, နှုတ်ဖြင့်ရှင်း, စိတ် ဖြင့်ရှင်း အနန္တ ယေသော လူ့ဘဝတွေဖြင့်ရှင်း၊ ပူဇော်သက္ကာရ အမှုကို ပြုစုအားထုတ်ကြသည့် ဒါယကာ - ဒါယိကာမတွေဟာ နတ်ပြည် ခြောက် ထပ် မြင့်မြတ်သော သုဂတိဘဝ ဘုံဌာနသို့ ကောင်းမွန်စွာ ရောက်နိုင် ကြောင်းများကို မြတ်စွာဘုရားဟောကြားတော်မူတယ်။

**ဗဟူနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။**

**ယတ္ထ ကာရံ ကရိတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။ ။**

ဗဟူနံ၊ လူ နတ် နတ်ပါ ဗြဟ္မာမကြွင်း ခပင်းဥဿုံ လုံးစုံများစွာ သတ္တဝါတို့၏။ အတ္ထာယ၊ လောကီ, လောကုတ် မယုတ်တိုးပွား အကျိုး များကြစေခြင်းငှါ။ ဝတ ဧကန္တေန၊ မုချကေန် အမှန် စင်စစ်အားဖြင့်။ တထာဂတာ၊ ဝိပဿီအစ များလှသောင်းသောင်း ရှေးဘုရား အပေါင်း တို့ကဲ့သို့ ကောင်းသော လာခြင်းရှိတော်မူကြကုန်သည့် ဘုရားရှင်ကိုယ်တော် မြတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်၍လာကြကုန်၏။ ယတ္ထ၊ တထာဂတ နာမထင်ပေါ် ယင်းဘုရားရှင် ကိုယ်တော်မြတ်၌။ ကာရံ၊ ရိုသေမြတ်နိုး ရှိခိုးကော်ရော် ပူဇော်သက္ကာရ ကို။ ကရိတွာန၊ သဒ္ဒါရှင်လန်း ကြိုးပမ်းမယုတ် အားထုတ် ပြုစုကြကုန် သောကြောင့်။ ဒါယကာ၊ ဒါယကာ-ဒါယိကာမ ဟူသမျှတို့သည်။ သဂ္ဂံ၊ စတုမဟာ အစဖြာသည့် နတ်ရွာလောက ဘုံဌာနသို့။ ဂစ္ဆန္တိ၊ ဝမ်းသာ-ဝမ်းမြောက် သွားရောက်ကြလေကုန်သတည်း။

လောကသုံးပါး၌ အတုမရှိ မြတ်တော်မူသော ဘုရားသခင် ကိုယ် တော်မြတ်ကို ကြည်ညိုလေးမြတ် ဆည်းကပ်ခစား၍ အားထား ကိုးကွယ်

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ကြပါလျှင်၊ ဘယ်သူမဆို လူမျိုး တရားတပါးလုံးပင် ခြားနားခြင်းမရှိဘဲ တကြိမ်တခါလောက် လက်အုပ်ချီမိုး ရှိခိုးကော်ရော် ပူဇော် သက္ကာရကို ပြုစုရုံမျှနှင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ဆိုအပ်သော အပါယ် လေးပါးသို့ မလားမကပ်ရဘဲ လူ့ဘုံကခန္ဓာစဲပြီး မရဏာပွဲသို့ ဝင်လိုက် သည်နှင့်တပြိုင်နက် ဥယျာဉ်ပန်းမာန် ခြွေရံပရိသတ် ဘုံဗိမာန် ရောင်စုံလျှပ် ၍ မြင့်မြတ်သော နတ်စည်းစိမ်ကို တရှိန်ရှိန် ခံစား စံစား ကြရသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူပေတယ်။

**ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယံ။**

**ပဟာယ မာနုသံဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။ ။**

ယေကေစိ၊ ခပ်သိမ်းဥဿုံ လုံးစုံများစွာ သတ္တဝါတို့သည်။ ဗုဒ္ဓံ၊ သမ္ဗုဒ္ဓဟု နာမ ထင် ရှား မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ် လည်း လျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂတာသေ၊ ရိုသေလေးမြတ် ဆည်းကပ် မှီဝဲကြကုန်၏။ တေ၊ ဆည်းကပ်ကြသူ ဗိုလ်လူများစွာ ထိုသတ္တဝါတို့သည်။ အပါယံ၊ ငရဲ, ပြိတ္တာ, သူရကာနှင့် တိရစ္ဆာန ဒုက္ခဖြစ်ရာ ပါယ်လေးရွာ သို့။ နဂမိဿန္တိ၊ မလားမရောက်ကြရလေကုန်။ မာနုသံဒေဟံ၊ ဇာတိ,ဇရာ ဗျာဓိ,မရဏာ ဒုက္ခများစွာ လူ့ခန္ဓာကို။ ပဟာယ၊ စက်ဆုပ်ရွံဘွယ် စွန့်ပယ် ပစ်ထားကြကုန်ပြီး၍။ ဒေဝကာယံ၊ နတ်ပြည်ခြောက်ထပ် အထက်ရပ်သို့။ ပရိပူရေဿန္တိ၊ လျင်စွာထုတ်ခြောက် လား ရောက် ပြည့်စုံ ကြ လေ ကုန် သတည်း။

မြတ်စွာဘုရားသခင်ကို ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်ကြ သော သူများသာလျှင် ဤကဲ့သို့သော အကျိုးထူးတရားကို ခံစားစံစားရ သည် မဟုတ်ပါဘဲ၊ ထိုမြတ်စွာဘုရား ဟောကြားတော် မူသည့် တရား တော်မြတ်ကို မှတ်သားနာခံ၍ ကျင့် ကြံ အားထုတ် ကြတဲ့ သူများမှာလဲ ထိုအတူဘဲ အပါယ်နှင့်လွဲပြီး တညီးညီးတရှိန်ရှိန် နတ်တို့၏ စည်းစိမ်ကို အကြိမ်ကြိမ်ခံစားစံစားရသည်ဟု ဟောကြားတော်မူတယ်။

**ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယံ။**

**ပဟာယ မာနုသံဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။ ။**

ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းဖြတ် တရားတော် မြတ်ကို—လို့ ပေးသည်သာထူးသည်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ထိုမြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်မြတ်ကို လိုက်နာ ကျင့်ဆောင်တော်မူသည့် သံဃာတော် အရှင်မြတ်တို့ကို ဆည်းကပ် ကိုးကွယ်ကြသည့် သူများမှာလဲ အပါယ်လေးပါးသို့ မလားမကပ်ရပါဘဲ နတ်ပြည်ခြောက်ထပ် အထက်ရပ်တွင် မြင့်မြတ်သော စည်းစိမ်ကို တရှိန်ရှိန် ခံစားစံစားရကြောင်းများကို ဟောကြားတော်မူတယ်။

**ယေကေစိ သံဃံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယံ။**

**ပဟာယ မာနုသံဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။ ။**

သံဃံ၊သမုတိအရိယာ မြတ်သံဃာကို-ဟူ၍အနက်ပေးလေ။အကြွင်းမှာ၊ နောက် ဗုဒ္ဓ သရဏံဂါထာ၌ ဆိုခဲ့သောအတိုင်း မှတ်ယူ ရွတ်ဆိုကြပါလေ။

(အဋ္ဌရိယာဂုဏ်တော်များကိုပြခြင်း ပြီး၏။)

## ဘုရား၊ ရှင်အာ၊ ရှိခိုးရုံနှင့် နတ်ဘုံသို့ ရောက်ရသော 'စဏ္ဍာလီ'ဒကာမကြီး ဝတ္ထု၊

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဘုရားရတနာ, တရားရတနာ, သံဃာရတနာဟု ဆိုအပ်သော ရတနာ သုံးပါးတို့တွင် ဘုရားရတနာကို ရှိသေလေးမြတ် ဆည်းကပ်ဝပ်လျှိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ပူဇော်ရှိခိုးရုံမျှနှင့် အပါယဒုက္ခသို့ မကျ,မရောက်ရဘဲ ထူးကဲရိပ်ငြိမ် နတ် စည်းစိမ်ကို တရှိန်ရှိန် ခံစားစံစားရသည့် ဝတ္ထုသွားသာဓကမှာတော့၊ လောကတ္တယ ဘဝပါရဂူ သယမ္ဘူထွဋ်ထား မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ခေါ် မြတ်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် စိတ်ရွှင်ပျော်၍ သီတင်းသုံး နေတော်မူစဉ်၊ တနေ့သောအခါ၌ လက်ဝဲတော်ရံ အရှင် မဟာမောဂ္ဂလာန် မထေရ်မြတ်ကို နောက်ပါရဟန်းပြု၍ ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံဝင်တော်မူတယ်။

ထိုအခါ ဇရာဘိစီး သေချိန်နီးလျက် အလှဲကိုအယူသည်းနေသော စဏ္ဍာလီ ဒကာမကြီးနှင့် တခုသော ခရီးလမ်းမ၌ တွေ့ဆုံမိကြ၍ မြတ်စွာဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော် ကွန်ရွက်ကို ဖြန့်ကြက် ကြည့်ရှုတော်မူသောအခါ၊ မကြာမီ ယနေ့ပင်လျှင် နွားမကြီးဝှေ့သတ်၍ အပါယ်ရပ်

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ဒုဂ္ဂတိ ဘဝသို့ လားရမည့်အကြောင်းကို ကောင်း မွန် စွာ သိမြင်တော် မူတယ်။

ထိုသို့ သိမြင်တော် မူသောအခါ၊ ရင်နှစ်သည်းချာ ရာဟုလာသို့ ကရုဏာပွား အလွန်ပင် သနားတော်မူလှသဖြင့် အဥ္စလီပဂ္ဂယှ ဂါရဝ ရှိ ကျိုး လက်အုပ်မိုး၍ ရှိခိုးခြင်းအမှုကို ပြုစုရုံမျှနှင့်ပင် အပါယ်ဒုဂ္ဂတိ ဘဝ သို့ မကျမရောက်စေဘဲ လွန်ကဲမြင့်မြတ်သည့် နတ်ပြည်ခြောက်ထပ် အထက် ရပ်သို့ ပို့ဆောင်ကယ်တင်လိုသည်ဖြစ်၍ ရှေ့သို့မလှမ်းမကြွဘဲ ဆိုင်းငံ့ ရပ် တည်တော်မူနေရှာတယ်။

ထိုအခါ နောက်ပါအရံ အရှင်မဟာ မောဂ္ဂလာန်သည် မြတ်စွာ ဘုရား၏ အကြံတော်ကို အမှန်တိတိ သိရှိတော်မူသည့်အတိုင်း ကိုင်းရှိုင်း ရှိသေ အလေးအမြတ် ဆည်းကပ်ဝပ်လျှိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ စေရန်များဖြင့် တိုက်တွန်းပြောကြားတော်မူလိုက်တယ်။

**စဏ္ဍာလိ ဝန္ဒ ပါဒါနိ၊ ဂေါတမဿ ယသဿိနော။**

**တမေဝ အနုကမ္ပာယ၊ အဋ္ဌာသိ ဣသိ သတ္တမော။ ။**

စဏ္ဍာလိ၊ ဇရာဘိစီး သေချိန်နီးသည့် စဏ္ဍာလိမည်သော ဒကာမ ကြီး။ ယသဿိနော၊ လာဘ်လာဘနှင့် ပရိသတ်ကုံလုံ ပြည့်စုံပေထသော။ ဂေါတမဿ၊ ဂေါတမနွယ်ဘွား မြတ်စွာဘုရား၏။ ပါဒါနိ၊ ခြေတော် အစုံ ကြာပဒုံတို့ကို။ ဝန္ဒ၊ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက် ပါတော့လော။ တမေဝ၊ ဇရာဘိစီး သေချိန်နီးသည့် စဏ္ဍာလိ မည်သော သင်ဒကာမကြီးကို သာလျှင်။ အနုကမ္ပာယ၊ သားရာဟုလာ ကဲ့ပမာသို့ ကရုဏာပွား အစဉ် သနားတော် မူသဖြင့်။ သတ္တမော၊ ခုနစ်ဆူမြောက် ဘုန်းရှိန်တောက်၍ ကြွရောက်ဖြစ်ထွန်းပေါ်လာသော။ ဣသိ၊ ဂေါတမဟု နာမပညတ် ရဟန်းမြတ်ကြီးသည်။ အဋ္ဌာသိ၊ ရွှေတောင်အလား မကြွ သွားဘဲ မားမားမတ်မတ် ရပ်တည်တော်မူခဲ့လေသတည်း။

ထိုသို့ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က စေ ခိုင်းတော်မူသောအခါ၊ စဏ္ဍာလိမည်သော ဒကာမကြီးသည် လမ်းခရီး၌ ရိုးတီး ယောင်တောင် တိမ်းရှောင်မည့်ပုံ မျက်စိမှုန်, နားထိုင်း, ခါးကိုင်း, ကုန်းကွ ဇရာဒုဗ္ဗလ အိုမင်းလှသည်လည်း တသွယ်၊ ငယ်ရွယ်သည်က စပြီး တရားနှင့်မနီး အယူသည်းလာ၍ စိတ်ကြီးဝင်သလို ကြည်ညိုခြင်း သဒ္ဓါ

တရား အလွန်ပင် ပါးရှားသဖြင့် ဘုရားဟူ၍မှ မထင်မှတ်ဘဲ မတ်တတ်ရင် ဆိုင် မော်ကြည့်ကာ ယှဉ်ပြိုင်လျက် လက်အုပ်ချီမိုး ရှိမခိုးနိုင်ဘဲ ငေးမှိုင်၍ နေရှာတယ်။

ထိုအခါ အရှင်မောဂ္ဂလာန် မထေရ်မြတ်က သနားသော ကရုဏာနှင့် ဒကာမကြီး လောကဓံတည်းဟူသော လေမုန်တိုင်းကြောင့် တုန်လှုပ် ဖေါက်ပြန်ခြင်းမရှိ၊ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သည့် မြင့်မိုရ် တောင်မင်းမျှမက တည်ကြည် ခိုင်ခံ့လှသည့် သမာဓိသခင် ဘုရားရှင်ကို သင်၏စိတ်ထဲ၌ ကြည်ညိုပြီး လျှင်မြန်စွာရှိခိုးလိုက်ပါ။ သင်ဒကာမကြီး၏ အသက်သည် မဏ္ဍရမင်း နှိုပ်စက်သဖြင့် သေရမည့်ဘက်သို့ နီးကပ်လျက် ရှိလာပြီဟု ထပ်မံတိုက်တွန်း ညွှန်ပြတော်မူလိုက်ပြန်တယ်။

**အဘိပ္ပသာဒေဟိ တေ မနံ၊ အရဟန္တမှိ တာဒိနေ။**
**ခိပ္ပံ အဉ္ဇလိကာ ဝန္ဒ၊ ပရိတ္တံ တဝ ဇီဝိတံ။ ။**

စဏ္ဍာလိ၊ ဇရာညှဉ်း၍ အိုမင်းလေပြီး စဏ္ဍာလိမည်သော ဒကာမကြီး။ တာဒိနေ၊ လာဘာ လာဘ စသည့်ရှစ်တန် လောကဓံကြောင့် ဖေါက်ပြန် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ အရဟန္တမှိ၊ လောကတ္တယ ဘုံဌာနဝယ် အရဟမည်တွင် ဘုရားရှင်ကိုယ်တော် မြတ်၌။ တေ၊ သင်ဒကာမကြီး၏။ မနံ၊ မနောဝိညာဉ် စိတ်အစဉ်ကို။ အဘိပ္ပသာဒေဟိ၊ ထိုထို၍၍ မကြံစည်ဘဲ အမြဲကြည်ညိုစေလိုက်ပါလော။တဝ၊ ရုပ်နာမ်နှစ်ဖြာ ပေါင်းကာစုတည် စဏ္ဍာလိမည်သော သင်ဒကာမကြီး၏။ ဇီဝိတံ၊ အသက်သည်။ ပရိတ္တံ၊ ဇရာဘိစီး အရွယ်ကြီး၍ သေချိန်နီးလှချေပြီ တကား။ အဉ္ဇလိကာ၊ ကြာငုံပမာ လက်ဆယ်ဖြာကို သီသာထိပ်ထက် ပေါင်းကာ ယှက်လျက်၊ ခိပ္ပံ၊ မနှေးမဖင့် အသင့်မကြာ ဆောလျင်စွာ။ ဝန္ဒ၊ သဒ္ဓါမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့လိုက်ပါတော့လော။

အဲသည်လိုထပ်မံပြီး အတန်တန်တိုက်တွန်းပြောဆိုလိုက်သောအခါ မှ စဏ္ဍာလီ တကာမကြီးသည် မရှောင်မလွဲသာ အားနာနာနှင့် မျက်စိ မျက်နှာဖွင့်လျက် လက်ဆယ်ဖြာ မြှောက်ခါပင့်ပြီး ဘုရားရှင် ကိုယ်တော် မြတ်အား တကြိမ်မျှရှိခိုးလိုက်တယ်။

သည်တော့မှ မြတ်စွာဘုရားလဲ ဆွမ်းခံကြွချီ စဏ္ဍာလီ ဒကာမကြီး လဲ အလိုရှိရာခရီးသို့ တယောက်ထည်း သွားလေသော်၊ တခုသော လမ်း ကြားတွင် နွားမကြီးဝှေ့သတ်ရာ၊ ပဏ္ဏာမစေတနာ ကုသိုလ်ကံ ထောက်မ

လာသဖြင့် တာဝတိံသာ ထက်နတ်ရွာ၌ နတ်သမီး စာထောင် ခြံရံလျက် နတ်တို့၏ စည်းစိမ်ကို တရှိန်ရှိန်ခံစားစံစားရပေတယ်။

ထိုအခါ စဏ္ဍာလီနတ်သမီးသည် ကြီး ကျယ် ခမ်း နား လှ စွာသော စည်းစိမ်ချမ်းသာကို ရကြောင်းဖြစ်သည့် ကုသိုလ် ကောင်းမှုကို ကြည့် ရှု ဆင်ခြင်သော်၊ လူ့ဘဝကဖြစ်ပုံ အလုံးစုံကို အကုန်အစင် သိမြင် သဖြင့် အရှင်မောဂ္ဂလာန် မထေရ်မြတ်အား ကျေး ဇူး တင် စ ကား ပြန် ကြား လျှောက်ထားလို၍ အခြွေအရံ နတ်ဗိမာန်နှင့်တကွ လူ့ပြည်သို့ဆင်းလာပြီး လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရှိခိုးတည်နေရှာတယ်။

သည်တော့ လက်ဝဲတော်ရံ အရှင် မောဂ္ဂလာန် မထေရ် မြတ်က ခြွေရံနောက်ပါ များပြားစွာနှင့် ရောင်ဝါထိန်လျှပ် ဆည်းကပ် ဝပ်လျိုး လက်စုံမိုး၍ ရှိခိုးလာသောသူသည် အဘယ်သူများဖြစ်သလဲလို့ မေးမြန်း တော်မူတယ်။ သည်တော့မှ စဏ္ဍာလီနတ်သမီးက နှစ်သက်ရွှင်လန်း ဝမ်း မြောက်ဝမ်းသာနှင့် ရှိသေစွာ လျှောက်ထားရှာတယ်။

**အဟံ ဘဒ္ဒန္တေ စဏ္ဍာလီ၊ တယာ ထေရေန ပေသိတော။**

**ဝန္ဒိ အရဟတော ပါဒေ၊ ဂေါတမဿ ယသဿိနော။ ။**

ဘဒ္ဒန္တေ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါကို ကရုဏာပွား အလွန်သနား တော်မူပေသည့် အရှင်မြတ်ဘုရား။ ထေရေန၊ ဂုဏ်ရောင်လျှံညီး မထေရ် ကြီးဖြစ်တော်မူသော။ တယာ၊ ကရုဏာပွား အရှင်မြတ် ဘုရားသည်။ ပေသိတော၊ နတ်ရွာလားရန် ရည်သန်ပြဋ္ဌန်း တိုက်တွန်း နှိုးဆော်အပ် သည်ဖြစ်၍။ အရဟတော၊ ဗြဟ္မာ,နတ်,လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ပူဇော်အပ်တော်မူပေထသော။ ယသဿိနော၊ အခြံအရံ အကျော်အစော ဂုဏ်နှင့်ပြည့်စုံပေထသော။ ဂေါတမဿ၊ ဂေါတမနွယ်ဘွား မြတ်စွာဘုရား ၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒိ၊ အားနာ၍သာလက်ဆယ် ဖြာနှင့် ထိပ်မှာတင်မိုး ရှိခိုးကန်တော့လာခဲ့ပါသော။ အဟံ၊ တပည့်တော်မ သည်ကား။ စဏ္ဍာလီ၊ စဏ္ဍာလီဟု သညီခေါ်သ အမည်ရသော အမယ် အိုမကြီးပါ အရှင်ဘုရား။

ဤကဲ့သို့ အရှင်မောဂ္ဂလာန်၏ ကရုဏာတရား နှင့် မြတ်စွာဘုရား သခင်၏ ဂုဏ်ကျေးဇူး ကြီးမားကြောင်း များကို လျှောက်ထားပြီး မိမိ ဘုံဗိမာန်သို့ ပြန်သွားရှာပေတယ်။

(စဏ္ဍာလီ ဒကာမကြီးဝတ္ထု ပြီး၏။)

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

## ဘုရားရှင်၏ဂုဏ်တော်ကို ရွတ်သဖြင့် အန္တရာယ်ကင်း၊ လွတ်ရ၍ ဒိဋ္ဌဓမ္မ အကျိုးပေးပုံကိုပြသော ဒါရုသာကဋိကပုတ္တဝတ္ထု။

မြတ်စွာဘုရားကို ကြည်ညိုမြတ်နိုး ရှိခိုးခြင်းကြောင့် အကျိုးတရား ခံစားရသည်မှာ၊ ဤစကြာလီ ဒကာမကြီးကဲ့သို့ ကာယကံမြောက်လောက် အောင်ရှိခိုးမှ ခံစားစံစားရသည် မဟုတ်သေး၊ ညဉ့်အခါ အိပ်ပျော်စဉ် ယောင်ယမ်းပြီး **"နမော ဗုဒ္ဓဿ"** ဟု ပါဠိနှင့်ဖြစ်စေ၊ **"ဘုရား အား ရှိခိုးပါ၏"** ဟု မြန်မာဘာသာနှင့်ဖြစ်စေ၊ ရွတ်ဆိုမိသော ဝစီကံကုသိုလ် ပင်လျှင် ဒိဋ္ဌဓမ္မဖြစ်သော ဘေးဒုက္ခမှလွတ်ပြီး ထိုကုသိုလ် အကြောင်းခံ လျက် နိဗ္ဗာန်,မဂ်ဖိုလ်ဟူသော အကျိုးတရားကို ခံစားရသည့်ပြင်၊ အယုတ် ဆုံးအားဖြင့် လောက၌ လောင်းတမ်း ကစား ကြသော သူများ မှာပင် **"နမော ဗုဒ္ဓဿ"**ဟု ပါဠိနှင့်ဖြစ်စေ၊ **"ဘုရားအားရှိခိုးပါ၏"** ဟု မြန်မာ ဘာသာနှင့်ဖြစ်စေ ရွတ်ဆိုပြီး ကစား ကြပါလျှင် ရှုံးခြင်းသို့ မရောက်ဘဲ အောင်မြင်ထမြောက်ခြင်းငှါ စွမ်းနိုင်သည်ဟု အတည်ကျ မှတ်ယူ ယုံကြည် ကြရမယ်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အကျိုးထူး တရားများကို ခံစား ရသည့် ဝတ္ထုသွား သာဓကမှာတော့၊ မြတ်စွာဘုရား သခင် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ရာဇဂြိုဟ်ပြည်ကြီး၌ သမ္မာဒိဋ္ဌိ အယူရှိသော သူ၏ သားနှင့် မိစ္ဆာဒိဋ္ဌိ အယူရှိသော သူ၏သား သူငယ်နှစ်ယောက် တို့သည် မပြတ်မလတ် ဂုံညင်းထိုးကစားကြတယ်။

ထိုနှစ်ယောက်တို့တွင် သမ္မာဒိဋ္ဌိအယူရှိသောသူ၏ သားသည် မြတ် စွာဘုရား၏ ဂုဏ်ကိုဆင်ခြင်၍ **"နမော ဗုဒ္ဓဿ"** ဟု ရွတ်ဆိုပြီး ဂုံညင်းကို ထိုး၍၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သူ၏သားကတော့ တိတ္ထိတို့၏ ဂုဏ်ကျေးဇူး တို့ကို အာရုံပြု၍ **"နမောအရဟန္တာနံ"** ဟု ရွတ်ဆိုပြီး ဂုံညင်းထိုး ကစား ကြတယ်။

ထိုသူတို့တွင် သမ္မာဒိဋ္ဌိ အယူရှိသော သူ၏သားကနိုင်၍၊ မိစ္ဆာဒိဋ္ဌိ အယူရှိသောသူ၏သားမှာ ရှုံးသဖြင့်၊ ငါလည်းသူလိုရွတ်ဆိုမယ်ဟု အောက်မေ့ ပြီး **"ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း"** ၌ လေ့လာခြင်းကိုပြုတယ်။

ဤသို့ပြုသောအခါ၊ တနေ့သ၌ ဘခင်က ထင်းတိုက်ရန် သားကို ခေါ်ပြီး လှည်းနှင့် တောသို့ သွား၍ ထင်းကိုတင်ပြီး ပြန်လာသောအခါ၊ မြို့ပြင်သုသာန်၏အနီး ရေကောင်းသောအရပ်၌ နွားကို လွှတ်ထားလျက် ထမင်းစားနေကြစဉ်၊ ညနေချမ်း အခါတွင် လှည်းသမား၏ နွားတို့သည် မြို့သို့ဝင်ကြသော အခြားနွားများနှင့် အတူ ပါသွားသဖြင့် လှည်းသမား လိုက်ဘမ်းပြီးထွက်လာသော်၊ မြို့တံခါးပိတ်ထားသောကြောင့် ညဉ့်အခါ ၌ တယောက်ထည်း လှည်းအောက်မှာ အိပ်ရရှာတယ်။

ထိုအခါ သမ္မာဒိဋ္ဌိဘီလူးနှင့် မိစ္ဆာဒိဋ္ဌိ ဘီလူးနှစ်ယောက်တို့မြင်ရာ၊ မိစ္ဆာဒိဋ္ဌိဘီလူးက သူငယ်ကိုစားရန် ပြောသော်၊ သမ္မာဒိဋ္ဌိဘီလူးက တား မြစ်ပါလျက်၊ နားမထောင်ဘဲ သူငယ်၏ ခြေကိုဆွဲလေလျှင် သူငယ် လန့် နိုး၍ "**နမော ဗုဒ္ဓဿ**" ဟု ယောင်ယမ်းပြီး ရွတ်ဆိုလိုက်ရာ၊ ဘီလူးသည် လန့်စွာ ကြောက်လန့်၍ လွှတ်လိုက်သောအခါ၊ သမ္မာဒိဋ္ဌိဘီလူးက ငါတို့ နှင့်တကွ မသင့်သောအမှုကို ပြုမိသဖြင့်၊ သူငယ်ဒဏ်ကို ထမ်းဆောင်ကြ ကုန်အံ့ဟု မိစ္ဆာဘီလူးကိုပြောပြီး စောင့်ရှောက် နေကြရှာတယ်။ ထိုအခါ မိစ္ဆာဘီလူးသည် ပိမ္ဗိသာရမင်းကြီး၏ စားတော်ခွက်ကို အစာနှင့်တကွ ယူလာပြီး၊ ဘီလူး နှစ်ယောက် တို့သည် အမိ အဘ တို့ကဲ့သို့ ဖြစ်စေပြီး ကျွေးမွေး၍ စားတော်ခွက်တွင် အကြောင်းအရာများကို ရေးသားလျက်၊ မင်းကြီးမှတပါးသောသူတို့ မမြင်နိုင်ရန် နတ်ဘီလူးတို့၏တန်ခိုးဖြင့် ပြုပြင် စီမံ၍ ထားခဲ့ပေတယ်။

**ဣမာနိ အက္ခရာနိ ရာဇာဝ ပဿတု မာ အညော။ ။**

ဣမာနိ အက္ခရာနိ၊စားတော်ခွက်၌ဖြစ်ပျက်ကြောင်းများ ရေးသား ကြားမှာ ဤအက္ခရာတို့ကို။ ရာဇာဝ၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ပိမ္ဗိသာရ မင်းကြီးသည်သာလျှင်။ ပဿတု၊ ကြည့်ရှုထင်ထင် တွေ့မြင် သိနိုင်ပါစေ သတည်း။ အညော၊ မင်းမှတပါး အခြားသောသူများသည်။ မာပဿတု၊ မတွေ့မထင် မမြင်မသိနိုင်ကြပါစေသတည်း။

နံနက်မိုးသောက်သော်၊မင်းကြီး၏နန်းတော်၌ ရွှေခွက်ပျောက်သဖြင့် တံခါးပိတ်ပြီး တမြို့လုံးရှာမတွေ့၍ မြို့ပြင်၌ရှာလေသော်၊ သူငယ်၏ ထင်း လှည်းပေါ်တွင်တွေ့မြင်သောကြောင့် မင်းချင်းယောကျာ်းတို့သည် သူငယ် ကိုဘမ်း၍ မင်းကြီးထံသို့တင်ပြကြတယ်။ မင်းကြီးသည် အက္ခရာတို့ကိုမြင်၍

ချစ်သား-အကြောင်း ဘယ်သို့နည်းဟု မေးသော်၊ အကျွန်ုပ်မသိပါ ညဉ့်အခါ၌ မိဘများ ကျွေးမွေး စောင့်ရှောက် သဖြင့် ချမ်း သာ စွာ အိပ်ရကြောင်းများကို ပြောကြားရှာတယ်။

ထိုအခါ မိဘများရောက်လာကြလျှင် မင်းကြီးသည်အကြောင်းကို သိသဖြင့်၊ ထို သုံးယောက်သောသူတို့ကို ခေါ်ယူလျက် မြတ်စွာဘုရားထံ သွား၍ အကြောင်းမျိုးစုံကို ပြောကြားပြီး၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကပင် စောင့်ရှောက်ပါသလော။ သို့မဟုတ် ဓမ္မာနုဿတိစသော ကမ္မဋ္ဌာန်းများကပင် စောင့်ရှောက်ပါသလောဟု လျှောက်ထားတယ်။ ထိုအခါ မြတ်စွာဘုရားက မင်းကြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသာလျှင် စောင့်ရှောက်နိုင်သည် မဟုတ်သေး၊ စင်စစ်အားဖြင့် အကြင်သူတို့သည် ခြောက်ပါးသောအပြားဖြင့် စိတ်ကိုကောင်းစွာ ပွားကုန်၏။ ထိုသူတို့အား တပါးသော အစောင့်အရှောက် ဂါထာ, မန္တရား, ဆေးဝါးတို့ဖြင့် ပြုဘွယ်ရာ မရှိပြီဟု ဟောတော်မူတယ်။

**သုပ္ပဗုဒ္ဓံပဗုဇ္ဈန္တိ၊ သဒါဂေါတမ သာဝကာ။**
**ယေသံဒိဝါစ ရတ္တောစ၊ နိစ္စံဗုဒ္ဓ ဂတာသတိ။ ။**

ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ ကာယဂတာသတိ၊ ကရုဏာ မေတ္တာဘာဝနာကမ္မဋ္ဌာန်းတို့လည်း စောင့်ရှောက်နိုင်၏ဟု ဆိုလိုတယ်။ ဒေသနာတော်အဆုံး၌ သူငယ်, မိဘ သုံးယောက် တို့သည် သောတာပတ္တိ ဖိုလ်သို့ ရောက်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုသွားကြတယ်။ ဤ ပြဆို အပ်ခဲ့ပြီးသော စဏ္ဍာလိဝတ္ထု, ဒါရုသာကဋိကပုတ္တာဝတ္ထုကို ထောက်ရှု၍ သဗ္ဗညု မြတ်စွာဘုရားကို အားထားမှီခို ကြည်ညို လေးမြတ် ဆည်းကပ် ဝပ်တွား သဖြင့် အပါယ်သို့မလားဘဲ လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာများ ခံစားစံစားရပုံအကြောင်း ကောင်းကောင်းကြီး သိမြင်ကြရမယ်။

(ဒါရုသာကဋိကပုတ္တာဝတ္ထုပြီး၏။)

## တဏှာ နောရုံနှင့် နတ်ဘုံသို့ရောက်သည်ကို ပြသော မဏ္ဍူကဒေဝပုတ္တာဒိဝတ္ထု

ထိုအတူ တရားတော်မြတ်ကို နာကြားရုံမျှနှင့် အပါယ်ဒုက္ခမှ ကင်းလွတ်ကြပြီး၊ တညီးညီး တထိန်ထိန် နတ်တို့၏စည်းစိမ်ကို တရှိန်ရှိန် ခံစား

ရသည်မှာ မဏ္ဍူကဒေဝပုတ္တမည်သော ဘားနတ်သား ဝတ္ထုနှင့် လင်းနို့သားဖြစ်ဘူးသော ရဟန်းငါးရာဝတ္ထု စသည်များကို ကြည့်ရှုထောက်ဆသောအားဖြင့် ထင်ရှားစွာသိမြင်လောက်ပေသည်။

သံဃာတော် အရှင်မြတ်တို့အား ဆည်းကပ် အဥ္စလီတင်ချီရှက်မိုးရှိခိုးရုံမျှနှင့် အကျိုးထူးတရားခံစားရပုံ အနည်းငယ်မျှသော ဒါနဝတ္ထုကို ပြုစုလှူဒါန်း ပေးကမ်း စွန့်ကြဲမိရာ၊ လောကီ, လောကုတ္တရာ နှစ်ဖြာသောသုခနှင့် ပြည့်ဝကုံလုံ ခံစားစံစားရပုံမှာတော့ ဝိမာနဝတ္ထုပါဠိတော်၊ ပေတဝတ္ထု ပါဠိတော်တို့၌ လာရှိသော ဝန္ဒနာဝိမာနဝတ္ထု, ဥစ္ဆုဝိမာနဝတ္ထု-စသည်ကိုကြည့်သဖြင့် ထင်ရှားစွာ သိမြင်နိုင်လောက်ပေသည်။

ပြဆိုအပ်ခဲ့ပြီးသော ဝတ္ထုတို့တွင် အချို့မှာလောကီရိပ်ငြိမ်လှူစည်းစိမ်, နတ်စည်းစိမ်လောက်ဖြစ်သော ချမ်းသာများကို ခံစားနေကြသေး၍ အချို့မှာ လောကုတ္တရာဖြစ်သော မဂ်ချမ်းသာ, ဖိုလ်ချမ်းသာသို့ ရောက်သဖြင့် ဘေးရန်ဒုက္ခဖုဟူသမျှတို့မှ လွတ်မြောက်ကြလေကုန်ပြီ။ ထို့ကြောင့် ဘုရား, တရား, သံဃာဟု ဆိုအပ်သော ရတနာသုံးရပ်ကို ဆည်းကပ်ခိုမှီ၍ ယုံကြည် သက်ဝင်ကြသော သူတော်စင် အပေါင်းတို့၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းခိုမှီရာအစစ် ကေန္တ ဖြစ်လေသောကြောင့် သရဏတရားဟူ၍ ဟောကြားတော်မူပေတယ်။

**တေံခေါသရဏံ ခေမံ၊ တေံသရဏ.မုတ္တမံ။**

**တေံသရဏ.မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။**

ဘိက္ခဝေ၊ သံသရာညွန် ခန္ဓာဝန်ကို ချသွန်လိုကြောင်း ချစ်သားအပေါင်းတို့။ တေံခေါသရဏံ၊ ဘုရား,တရား,သံဃာများဟု သုံးပါးအစုဤသရဏဂုံသည်။ ခေမံ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းဝေးကွာချမ်းသာပေါ်၏။ တေံသရဏံ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ ချမ်းသာပွားများ ဤသရဏဂုံသုံးပါးသည်။ ဥတ္တမံ၊ လူ့ပြည်နတ်ရပ် လောကဓာတ်တွင် ဆတ်ဆတ်မသွေမြတ်လှပေ၏။ တေံသရဏံ၊ ဗုဒ္ဓ,ဓမ္မာ,မြတ်သံဃာဟု ရတနာသုံးစုံ ဤသရဏဂုံကို။ အာဂမ္မ၊ သက်ဝင်ယုံကြည်ဆောက်တည် ကျင့်သုံးကြကုန်သည်ရှိသော်။ သဗ္ဗဒုက္ခာ၊ ဇာတိ, ဇရာ, မရဏာနှင့် များစွာ သောင်းသောင်းဘေးဒုက္ခအပေါင်းမှ။ ပမုစ္စတိ၊ လျင်မြန်ထုတ်ခြောက် လွတ်မြောက်နိုင်ကြလေသတည်း။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ယခု ဟောပြောခဲ့တဲ့ ပထမဂါထာမှစ၍ အစ္ဆရိယ, အဗ္ဘုတဓမ္မ ဖြစ်တော်မူသော ရတနာသုံးပါးတို့၏ ဂုဏ်တော်များနှင့်တကွ ထိုရတနာ သုံးရပ်ကို ဆည်းကပ်ကြည်ညို မှီခိုအားထားကြ၍ အကျိုးတူး မဟပ္ဖလကို ခံစားစံစားကြရသည့် စဏ္ဍာလီဝတ္ထုစသော သာဓကပုံစံများကို ကြားနာ မှတ်သားကြသဖြင့်၊ အပါယ်လားကြောင်း မကောင်းမှု ဒုစရိုက်တရားကို ပယ်ရှား၍ ရတနာသုံးရပ် အမြဲမပြတ် ဆည်းကပ်အားထားပြီး၊ လူ့ရပ် နတ်ထံ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ဒါန, သီလ, ဘာဝနာ တရားများကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

(မဏ္ဍူကဒေဝပုတ္တာဒိ ဝတ္ထုပြီး၏။)

## ယင်ထောင်,ယင်လှဲနှင့် သာဓုခေါ်ပုံကို ပြသော ပါဝေယျကာဇိဝက သားအမိဝတ္ထု

**သဒ္ဓမ္မဒေသနာကာလေ၊ သာဓုသာဓူတိ ဘာသတော။**

**မုခတော ဇာယတေ ဂန္ဓော၊ ဥပ္ပလံဝ ယထောဒကေ။ ။**

သဒ္ဓမ္မဒေသနာကာလေ၊ သူတော်ကောင်းတို့ ကျိုးကြောင်းပြသ ဆုံးမစကား မြတ်တရားကို ဟောကြားသောအခါကာလ၌။ သာဓုသာဓူတိ၊ ကောင်းပါပေစွ-ကောင်းပါပေစွ ဟူ၍။ ဝါ၊ သာဓု သာဓု ဟူ၍။ ဘာသတော၊ ကောင်းချီးနူမော် သာဓုခေါ်သော ပုဂ္ဂိုလ်၏။ မုခတော၊ မြွက်ဟဆိုရာ လွန်စွာသန့်ရှင်း အာခံတွင်းမှ။ ဂန္ဓော၊ မွှေးကြိုင်သင်းပျံ့ ကောင်းသောရနံ့သည်။ ဇာယတေ၊ ဖြစ်ထွန်းပေါ်ပေါက်၍ လာခဲ့လေ၏။ ယထာ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ဥဒကေ၊ မကောင်းညစ်ကင်း သန့်ရှင်းကြည်လင် ရေအပြင်၌။ ဇာတံ၊ ပေါက်ရောက်စည်ကား ကြီးပွား၍လာသော။ ဥပ္ပလံဝ၊ မွှေးကြိုင်သင်းပျံ့ ကြာညိုပန်းရနံ့ကဲ့သို့။ ဂန္ဓော၊ ထုံမွှန်းပျံ့လှိုင် မွှေးကြိုင်သော ရနံ့မျိုးသည်။ ဇာယတေ၊ ဖြစ်ထွန်း ပေါ် ပေါက်၍ လာရလေသတည်း။

အဲသည်ဂါထာအရ တရားနာတဲ့အခါ ဂါထာ, စုဏ္ဏိယ, ဝါကျ တပိုဒ်တပိုဒ်ကိုအနက်ပေး၍ ပြီးသည့်အဆုံးတွင် သာဓုခေါ်ရသော ပုဂ္ဂိုလ် တို့၏ခံတွင်းမှ တသင်းသင်းတလှိုင်လှိုင်မွှေးကြိုင်သင်းပျံ့ ကောင်းမြတ်သော

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ရန်တို့ ပေါ်ထွက်လာသဖြင့် ပရိသတ် အလယ်မှာ တင့်တယ်လျှပြီး ဂုဏ်သရေကြီးသည့်အပြင် "**ကောဝကပွေါ နုမောဒနာ**" ဟူသော ဒေသနာတော်အရဖြင့်လည်း ကောင်းချီး နှုမော် သာခု ခေါ်ပြီး ပျော်ပျော်ကြီး တရားနာတဲ့ သူများမှာ တကမ္ဘာ တိုင်တိုင် အပါယ်လေးပါးသို့ မလားမကပ်ရဘဲ မြင့်မြတ်သော လူ့နတ်တို့၏ စည်းစိမ်ချမ်းသာများကို ခံစားစံစားရတယ်ဆိုသောကြောင့်၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာနှင့် ညီညီညာညာ သာခုခေါ်ကြရမယ်။

အဲသည်နေရာမှာ ယခုကာလ အချို့သော မြို့ရွာ ဒေသ၌ အချို့သောပုဂ္ဂိုလ်များက သာခုခေါ်ရမည်ဟု ပြောသောရဟန်းကိုင်း၊ သာခုခေါ်၍ တရားနာသော ပရိသတ်ကိုင်း၊ မကြားစဘူး, တရားထူး တရားဆန်းတွေ-ဟု နှုတ်ခမ်းရှုံ့မဲ့ အရွဲ့တစောင်း မကောင်းချီးဖွဲ့ ကဲ့ရဲ့ပြစ်တင်သော စကားကို အမျိုးမျိုးပြောကြား တတ်ကြသည်။ မိမိ၏ဒေသန္တရဗဟုသုတ ဒေသနာနယ သြဝါဒစကား အကြားအမြင် နည်းပါးကြသည်ကို သတိမမူကြပေ။

အချို့သောပုဂ္ဂိုလ်များက ယပ်လှဲ့တရား ဆိုတာ သီချင်းလိုဘဲ ပွဲကြည့်တာနှင့် မထူးဘူးဟူ၍ ဖျက်ဆီး တားမြစ်ကြကုန်၏။ ဓမ္မအန္တရာယ်ငြိတွယ်မည်ကို နှလုံးမသွင်းမိကြပေ။ ဤနေရာ၌ အပြစ်တင်စကား ပြောကြား ထင်မှားသူတို့ မှတ်သားရန်အချက်ကို အမြွက်မျှပြဆိုလိုက်ဦးအံ့။

သာခုခေါ်၍ နာကြားသည့် ယပ်လှဲ့တရားဟူသော အမည်သည်၊ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းဘုရင်မင်းမြတ် လက်ထက်ကပင် ရွှေကျင်ဆရာတော်ဘုရားကြီးက စ,ထွင်ဟောပြောရာ အားလုံးပင်သဘောကျကြသဖြင့် ရွှေအင်ပင် ဆရာတော်ဘုရားကြီးလည်း များစွာပင်ဟောပေသည်။ သို့သော် ထိုအခါက မြန်မာနိုင်ငံ အထက်, အောက် မြို့ရွာဒေသ အရပ်သို့ များစွာပေါက်ရောက် ပြန့်နှံ့ခြင်းမရှိသေးပေ။ ယခု အင်္ဂလိပ်မင်းလက်ထက်မှာ ရေလမ်းခရီး, ကုန်းလမ်းခရီးဖြင့် မပင်မပန်းဘဲ ချမ်းသာ လွယ်ကူစွာ သွားလာနိုင်ကြ၍ ယပ်လှဲ့တရားကို ဂိုဏ်း,ဂဏတိုင်းက ဆရာတော်, ရဟန်းတော်တို့ပင် မြို့စဉ်, ရွာစဉ် အရပ်ရပ်သို့ လှည့်ပတ်ကြွသွား၍ ဟောကြားတော်မူကြသဖြင့်၊ ယခုအခါမှာ ယပ်လှဲ့တရားဟူ၍ အလွန် ထင်ရှား လေသည်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ယပ်ထောင်တရားဟူသော အမည်သည်လည်း ရှေးခုလတ် ပဝေဏီအခါက ပေနှင့်ရေးထားသည့် ကျမ်းဂန်များသာရှိ၍ ကြည့်ရှုရန် ရှားပါးသည်တကြောင်း၊ တရားတပုဒ်ဟောပြောဘို့ရာ များစွာသောကျမ်းဂန်တို့မှ လျှော်ရာထုတ်နုတ်၍ စီစဉ်ရန် ခဲယဉ်းသည် တကြောင်း၊ လွယ်လင့်တကူကြည့်ရှုဟောပြောနိုင်ရန် ဆရာတော်ကြီးများ စီမံရေးသားသည့် တရားစာကို ကျက်မှတ်ပြီး ဟောပြောသောအခါ၊ ရှေးက တပင်တိုင် မောင်းထောင်ခေါ်သော အရိုးကောက် ပေရွက်ယပ်ကြီးများကိုထောင်ကာ ကိုင်တွယ်၍ ဟောပြောလေ့ရှိကြ၏။ ဘာတရားဟူ၍ အမည်မရှိပေ။

ယခုအခါ ယပ်ကို မထောင့်မကာဘဲ အနီးအနားတွင် ချထားပြီး တရားဟောကြ၏။ ထိုအခါမှ ယပ်ချ၍ ဟောပြောကြသောတရားကို ယပ်လှဲတရားဟု ခေါ်ဝေါ် အမည်ပေးပြီး၊ ရှေးက ယပ်ကာ၍ ဟောသောတရားကို ယပ်ထောင်တရားဟူ၍ ခေါ်ဆိုသမုတ်ကြလေသည်။

ယပ်လှဲ, ယပ်ထောင် ဟောနည်း-ပြောနည်း နှစ်ပါးတို့တွင် ၎င်းယပ်လှဲတရား ဟော-ပြောနည်းသည် ရေရေလည်လည် သေသေချာချာ ဂဂ-နန နားလည်,ပါးလည် မှတ်မိ,သားမိရှိကြသဖြင့်၊ မြို့ရွာ,ခရိုင် နိုင်ငံအရပ်ရပ်၌ ကြားနာဘူးသော လူကြီး,လူငယ်,လူရွယ်,လူလတ် အားလုံးပင် သဒ္ဓါတရားတိုးပွားပြီး နာယူမှတ်သားကြသဖြင့် လွန်စွာ တွင်ကျယ် ထွန်းကား အသုံးများ၍ ယခုအခါ မြို့ရွာတကာမှာပင် ကျော်ကြားပြန့်နှံ့လျက်ရှိပေသည်။

မြတ်စွာဘုရားလက်ထက်တော်အခါက ဟောနည်း-ပြောနည်းနှင့် ခေါ်ဆိုကြသော အမည်များမှာ အနီးအနားသို့ ဆည်းကပ် ရောက်လာသည့် နှစ်ယောက်, သုံးယောက်, ကိုးယောက်, ဆယ်ယောက် စသည်များဖြင့် အနည်းငယ်သော ဒါယကာ-ဒါယိကာမတို့အား ပကတိစကားပြောသကဲ့သို့ သုခ, ဒုက္ခ, အကြောင်း အကျိုး များနှင့် စပ်ယှဉ်၍ ဟောပြောသော တရားကို ဥပနိသိန္နကထာ၊ ပရိသတ် အများ စည်းဝေးပြီး တန်ဆောင်း, ဇရပ်, မဏ္ဍပ်, ဓမ္မာရုံ စသော နေရာကြီးများ၌ အသံကို လွှတ်၍ ရှတ်ဘတ်ဟောပြောသော တရားတော်ကို သရဘညကထာ၊ ဤသို့ စသည်ဖြင့် အမည်သင်္ကေတထား၍ ခေါ်ဝေါ်ကြပေ၏။ ယပ်ထောင်, ယပ်လှဲဟူ၍ မရှိပေ။

(ပဉ္စမအကြိမ် ရိုက်နှိပ်ခြင်း)

သို့အတွက် မိမိတို့ကြားနာကြသောအခါ၊ ပါဠိ,အနက်,အဓိပ္ပါယ်, ဥပမာ, ဥပမေယျကိုလည်း မှတ်မိကြသဖြင့် အသိ ဉာဏ်ပညာ တိုးပွား၍ အကျိုးများသည်ကိုသာ နှလုံးထားပြီး၊ ရှေးရိုးယပ်ထောင်တရားမှ ကောင်း သည်၊ နောက်ပေါ် ယပ်လှဲ့တရားက ဆန်းပြားသည်ဟု **"ဘောင်သူ-လှေနံဓားထစ်"** မဖြစ်ရလေအောင် ရှေးကျတိုင်းလည်း အကောင်းချည်း မမှတ်သင့်၊ နောက်မှပေါ်သော်လည်း အဆိုးချည်းမမှတ်မထင်ဘဲ အသင့် အတင့် နှလုံးသွင်းခြင်းတည်းဟူသော ယောနိသောမနသိကာရနှင့် ပြည့်စုံ ကြသဖြင့် အကြောင်း, အကျိုး ဟုတ် - မဟုတ်၊ မှန် - မမှန်၊ သင့် - မသင့်၊ တော် - မတော်ကို မြော်ခေါ်နိုင်းယှဉ်၍ စဉ်းစားဆင်ခြင်တတ်သော သတိ သမ္ပဇဉ်တရားကိုသာ လက်ကိုင်ထားကြရမယ်။

မြတ်စွာဘုရား၏ တရားဓမ္မကို ဟောပြောပြသ ဆိုဆုံးမသောအခါ ၌၊ မဂဓလို သာဓု-သာဓု၊ မြန်မာလို ကောင်းလေစွ, ကောင်းလေစွ, ဟု အနုမောဒနာပြုသော အလေ့အလာ သည်လည်း ရှေးခုလတ် ပဝေဏီ လောက်မှာ ကွယ်ပျောက်ဟန် လက္ခဏာရှိ၏။ အဘယ့်ကြောင့် ဆိုသော် ယခုအခါ မြန်မာနိုင်ငံ တဝှမ်းလုံး၌ လွန်စွာထင်ရှား အသုံးများ သည် တကြောင်း၊ အရှေ့ဘက် ယောနကတိုင်း အဝင်အပေါ် ရဟန္တာ အရှင် နာဂသေန မထေရ် မြတ်နှင့် မိလိန္ဒမင်းကြီးတို့ သာသနာ ပြုစုတော်မူကြ သော သာဂရပြည်ကြီးနှင့်တကွ၊ သီဟိုဠ်, ယိုးဒယားစသော ဗုဒ္ဓဘာသာ သာသနာထွန်းကားသည့် နိုင်ငံဟူသမျှတို့၌ သာဓုခေါ်သောအစဉ်အဆက် သည် မပျက်မကွက် ယခုထက်ထိ တည်ရှိသေးသည်ကို ထောက်ရှုသော အားဖြင့်ရင်း ထင်ရှားစွာသိသင့်ပေသည်။

စဉ်းစားရန်တချက်မှာလည်း။ ။ရှေးက သာဓုမခေါ်ရဘဲနာကြ သည့် ယပ်ထောင်တရားမှာ များ သော အား ဖြင့် နေ့အခါ နာရီဝက် လောက်သာ ဟောပြောကြ၍ ညအခါ ဟောပြောခြင်းမရှိကြပေ။ ဤသို့ တိမ်မြုပ် ကွယ်ပနေသော အစဉ်သည်လည်း ခုလတ် ပဝေဏီကပင် ဖြစ် ကြောင်းကို မြတ်စွာဘုရား လက်ထက်တော်က တခါတရံ ကိုယ်တော်တိုင် ညတရားဟောခြင်း၊ တခါတရံ စွမ်းနိုင်သော ရဟန်းများ ညတရားဟော ခြင်း၊ တခါတရံ ရဟန်းများ ညတရားဟောပြရာ ဒကာ - ဒကာမ များ အိမ်သို့ ပြန်မသွားနိုင်ကြဘဲ တရားနာသည့် ဓမ္မာရုံမဏ္ဍပ်ထဲတွင် ရဟန်းယ်

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

သာမဏေငယ်တို့နှင့်အတူတကွအိပ်နေကြသဖြင့်၊ နှစ်ည၊ သုံးညထက်လွန်ပြီး လူသာမဏေတို့နှင့် "တမိုး တရံတည်း မအိပ်ကြရ" ဟု သဗ္ဗညု မြတ်စွာဘုရားက ရဟန်းတို့အား ပညတ်ထားသည့် ဝိနည်း သိက္ခာပုဒ်တော်များ ရှိသဖြင့် သိသင့်ကြလေသည်။

ထို့ကြောင့် ဘုရားလက်ထက်က၊ ညဉ့်အခါ၌ တာရှည်လေးမြင့်စွာ အချိန်ကာလကြာအောင် တရားဟောကြပုံ- နာကြပုံကို ထောက်ဆ၍၊ ယခုကာလ တာရှည်စွာအချိန်ဆွဲပြီး ညဉ့်တရားပွဲကြီးများ ပြုလုပ်ကြသည်မှာ၊ ရှေးဘုရားလက်ထက်တော်အခါနှင့် ညီညာသင့်မြတ်လှပေသည်။

ယခုအခါ ဟောကြ - နာကြသည့် ယပ်လှဲတရား မှာလည်း၊ ရှေးဘုရားလက်ထက်အခါသို့ အချိန် တာရှည်စွာ နှစ်နာရီ၊ သုံးနာရီ စသည် ဟောကြနာကြသဖြင့် သာဓုမခေါ်ရဘဲ တရားနာပါက တနာရီလောက်ကြာလျှင်ပင် အိပ်ခြင်း၊ ငိုက်မြည်းခြင်းစသော ထိနမိဒ္ဓနှိပ်စက်သဖြင့်၊ သာဓုခေါ်ပြီးတရားနာပါလျှင် အိပ်ခြင်း၊ ငိုက်မြည်းခြင်း စသော ထိနမိဒ္ဓကို ပယ်ရှားနိုင်၍ အပြစ်မဖြစ်သည့်ပြင်၊ သာဓုခေါ်တိုင်း ခေါ်တိုင်း အသစ်အသစ်ဖြစ်သော ပတ္တာနုမောဒနာ၊ ပုညကြိယာဝတ္ထု ကုသိုလ် မင်္ဂလာတရားပင် ပွားများသည်ကို ထောက်ဆသည် တကြောင်း။ ဤသို့ စသော အကြောင်းတို့ကြောင့် သာဓုခေါ်၍နာရန် နှင့် ယပ်လှဲခေါ်သော ဟောနည်း- ပြောနည်းများကို စထွင်စီမံတော်မူကြသည့် ဆရာတော်ဘုရားကြီးတို့၏ ဥာဏ်တော်များသည် ရှေးခုလတ် ပဝေဏီက ပြတ်စဲနေသည့် အစီအစဉ်ကိုပင် တည်ထွင် ဆက်စပ်တော် မူနိုင်လေသောကြောင့်၊ လွန်စွာမှ ချီးမွမ်းအံ့သြစရာကောင်းလှပေသည်။

သီချင်းသံနှင့်တူသည်၊ ပွဲကြည့်တာနဲ့မထူးဘူး၊ ဟု ဆိုသည်မှာလည်း အချို့သော ပုဂ္ဂိုလ်များမှာ ဟုတ်ပေလိမ့်မည်။ သို့သော် မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ သဒ္ဓိ ဝိဟာ ရိက နိုင်ငံကျော် ဓမ္မကထိက ဖြစ်တော် မူသော ဘာသန္တရကောဝိဒ၊ နာနာဂန္ထကာရိက ဘုန်းတော်ကြီး ဦးစာရိတ္တ ဟောပြောသော နည်းမှာ၊ ဆရာတော်ဘုရားကြီးပင် နှစ်သက်တော်မူသဖြင့်၊ တေဒဂ်အရာထားသကဲ့သို့ ချီးမြှင့် မြှောက်စားတော်မူပြီး၊ အသီးသီးသော ဓမ္မကထိက ပုဂ္ဂိုလ်များကို နည်းနာယူစေလျက်၊ မိမိတို့၏ ဂိုဏ်းဂဏ တိုက်တာတွင် ရှိသမျှသော တရားဟော ပုဂ္ဂိုလ်တို့၏ ယပ်လှဲတရား ဟောနည်း - ပြောနည်း၌ ဆရာကြီး ပြု လုပ် စေ ပြီး၊

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ဓမ္မကထိကချုပ်ဟူသော အမည်နာမ ဝိသေသဂုဏ်ထူးက ချီးကျူး ပေး သနားတော်မူခြင်း။

ယပ်လှဲတရားနှင့်စပ်၍ အပြစ်စကား ပြောကြားပြီး၊ ဆောင်းပါး သတင်းများ ရေးသားကြရာ။ အထက်က ထုတ်ဘော်ပြောကြားခဲ့သော ဘုန်းတော်ကြီး ဦးစာရိတ္တအရှင်မြတ်၏ ဟောနည်း - ပြောနည်း အစီအစဉ် သည် အပြစ်တင်ရန်မရှိ၊ သင့်တင့် လျောက်ပတ်၏ဟု သ တင်း စာ ဆရာ အယ်ဒီတာ များကလည်း ထောက်ခံရေးသားကြခြင်း။ ။ဤသို့ လွတ် ကင်း ကောင်းသတင်းများကိုသာ ခံယူရရှိသည် ဖြစ်သောကြောင့်၊ နည်း နာမကျနဘဲ ကောက်ကရ ပေါက်ကရ ဟောပြောကြသော ပုဂ္ဂိုလ်များ တရားကို ကြားနာရရုံမျှနှင့် အပြစ်တင်စကား ပြောကြားကြလျှင် "ငါး တကောင်ကြောင့်၊ တလှေလုံးပုပ်" ဆိုသကဲ့သို့ဖြစ်လိမ့်မည်။

သို့သော် "**အရင်းစစ် အမြစ်မြေက**" ဆိုသကဲ့သို့၊ အပြစ်တင် ခံရသော တရားဟောပုဂ္ဂိုလ်တို့မှာ၊ များသော အားဖြင့် တရားနာသော ပုဂ္ဂိုလ်တို့ ကြောင့်သာ ဖြစ်ကြောင်းကို "**စပါ ကောင်း-မကောင်း၊ မိုးဃ်း ကြောင့်**" ဆိုသောစကားနှင့်၊ ယခုခေတ်၌ ဖြစ်ပျက်လျက် ရှိသော တရား ဟော-တရားနာများကို ထောက်ထားကြည့်ရှုပါက စဉ်းစားဉာဏ် ရှိသူတို့ အမှန်ကိုသိရှိကြပေလိမ့်မည်။

(ဓမ္မာနုမောဒနာကထာပြီး၏။)

---

ဤအကြောင်းနှင့်စပ်လျဉ်း၍ အကျဉ်းမှတ်သားရန် ဝတ္ထုသွားမှာ၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက၊ သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်း မွေ့လျော် စံပျော်တော် မူဆဲအခါ မှာ၊ မြတ်စွာဘုရား တရားဟောတော်မူသည်ကို ကြားနာခဲ့ရသော ဒကာမ များက၊ မြတ်စွာဘုရားတို့၏ ဟော ပြောသော တရား စကား များဟာ အလွန် အံ့ဩဘွယ် ကောင်းပါပေတယ် - စသည်ဖြင့် တရားတော်၏ ဂုဏ် ကျေးဇူးကို အထူးထူး အပြားပြား ချီးမွမ်းစကား ပြောကြားကြတယ်။

အဲသည်တော့ အိမ်အနီးအပါးမှာရှိသည့် သူကြွယ်မကြီးက တရား နာသွားလိုကြောင်းနှင့် မေးစား‌ထားသည့် ပါဝေယျက, မည်သော သား အာဇီဝကကိုပြောကြား။ ပါဝေယျက,ကလဲ အာဇီဝက စာကြွန်းဆရာ

ကြီး၏တပည့်မို့ မနာရအောင် ဖျက်ဆီး၊ တခါနဲ့ အကြိမ်ကြိမ် တောင်းပန်ခွင့်မရလေတော့၊ ကျောင်းတော်သို့သွား၍ တရားမနာလျှင် အိမ်မှာဘဲ တရားနာမယ်၊ မြတ်စွာဘုရားကို သွားပင့်ချေဟု မိမိသားကို စေခိုင်းလိုက်တယ်။

သည်တော့ ပါဝေယျက,သည် တက္ကဒွန်း ဆရာကြီးထံ သွားပြီး လျှောက်ထား၊ ဆရာကြီးက ဂေါတမကို သွားမပင့်နဲ့ဟု ဖျက်ဆီးတယ်။ တပည့်တော် မိခင်ကိုကြောက်သဖြင့် သွားပင့်ရလိမ့်မည်လို့ပြောပြန်တယ်။ သည်တော့ တက္ကဒွန်းဆရာကြီးက၊ ဂေါတမလူ့မွဲဆွမ်းကို တို့နှစ်ယောက်စားရအောင် သွားမပင့်နဲ့ဟု တားမြစ် ပြန်တယ်။ ပါဝေယျက,ကလဲ မိခင် ရိုက်လိမ့်မည် မနေဝံ့ကြောင်း လျှောက်ထားတော့မှ၊ တာဖြင့် သွားပင့်ချေ၊ သို့သော်လဲ အိမ်ဘယ်အနားမှာရှိတယ်၊ ဘယ်လမ်း ကလာလို့၊ ဘယ်အနားက သွားရတယ်ဆိုတာ မပြောဘဲ ပြန်လာခဲ့ -ဟု သညာပေးသည့် အတိုင်း သွား၍ပင့်ထားရှာတယ်။

မြတ်စွာဘုရားတို့မည်သည် သစ္စာလေးပါးကို ပိုင်းခြား၍ သိသည်နှင့်တပြိုင်နက်၊ ဤလမ်းသည် ကောင်းသောလမ်း၊ ဤလမ်းသည် ဆိုးသော လမ်း၊ ဤလမ်းသည် အပါယ်ရေဲသို့သွားသောလမ်း၊ ဤလမ်းသည် နတ်ရွာ သုဂတိသို့ သွားသောလမ်း၊ ဤလမ်းသည် နိဗ္ဗာန်သို့ သွားသော လမ်း စသည်ဖြင့် သိရှိပြီးဖြစ်၍၊ ဘယ်သူမှ မပြောကြားသော်လည်း ဤမြို့ ရွာ အိမ်ဈေးလမ်းမှာဟု ညွှန်ပြရန်မရှိ၊ သိတော်မူနှင့်၍ နံနက် မိုးသောက် သော် သူကြွယ်မအိမ်သို့ မြတ်စွာဘုရားကြွရောက်၊ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးမြောက်သောအခါ၊ ဆွမ်းအနုမောဒနာတရားကို မြတ်စွာဘုရား ဟော တော်မူလျှင်၊ ကောင်းချီးနုမော် သာဓုခေါ်၍ တရားနာကြောင်းဖြင့် ဓမ္မ ပဒ အဋ္ဌကထာ၌ မိန့်ဆိုတော်မူပေတယ်။

**သတ္ထာ မဓုရဿရေန အနုမောဒန ဓမ္မကထံ အာရဘိ။**

**ဥပါသိကာ သာဓုသာဓူတိ သာဓုကာရံ ဒဒမာနာ ဓမ္မံ သုဏာတိ။**

သတ္ထာ၊ မြတ်စွာဘုရားသည်။ မဓုရဿရေန၊ ချိုမြိန်သာယာလှစွာ သော အသံတော်ဖြင့်။ အနုမောဒန ဓမ္မကထံ၊ ဝမ်းမြောက် စေကြောင်း ဆွမ်းလောင်း, ဆွမ်းလှူရခြင်း အကျိုးနှင့် စပ်သော စကားကို။ အာရဘိ၊ ဟောကြားပြသ ဆုံးမတော်မူလေ၏။ ဥပါသိကာ၊ ဆွမ်းလှူရတဲ့ သူကြွယ်

ဒါယိကာမကြီးသည်။ သာဓု သာဓုတိ၊ ကောင်းပါပေစွ-ကောင်းပေစွဟူ၍။ ဝါ၊ သာဓု-သာဓုဟူ၍။ သာဓုကာရံ၊ ကောင်းချီးနှုမော် သာဓုခေါ်သော အသံကို။ ဒဒမာနာ၊ ဝစီချိုမြ နှုတ်မြွက်ဟလျက်။ ဓမ္မံ၊ ဆွမ်းလှူရသား ကျိုး တရားကို။ သုဏံ၊ ကြည်ရွှင်စိတ်အား သဒ္ဒါပွားရှ မှတ်သား နာယူခဲ့လေ သတည်း။

အကျယ်ကို အလိုရှိလျှင် ၎င်းအဋ္ဌကထာတွင် ကြည့်ရှုပါလေ။ ဤ ဝတ္ထု၌ သာဓုခေါ်၍ တရားနာပုံ လာသည်မှာ၊ လွန်စွာမှ ထင်ရှားလှ သဖြင့် ယုံမှားခြင်း ကင်းသင့်လှပေသည်။

(ပါဝေယျကာဇိဝက သား,အမိဝတ္ထုပြီး၏။)

## သာဓုခေါ်သဖြင့် နှုတ်ခမ်းမှကြာနံ့ထွက်သည်ကိုပြသော ကောသလမင်းနှင့်သုဂန္ဓထေရဝတ္ထု၊

တရားဟောရာ၌ သာဓုခေါ်ရသော အနုမောဒနာကြောင့် အကျိုး ထူးခံစားရပုံမှာ။ ။တနေ့သ၌ ကောသလမင်းကြီးသည် မြို့တွင်းသို့လှည့် လည်စဉ်၊ လက္ခဏာကြန်အင်နှင့်ပြည့်စုံသော အမျိုးသမီးတယောက်ကို တွေ့ မြင်ရာ။လွန်စွာချစ်ခင်သဖြင့် အရှင် ရှိ,မရှိစုံစမ်းသော်၊ ငယ်လင်ယောကျ်ား ရဟန်းဘောင်သို့ ကူးသွားကြောင်းကို ကောင်းစွာသိ၍၊ ထိုအမျိုးသမီးကို သိမ်းပိုက်ပြီး မိဖုယားအရာ မြှောက်စားထားလေ၏။ ထိုအခါ တပါးသော နေ့တွင် ဥယျာဉ်မှူးက ထူးဆန်းသော ကြာညိုပန်းများကို မင်းကြီးအား ဆက်သလျှင်၊ ချစ်ခင်သော မိဖုယားအား နှစ်စီးသော ကြာညိုပန်းကို ဆင်မြန်းရန် ချီးမြှောက်ရာ၊ ကြာညိုပန်းရနံ့ဖြင့် သင်းပျံ့မွှေးကြိုင်လေလျှင် ရဟန်းပြုသွားသည့် ငယ်လင်ယောကျ်ား၏ အာခံတွင်းနံ့နှင့်မခြား တသား တည်းတူသဖြင့် ပြုံးရွှင်ခြင်း,ငိုယိုခြင်းများ ဖြစ်သွားရှာတယ်။

ထိုအခြင်းအရာကို မင်းကြီးကတွေ့မြင်၍ အကြောင်းကို မေးမြန်း သောအခါ၊ အရှင်မင်းကြီးသည် ချစ်ခင်မြတ်နိုးစွာ ကြာညိုပန်းပြင့် ဘုရား နှမတော်အား ချီးမြှောက် ပေးသနားတော် မူသည့်အတွက် နှစ်သက်ဝမ်း မြောက်လှသဖြင့် ပြုံးရွှင်မိပါသည်။ ငိုခြင်း၏ အကြောင်းမှာတော့ အရှင် မင်းကြီး ချီးမြှောက်တော်မူသည့် ကြာညိုပန်းရနံ့သည် သံဃေဂတရားရ

သဖြင့် ရဟန်းတောင်သို့ ကူးပြောင်း သွားသော ယော်လင် ယောကျ်ား၏ အာခံတွင်း ရနံ့များနှင့်မခြား တသားတည်းတူလှပါ၍၊ အောက်မေ့ တ သ သတိရလေသောကြောင့် ငိုယိုမိပါကြောင်းနှင့် သံတော်ဦး တင်ရှာတယ်။

သည်တော့ မင်းကြီးက မယုံကြည်နိုင်သဖြင့် သုံးကြိမ်တိုင်တိုင်မေး မြန်းသော်လည်း ရှေးကနည်းအတိုင်းပင် သံတော်ဦးတင်လေလျှင်၊ သကာ မကင်းလှသဖြင့် နန်းတော်အတွင်း၌ရှိသော အကျော်, စမွာ, နံ့သာကတိုး အခိုးအထုံ မွှေးကြိုင်သမျှ အလုံးစုံကို အကုန်အစင် နန်းပြင်သို့ ထုတ်ထား စေပြီးလျှင်၊ ဘုရားရှင်နှင့်တကွ ရှိသမျှသံဃာကုန်ပင့်၍ နန်းတွင်း၌ ဆွမ်း ကျွေးပြီးလျှင် ရှင်မိဖုယား၏ ယော်လင် ယောကျ်ား ရဟန်းကား အဘယ် မထေရ်ပါလဲဟု မေးမြန်းရာ၊ သုဂန္ဓမထေရ်ကို ညွှန်ပြသဖြင့် ကောသလ မင်းကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခစားပြီး ရှိသေစွာ လျှောက် ထားလိုက်တယ်။

**ဘန္တေ တုမှေဟိ သဒ္ဓိံ ဘိက္ခုသံဃော ဂစ္ဆတု၊ အမှာကံ အသုကာတ္ထေရော အနုမောဒနံ ကရိဿတိ။ ။**

ဘန္တေ၊ ရွှေဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူပါပေ သော မြတ်စွာဘုရား။ တုမှေဟိ၊ ရှင်ပင်ဘုရားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဘိက္ခု သံဃော၊ ရဟန်းသံဃာ အပေါင်းသည်။ ဂစ္ဆတု၊ ချမ်းချမ်း သာသာ ကြွသွားတော်မူပါဘုရား။ အမှာကံ၊ ဘုရားတပည့်တော် တို့အား။ အသု ကတ္ထေရော၊ ဤမည်သောမထေရ်သည်။ အနုမောဒနံ၊ ဆွမ်းအနုမောဒနာ တရားကို။ ကရိဿတိ၊ ဟောကြားပြသ၍ ဆိုဆုံးမတော်မူပါလတံ့ အရှင် ဘုရား။

ဤကဲ့သို့ လျှောက် ထား တော့၊ မြတ်စွာ ဘုရားသခင်သည်လည်း မင်းကြီး၏ ယုံမှားသံသယ စိတ်ဒွိဟကို ပယ်ဖျောက်စေခြင်းငှါ၊ ထိုရဟန်း ယော်ကိုထားခဲ့ပြီး သံဃာအများနှင့် ကြွသွားတော်မူတယ်။ ထိုအခါ မိဖုယား ၏ လင်ဟောင်းဖြစ်သော သုဂန္ဓ မထေရ်သည် ကေသရာဇာ ခြင်္သေ့မင်း ကဲ့သို့ ကြောက်ရွံ့ခြင်းမရှိဘဲ ရွှေကြာကုမုဒ် နံ့သာကြုတ်မှ ဘော်ထုတ်မြွက် ဟတော်မူလိုက်သော်၊ နန်းတော်တခုလုံးသည် အခိုးအထုံ ပန်းပေါင်းစုံတို့ ဖြင့် သိုသိပ်ထည့်သွင်း၍ထားသော နံ့သာတိုက်ကြီးကို ဖွင့်လိုက်ဘိသကဲ့သို့ လွန်စွာသော ရနံ့တို့ဖြင့် သင်းပျံ့ မွှေးကြိုင် သွားသည်ဟု အဋ္ဌကထာ ဆရာ များက မိန့်ဆိုတော်မူကြပေတယ်။

(ပဌမအကြိမ် ရိုက်နှိပ်သည်)

**ထေရေ အနုမောဒနံ ဝတွာ၊ အာရဒ္ဓမတ္တေ သကလံ**
**ရာဇနိဝေသနံ ဂန္ဓပူရိဝိယ ဇာတံ။ ။**

ထေရေ၊ သုဂန္ဓဟု နာမမည်တွင် ထေရ်အရှင်သည်။ အနုမောဒနံ၊ ဆွမ်းအနုမောဒနာ ဓမ္မကထာကို။ ဝတွာ၊ ဟောပြောခြင်းငှါ။ အာရဒ္ဓမတ္တေ၊ ရှေးဦးအစ အားထုတ်ခါမျှ၌။ သကလံရာဇနိဝေသနံ၊ ထက်အောက် ကုန်ဆုံး တနန်းလုံးသည်။ ဂန္ဓပူရိဝိယ၊ ပန်းပေါင်းသိုမီး နံ့သာတိုက်ကြီးကဲ့ သို့။ ဇာတံ၊ ရနံ့သင်းလှိုင် ထုံမွှန်းမွှေးကြိုင်၍ နေခဲ့လေသတည်း။

ထိုအခါမှ **ကောသလ** မင်းကြီးသည် ယုံကြည် နှစ်သက်တော်မူ သဖြင့်၊ နောက်တရက် မြတ်စွာဘုရားအား ဆည်းကပ်ခစား၍ ဘုန်းတော် ကြီးသော မြတ်စွာဘုရား၊ ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူ သော ရဟန်းငယ်၏ခံတွင်းမှ သင်းပျံ့မွှေးကြိုင်သော ရနံ့တို့ဖြင့် တလှိုင်လှိုင် ပေါ်ထွက်၍ လာပါ၏။ ထိုသို့ဖြစ်ရခြင်း ရှေးကြောင်းရင်းကား၊ ဘယ်သို့ ရှိပါသနည်း မြတ်စွာဘုရားဟု လျှောက်ထားသဖြင့် ရှေးပြုရင်းအကြောင်း များကို ဟောကြားတော်မူလိုက်တယ်။

**ဓမ္မကထံ သုဏန္တော သာဓုသာဓူတိ သာဓုကာရံ**
**ပဝတ္တေန္တော သက္ကစ္စံ အသောသိ တံမူလကေန၊**
**မဟာရာဇ အယံ မာနိသံသော လဒ္ဓေါ။ ။**

မဟာရာဇ၊ သာဝတ္ထိပြည်ရှင် ဘုရင် ကောသလမင်းကြီး။ အယံ၊ အာခံတွင်းက ရနံ့သင်းကြိုင် မွှေးပျံ့လှိုင်သော ဤရဟန်းငယ်သည်။ ဓမ္မကထံ ဆုံးမဟောကြား မြတ်တရားကို။ သုဏန္တော၊ နှစ်ခြိုက်ကြည်လင် နာယူစဉ်။ သာဓု-သာဓူတိ၊ ကောင်းလေစွ-ကောင်းလေစွဟူ၍။ သာဓုကာရံ၊ ကောင်းချီး နုမော် သာဓုခေါ်ခြင်းကို။ ပဝတ္တေန္တော၊ ဝစီချိုမြ နှုတ်မြွက်ဟလျက်။ သက္ကစ္စံ၊ ရိုသေစွာ။ အသောသိ၊ နာခံမှတ်သား၍ လာခဲ့လေ၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တံမူလကေန၊ ထိုသို့တရားနာရာ သာဓု အနုမောဒနာ ခေါ်ခြင်း အကြောင်းရင်းကြောင့်။ အယံ အာနိသံသော၊ ဤသို့အာခံတွင်း က ရနံ့သင်းလှိုင် မွှေးကြိုင်သော အကျိုးကို။ လဒ္ဓေါ၊ စင်စစ်မသွေ ရခဲ့လေ သတည်း။

ဤမထေရ်သည် ကဿပဘုရားရှင် လက်ထက် ရဟန်းတပါး တရား ဟောရာ ရိုသေစွာ သာဓုခေါ်သောကြောင့်၊ ဤကဲ့သို့သော အကျိုးဆက်

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ကိုရ၍ ငါတို့ ဘုရား လက်ထက်တွင် ပဋိသမ္ဘိဒါပတ္တ အာသဝေါ ကင်း ပျောက်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်ကြောင်း အကျယ်တဝင့် ဟောပြီး၊ သဒ္ဓမ္မဒေသနာကာလေ စသော ဂါထာကိုလည်း သံယုတ်ပါဠိတော်, ၎င်း အဋ္ဌကထာ,အင်္ဂုတ္တိုရ်အဋ္ဌကထာများတွင် ကြည့်ရှုပါလေ။ ။ဤသို့လာသော ပါဠိတော်အဋ္ဌကထာနှင့် တကွ သာဓကဝတ္ထုသွားကို ထောက်ထားပြီး တွေးတောယုံမှားခြင်း မရှိကြစေဘဲ ရဲရဲကြီး သာဓုခေါ်ဝံ့ကြရမယ်။

(သောသာလမင်းနှင့် သုဂန္ဓမထေရ်ဝတ္ထုပြီး၏။)

## သတ္တဝါများ၏ မီးသုံးပါးနှင့်–ရန်သုံးပါးကို ထင်ရှားစွာ ပြခြင်းအကြောင်း

**ရာဂါဒိအဂ္ဂိဇာလေဟိ၊ ဒဍ္ဍကာယံ မဟာဇနံ။**
**နိဗ္ဗာပေသိ နရာနာထော၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ။**
**တေနသစ္စဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။ ။**

ရာဂါဒိအဂ္ဂိဇာလေဟိ၊ ရာဂ, ဒေါသ, မောဟတရား မီးသုံးပါးတို့သည် နာရီမပြတ် ခြားမလပ်အောင် တောက်လောင် ပြင်းထန်သောမီးအလျှံတို့ဖြင့်။ ဒဍ္ဍကာယံ၊ နေ့ညမစဲ စွဲငြိလျှံပြောင် ပူလောင်သောကိုယ်ရှိထသော။ မဟာဇနံ၊ လူ,နတ်,ဗြဟ္မာ များစွာသောင်းသောင်း သတ္တဝါအပေါင်းကို။ နရာနာထော၊ ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူညွတ်ပြောင်း ပုန်းအောင်း မှီခိုရာဖြစ်သော မြတ်စွာဘုရားသည်။ အဋ္ဌမဂ္ဂင်္ဂဝါရိနာ၊ သမ္မာဒိဋ္ဌိစရှိ ရှစ်အင် မဂ္ဂင်တရား တည်းဟူသော ရေအေး, ရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ပူလောင်ငြိမ်းကြောင်း သွန်းလောင်း ဆွတ်ဖျန်း တော်မူလေပြီ။ တေနသစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဘော်ထုတ်ပြန်၍ ဟုတ်မှန်သောစကားကို မြွက်ကြားပြောဆိုရလေသောကြောင့်။ သာဓဝေါ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါမကပ် ဥပါဒ်မတွယ် အန္တရာယ် အပေါင်း မကောင်းဟူသမျှ မကျ,လွတ်ကင်း ဘေးရန်ရှင်းကြကုန်သည်။ ဟောန္တု၊ ကိုယ်စီ, ကိုယ်ငှ ဖြစ်ကြပါစေကုန်သတည်း။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

**အဂ္ဂိနာ ဃံရ.မာဒိတ္တံ၊ ဒေဝေါ သိဉ္စတိ ဝါရိနာ။**
**လောကံ တိမိဓဂျာဒိတ္တံ၊ ဩသိဉ္စိ ဓမ္မဝါရိနာ။ ။**

ဒေဝေါ၊ အမှုန္တရ နာမကျော်သင်း မိုဃ်းနတ်မင်းသည်။ **အဂ္ဂိနာ**၊ အရှိန် ထန်သည်း ပကတိသော မီးသည်။ အာဒိတ္တံ၊ ရဲရဲ ပြောင်ပြောင် တောက်လောင်စွဲငြိ၍ နေသော။ ဃရံ၊ ဇရပ်,**တန်ဆောင်း**,အိမ်,ကျောင်း, မဏ္ဍပ်,တိုက်အထပ်ကို။ ဝါရိနာ၊ ကောင်းကင် အဇဋ္ဌာ ဝဋ္ဋာပိုတ်ဖုံး **ထစ်** **ချုန်း** မြည်ဟီး ထန်သည်းသော မိုဃ်းရေ, မိုဃ်းပေါက်ဖြင့်။ သိဉ္စတိဣဝ၊ ငြိမ်းအေးစေကြောင်း သွန်းလောင်းရွာချလေသကဲ့သို့။ **ဧဝံ**၊ မိုဃ်း၏ ပမာ နည်းတူစွာလျှင်။ ဒေဝေါ၊ တရားမင်းဘုရား မိုဃ်းနတ်သားသည်။ တိမိဓ ဂျာဒိတ္တံ၊ ရာဂ,ဒေါသ,မောဟတရား မီးသုံးပါးတို့ဖြင့် မခြားနှေ့ည ပြင်းပြ အရှိန် တထိန်ထိန် တပြောင်ပြောင် တောက်လောင် စွဲငြိ၍ နေထသော။ **လောကံ**၊ လူ,နတ်,ဗြဟ္မာ သတ္တဝါဟု များစွာ **သောင်းသောင်း** လောက ဓာတ်ကြီး အပေါင်းကို။ ဓမ္မဝါရိနာ၊ **လေးထောင်** ရှစ်သောင်း အပေါင်း များပြား သူတော်ကောင်းတရား တည်းဟူသော ရေစင်, ရေအေးဖြင့်။ ဩသိဉ္စိ၊**ကိလေသာမီး**ဘေး ငြိမ်း**အေး**စေကြောင်း သွန်းလောင်းရွာချတော်မူလေပြီ။

**ကလျာဏကာရိ ကလျာဏံ၊ ပါပကာရီစ ပါပကံ။**
**ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။ ။**

ယာဒိသံ၊ ရသာတွေ့ပြား စပ်, ခါး, ဖန်, ချဉ် အကြင်သို့ သဘော ရှိသော။ ဗီဇံ၊ ငြုတ်,ကြက်ဟင်းခါး,ရှောက်,သမ္ဘာရာ-စသော မျိုးစေ့များ ကို။ ဝပ္ပတေ၊ ကောင်းစွာကြည့်ရှု၍ စိုက်ပျိုးပြုစုသည်ဖြစ်အံ့။ တာဒိသံဖလံ၊ ထိုနှင့်ပမာ တူစွာမခြား ငြုတ်, ကြက်ဟင်းခါး, ရှောက်, သမ္ဘာရာ - စသော ချဉ်,ဖန်,စပ်,ခါး အသီးများကို။ ဟရတေယထာ၊ တူစွာမျိုးနည်း ဆောင် ကာ သီးသကဲ့သို့ငင်း။ ယာဒိသံ၊ ရသာထူးလီ စိမ့်အီချိုမြ များလှ ထိုပြင် အကြင်သို့ သဘောရှိသော။ ဗီဇံ၊ သရက်,ဩဇာ,မာလကာနှင့် များစွာတွေ့ ပြား ချိုဆိမ့်သော မျိုးစေ့များကို။ ဝပ္ပတေ၊ ကောင်းစွာကြည့်ရှု၍စိုက်ပျိုး ပြုစုသည်ဖြစ်အံ့။ တာဒိသံဖလံ၊ ထိုနှင့်ပမာ တူစွာမခြား သရက်,ဩဇာ, မာလကာ-စသော ကောင်းမွန်ချိုဆိမ့်သည့် အသီးများကို။ ဟရတေယထာ၊ **တူစွာမျိုးနည်း** ဆောင်ကာသီးသကဲ့သို့ငင်း။ ကလျာဏကာရီ၊ ဒါန,သီလ

စသည်ပေါင်းစု ကုသိုလ်ကောင်းမှုကို ပြုကျင့်လေ့ရှိသော သူသည်။ ကလျာဏံ၊ လူ့နတ်၊ နိဗ္ဗာန် သုံးတန်ပွားတိုး ကောင်းမြတ်သောအကျိုးကို။ လဘတိ၊ မုချပိုင်ပိုင် ရနိုင်လေ၏။ ပါပကာရီ၊ ပါဏာတိပါတ စသည်ညစ်ကျုံ မကောင်းမှုကို ပြုကျင့်လေ့ရှိသောသူသည်။ ပါပကံ၊ ငရဲ့ပြိတ္တာ့သူရကာနှင့် လွန်စွာညစ်ဆိုး ယုတ်ညံ့သော အကျိုးကို။ လဘတိ၊ မုချပိုင်ပိုင် ရနိုင်လေသတည်း။

ဤဒေသနာတော်အရ ပိဋကတ္တအစိပ္ပါယ်မှာ၊ သတ္တဝါဟူသမျှတို့၏ ချမ်းသာ-ဆင်းရဲခြင်း, အခြွေအရံ နည်း-များခြင်း၊ ဩဇာအာဏာ ရှိမရှိခြင်း၊ လုံးရုပ်သဏ္ဌာန် ပုံဟန်ရုပ်ရေ လှပတင့်တယ်ခြင်း၊ ဆိုးဝါး ယုတ်ညံ့ခြင်း၊ အညို-အဖြူစသည်ဖြင့် မတူသော ရုပ်ရေအဆင်းရှိခြင်း၊ အနိမ့်,အမြင့် အကြီး,အငယ်ဖြစ်ရခြင်း စသည်တို့သည် မိမိတို့ ပြုစုခဲ့ကြသော ကောင်းမှု-မကောင်းမှု၊ ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်မျိုးကြောင့်၊ အဆိုး, အကောင်း သောင်းပြောင်း ရောရာ လွန်မင်းစွာ ခြားနားလျက် အစားစား ဖြစ်ကြရတယ်။ ကံနှစ်ပါးတို့၏ အကျိုးပေးပုံများသည် အလွန်တရာဆန်းကြယ်များပြားလှသဖြင့် ဝေနေယျတို့၏ ပညာဉာဏ်နှင့် ခွဲခြားဝေဘန်၍ မကြံစည်နိုင် မပိုင်းခြားနိုင်ကြောင်းများကို မြတ်စွာဘုရားက။—

**ကမ္မဝိပါကော အစိန္တေယျော**—ဟု ဟောကြားတော်မူတယ်။

ကမ္မဝိပါကော၊ များပြားဆန်းကြယ် အံ့ဘွယ်ပွားတိုး ကုသိုလ်ကံ, **အ**ကုသိုလ်ကံတို့၏ အကျိုးပေးခြင်းမျိုးကို။ အစိန္တေယျော၊ **သာဝကမှန်** ပညာဉာဏ်ဖြင့်ဝေဘန်ပိုင်းဖြတ်၍မကြံစည်အပ်-မကြံစည်နိုင်လေသတည်း။

လိုရင်းအကျဉ်းချုပ်အားဖြင့်၊ ကိုယ်,နှုတ်,နှလုံး ၃-ပါးတို့၏ ပြုပြင်စီမံခဲ့ကြသော ကံနှင့်တူစွာ ပမာမခြား အကျိုးတရားတို့ ဖြစ်ပွားပေါ်ပေါက်လာတယ်လို့ မှတ်သားကြရမယ်။ ဤနေရာ၌ ဘာသာကွဲပြား လူမျိုးခြားတို့ အယူဝါဒ လွဲမှားသည်ကို ထင်ရှားသိသာရုံ ဘော်ပြဦးအံ့။

"**ကလျာဏကာရီ ကလျာဏံ**" စသော ဒေသနာ ဂါထာအရ၊ ငြုတ်စေ့ကို စိုက်ပျိုးလျှင် ငြုတ်ပင်ပေါက်၍ ငြုတ်သီး သီးသကဲ့သို့ စသည်ဖြင့် ဥပမာပြသည်ကို သဘာဝဉာဏ် မထက်သန်ကြ၍ အမြွက်လေသံကို ယူပြီး၊ လူသေလျှင်-လူဖြစ်၊ ခွေးသေလျှင်-ခွေးဖြစ်၊ တပါးသော သတ္တဝါ မဖြစ်နိုင်။ ကုသိုလ်အကျိုး,အကုသိုလ်အကျိုး အဆိုး,အကောင်းလည်း မဖြစ်

နိုင်ဟု ခိုင်ခိုင်မြဲမြဲ အမှားအလွဲကို စွဲလမ်းမှတ်သား၍ ပြောကြား ကြခြင်းသည် ငြုတ်သီးလူလျှင် ပူစပ်သောအကျိုးပေးလိမ့်မည်။ ကုဋ္ဌိလူလျှင် ညှီပုပ်နံစော်သောအကျိုးပေးလိမ့်မည်။ ဇရပ်လှူလျှင် လိပ်ဖြစ်တတ်သည် စသည်ဖြင့် ကလေးသူငယ်များကို ပြောင်လှောင်သောစကားကဲ့သို့ အနှစ်အသားမပါ အကာအတိသာဖြစ်သော အလွဲအမှားဟူ၍ မှတ်သားကြရမယ်။

ရင်းဂါထာအရ တူသောအကျိုးပေးသည်ဟု ဆိုရာမှာ ကောင်းသောအမှုကိုပြု၍ ကောင်းသောအကျိုးကို ခံစားရသည့်အရာ၌၊ ဝိသာခါကျောင်းအမသည် စတုမဓုဆွမ်းလောင်းလှူစဉ်က သိပိတ်ပြည့်ရှိတွင် မနေဘဲ လျှံကျအောင် လောင်းလှူခဲ့ဘူးသောကြောင့် မိဂါရသူဌေး အိမ်သို့လိုက်သွားသောအခါ၊ အဘ ဓနဥ္စယ သူဌေးကြီးသည် သမီးဝိသာခါအား အပိုင်းအခြားထားပြီး နွားထီး, နွားမတို့ဖြင့် လက်ဖွဲ့ပေးကမ်း၍ တံခါးပိတ်သောအခါ၊ များစွာသော နွားထီး, နွားမတို့သည် ခြံမှ ခုန်ထွက်ပြီးအပို အမိုလိုက်သွားခြင်း။

အရှင်ကစ္စည်းမထေရ်သည် ပန်းထိမ်သည်ဘဝက ရွှေပန်းကို လှူခဲ့ဘူးသောကြောင့် ရွှေနှင့်တူသော အဆင်းရှိခြင်း၊ ဥပ္ပလဝဏ္ဏာထေရီမသည်ကြာညိုပန်းကို လှူဒါန်း ခဲ့ဘူး သောကြောင့် ကြာညို၏ ဝဏ္ဏအဆင်းကဲ့သို့ ဝါဝင်းသော ရွှေအဆင်းရှိခြင်း၊ စန္ဒပဇ္ဇောတမင်းကြီးသည် အစေအပါးဖြစ်သောဘဝတွင် လျင်မြန်စွာ ပြေးသွား၍ ရဟန်းတော်အရှင်မြတ်အား ဆွမ်းလှူဒါန်းခဲ့ဘူးသောကြောင့် အဘိုးထိုက်တန် လျင်မြန် ပေါ့ပါးသော ယာဉ်ငါးပါးကိုရခြင်း။ ဤသို့စသော ဝတ္ထုတို့၌လာသည့် အကျိုးပေးမျိုးကို ဆိုလိုရင်းအဓိပ္ပါယ်ဟု မှတ်ယူယုံကြည်ကြရမယ်။

မကောင်းသော အမှုကိုပြု၍ မကောင်းသော အကျိုးကို ခံစားရသည့်အရာမှာ၊ ငါတို့ ဂေါတမ မြတ်စွာဘုရားအလောင်းသည် ကဿပမြတ်စွာဘုရားအား မုယောဆွမ်းနှင့်သာ ထိုက်တန်သည်ဟု ဝစီ ကံ ဖြင့်ပြစ်မှားပြောဆိုခဲ့ဘူးသောကြောင့်၊ ဝေရဥ္စာပြည်တွင် ဝါတွင်း သုံးလပတ်လုံး မုယောဆန် ဘုဉ်းပေးတော်မူရခြင်း၊ ဆေးသမား ဖြစ်သော ဘဝမှာလည်း လူနာရှင်များက ဆေးဝါးကုသသော အခ,ကို ပေးရမည် စိုးသောကြောင့် လိမ်လည်ပြောဆိုရာ၊ ဒေါသ အမျက်ထွက်ပြီး ဓာတ်သက်သောဆေးကို ပေးခဲ့ဘူးသောကြောင့် ဝမ်းတော်လားရခြင်း။

စက္ခုပါလမထေရ်သည် ဆေးသမား ဖြစ်စဉ်က မျက်စိ နာသော သူကိုကုသရာ၊ ကောင်းမွန်စွာ ပျောက်ကင်းပါလျက် ကျေးဇူးသိတတ်သောလိမ္မာသည်ဥာဏ်နှင့် ငြင်းဆန်၍နေသဖြင့် နောက်တဖန် မျက်စိကာဏ်းစေတတ်သော ဆေးကို ခပ်မိ ဘူးသောကြောင့်၊ မျက်စိ နှစ်ကွင်း အလင်းမရဘဲ ဆင်းရဲဒုက္ခအဖုံဖုံနှင့် တသက်လုံးတွေ့ကြုံရခြင်း။

လောကတိဿရဟန်းသည် အစာအာဟာရ၌ ဝန်တိုမိစ္ဆာ ဣဿာတရား ပြုမိမှားခဲ့ဘူးသောကြောင့်၊ နိဗ္ဗာန်သို့ ရောက်သည် တိုင်အောင် ဆွမ်းတထပ်မျှ ဝမ်းဝစွာ မစားမသောက်ရခြင်း။

ပုတိဂတ္တမထေရ်သည် ငှက်မုဆိုးဖြစ်စဉ်က များစွာသော ငှက်တို့ကို ခြေထောက်၊ အတောင်တို့ကို ချိုးဖဲ့၍ထားခဲ့ဘူးသောကြောင့်၊ အသားပုပ်သိုး အရိုးကြေမွသော ဆင်းရဲဒုက္ခနှင့်တွေ့ကြုံရခြင်း။

ကောဏ္ဍဓာနမထေရ်သည် ရဟန်းနှစ်ပါးတို့ကို အချစ်ပျက်အောင် မာတုဂါမယောင်ဆောင်ပြီး ပြောင်လှောင်ခဲ့မိဘူးသောကြောင့်၊ မြတ်စွာဘုရားသာသနာ၌ မာတုဂါမနှင့် မဟုတ်တရုတ်-သမုတ် စွပ်စွဲခြင်းကိုခံရ၍ အတန်တန် အရှက်တကွဲ အကျိုးနဲ့ဖြစ်ရခြင်း။

ကျောက်ဂူ၌နေသော ရဟန်းတပါးသည် ဖွတ်နေသော တွင်းကို ပိတ်ဆို့ခဲ့မိဘူးသောကြောင့်၊ အလိုလိုကျောက်ဂူတံခါးပိတ်ဖုံး၍ ခုနစ်ရက်လုံးလုံး အစာ, အာဟာရ မသုံးရဘဲ ယူကြုံးမရသောဆင်းရဲဒုက္ခနှင့် တွေ့ကြုံရခြင်း။ ။ဤသို့စသော ဝတ္ထုတို့၌လာသည့် အကျိုးပေးမျိုးကို ဆိုလိုရင်း အဓိပ္ပါယ်ဟု မှတ်ယူယုံကြည်ကြရမယ်။

တာကြောင့် သတ္တဝါဟူသမျှတို့မှာ အမျိုးမျိုး အကျိုးပေးခြင်းသည် မိမိတို့ပြုခဲ့ကြသော ကံအားလျော်စွာဖြစ်ကြ၍ တူသောအကျိုးပေးသည်ဟု ပြောဆိုကြတယ်။ ။ကောင်းမှု-မကောင်းမှုပြု၍၊ ကောင်းကျိုး-မကောင်းကျိုး ခံစားရသည်ဆိုရာ၌၊ လိုရင်းအားဖြင့် စိတ်ဆောင်ကြဉ်းရာအစဉ်ပါသည်ဖြစ်၍ ဤကမ္ဘာလောကကြီးသည် စိတ်က ရှေ့သွားလမ်းညွှန်ပြုသည့်အတိုင်း စိတ်အလိုသို့လိုက်ပြီး စိတ်အလိုက် ဖြစ်ပျက်နေကြတယ်လို့ မှတ်သားရမည့် အကြောင်းများကို။ ။-

"**စိတ္တေန နီယျတေ လောကော**" ဟု မြတ် စွာ ဘု ရား ဟောကြားတော် မူတယ်။ ။စိတ္တေန၊ အာရုံကို သိတတ် ကြံ စည် တတ်သော

စိတ်သည်။ လောကော၊ သတ္တ, သင်္ခါ,ဩကာသဟု သုံးဖြာ, သုံးဝ တည်ရှိကြသည့် ကမ္ဘာလောကကြီးကို။ နိယျာတော၊ အကောင်း, အဆိုး အမျိုးမျိုးကို ပွားတိုးလေအောင် ရှေ့သွားဆောင်၍ မျှားမြောင်စီရင် ပြုပြင်ခဲ့လေသတည်း။

၎င်း ဝိညာဏက္ခန္ဓာခေါ်သော စိတ်သည် အရေ အတွက် များပြားသော်လည်း၊ လိုရင်း အကျဉ်းချုပ်အားဖြင့် အာရမ္မဏဝိဇာနနလက္ခဏာ, တခုတည်းရှိသောကြောင့် စိတ်တခုတည်းဟု မှတ်ရမယ်။ စိတ်သည်လည်း ကုသိုလ်စိတ်, အကုသိုလ်စိတ်၊ ထိုကုသိုလ်, အကုသိုလ်နှစ်ပါး ရောပြွမ်းတဲ့ မိဿက ကုသိုလ်ဟုခေါ်သောစိတ် သုံးမျိုးသုံးစား ခွဲထားရမယ်။

၎င်း ဆိုအပ်ခဲ့ပြီးသော စိတ်တို့က ရှေ့သွား လမ်းညွှန် ပြုလုပ်သည့်အတိုင်း ကိုင်းရှိုင်းလိုက်ပါပြီး သတ္တဝါ အသီးသီးတို့သည် အနည်းနည်းအဖုံဖုံသော ကောင်းမှု, မကောင်းမှုတို့ကို ပြုစု အားထုတ် တတ်ကြသဖြင့် ကောင်းမွန်စင်ကြယ် တင့်တယ်မြင့်မြတ်သော ကုသိုလ်စိတ်ဖြင့် ဒါန,သီလစသော ကုသိုလ်ကောင်းမှုတရားတို့ကို ပွားများ အားထုတ်ကြသော သူတို့သည် ဘဝအဆက်ဆက်၌ သမ္ပတ္တိစက်လေးပါးနှင့်ကုံ၍ အထက်တန်းဖြစ်သော လူ့ဘုံ,နတ်ဘုံတို့၌ ဆိုက်ကပ် ကျင်လည်ပြီး၊ တညီးညီး တရှိန်ရှိန်လောကီဖြစ်သော ချမ်းသာစည်းစိမ်ကို အကြိမ်ကြိမ် အဖန်ဖန် အတန်တန် ခံစားစံစားပြီး မီးတဆယ့်တတန် ငြိမ်းရာမှန်သော သန္တိသုခ, ဝိမုတ္တိဓမ္မဖြစ်သည့် နိဗ္ဗာနဓာတ် မြင့်မြတ်သော ချမ်းသာကို ငြိမ်းအေးစွာ ခံစား စံစားရတယ်။

ယုတ်ညံ့ ဖျင်းသောင်း မကောင်း ညစ်ကျုံ့သော အကုသိုလ်စိတ်ဖြင့် ပါဏာတိပါတ, အစရှိသော မကောင်းမှု အကုသိုလ် တရားတို့ကို ပွားများအားထုတ်ကြသော သူတို့သည် ဘဝအဆက်ဆက်၌ ဝိပ္ပတ္တိ စက်လေးပါးနှင့်ကုံ၍ အောက်တန်းဖြစ်သော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါး ဘုံတို့၌ ဆိုက်ကပ် ကျင်လည်ပြီး တညီးညီး တပြောင်ပြောင် တောက်လောင်ပြင်းထန် ဟည်းဟည်းညံ့သော ငရဲမီးလျှံတို့ဖြင့် အကြိမ်ကြိမ် အဖန်ဖန် အတန်တန်စွဲငြိ၍ မချိထန်သဲ အမြဲလောင်ကျွမ်းလျက် အနုပ္ပကန်း ကြမ်းတန်းသော ဆင်းရဲနှင့် အနဲနဲတွေ့ကြုံခံစားရခြင်း။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ဆင်, မြင်း, သစ်, ကျား, ကျွဲ, နွားစသော တောတိရစ္ဆာန်, အိမ်တိရစ္ဆာန် မျိုးတို့တွင် တောတိရစ္ဆာန်များသည် မစားရတခါ စားရတခါဖြစ်၍၊ ဝတ်မွတ် ဆာလောင်သည့်အတွက် နှိပ်စက် ဘိ စီး သော ရောဂါဝေဒနာ၊ အစား လွန်သည့်အတွက် နှိပ်စက် ဘိစီးသော ရောဂါဝေဒနာစသည်ဖြင့် အလီလီသော ဘေး ဥပါဒ်တို့ ကပ်ရောက် ညှင်းဆဲ သည်ကိုခံရခြင်း။

တခါတရံ ရှာကြံ၍စားသောက် ရပါသော်လည်း အသက်ကို စားတတ်သည့် သတ္တဝါဖြစ်ခဲ့ပါလျှင် ညအခါ ကျက်စားသော သတ္တဝါမှာ နေ့အခါလောက် အိပ်ပြီး တညလုံး လှည့်ပတ်၍၊ နေ့အခါ ကျက်စားသော သတ္တဝါမှာ ညအခါလောက်အိပ်ပြီး တနေ့လုံး လှည့်ပတ်၍ နိုင်ရာကို သတ်ဖြတ်လျက် မပြတ်မလပ် စားသောက် အသက်မွေးရသဖြင့် ပါဏာတိပါတကံကြောင့် အထပ်ထပ်အဖန်ဖန် အတန်တန်သော ဆင်းရဲဒုက္ခတို့နှင့် တွေ့ကြုံခံစားရခြင်း။

အိမ်၌ဖြစ်ရသော ကျွဲ,နွား,မြင်း သတ္တဝါစသည်တို့မှာလည်း နှမ်းဖတ်, ဖွဲ, ပြောင်း မကောင်းညစ်ဆိုး ကောက်ရိုး,မြက်ခြောက် မျှလောက်ကိုသာ စားသောက်လျက်အသက်ကိုမွေးမြူပြီး ဓနုပူမရှောင်, မိုးဃ်းရွာမရှောင် ဆာ လောင် ငတ် မွတ်သော်လည်း မနေသာ ဖျားနာမကျန်း လွန်မင်းစွာ ပင်ပန်းလျက်လည်း နှုတ်ခမ်းဟကာ လူ့ဘာသာလိုပီသစွာမပြောတတ်ရှာကြပေ။ ထိုအခါ အရှင်သခင်တို့ကလည်း ပစ္စည်း,ဥစ္စာ,ရတနာ၌ တပ်မက်အာသာ လောဘဇောတဏှာကြောင့် မသနား မညှာတာ ကရုဏာကင်းကွာသဖြင့် ချိန်ခါမသတ် မနားမရပ် မအားလပ်ရအောင် အထပ်ထပ်ခိုင်းစေ တနေ့လုံး, တညလုံး အားထုတ်ခါရုန်းရ၍ ဝန်တင်သည့် ပခုံးမှာမီးဟုန်းဟုန်း တောက်မတတ် အရေလန် အသားပြုတ်ပြီး ပူစပ်ကျင်နာဆင်းရဲစွာ ဒုက္ခရောက်သည့်ပြင် သွားလာဆဲပင် နှေးသည်ထင်က မဆင်ခြင်မတိုင်းထွာဘဲ သံချွန်တပ်သော ကြိမ်တပြာနှင့် ထိုးနှက်ခါ တအားရိုက်ပြန်ခြင်း။

မျက်ဖြူလန်ဆိုက် အသက်ကို မရှူမရှိုက်နိုင်အောင် မောဟိုက် ပင်ပန်း ထကိုယ်လုံးရိနွမ်းလျက် မမြင်စမ်းတန်း လမ်းစခန်း၌ ဒလကြမ်းအတင်းပြေးရာ အားပြတ်ခါခြေကုန်၍ တဖြတ်ဖြတ်ခုန် ဆတ်ဆတ်တုန်ပြီး ရင်အုံပွင့်ကွဲ ဝန်ကိုဆွဲလျက် လမ်းပေါ်တွင် မှောက်ရက်လဲ၍ ပြင်းပြ ထန်သဲ

လွန်ကြူးသော ဆင်းရဲဒုက္ခနှင့် မရှုမလှ မမျှတသော ဘေးဒဏ်ကြောင့် ဂျွမ်းပြန်ဇောက်ထိုး ဝန်ရှန်းသည့်ထမ်းပိုးတွင် ကံနည်းသော တိရစ္ဆာန်မျိုးမှာ သေခြင်းဆိုး သေကြရခြင်း။

ပြိတ္တာ, အသူရကာယ် တို့ မှာ လည်း ပြောဆိုဘွယ် မရှိ၊ အတိဒုက္ခ ကိုယ်ကာယကြီးမား ပါးစပ်မှာ အပ်နဖါးမျှဖြင့် ဘုရားတဆူနှင့် တဆူ၏ အကြားတွင် တကြိမ်တခါမျှပင် ဝလင်အောင် ရေအစာမသုံးရ၍ ပြိတ္တာ၏ တကိုယ်လုံးမှာ မီး ဟုန်း ဟုန်း တောက် လတ် ၍ ဒုဗ္ဗိက္ခန္တရကပ် စသော ဘေးဥပါဒ်တို့နှင့် မပြတ်မလတ် အထပ်ထပ် အဖုံဖုံ တွေ့ကြုံခံစားရသော ဆင်းရဲ၊ ဤ ဆိုအပ်ခဲ့သော ယုတ်ညံ့ ဆိုးဝါး မကောင်း ကျိုးများသည် မကောင်းမှုကို ပြုကျင့်မိသောကြောင့် တူသော အကျိုးပေးခြင်းဟု မှတ်ယူ ကြရမယ်။

လောကီ ဥပမာအားဖြင့် ရုပ်ပုံထုသော ဆရာတို့သည် အကောင်း, အဆိုး အမျိုးမျိုးသော ရုပ်ပုံသဏ္ဍာန်များကို စီမံထုလုပ်၍ ထားလေရာ။ ဇာတ်သဘင်ပညာနှင့် အသက်မွေးကြသော သူတို့သည် အသီးအသီး, မိမိ တို့နှင့် ဆိုင်ရာကိုယူငင် စုပေါင်းကြပြီးလျှင် ထက်အောက်တခွင် မြို့စဉ်,ရွာ စဉ် အရပ်ရပ်သို့ လှည့်ပတ် သွားလာ၍ ဖွဲ့ကာ, နွဲ့ကာ ပျော်ရွှင်ကာနှင့် မာယာဟန်ပြု အနုတခမ်း အကြမ်းတဖုံ အမျိုးစုံ ရောယှက်လျက် ဇာတ် ကွက်,ဇာတ်လမ်း စီစဉ်တန်းပြီး အလှမ်းအဆွေးနှင့်တကွ က,ပြခါ နေကြရ တာလို။

လောဘ,ဒေါသ,မောဟစသော စိတ်ဓာတ် ဆရာများသည် အမျိုး မျိုးသော ငရဲခန္ဓာ၊ အဖြာဖြာသော တိရစ္ဆာန်၊ အတန်တန်သော ပြိတ္တာ ကာယ၊ အဝဝသော အသူရကာယ်၊ အပါယ်လေးပါးတည်းဟူသော ခန္ဓာ များကို ပြုပြင်စီမံ၍ ထားကြပေတယ်။

မိဿကဖြစ်သော စိတ်ဓာတ်များက နေ့လည်အချိန်တွင် နတ်စည်း စိမ်နှင့်တူသော ဗိမာန်ဘုံနန်း၌ စံမြန်းပျော်ပါး ချမ်းသာစွာ ခံစားလျက်၊ ညဘက်သို့ရောက်ပြားသော် မမြင်ဝံ့ - မရှုအားအောင် ခွေးနက်ကြီး ကိုက် ဝါးသည့် ဆင်းရဲဒုက္ခများကို ခံစားရ။ ဤကဲ့သို့ အကောင်း,အဆိုး နှစ်မျိုး နှစ်စားဖြင့် ကွဲပြားခြားနားသော ဝေမာနိက ခန္ဓာများကို ပြုပြင်စီမံ၍ ထားကြတယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

အလောဘ, အဒေါသ, အမောဟ-စသော စိတ်ဓာတ်ဆရာများက တော့ ကောင်းမွန်စင်ကြယ် တင့်တယ်လှပသော လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ ခန္ဓာများကို ပြုပြင်စီမံထားကြတယ်။ ဤဆိုအပ်ခဲ့ပြီးသော လူ,နတ်,ဗြဟ္မာ အပါယ်ခန္ဓာသား တည်းဟူသော ဇာတ်သမား, ဇာတ်ဆရာတို့သည် သုံးဆယ့်တဘုံ တည်းဟူသော ဇာတ်ရုံကြီးတို့၌ အနည်းနည်း,အဖုံဖုံ,အစုံစုံ အခမ်းခမ်း ဆင်းရဲချမ်းသာ ရောပြွမ်းလျက် ဇာတ်လမ်းကြီး ခင်းကျင်းပြီး က,ပြနေကြရတယ်။

ဤအဓိပ္ပါယ်မျိုးနှင့် စပ်ပြီး ငါတို့၏ ကျေးဇူးရှင် ဖြစ်တော်မူသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက ဂါထာဗန္ဓဖြင့် စီကုံးရေးသားပြီး တပည့်တပန်း ရဟန်းတော်များအား ဟောကြား ဆုံးမ တော်မူထားပေတယ်။

**စိတ္တံ ဝိဓာယတိ ခန္ဓေ၊ နာနာရူပေ၀ သိပ္ပိနော။**

**နာနာရူပေဟိ တေ.နေတ္တ၊ ခန္ဓေဟိ ဝိစရန္တိ တေ၊**

သိပ္ပိနော၊ ပန်းထိမ်,ပန်းပု,ပန်းချီမှု၌ ဆစ်ဖုလိမ္မာ ရုပ်ပုံဆရာတို့ သည်။ နာနာရူပေ၊ ထီးနန်းမှုဟန် ပုံသဏ္ဌာန်နှင့် အသွင်ဆိုး၀ါး မျိုးဇာတ် ခြား၍ အစားစား,အဖုံဖုံ အရုပ်မျိုးစုံတို့ကို။ ဝိဓာယန္တိဣဝ၊ ရေးခြယ် ထုလုပ် သွင်းခုတ်စီရင် ပြုပြင်ကြလေကုန်သကဲ့သို့။ စိတ္တံ၊ လောဘ,ဒေါသ, မောဟတရား ဦးတည်ထား၍ ဖြစ်ပွား ဆို့ပိတ် အကုသိုလ် စိတ်သည်။ နာနာရူပေ၊ ကြောက်ခမန်း,လန့်ခမန်း ရွန့်ကြမ်းဆိုး၀ါး အစားစားအဖုံဖုံ ရုပ်ပုံသဏ္ဌာန် ရှိကြကုန်သော။ ခန္ဓေ၊ ငရဲ,ပြိတ္တာ, သူရကာနှင့် တိရစ္ဆာန် စသည်ညစ်ဆိုး ခန္ဓာအမျိုးမျိုးတို့ကို။ ဝိဓာယတိ၊ ရေးခြယ်ထုလုပ် သွင်းခုတ် စီရင် ပြုပြင်တတ်လေ၏။

စိတ္တံ၊ အကုသလ ဝန်းရံခ၍ ပြုကြဖြစ်ပွား အကုသိုလ်တရားသည်။ နာနာရူပေ၊ ချိုတဲ့ဆင်းရေ မျိုးအဆွေနှင့် ပုံနေဆိုး၀ါး အစားစား အဖုံဖုံ ရုပ်ပုံသဏ္ဌာန် ရှိကြကုန်သော။ ခန္ဓေ၊ ဝေမာနိကာ မျိုးပြိတ္တာနှင့် တေဇာ သိမ်ဖျင်း အရှိန်ကင်း၍ စာရင်းမဝင် လူတွင်လူနုတ် နတ်နုတ်လူမွား အညံ့ စား ခန္ဓာတို့ကို။ ဝိဓာယတိ၊ ရေးထုခြယ်လုပ် သွင်းခုတ်စီရင် ပြုပြင်တတ် လေ၏။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

စိတ္တံ၊ အကုသလ လွတ်ကင်းပ၍ ဖြူဆွဲရောင်ဖိတ် ကုသိုလ်စိတ်သည်။ နာနာရူပေ၊ လုပဆင်းရေ မျိုးအဆွေနှင့် ပုံနေပုံထား လွန်ယဉ်ပါး၍ အစားစား အဖုံဖုံ ရုပ်ပုံသဏ္ဍာန် ရှိကြကုန်သော။ ခန္ဓေ၊ ဂုဏ်သိမ်တေဇာ ကြီးမားစွာသည့် ပြဟ္မာ,လူ,နတ် မြင့်မြတ်သော ခန္ဓာတို့ကို။ ဝိဓာယတိ၊ ရေးခြယ်ထုလုပ် သွင်းခုတ်စီရင် ပြုပြင်တတ်လေ၏။

တေန၊ ထိုသို့ ပန်းထိမ်,ပန်းပု,ပန်းချီမှု၌ ဆစ်ဖုလိမ္မာ ရုပ်ပုံဆရာတို့က ရေးခြယ်ထုလုပ် သွင်းခုတ်စီရင် ပြုပြင်၍ ထားကြလေသောကြောင့်။ တေ၊ ထို က,ဆို,ပြသ နာဋကဍ္ဍ ကျနုလေ့လာ ဇာတ်ဆရာကြီးတို့သည်။ နာနာရူပေဟိ၊ နတ်ကတော်,ဆင်,ကျား,မြင်း,မျောက်များနှင့် တိုင်းသား,ဦးကင်ရှင်ကုရင်, ဝန်ကြီး, မင်းသွီး, မင်းသား လူပျိုတော်သားဟု များပြားဥဿုံ အရုပ်မျိုးစုံတို့ဖြင့်။ ဓတ္တေ၊ ဤမြို့,ဤပြ စင်တော်, ရုံတော်ဟူသမျှ၌။ ဝိစရန္တိ၊ လွှမ်းခမ်း,ဆွေးခမ်း,အသောခမ်းနှင့် ဒေါခမ်းတဖြာ ဖွဲ့နွဲ့ကာဖြင့် လှည့်လည်သွားလာ က,ပြ၍ နေကြလေကုန်၏။

တေန၊ ထိုအကုသိုလ်နှင့် ကုသိုလ်တရား စိတ်ဓာတ်များက များပြားပုံဟန် ရုပ်သဏ္ဍာန်ကို စီမံပြုပြင်၍ ထားကြလေသောကြောင့်။ တေ၊ ထို အပါယ်လေးရပ် လူ,နတ်,ပြဟ္မာ သတ္တဝါဟု များစွာသီးသီး ဇာတ်ဆရာကြီးတို့သည်။ ဓတ္တေ၊ မရပ်မတည် ပတ်ပတ်လည်၍ ထို-ဤရွှေ့ပြောင်း စုံဆုံပေါင်းလျက်အောက်ယက်, ဆန်စုန် သုံးဆယ့်တဘုံတည်းဟူသော ဤဇာတ်ခုံကြီးထဲ၌။ နာနာရူပေဟိ၊ အသွင်အပြင် အဆင်ကွဲပြား အစားစား အဖုံဖုံ ရုပ်ပုံသဏ္ဍာန်ရှိကုန်သော။ ခန္ဓေဟိ၊ အဆိုး,အကောင်း သောင်းပြောင်းရောရာ လက်ရှိ ခန္ဓာတို့ဖြင့်။ ဝိစရန္တိ၊ ပျော်တခါ၊ ပျင်းတလှဲ့, ငိုတလှဲ့, ရယ်တခါ ချမ်းသာဆင်းရဲ တူစုံတွဲ၍ ဇာတ်ပွဲပြကာ လှည့်လည် သွားလာ၍ နေကြရလေကုန်သတည်း။

ဤကဲ့သို့ အနုသာသနဖြင့် ဆုံးမတော်မူသော ဂါထာ,ဒေသနာအရ အဓိပ္ပါယ်ထွမှာ သတ္တဝါတို့ပြုလုပ်ကြသည့် "ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ,အနေဉ္ဇာဘိသင်္ခါရ"ဟူသော ကုသလကမ္မ,အကုသလကမ္မတို့၏ တူမျှသော အကျိုးပေးပုံသည်၊ တေဘူမကဝဋ္ဋဒုက္ခအတွင်းမှ မလွတ်ကင်း မထွက်မြောက်ရဘဲ တစဲလည်လည် စုန်ချေ,ဆန်ချေနှင့် မရပ်မတည် ပတ်ပတ်လည်ပြီး၊ ထိုဤ ရွှေ့ပြောင်း အဆိုး,အကောင်းတို့သောင်း ပြောင်းရော

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ယှက်လျက် ပျားရည်ခွက်၌ တဇောင်းစေး ရောစွက်သည့်ပမာ၊ နှစ်ခြိုက် ပျော်မွေ့စရာရယ်လို့ အဏုမြူမျှရှာကြံ၍မရသဖြင့်။ အတိဇေဂုစ္ဆ၊ လွန်စွာမှ စက်ဆုပ်ဘွယ်ရာကောင်းလှလေသော ကမ္ဘာလောကကြီးအစစ် ကေန္တဖြစ် သည်ဟု ယုံကြည်မှတ်သားကြရမယ်။

ဤနေရာ၌ ပုညာဘိသင်္ခါရ, အနေဉ္စာဘိသင်္ခါရတို့မှာ ဝဋ္ဋနိဿိတ အဖြစ်ကိုမှီ၍ ပြုကြရသော ကုသလကမ္မမျိုးကိုသာဆိုလိုတယ်။ဝိဝဋ္ဋနိဿိတ ဖြစ်သော ကုသလကမ္မမျိုးမှာတော့ ချမ်းသာဆင်းရဲပင် ပူးတွဲပါဝင်၍ နေ သော်လည်း နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသောအမှုဖြစ်၍ စင်စစ်ဒုက္ခ မဟုတ်ပေ။

လောဘ, ဒေါသ, မောဟတရား ယင်းသုံးပါးတို့ကြောင့် ဖြစ်ပွား ပေါ်ပေါက်လာသော အကျိုးများမှာတော့ ဆိုးဝါးယုတ်မာ လွန်စွာဖျင်း သောင်း မကောင်းသော အကျိုးကိုသာအမျိုးမျိုးခံစားရလေသောကြောင့် စင်စစ်အားဖြင့် ထိုတရားသုံးပါးသည် သတ္တဝါတို့၏ အကျိုးစီးပွား ပျက် ပြားဆုတ်ယုတ်အောင် ပြုလုပ်လျက် နှိပ်စက်ဖျက်ဆီး တတ်သောကြောင့်၊ စင်စစ်ရန်သူကြီးဟူ၍ မှတ်ယူကြရမည့် အကြောင်းများကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။

**တယောမေ ဘိက္ခဝေ ပစ္စတ္ထိကာ၊ ကတမေတယော၊**

**လောဘော ဒေါသော မောဟော၊ ဣမေခေါ**

**ဘိက္ခဝေ တယော ပစ္စတ္ထိကာ၊ ။**

ဘိက္ခဝေ၊ သံသရာပြင်ကျယ် သမုဒ်နယ်မှ လွတ်လွယ်လိုကြောင်း ချစ်သား,ချစ်သမီးအပေါင်းတို့။ ပစ္စတ္ထိကာ၊ သတ္တဝါများ ကျိုးစီးပွားကို ပျက်ပြားစေငြါ လွန်စွာဘိစီး နှိပ်စက် ဖျက်ဆီး တတ်ကုန်သော ရန်သူကြီး တို့သည်။ ဣမေတယော၊ ရေတွက်ပိုင်းခြား သရုပ်အားဖြင့် ဤသုံးပါးတို့ ပေတည်း။ ကတမေတယော၊ အဘယ်သုံးပါးတို့နည်း ဟူမူကား။ လော ဘောစ၊ မျောက်နှဲစေးပမာ လွန်စွာစွဲဘိ ကပ်ငြိပြောထူ လောဘ တည်း ဟူသော ရန်သူရင်း။ ဒေါသောစ၊ မြွေဟောက်တမျှ ပြင်းထန်လှသည့် ကောဓမာန်မူ ဒေါသ တည်းဟူသော ရန်သူရင်း။ မောဟောစ၊ အမိုက် လေးဝ မှောင်ကြီးကျလို့ မရလင်းဖြူ မောဟ တည်းဟူသော ရန်သူရင်း။ ဘိက္ခဝေ၊ သံသရာပြင်ကျယ် သမုဒ်နယ်မှ လွတ်လွယ်လိုကြောင်း ချစ်သား,

ချစ်သမီးအပေါင်းတို့။ ပစ္စတ္တိကာ၊ သတ္တဝါများ ကျိုးစီးပွားကို ပျက်ပြား စေခြင်းငှါလွန်စွာဘိစီးနှိပ်စက် ဖျက်ဆီးတတ်ကုန်သောရန်သူကြီးတို့သည်။ ဣမေတယော၊ ရေတွက်ပိုင်းခြား သရုပ်အားဖြင့် ဤသုံးပါးတို့ပေတည်း။

သတ္တဝါတို့၏ ရန်သူသည် အတွင်း၌ဖြစ်သော အဇ္ဈတ္တိက ရန်သူ၊ အပ၌ဖြစ်သော ဗာဟိရ,ရန်သူဟူ၍ နှစ်ပါးရှိရာ၊ လောဘ, ဒေါသ, မောဟ တရား ဤသုံးပါးတို့ကို ကိုယ်၏အတွင်း၌ဖြစ်သော အဇ္ဈတ္တိကရန်သူ ဟူ၍ မှတ်ရမယ်။ ဥဒက, ရာဇ, အဂ္ဂိ, စောရ, အပိယပုတ္တ - ဟု ဆိုအပ်သော ရေ, မင်း, မီး, ခိုးသူ, မချစ်မနှစ်သက်အပ်သောသူနှင့်တကွ အမွေခံ သားဆိုး, သမီးဆိုး ဤငါးမျိုးကိုတော့၊ ကိုယ်၏ အပြင်အပ၌ဖြစ်သော ဗာဟိရ, ရန်သူ ဟူ၍ မှတ်ရမယ်။

ထိုရန်သူမျိုး နှစ်ပါးတို့တွင် ဗာဟိရ, ရန်သူမျိုးငါးပါး၌ ရေသည် ရန်သူဖြစ်သော်လည်း မဆင်ခြင်မစဉ်းစားဘဲ အမှတ်တမဲ့ ပြုလုပ်ကြသော သူတို့မှာသာ ရေနွေးပူလောင်ခြင်း၊ ရေဝင်လမ်းလွဲခြင်း၊ ရေချိုးမှားခြင်း၊ ရေနစ်ခြင်း - စသည်တို့ကြောင့် အနာတရ, ဆင်းရဲဒုက္ခရောက်ရခြင်း၊ သေကြေ ပျက်စီးခြင်းများဖြစ်၍ ရန်သူဟုခေါ်ဆိုရ၏။ သို့သော် ရှိသေကောင်း မွန်စွာ ဆင်ခြင်၍ ပြုလုပ်ပါလျှင် ရေနှင့်ပင် ချက်ပြုတ်စားသောက်ရခြင်း၊ ချိုးသုံးရခြင်း၊ အညစ်အကြေးကို ဆေးကြော သုစ်သင်ရခြင်း စသော အကျိုးကျေးဇူးများကို ခံစားရသေးသည်ဖြစ်၍ ရန်သူကြီး အစစ် ဟု မပြောမဆိုနိုင်ရာ။

မီးသည် သတ္တဝါတို့၏ ကိုယ်ခန္ဓာနှင့်တကွ တန်ဆာဘလာ အသုံး အဆောင် နေရာဗိမာန် အဆောက်အဦ စသည်တို့ကို ကုန် ခန်း စေပြီး လောင်ကျွမ်း ဖျက်ဆီးတတ်သောကြောင့် ရန်သူကြီးတပါးဟု ဆိုရတယ်။ သို့သော် ထိုမီးကိုမှီပြီး အလင်းကိုရခြင်း၊အချမ်းအအေးကိုပျောက်စေခြင်း၊ ကြော်လှော်ချက်ပြုတ် ဖုတ်ကင်၍စားသောက်ရခြင်းစသော အကျိုးတရား များကို ခံစားရရှိပေတယ်။

လောက၌ မင်းစိုးရာဇာသည် "**မင်းတို့မျက်စောင်း - အဓကြောင်း မရွေး**" ဟူသကဲ့သို့ တိုင်းသူပြည်သားနှင့်တကွ မင်းခစားလူများကို ဂတိ လေးပါး လိုက်စားပြီး မတရားစီရင်ဆုံးဖြတ်ခြင်း၊ အဆမတန်သော အခွန် ဘဏ္ဍာကို ခွဲခန့် တောင်းယူခြင်း၊ မဖြစ်လောက်သော အမှုနှင့်ပင် ထိပ်

ထောင် နှောင်သွင်း အကျဉ်းသို့ ကျရောက်ရခြင်း၊ ခြေဖြတ်ခြင်း၊လက်ဖြတ်ခြင်း စသော ကမ္မကရဏအမှုကိုပြုသည့်ပြင် အသက်ခန္ဓာပင် ဆုံးရှုံးရခြင်း၊ " **ငါးခုံးမ တကောင်နှင့်၊ တလှေလုံးပုပ်** " ဆိုသကဲ့သို့ တဦးတယောက်အတွက်နှင့် တဆွေလုံး တမျိုးလုံး မီးလောင်တိုက် သွင်းခံရခြင်း စသော နှိပ်စက် ဖျက်ဆီးခြင်းကို ပြုတတ်သောကြောင့် ရန်သူကြီးတပါးဟု ဆိုရပေတယ်။

သို့သော် ထိုမင်းကို အမှီပြုရ၍ သူခိုး ဓားပြစသော ဘေးရန်ခပင်းတို့မှ လွတ်ကင်းချမ်းသာပြီး ကောင်းမွန်စွာ ရောင်းဝယ် ဖေါက်ကား၍ ကူးသန်းသွားလာခြင်းအမှုကို ပြုရသဖြင့် ပွားတိုး ကြွယ်ဝ လောကီသုခဟူသမျှနှင့် လောက်ငကုံလုံ ပြည့်စုံ ပေါများလျက်၊ လောကုတ္တရာဘက်၌ ဖြစ်သော ပါရမီတရားတို့ကို အားထုတ်နိုင်ခြင်းစသော ကျေးဇူး များကို ခံစားရရှိပေတယ်။

ခိုးသူသည် ပစ္စည်းဥစ္စာကိုလုယက်ခြင်း၊ အသက်ကိုပင် သတ်ဖြတ်တတ်ခြင်း၊ မီးနှင့်ရှို့ခြင်း - စသော နှိပ်စက်ဖျက်ဆီးခြင်းကို ပြုတတ်သောကြောင့် ရန်သူကြီးတပါးဟု ဆိုရပေ၏။ သို့သော် "**သူ့သဘော၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေ**" ဆိုသကဲ့သို့ လိုရာကိုပေးပါလျှင် ချမ်းသာရရခြင်း၊ ညအခါပင် လူဆိုး ခိုးသူ အမှုကို ပြုသော်လည်း၊ နေ့အခါမှာ ကူညီဆောင်ရွက်ဘော် ရခြင်း စသော ကျေးဇူးများကို ခံစား ရပေ သေးတယ်။

သားဆိုး သမီးဆိုးသည် မိဘနှစ်ပါး၏ ပစ္စည်းဥစ္စာကို အချည်းနှီး ပြုန်းတီးခြင်း၊ မိဘများ ပြောဆိုဆုံးမသည်ကို မနာခံဘဲ ပြန်လှန်ပုတ်ခတ် သတ်ဖြတ်ပြီး အနည်းနည်း နှိပ်စက်ဖျက်ဆီးတတ်သောကြောင့် ရန်သူကြီး တပါးဟု ဆိုရပေတယ်။ ဆိုသော် "**အရေးကြီးတော့ - သွေးနီးရာခို**" ဆိုတာလို၊ တကဲ့အရေးနှင့်ကြုံကြိုက်သောအခါ သားကို အားထားရခြင်း၊ ဘယ်လိုပင်မုန်းစေကာမူ သေသွားသောမိဘတို့ကို သင်္ဂြိုဟ်ခြင်း၊ ကုသိုလ်ကောင်းမှုကိုပြုပြီး အမျှပေးဝေခြင်းစသော ကျေးဇူးတရားများကို ခံစား ရပေသေးတယ်။

ဤဆိုအပ်ခဲ့ပြီးသော ရန်သူငါးပါးတို့သည်၊ အပြင်အပ၌ဖြစ်ကြ၍ ရှောင်ရှားမယ်ဆိုလျှင် လွတ်ကင်းစရာအကြောင်း ရှိနိုင်ပေသည်။ အကယ်၍

ပုန်းကွယ် ရှောင်လွဲလို့ပင်မလွတ်စေကာမူ ဤပစ္စုပ္ပန် ဘဝလောက်တွင်သာ ဘိစီးနှိပ်စက်နိုင်၍ တမလွန်ဘဝအတွက်၌ ဆက်လက်ပြီး နှိပ်စက်နိုင်တော့သည်မဟုတ်ပေ။

လောဘ, ဒေါသ, မောဟ တည်းဟူသော ရန်သူကြီးသုံးပါးသည်ကား သက်သက် အကျိုးစီးပွားကိုသာ ပျက်ပြားဆုံးရှုံးအောင် လုံးလုံးကြီးနှိပ်စက် ဖျက်ဆီးခြင်း၊ ဘယ်နည်းနှင့်မှ တိမ်းရှောင် လွှဲဖယ်လို့ မလွတ်ဘဲဇွတ်အတင်း ဘိစီးပြီး အနည်းနည်း နှိပ်စက်ညှဉ်းပန်းခြင်း၊ ဤဘဝတွင်သာမဟုတ်ဘဲ သံသရာဘဝ အဆက်ဆက်၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော အပါယ်လေးပါးသို့ မပြတ်မလပ် ထပ်ခါ ထပ်ခါ ကျရောက်စေနိုင်တယ်။ တာကြောင့် ထိုသုံးပါးကိုသာ ရန်သူကြီးများဖြစ်ကြောင်းကို မြတ်စွာဘုရားက ဟောကြားဆုံးမတော်မူတယ်။

လောကီဥပမာအားဖြင့် အခွံကို အနှစ်ဆိုရသည့် ပေပင်, ဝါးပင်, ကျူပင်စသော သစ်ပင်များကို မိမိ၏အသီးကပင် နှိပ်စက်ဖျက်ဆီး၍ သတ်ဖြတ်ခြင်းကို ပြုသကဲ့သို့၊ လောဘ, ဒေါသ, မောဟ တရား သုံးပါးသည် မိမိမှီရာဖြစ်သော ပုဂ္ဂိုလ်ကို တမလွန်,ပစ္စုပ္ပန် နှစ်တန်သောဘဝ၌ ချမ်းသာသုခဟူ၍ အဏုမြူမျှမရှိဘဲ အတိဒုက္ခလွန်မင်းစွာ ဆင်းရဲလှအောင် အကျိုးစီးပွားမဲ့ကိုသာ ပြုလုပ်တတ်တယ်ဟု ဟောကြားတော်မူတယ်။

**လောဘော ဒေါသော စ မောဟော စ၊ ပုရိသံ ပါပစေတသံ။**

**ဟိံသန္တိ အတ္တသမ္ဘူတာ၊ တစသာရံ ဝ သမ္ဖလံ။ ။**

ဘိက္ခဝေ၊ ရာဂ,ဒေါသ,မောဟညစ်ကြေး ရန်သူဘေးမှ ကင်းဝေးလိုကြောင်း ချစ်သား-ချစ်သမီး အပေါင်းတို့။ လောကေ၊ လူပြည်လောကဘုံ၌ာနန်၌။ တစသာရံ၊ အခွံကိုလျှင် အနှစ်ပင်ဟု မည်တွင်မှတ်သား ခေါ်ဆိုငြားသည့် ပေပင်, ဝါးပင်, ကျူပင်များကို။ အတ္တသမ္ဘူတာ၊ မိမိ၌ဝယ်မှီတွယ်၍သာ ဖြစ်ပေါ်လာသော။ ဝသဖလံ၊ ပေသီး, ဝါးသီး, ကျူအသီးသည်။ ဟိံသတိ ဣဝ၊ လောင်မီးတမျှ မိုးကြိုးကျသို့ ကြေမွ ပြုန်းတီး ပျက်စီးလေအောင် ဖျက်ဆီးနှိပ်စက်လေသကဲ့သို့။ ပါပစေတသံ၊ ယုတ်မာညစ်ညမ်း ကြမ်းထန်း ဖျင်းသောင်း မကောင်းသော စိတ်ရှိသော။ ပုရိသံ၊ အသိလိမ္မာ ပညာနည်းပါး လူမိုက်ယောကျ်ားကို။ လောဘော စ၊ အလို

ကြီးမား လောဘတရားသည်ဂှင်း။ ဒေါသောစ၊ အမျက်မာန်ပွား ဒေါသ တရားသည်ဂှင်း။ မောဟောစ၊ မသိမိုက်မှား မောဟ တရား သည်ဂှင်း။ ဟိ သန္တိ၊ လွန်စွာဘိစီး၍ ဖျက်ဆီးနှိပ်စက်ကြလေကုန်သတည်း။

လောဘ, ဒေါသ, မောဟ တရား သုံးပါးကို မြွေပွေး - မြွေဟောက် အလား ဥပမာထာ၍ ဟောကြားတော်မူသော ဒေသနာတော်များအရ ဖြင့်လည်း၊ လောက၌ ခွေး,ကြောင်သတ္တဝါများကိုမွေးထားလျှင် အိမ်ရှင် ၏ ဘေးဆီးရန်ကာအကျိုးရှိ၏။ ကြက်,ဝက်များကိုမွေးထားလျှင် ပစ္စည်း ဥစ္စာ အစာအာဟာရ အကျိုးရှိသေး၏။ ကျွဲ,နွားများကို မွေးထားလျှင် ခိုင်းစေရခြင်းအကျိုးရှိသေး။ ကြက်တူရွေး, သာလိကာများကို မွေးထား လျှင် အလှကြည့်ရှုစရာ မင်္ဂလာကြက်သရေအကျိုးရှိသေး၏။

မြွေပွေး-မြွေဟောက်များသည် ဘေးဆီး ရန်ကာလည်းမရ၊ အာ ဟာရလည်းမဖြစ်၊ ခိုင်းစေဘို့ရာလည်းမကောင်း၊အလှကြည့်ရှုစရာ မင်္ဂလာ ကြက်သရေလည်းမဖြစ်။ စင်စစ်အားဖြင့် သတ္တဝါတို့၏ အသက်ကို ရက် စက် ကြမ်းကြုတ်စွာ သတ်ဖြတ်ဖျက်ဆီးတတ်သော ရန်သူကြီး သက်သက် ဖြစ်တယ်။ သို့သော် ဤ မြွေပွေး - မြွေဟောက်တို့သည် အဆိပ်အတောက် ပြင်းထန်လျက် အသက်ကိုပင် သတ်ဖြတ် တတ်သော်လည်း တဘဝတွင် တခါမျှသာခံရ၍ နောင်တဖန် ဆက်လက်ပြီး အသက် ကို ရန်မရှာနိုင် တော့ပေ။

လောဘ, ဒေါသ, မောဟ ဟူသော မြွေပွေး - မြွေဟောက်တို့ ပေါက်လိုက်သည့် အဆိပ်အတောက်သည် ဤတဘဝလောက်ပင် မဟုတ် ဘဲ သံသရာတလျှောက်၌ အမျိုးမျိုးသောဆင်းရဲဒုက္ခသို့ရောက်ပြီး အနည်း နည်း အဖုံဖုံသော ပျက်စီးခြင်းတို့နှင့် တွေ့ကြုံကြရသည်ဖြစ်၍၊ ထိုလောဘ, ဒေါသ, မောဟ တရားသုံးပါးကို ရန်သူကြီးများ ဖြစ်ကြောင်း မြတ်စွာ ဘုရားက။—

" တယော မေ ဘိက္ခဝေ ပစ္စတ္ထိကာ " စသော ဒေသနာတရား ကို ဟောကြားတော်မူတယ်။ ။နောက်အတိုင်း ပြန်ကောက်။

(မီး ၃-ပါးနှင့် ရန် ၃-ပါးအကြောင်း ပြီး၏။)

(ပဋ္ဌမအကြိမ် ရိုက်နှိပ်သည်)

## လောဘရန်သူမီးကြောင့် ပျက်စီးသည်ကိုပြသော သေရိဝရှဲကုန်သည် ဝတ္ထု။

ဤဒေသနာတော်အရ၊ လောဘ, ဒေါသ, မောဟ တရား ရန်သူ သုံးပါးတို့တွင် လောဘဟူသောရန်သူကြီးကြောင့်တမလွန်,ပစ္စုပ္ပန် နှစ်တန် သောဘဝတို့၌၊ ယုကျုံးမရ လွန်မင်းစွာသော ဆင်းရဲဒုက္ခသို့ ကျရောက်ပြီး ဆုံးရှုံးပျက်စီးရသော ဝတ္ထုသာဓကမှာ၊ ဤဘဒ္ဒကမ္ဘာတွင် အလောင်း တော်မြတ် ဗောဓိသတ်သည်၊ သေရိဝတိုင်းပြည်ကြီး၌ သေရိဝ မည်သော ရှဲကုန်သည်ဖြစ်စဉ်အခါ၊ တဏှာ, မာန, လောဘ, ရမ္မက်တို့ဖြင့် ထက်မျက် လွန်ကြူးသော သေရိဝမည်သည့် တဦးသော ရှဲကုန်သည်နှင့် အတူတကွ ရှဲရောင်းသွားကြရာ၊နိလဝါဟမည်သောမြစ်ကိုကူးပြီးလျှင်၊ အရိဋ္ဌပုရ မည် သော တိုင်းပြည်ကြီးသို့ ရောက်ကြတယ်။

ထိုအခါ တဦးသွားရာလမ်းသို့ တဦးမလိုက်ဘဲ ခွဲခွာ သွားလာပြီး ရောင်းချကြရန် ဂတိကဝတ်စကားကို ပြောကြားပြီး အသီးအသီးဝင်ကြ သော်၊ လောဘရမ္မက် နှိပ်စက်ဘိစီး လွန်အားကြီးလှသော ရှဲကုန်သည်မိုက် သည် ဥစ္စာပစ္စည်း သားသမီးနှင့်တကွ အလုံးစုံပျက်စီးနွမ်းပါး၍ သူတပါး အိမ်တွင် အခစားအမှုကိုပြု၍အသက်မွေးနေရသဖြင့်လွန်စွာဆင်းရဲလှသော သူဌေးကတော်မှဲ့ မြေးအဘွားအိမ်သို့ ဆိုက်ရောက်သွားတယ်။

ထိုအခါသူငယ်မကလေးက ရှဲဝယ်ပေးပါဟု အဘွားကိုပူဆာရာ၊ မြေးငယ် ငါတို့မှာဆင်းရဲလှ၍ ဘယ်ဟာနှင့် လဲလှယ်ပြီး ဝယ်ယူရမလဲလို့ ပြောရှာတယ်။ သည်တော့သူငယ်မက အဘွားရယ် ရှေးအခါက ကျန်နေ ရစ်သော ဤခွက်ဟောင်း-ဒွက်ညစ်ကြီး တခုရှိပါတယ်၊ ထိုခွက်ကြီးနှင့်ပင် ရသရွေ့ကိုသာလဲလှယ်ပြီး ဝယ်ပေးပါဟု ဝတ်ချင်ရှာလွန်းလို့ ပူဆာတယ်။

သည်တော့ အဘွားကြီးက ရှဲကုန်သည်ကိုခေါ်ပြီး၊ အမောင်ငါတို့ မှာ ပိုက်ဆံကြေးငွေ မရှိပါ၍ ဤခွက်ကိုယူပြီး အနည်းငယ်သော ရှဲကိုသာ ပေးခဲ့ပါဟုပြောကြားတယ်။ ထိုအခါရှဲကုန်သည်မိုက်သည်အညစ်အကြေး တက်သော ခွက်ကိုကိုင်ပြီး အနည်းငယ်ချစ်ကြည့်သော် ရွှေခွက်မှန်းသိရ၍ အလကားရအောင်ဟု ဟန်ဆောင်လျက် ပဲဝက်မျှမတန်သော ဤခွက်ကို ဘယ်သူယူမလဲ ရှဲတကုံးမျှမထိုက် စသည်ဖြင့်ပြောဆိုလွှတ်ပစ်ပြီးမနီးမဝေး လှသော လမ်းအိမ်များသို့ ထသွားတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ထိုအခါ ဘုရားအလောင်း ရွှဲကုန်သည်ရောက်လာသဖြင့် သူငယ်မကလေးကပူဆာပြန်တယ်။ အဘွားကြီးက ငါ့မြေး ဤခွက်ဟာ ပဲ၀က်မျှ မတန်၍ယခုတင်က တဦးပြန်သွားတာ ဘယ်ဟာနှင့် ၀ယ်အုံးမှာလဲဟုပြောရာ၊ သူငယ်မက ယခုတင်ကကုန်သည်ဟာ လွန်စွာမှအပြောအဆိုတို့ထွာလှပါသည်၊ ဤကုန်သည်မှာ နူးညံ့သိမ်မွေ့ပါသည်၊ ရလိုရငြား ပြောကြားလဲလှယ်ပေးပါဟု- သူငယ်တို့သဘောနှင့် ရှိမှန်းမရှိမှန်း၊ ရမည်-မရမည်ကို မကြံစည် မတွေးတောဘဲ ပြောကြားပူဆာတယ်။ သည်တော့အဘွားကြီးက ဘုရားအလောင်း ရွှဲကုန်သည်ကို ခေါ်ပြီး၊ အမောင်-အမေကြီးတို့မှာ ပစ္စည်းနှမ်းပါး၍ ဤခွက်ကိုယူပြီး အနည်းငယ်သော ရွှဲကိုသာ ပေးခဲ့ပါဟု ပြောရှာတယ်။

ထိုအခါ ဘုရားအလောင်းသည် အဘိုးတသိန်း ထိုက်တန်သော ရွှေခွက်မှန်းသိသဖြင့် အမေကြီး ဤရွှေခွက်သည်တသိန်းမျှထိုက်တန်ပါ၏။ ဤရွှေခွက်နှင့်ညီမျှအောင် လဲလှယ်ဘို့ရာမပါ၊ ပြန်၍သာယူပါဟု မှန်ရာကို ပြောကြားတယ်။ သည်တော့အဘွားကြီးက အမောင် ယခုတင်က ရွှဲကုန်သည်တဦးသည် ပဲ၀က်မျှမတန်ဟုပြောပါသည်။ တသိန်းတန်လျှင် မောင့်ကံကြောင့်သာ ဖြစ်ပါသည်။ ဤခွက်ကိုယူပြီး အနည်းငယ်သောရွှဲကိုသာ ပေးခဲ့ပါဟုပြောရှာတယ်။ ထိုအခါ ဘုရားအလောင်းက အမေကြီးအား ငွေ ၅၀၀ိ နှင့်တကွ၊ ၅၀၀ိ-မျှတန်သော ပစ္စည်းတို့ကိုသာ ယူပါတော့ဟု ပြောဆိုပေးကမ်း၍ ချိန်နှင့်အိတ်ပါအသပြာရှစ်ကျပ်မျှသာ ပြန်တောင်းပြီး တယောက်ထည်း ကူးတို့သူကြီးကို ရှစ်သပြာပေး၍ မြစ်တဘက် ကမ်းသို့ ကူးသန်းပြန်သွားတယ်။

ထိုနောက် ဒေ၀ဒတ်အလောင်းရွှဲကုန်သည်မိုက်သည်၊ ယခင်အိမ်သို့ တဖန်ရောက်လာပြီး အမေကြီး၏ခွက်ကိုယူခဲ့ ရွှဲအနည်းငယ်ပေးမည်ဟုလိမ်လည်သောဥာဏ်များနှင့် ပြောကြားလေရာ၊ မြေးအဘွား နှစ်ယောက်တို့ ထွက်လာပြီး၊ နှုတ်သီးကောင်းလျှာပါးနှင့်တပဲနှစ်ပြားမျှ မထိုက်တန်သော ခွက်ညစ်ခွက်ပုံ့ကိုပင် သင်၏ဆရာသခင်အရှင်နှင့်တူသော ရွှဲကုန်သည်တဦး က ပါသမျှရွှဲတန်ဆာနှင့် ငွေ ၅၀၀ိ-ပေးသဖြင့် ရွှဲသူဌေးမျှ ပေါများလှ၍ ငါတို့ကပင် ဈေးမတင်ဘဲ ချိချိနှင့် ရောင်းချပ်ပါသည်။ လိမ်လည် ကောက်ကျစ်သည့် နင်၏ရွှဲများကို ၀ယ်ဘို့ရန် မဆိုထားနှင့် အလကား

တောင် မယူချင့်မကြည့်ချင် ယခုပင် မတန့်နားဘဲ ငါ့အိမ်မှ တွက်သွားပါ စသည်ဖြင့် ဆဲရေးငေါက်ငမ်း ကြမ်းထန်းသော စကားများကို ပြောကြား လိုက်တယ်။

ထိုအခါ ရွှဲကုန်သည် ဗာလသည် အမျက်ဒေါသ ခြောင်းခြောင်းထ ပြီး ဘာကိုမျှ သတိမရဘဲ၊ ရှိသမျှပစ္စည်းတွေကို မြေကြီး၌ လွှတ်ပစ်ဖြန့်ကြဲ၍ "ချိန်တန်"ကို လက်နက်ကိုင်စွဲလျက် ရိုက်နှက်ပုတ်ခတ်ရန် လျင်မြန်စွာ လိုက် လေရာ၊ ရေလယ်၌ပင် ဘုရားလောင်းကို တွေ့မြင်သော်၊ တကြော်ကြော် ဟစ်အော်ပြီး ကူးတို့သူကြီးကိုခေါ်လေလျှင် ဖြစ်ခဲ့သော ကြောင်းအင်ကို ဘုရားအလောင်းသိမြင်၍ မပြန်ရန် ပိတ်ပင်ဆီးတားပြီး မြစ်တဘက်ကမ်းသို့ ကူးသန်းသွားပါရော့တဲ့။

ထိုအခါ ရွှဲကုန်သည် လူမိုက်သည်၊ ဘုရားအလောင်းကို မမှီလိုက်၍ စိတ်ရှိသည့်အတိုင်း မရိုက်ရ၊ မနှက်ရလေခြင်း၊ အဘိုးတသိန်းထိုက်တန်သော လာဘ်ကြီးမှ လွဲရလေခြင်းဟု ပြင်းထန်လှသော စိုးရိမ်သောကနှင့် ဒေါသ မာန်ပွား ယမ်းပုံမီးကျ အလားကဲ့သို့ ဘုရားအလောင်း ရွှဲကုန်သည်အား အာဃာတ ရန်ညိုးထားလျက် အဘိုးတသိန်းတန် ရွှေခွက်၌ တပ်မက်တဲ့ လောဘတရား၏အတွက်ကြောင့် သွေးစိမ်းပွက်ပွက် အံခါထွက်ပြီး ပစ္စည်း လည်း အကုန်ပြုန်းသည့်ပြင်၊ အသက်ပါဆုံးရှုံး၍ ယူကျုံးမရသော ဆင်းရဲ ဒုက္ခနှင့်တွေ့ကြုံသည့်ပြင်၊ သံသရာတွင်လည်း အစဉ်မပျက် လောဘဟူသော အဆိပ်တက်၍ ဘဝအဆက်ဆက်၌ ဘိစီးနှိပ်စက်သဖြင့် ယခုထက်ထိ အဝီစိ ငရဲအိုးမှာ ချိုးကပ်လျက် နေရရှာတယ်။

တာကြောင့် လောဘဟူသော တရားဆိုးကြီးသည် အကြောင်း အကျိုးနှင့်တကွ အကောင်းအဆိုးကို မသိမမြင်အောင် ပိတ်ပင်တားဆီး၍ ဖျက်ဆီးနှိပ်စက်တတ်သဖြင့် ထိုလောဘကို ရန်သူကြီးဖြစ်သည်ဟု လောက ထွဋ်ထား မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပေတယ်။

**လောဘော အတ္ထံ နဇာနာတိ၊ လောဘော ဓမ္မံ နပဿတိ။**
**အန္ဓတမံ တဒါ ဟောတိ၊ ယံလောဘော သဟတေ နရံ။ ။**

လောဘော၊ အလိုကြီးမား လောဘတရားသည်။ အတ္ထံ၊ ယုတ်မြတ် နှစ်မျိုး အကျိုးတရားကို။ နဇာနာတိ၊ မုချပိုင်ပိုင် မသိနိုင်။ လောဘော၊ အလိုကြီးမား လောဘတရားသည်။ ဓမ္မံ၊ ကောင်း မကောင်းမှု အကြောင်း

တရားစုကို။ နပဿတိ၊ မုချထင်ထင် မသိမမြင်။ အယံလောဘော၊ အလိုကြီး လှ ယင်းလောဘသည်။ ယဒါ၊ လောဘဖြစ်လာ အကြင်အခါ၌။ အန္ဓတမံ၊ ဘာမှန်းမသိ အကာဏ်းအတိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ တဒါ၊ လောဘဖြစ်လာ ထိုအခါ၌။ တံလောဘော၊ အလိုကြီးမား ထိုလော ဘတရားသည်။ တံနရံ၊ လောဘဘမ်း၍ ဝေသမ်းပူဆာ ထိုသတ္တဝါကို။ သဟတေ၊ လောဘရန်မီး လွှန်ဘိစီး၍ ဖျက်ဆီးနှိပ်စက်လေသတည်း။

ရှဲကုန်သည် ဘဝက လောဘအဆိပ် တက်လာရာ၊ ဒေဝဒတ်ဘဝ တိုင်အောင် ဆက်လက်၍ ပါလာ သဖြင့်၊ ယခု အခါ အဝီစိငရဲမီးက ညီးညီးပြောင်ပြောင် တောက်လောင်စွဲငြိ၍ မချိမလှသော ဆင်းရဲဒုက္ခကို ခံစားနေရတယ်။ တကြောင့် မြတ်စွာဘုရား အလောင်းနှင့် ဒေဝဒတ် အလောင်းတို့၏ ရန်ငြိုးဖွဲ့ခဲ့ကြသော ဒေါသ, အာဃာတသည် သေရိဝ မည်သော ရှဲကုန်သည် ဘဝက ရှေးဦးအစ ပထမဖြစ်သည်ဟု ယုံကြည်မှတ် သားကြရမယ်။

ဤ ရန်ငြိုး ဖွဲ့ခြင်းသည်လည်း လောဘကြောင့် ဖြစ်ရ၍ စင်စစ်မုချ အားဖြင့် လောဘဖျက်ဆီးခြင်းကိုခံရသော သတ္တဝါများတို့သည် သေသည် ၏အခြားမဲ့ဘဝ၌ အပါယ်လေးပါးသို့လားပြီး၊ကြီးမားလှသော ဆင်းရဲဒုက္ခ များနှင့်တွေ့ကြုံရ၍၊ ထိုလောဘ၏ အပြစ်ဒေါသ အာဒိနဝကို ပိုင်ပိုင်လှလှ ကြီး သိကြသော အရိယာအပေါင်း သူတော်ကောင်း ဟူသမျှတို့သည် ထိုလောဘဟူသော အယုတ်တရားကြီးကို စွန့်ပစ် ဖယ်ရှားပြီး၊ အသန်တ ဝိမုတ္တိဓမ္မဖြစ်သော သန္တိသုခများကို ငြိမ်းအေးစွာ ခံစား စံစားနေကြသည် ဟု မြတ်စွာဘုရား ဟောကြားတော်မူပေတယ်။

**ယေနလောဘေန လုဒ္ဒါသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။**
**တံလောဘံ သမာဒညာယ ပဇဟန္တိ ဝိပဿိနော။ ။**

ယေနလောဘေန၊အာသာငမ်းငမ်း စွဲလမ်းတတ်လှ အကြင်လောဘ သည်။ လုဒ္ဒါသေ၊ လွှန်စွာဘိစီး ဖျက်ဆီးနှိပ်စက်၍ နေအပ်ကုန်သော။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်။ ဒုဂ္ဂတိံ၊ ယုတ်ညံ့ဖျင်းသောင်း မကောင်းသောဌာန ဘုံဘဝသို့။ ဂစ္ဆန္တိ၊ လောဘတရား ဆောင်ယူသွား၍ လားရောက်ကြရလေကုန်၏။ တံလောဘံ၊ အာသာငမ်းငမ်း စွဲလမ်းတတ်လှ ထိုလောဘကို။ သမာ၊ ကောင်းစွာ။ အညာယ၊ မုချပိုင်ပိုင် နိုင်နိုင်နင်းနင်း

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ထိုးထွင်းသိရှိကြကုန်သည်ဖြစ်၍။ ဝိပဿီနေ၁၊ လော၁ဘတရား အပြစ်များကို ပိုင်းခြားထင်ထင် သိမြင်တော်မူကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့သည်။ ပဇဟန္တိ၊ ရဲရဲဝံ့ဝံ့ပယ်စွန့်တော်မူကြလေကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော ရွှဲကုန်သည် သေရိဝ ဝတ္ထု စကားအရပ်ရပ်သည်၊ လော၁ဘတရားတည်းဟူသော ရန်သူကြီးက ဖျက်ဆီးနှိပ်စက်သဖြင့် တမလွန်,ပစ္စုပ္ပန် နှစ်တန်သော ဘဝများ၌အကျိုးစီးပွား ပျက်ပြားဆုံးရှုံးရပုံကိုပြသော ဥဒါဟရဏ်ဟု ယုံကြည်စွာမှတ်သား၍ ချမ်းသာကို လိုလားသည့် အမျိုးကောင်း သားသမီးတို့သည် လော၁ဘတည်းဟူသော အယုတ်တရားကြီးကို နိုင်နင်းစွာ ပယ်ရှား၍စွန့်ပစ်ကြရမယ်။

(သေရိဝ-ရွှဲကုန်သည်ဝတ္ထု ပြီး၏။)

## ဒေါသရန်သူမီးကြောင့် ပျက်စီးပုံအပြစ်ကိုပြသော ကလာဗုမင်းနှင့်ခန္တိဝါဒရသေ့ဝတ္ထု

ဒေါသတည်းဟူသော ရန်သူကြီးကြောင့် ပျက်စီး ဆုံးရှုံးရသော ဝတ္ထုသာဓကမှာ၊ ရှေးအခါဗာရာဏသီပြည်၌ ကလာဗုမည်သောမင်းကြီး နန်းစံစဉ်၊ ငါတို့၏အလောင်းတော်မြတ် ဗောဓိသတ်သည် ကုဏ္ဍလမည်သောသူဌေးသားဖြစ်၍ တက္ကသိုလ်ပြည်တွင် အတတ်ပညာများကို သင်ကြားပြီး မိဘနှစ်ပါးတို့ကွယ်လွန်သောအခါ၊ အလောင်းတော် သုမေဓာကဲ့သို့ ရှိသမျှဥစ္စာ ပစ္စည်းတွေကို တခါတည်း စွန့်ကြဲ လှူဒါန်း ပြီးလျှင်၊ ဟိမဝန္တာသို့ဝင်၍ ခန္တိဝါဒမည်သော ရသေ့ရဟန်းပြုပြီး သစ်သီးကြီးငယ်တို့ဖြင့် မျှတလျက် ရက်လရှည်မြင့်စွာနေတော်မူတယ်။

တနေ့သ၌ ချဉ်ဆား မှီဝဲအံ့သောငှါ၊ ဗာရာဏသီပြည်သို့ ကပ်ချဉ်းပြီး မင်း၏ဥယျာဉ်၌ နေတော်မူလျက် နက်ဖြန်နံနက် ဆွမ်းခံ ထွက်လတ်သော်၊ အမတ်စစ်သူကြီး၏ အိမ်တံခါးသို့ ရောက်သဖြင့် စစ်သူကြီးသည် ဘုရားအလောင်း၏ ဣရိယာပုထ်၌ကြည်ညိုလှ၍ အိမ်သို့ပင့်ပြီ လျှင်၊ မိမိတို့စီရင်သော ဘောဇဉ်အရသာကို ကောင်းမွန်စွာ လုပ်ကျွေးပြီး ထိုမင်း၏ဥယျာဉ်၌ပင် သီတင်းသုံးနေထိုင်ရန်တောင်းပန်လျှောက်ထား၍ ဘုရားလောင်းနေထိုင် သီတင်းသုံးတော်မူတယ်။

ထိုအခါ တနေ့သ၌ ကလာဗုမင်းကြီးသည် သုရာကို သောက်ပြီး ကချေသည် မင်းသမီးတို့ခြံရံလျက် ဥယျာဉ်သို့ထွက်၍၊ မင်္ဂလာကျောက်ဖျာ ထက်၌ ချစ်ခင်နှစ်သက်သော မိန်းမ၏ရင်ခွင်ပေါ်တွင် အိပ်စက် ပျော်နေ သဖြင့်၊ ကချေသည် မိန်းမတို့သည် ဥယျာဉ်သို့ လှည့်လည် ကြည့်ရှုကြရာ၊ ခန္တိဝါဒရှင်ရသေ့ကို တွေ့မြင်ကြရ၍ ဘုရင်မင်းမြတ် စက်တော်မူနေစဉ် အခါ၊ တရားကိုကြားနာကြမည်ဟု ကြံစည်ပြီး တောင်းပန်လျှောက်ထား ၍ တရားနာနေရှာကြတယ်။

ထိုအခါတွင် ဘုရင်မင်းမြတ်ကိုလှုပ်နှိုးသဖြင့် စက်ရာမှနိုးလတ်သော် ဆည်းကပ်ခစားသော ကချေသည် မိန်းမများကိုမမြင်၍ မေးမြန်းတော်မူ ရာ၊ ယုတ်မာသောမိန်းမတို့သည် တဦးသောရသေ့အား ခစား ဆည်းကပ် နေကြောင်း ပြောသဖြင့်၊ မင်းကြီးသည် လွန်စွာအမျက်ထွက်၍ သံလျက် ကို ကိုင်စွဲပြီး ရသေ့စဉ်းလဲကို သတ်အံ့သောငှါ လျင်မြန်စွာ သွားလေရာ တွင်၊ မင်းကျွမ်းဝင်သော မိန်းမတို့သည် သံလျက်ကိုဆွဲသိမ်းပြီး အမျက်ကို ငြိမ်းစေကြပေတယ်။

ထိုအခါ ကလာဗုမင်းကြီးသည် ဘုရားလောင်း၏အနီးသို့ချဉ်းကပ် ၍၊ ရဟန်း-သင်သည် အဘယ်ဝါဒရှိသနည်းဟု မေးမြန်း၏။ မြတ်သော မင်းကြီး၊ ခန္တိဝါဒရှိ၏ဟုဆို၏။ ထိုခန္တိသည် အဘယ်နည်းဟုမေးမြန်းလျှင် ဆဲရေးကုန်သောသူတို့၌၎င်း၊ ပုဘ်ခတ်ကုန်သော သူတို့၌၎င်း အမျက် ထွက် ခြင်းသည် ခန္တိမည်၏ဟုဆို၏။

ထိုအခါ မင်းကြီးသည် သူသတ်ယောကျ်ား ထောင်မှူး အာဏာ သားကို ခေါ်ပြီး၊ ရသေ့စဉ်းလဲကို ဆွဲငင်၍ ကျော, ရင်, နံဘေး လေး ပါးသော အရပ်တို့၌ ပေါက်ဆိန် အဆူးတပ်သောကြိမ်ဖြင့် တဘက်လျှင် ငါးရာ၊ မျက်နှာလေးဘက်၌ နှစ်ထောင်သောအချက်တို့ဖြင့် ရိုက်နှက် ပုတ် ခတ်ရမည်ဟု အမိန့်တော်သတ်မှတ်၍ ထောင်မှူးအာဏာသားလည်း အမိန့် တော်အတိုင်း မချွင်းနိုင်ဘဲ အတင်းဆွဲပြီး ရိုက်နှက်လေရာ၊ အပေါ်ရေ- အတွင်းရေနှင့်တကွ အသားပါစုတ်ပြတ်ပြီး တကိုယ်လုံး သွေးယိုစီးလျက် ကြီးမားလှစွာသော ဆင်းရဲဒုက္ခများကို ခံစားတော်မူရရှာတယ်။

မင်းကြီးသည် ရဟန်း - သင်သည် အဘယ်ဝါဒရှိသနည်းဟု မေး မြန်းပြန်၏။ မင်းကြီး-ခန္တိဝါဒရှိ၏။ ငါ၏ခန္တိသည် အရေကြား, အသား ကြား၌ရှိသည်မဟုတ်၊ ခန္တိကို မြင်ခြင်းငှါလည်း မတတ်ကောင်း။ စင်စစ်

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

အားဖြင့် ခန္တီသည် စိတ်၌တည်၏ဟုဆို၏။ ထိုအခါ မင်းကြီးသည် ဒေါသ မီး လောင်မြိုက် လွန်စွာမိုက်၍ ဘုရားအလောင်း၌ အမျက် ထွက်လှသဖြင့် လက်နှစ်ဘက်ကို ဖြတ်ရန်စေခိုင်းလိုက်ပြန်တယ်။

ထိုအခါ ထောင်မှူးအာဏာသားသည် ဘုရားအလောင်း၏ လက် နှစ်ဘက်ကို ပေါက်ဆိန်နှင့်ခုတ်ဖြတ်၍ နောက်ထပ် တဖန် ခြေနှစ်ဘက်ကို ဖြတ်ပြန်၍ ထိုဖြတ်အပ်သော လက်ခြေအဖျားမှ ချိပ်ရည်အလား နီမြန်း သော သွေးများသည် မချပ်မနား စီးသွား ထွက်ကျ သဖြင့် လွန်မင်းစွာ သော ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံခံစားရရှာတယ်။ တဖန် မေးမြန်းပြန်၍၊ မင်းကြီး - ခန္တီဝါဒရှိ၏။ ငါ၏ ခန္တီသည် လက်ဖျား - ခြေဖျား၌ ရှိသည် မဟုတ်၊ နက်နဲသောအရပ်၌ တည်၏ဟုဆို၏။ မင်းကြီးသည် ဘုရားလောင်း ၏ နား,နှာခေါင်းတို့ကိုဖြတ်ရန် စေခိုင်းပြန်လေ၏။

တဖန်မေးပြန်သော် ခန္တီဝါဒရှိ၏။ ငါ၏ခန္တီသည် နား,နှာခေါင်း ၌ ရှိသည်မဟုတ်၊ နက်နဲသောစိတ်၏အတွင်း၌တည်သည်ဟုဆို၏။ ထိုအခါ ကလာဗုမင်းယုတ်မာသည် ပြင်းထန်စွာ အမျက်ထွက်၍ သင်၏ခန္တီကို သင် သည်ပင်လျှင် မွှက်၍နေလော့ဟု ဆိုပြီး၊ ဘုရားလောင်း၏ ရင်ကို ခြေနှင့် ကျောက်ကန်ပြီး လျင်မြန်စွာ ထွက်သွားပေတယ်။

ထိုအခါ စစ်သူကြီးသည် ဘုရားလောင်း၏ ကိုယ်ကာယမှ ယိုစီး ထွက်ကျသော သွေးကိုသုတ်၍ ခြေ, လက်, နား, နှာ အပြတ်အစွန်းတို့ကို ပုဆိုး၌ထည့်ပြီး ရိုသေစွာရှိခိုးလျက် အရှင်ဘုရားတို့ အမျက်ထွက်ကုန်သည် ရှိသော်၊ အပြစ်ရှိသော သူတို့အားသာ အမျက်ထွက်တော်မူပါ။ တိုင်းသူ ပြည်သား လူအများတို့အား အမျက်ထွက်တော်မမူပါနှင့် အရှင်ဘုရားဟု လျှောက်ထားတောင်းပန်ရှာတယ်။

**ယော တေ ဟတ္ထေစ ပါဒေစ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။**

**တဿ ကုဇ္ဈ မဟာဝီရ၊ မာရဋ္ဌံ ဝိနာသ ဣဒံ။ ။**

မဟာဝီရ၊ ကြီးသော လုံ့လ ဥဿာဟ နှင့် တေဇဘုန်းဟော့ ရှင်ရသေ့။ ယော၊ ထက်မြက်မာန အာဃာတနှင့် ဒေါသထန်ပြင်း အကြင်ကလာဗုမင်း သည်။ တေ၊ ခန္တီဝါဒ မည်နာမနှင့် တေဇဘုန်းဟော့ ရှင်ရသေ့၏။ ဟတ္ထေစ၊ အစုံပေါင်းယှက် လက်နှစ်ဘက်တို့ကိုရင်း၊ ပါဒေစ၊ ဘယ် - ညာ ရောယှက် ခြေနှစ်ဘက်တို့ကိုရင်း။ ကဏ္ဏနာသဉ္စ၊ နှစ်ဖြာစုပေါင်း နား,နှာခေါင်းတို့

ကိုဝင်း။ ဆေဒယိ၊ ကရုဏာပါး မေတ္တာရှား၍ သနားမညှာ ပိုင်းဖြတ်ပါ ၏။ တဿ၊ ထက်မြက်မာန အာဃာတနှင့် ဒေါသထန်ပြင်း ထိုကလာဗုမင်း အား။ ကုဇ္ဈ၊ ဘိစီးနှိပ်စက် မငဲ့ကွက်ဘဲ အမျက် ထွက်တော်မူပါ ဘုရား။ ဣဒံရဋ္ဌံ၊ ဗာရာဏသီ ဘေဟီညီးညီး ဤတိုင်းနိုင်ငံကြီးကို။ မာဝိနာသ၊ ပျက် ပြို့ပြုန်းတီးအောင် မဖျက်ဆီးပါလင့်အရှင်ဘုရား။

ဤကဲ့သို့ တောင်းပန် လျှောက်ထားသော စကားကိုကြား၍ ဘုရား အလောင်း ရသေ့မြတ် သူတော်ကောင်းသည် ပြေ့ပျောင်းသော ဝစီဖြင့် ခန္တီကိုရှေ့ထားပြီး၊ အမတ် စစ်သူကြီး ဒေါသမီး လောင် ချက် ကြောင့် မတရားနှိပ်စက်သည့် ကလာဗုမင်းအတွက်နှင့် တိုင်းနိုင်ငံပြို့ပျက်အောင် ငါ အမျက်မထွက်ပေ။ ရက်စက်ကြမ်းကြုတ် ထိုမင်းယုတ်၏ ပြုလုပ်သော အမှု များကို ရန်စနက်မီးမပွားအောင် ကရုဏာရှေ့ထား၍ မေတ္တာတရားကိုသာ နှလုံးသွင်းကြောင်းနှင့် ဘုရားလောင်း ဟောကြားတော်မူတယ်။

**ယော မေ ဟတ္ထေစ ပါဒေစ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။**
**စိရံ ဇီဝတု သောရာဇာ၊ နဟိကုဇ္ဈန္တိ မာဒိသာ။ ။**

ဘောအမစ္စ၊ အို-အမတ်စစ်သူကြီး၊ ယောရာဇာ၊ ထက်မြက်မာန အာဃာတနှင့် ဒေါသထန်ပြင်း အကြင် ကလာဗုမင်းသည်။ မေ၊ ခန္တီရှေ့ ထား တရားပျော်မွေ့ ငါရသေ့၏။ ဟတ္ထေစ၊ အစုံပေါင်းရှက် လက်နှစ် ဘက်တို့ကိုဝင်း။ ပါဒေစ၊ ဘယ်ညာရှေ့ယှက် ခြေနှစ်ဘက်တို့ကိုဝင်း။ ကဏ္ဏ နာသဉ္စ၊ နှစ်ဖြာစုပေါင်း နား နှာခေါင်း တို့ကိုဝင်း။ ဆေဒယိ၊ ကရုဏာ ပါး မေတ္တာရှား၍ သနားကင်းသွေ ပိုင်းဖြတ်လေ၏။ သောရာဇာ၊ အမျက် မာန အာဃာတနှင့် ဒေါသထန်ပြင်း ထိုကလာဗုမင်းသည်။ စိရံ၊ ကြာမြင့် လှစွာ။ ဇီဝတု၊ အသက်တာရာ ရှည်ပါစေသတည်း။ မာဒိသာ၊ ငါနှင့်တမူ တူကြလေဘိ ပညာရှိတို့သည်။ နဟိကုဇ္ဈန္တိ၊ ဒေါသမာန်တက်၍ အမျက် မထွက်ကြလေကုန်သတည်း။

ထိုနောက် ကလာဗုမင်းယုတ်သည်ဥယျာဉ်မှထွက်၍ ဘုရားလောင်း ၏ မြင်ကောင်းသော အရပ်ကိုလွန်လျှင် ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မြေကြီးသည် ဟည်းဟည်းညံကွဲအက်၍ အဝီစိမှ ထွက်သော မီးလျှံဖြင့် ဝန်းရံလောင်စွဲပြီး မြေကြီးကို ဖေါက်ခွဲလျက် အဝီစိငရဲကြီး၌ လွန်ကဲသော ဒုက္ခနှင့် တကမ္ဘာလုံး ကြုံတွေ့နေရတယ်။ ဘုရားအလောင်း

သည်လည်း မင်းနိုပ်စက်သော ဝေဒနာနှင့်ပင် ခန္ဓာပျက်ကြွေ သေလွန်ခတော်မူရရှာ၏။ မင်း၏ ပရိသတ်နှင့်တကွ တိုင်းသူပြည်သားတို့သည် ပန်းနံ့သာ အခိုးအထုံကိုစုပုံပြီး အလောင်းတော်ကို ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ကြတယ်။ (အချို့သော ဆရာ များက ဘုရားအလောင်းသည် တဖန် ဟိမဝန္တာသို့ သွား၏ဟု ဆို၏။ ထိုစကားကို စဉ်းစားဆင်ခြင်သင့်ပေသည်။)

ဤသို့သော အကြောင်းများကို ဘုရားအဖြစ်သို့ရောက်တော်မူသော အခါ၊ အတိတ်ကိုဆောင်ပြီး သည်းခံခြင်းအကျိုးတရားနှင့် လွန်ကျူးသူ၏ အပြစ်များကို ထင်ရှားစွာ ဟောကြားတော်မူထားပေတယ်။

**အဟု အတီတမဒ္ဓါနေ၊ သမဏော ခန္တိဒီပနော။**
**တံ ခန္တိဝါဒေဝ ဠိတံ၊ ကာသိရာဇာ အဆေဒယိ။ ။**

**တဿ ကမ္မဖရုသဿ၊ ဝိပါကော ကဋုကော အဟု။**
**ယံ ကာသိရာဇာ ဝေဒေသိ၊ နိရိယမှိ သမပ္ပိတော။ ။**

အတီတမဒ္ဓါနေ၊ လွန်ပြီးလေရာ ရှေးအခါ၌။ ခန္တိဒီပနော၊ သည်း ခံခြင်းတည်းဟူသော ခန္တိပါရမီနှင့် စုံညီပြည့်ဝတော်မူသော။ သမဏော၊ ဖလ်ဝါနီမြန်း ဝတ်သက်နှင့် မြတ်သော ရသေ့ရဟန်းသည်။ အဟု၊ စင်စစ် မသေ့ဖြစ်ခဲ့လေပြီ။ ခန္တိဝါဒေဝ၊ မဖေါက်မပြန် သည်းခံခြင်းတည်းဟူသော အယူဝါဒ၌သာလျှင်။ ဠိတံ၊ မသေ့မဖီ အာဇာနည်သို့ အမြဲတည်တန့်၍ နေသော။ တံ၊ တရားပျော်မွေ့ ထိုရသေ့ကို။ ကာသိရာဇာ၊ ကာသိကဟု နာမတွင်ခြင်း ကလာဗုမင်းသည်။ အဆေဒယိ၊ ကရုဏာပါး မေတ္တာရှား၍ သနားကင်းသွေ ပိုင်းဖြတ်စေ၏။

ကာသိရာဇာ၊ ကာသိကဟု နာမတွင်ခြင်း ကလာဗု မင်းသည်။ ယံကမ္မံ၊ ခြေ လက် နား နှာ ဖြတ်ပိုင်းကာနှင့် လွန်စွာကြမ်းကြုတ် ရိုက်ပုတ် ထောင်းထုခြင်းတည်းဟူသော အကြင်မကောင်းမှုကို။ အကာသိ၊ ဒေါသ ဆဲ့၍ မိုက်မဲ့ညစ်တေ ပြုကျင့်လေ၏။ တဿကမ္မဖရုသဿ၊ ယုတ်မာညစ်ကျူ ထိုမကောင်းမှုကံ၏။ ကဋုကော၊ လွန်စွာထန်သဲ ဆင်းရဲပြင်းပြင်းလှသော။ ဝိပါကော၊ များစွာပွားတိုး မကောင်းသောအကျိုးသည်။ အဟု၊ မုချမသွေ ဖြစ်ရလေ၏။ ကာသိရာဇာ၊ ကာသိကဟု နာမတွင်ခြင်း ကလာဗုမင်းသည်။ နိရိယမှိ၊ ချမ်းသာကင်းစဲ အဝီစိငရဲ၌။ သမပ္ပိတော၊ ကမ္ဘာစွဲလျက် အမြဲ

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

မသေ့ တည်နေရသည်ဖြစ်၍။ ဝေဒေသိ၊ မအားမလပ် မချပ်မနားရအောင် ခံစား၍ နေရလေသတည်း။

ဤကလာဗုမင်းဟာ အမျက်ဒေါသ အာဃာတဟူသော ရန်သူကြီးက ဘိစီးနှိပ်စက်သောကြောင့်၊ မျက်မှောက်၌ဖြစ်သော ဘဝမှာပင် အသက်ဝိညာဉ် တင်းလင်းနှင့် မြေခွင်း၍ မျိုသဖြင့်၊ ငြိုငြင်သော ဆင်းရဲဒုက္ခကို ကြီးကျယ်စွာ ခံစားရလျက်၊ အဝီစိငရဲသို့ တရှိန်တည်း ကျသွားရှာတယ်။ အဲတာကြောင့် ဒေါသဟူသော တရားဆိုးကြီးသည်၊ အကြောင်း အကျိုးနှင့်တကွ၊ အကောင်း အဆိုးကို ခွဲခြမ်း၍ ဘာမှန်းမသိသော အကန်းကြီး အတိသာဖြစ်လျက်၊ ဒေါသခိုမှီးသောသူကိုသာ အစဉ်မပျက် နှိပ်စက် ဖျက်ဆီးတတ်သော ရန်သူကြီးအစစ် ဖြစ်သည်ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

**ဒေါသော အတ္ထံ န ဇာနာတိ၊ ဒေါသော ဓမ္မံ နပဿတိ။**
**အန္ဓတမံ တဒါဟောတိ၊ ယံဒေါသော သဟတေ နရံ။ ။**

ဒေါသော၊ အမျက်ထွက်ပွား ဒေါသတရားသည်။ အတ္ထံ၊ ယုတ်ညံ့နှစ်ပါး အကျိုးတရားကို။ နဇာနာတိ၊ မချပိုင်ပိုင် မသိနိုင်။ ဒေါသော၊ အမျက်ထန်ပြင်း ဒေါသတရားသည်။ ဓမ္မံ၊ ကောင်း မကောင်းပြု အကြောင်းတရားစုကို။ နပဿတိ၊ မုချထင်ထင်မသိမြင်။ ယဒါ၊ ဒေါသဖြစ်လာ အကြင်အခါ၌။ အန္ဓတမံ၊ ဘာမှန်းမသိ အကန်းကြီးအတိသည်။ ဟောတိ၊ စစ်စစ် မသေ့ ဖြစ်ပါပေ၏။ တဒါ၊ ဒေါသဖြစ်လာ ထိုအခါ၌။ အယံဒေါသော၊ ကြမ်းထန်ခက်လှ ယင်းဒေါသတရားသည်။ တံနရံ၊ ဒေါသဘမ်း၍ ဝေသမ်းပူဆာ ထိုသတ္တဝါကို။ သဟတေ၊ ဒေါသချန်မီး လွှန်ဘိစီး၍ ဖျက်ဆီးနှိပ်စက်လေသတည်း။

အဲတာလို ဒေါသဟူသော အယုတ်တရားကြောင့်၊ တမလွန်ပစ္စုပ္ပန် နှစ်တန်သော ဘဝများ၌ အကျိုးစီးပွား ပျက်ပြား ဆုံးရှုံးရသည်ဖြစ်၍၊ ဒေါသ၏အပြစ် အာဒီနဝကို ပိုင်ပိုင်လှလှကြီးသိရှိကြသော အရိယာအပေါင်း သူတော်ကောင်း ဟူသမျှတို့သည်၊ သန္တိသုခ ချမ်းသာများကို ငြိမ်းအေးစွာ ခံစားစံစား နေကြသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

**ယေနဒေါသေန ဒုဋ္ဌာသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။**
**တံဒေါသံ သမ္မဒညာယ၊ ပဇဟန္တိ ဝိပဿိနော။ ။**

**ယေနဒေါသေန၊** ယမ်းပုံမီးကျ ပြင်းထန်လှသည့်အကြင်ဒေါသဖြင့်။ ဒုဋ္ဌာသေ၊ လွန်စွာဘိစီး ဖျက်ဆီးနှိပ်စက်၍ နေအပ်ကုန်၏။ သတ္တာ၊ ဒေါသ မီးပွား သတ္တဝါအများတို့သည်။ ဒုဂ္ဂတိံ၊ ယုတ်ညံ့ဖျင်းသောင်း မကောင်း သော၌ာန ဘုံဘဝသို့။ ဂစ္ဆန္တိ၊ ဒေါသတရား ဆောင်ယူသွား၍ လားရောက် ကြကုန်၏။ တံဒေါသံ၊ ယမ်းပုံမီးကျ ပြင်းထန်လှသည့် ထိုဒေါသကို။ သမ္မာ၊ ကောင်းစွာ။ အညာယ၊ မှုချပိုင်ပိုင် နိုင်နိုင်နင်းနင်း ထိုးထွင်းသိရှိကြကုန် သည်ဖြစ်၍။ ဝိပဿိနော၊ ဒေါသတရား အပြစ်များကို ပိုင်းခြားထင်ထင် သိမြင်တော်မူကြကုန်သော အရှင်ကောင်း,အရှင်မြတ်တို့သည်။ ပဇဟန္တိ၊ ရဲရဲ ဝံ့ဝံ့ မယ်စွန့်တော်မူကြလေကုန်သတည်း။

ဤဆိုအပ်ခဲ့ပြီးသော ခန္တိဝါဒ ရသေ့မြတ်နှင့် ကလာဗုမင်းတို့ စပ် သော ဝတ္ထုစကားအရပ်ရပ်သည် ဒေါသတရား တည်းဟူသော ရန်သူကြီး က ဘိစီးနှိပ်စက်သဖြင့် တမလွန်,ပစ္စုပ္ပန် နှစ်တန်သော ဘဝများ၌ အကျိုး စီးပွား ပျက်ပြားဆုံး ရှုံးရပုံကိုပြသော ဥဒါဟရုဏ်ဟုယုံကြည်စွာမှတ်သား၍ ချမ်းသာကို လိုလားကြသည့် အမျိုးကောင်း သူ့မီး-သားတို့သည်၊ ဒေါသ တည်းဟူသော အယုတ်တရားကြီးကို နိုင်နင်းစွာ ပယ်ရှားစွန့်ပစ်ကြ၍ ဒါန, သီလစသော ကုသိုလ်များကို အားတုတ်ကြရမယ်။

(ကလာဗုမင်းနှင့် ခန္တိဝါဒဝတ္ထုပြီး၏။)

**မောဟ ရန်သူကြီးကြောင့် ပျက်စီးပုံအဖြစ်ကို ပြသော**
**ကလျာဏီမင်းနှင့် အဘယ မထေရ်ဝတ္ထု**

**(မောဟကထာ။)**

မောဟ တည်းဟူသော ရန်သူကြီးကြောင့် ပျက်စီးဆုံးရှုံးရသော သာဓကဝတ္ထုမှာတော့၊ ကလျာဏီမြစ်၏အနီး တခုသော မြို့ကြီး၌ ထီးနန်း စိုက်ထူ၍ ရိပ်ဖြူဖြန့်မိုး အုပ်စိုးနေသော ကလျာဏီမည်သော မင်းကြီးသည်၊ သာသနာတော်ကို ကြည်ညိုလေးစား သဒ္ဓါတရားနှင့် ပြည့်စုံသည် ဖြစ်၍၊ အဘယမည်သော မထေရ်ကို နောက်ပါသံဃာများပြားစွာနှင့် နန်းတော် မှာ ပင့်ဆောင်စည်းဝေးပြီး အမြဲမပြတ် ဆွမ်းလုပ်ကျွေးရှာတယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ထိုအခါကာလတွင် မင်း၏ညီဖြစ်သော ဥတ္တိယ မင်းသားသည်၊ မိဖုယားကြီး၌ ယင်ပါးဆက်ဆံမိသဖြင့် ရာဇဝတ် အပြစ်ဒဏ်ကို ကြံတွေး ကာရွံ့ကြောက်၍ ရုပ်ဖျက်ဖယ်ရှားအရပ်တပါးသို့ ထွက်သွား တိမ်းရှောင် နေရရှာတယ်။ နှစ်ပရိစ္ဆေဒ ကာလကြာသောအခါ၊ လွမ်းဆွတ် တမ်းတ အောက်မေ့လှသဖြင့်၊ စိတ်ကထင်ရာ စာလွှာကို ရေးသားပြီး၊ တဦးသော မင်းချင်းယောကျ်ားကိုရဟန်းများအသွင်ကဲ့သို့ ဆင်ယင်ပြုပြင်ပြီး မိဖုယား ကြီးထံ စာပို့ရန်စေလွှတ်လိုက်ရှာတယ်။

သည်တော့မင်းချင်းယောကျ်ား အမှုထမ်းသားကလည်း စည်းစိမ် နှင့်အသက်များကိုငဲ့ကွက်ညှာတာ၍ မထားဘဲ ဝတ်တရား ပြည့်စုံအောင် ရွက်ဆောင်ရန် ထွက်သွားပြီး မင်းကြီး၏ နန်းတော် တံခါးက စောင့်စား ငံ့လင့်လျက် အဘယမထေရ်နှင့် သံဃာများ တက်လာမှ ဣန္ဒြေမပျက် နောက်ဆက်၍လိုက်ပါပြီး သံဃာတော်များဆွမ်းစားပြီး၍ ကြွသွားသော် မိဖုယားကြီးအနားတွင် စာခွေကိုချ၍ထားခဲ့ပြီး မနီးမဝေးထွက်သွားသဖြင့် ရဟန်းတော်များက မင်းကျွမ်းဝင်သောသူဟု မှတ်ထင်နေကြရှာတယ်။

ကလျာဏီမင်းကလည်း၊ မိဖုယားကြီးအနားတွင်စာခွေကျသည်ကို မြင်၍ ယူငင်ကြည့်ရှုရာ၊ အကြောင်းကိုသိရှိသဖြင့် ရဟန်းကိုအမိဘမ်းပြီး မေးမြန်းတော်မူတယ်။

ထိုအခါ ရဟန်းယောင် စေတမန်သည်၊ ကြံရာမရ,ကြောက်ရွံ့လှ၍ အဘယမထေရ်က စေခိုင်းကြောင်းနှင့် လွှတ်ခွင့်ကိုဥာဏ်ဆ,ပြီး သံတော် ဦးတင်ပါရောတဲ့။ အဲသည်တော့ကလျာဏီမင်းတရားသည် မဆင်ခြင်မစဉ်း စားဘဲ အသိဉာဏ်ပါးရှားသဖြင့် **"ဘုရားမှတ်လို့ ကိုးကွယ်ပါ - ဖွတ် ထွက်ပြေးမှ တောင်ပို့မှန်းသိ"** ဆိုဒါလို ထီးနန်း လုယက်ပြီး အသက်ကို ရန်ရှာမည်ထင် ကြံရာ မြောက်သား မိဖုယားကြီးနှင့် စပ်ယှဉ်သဖြင့် ဒေါသအမျက်ပြင်းစွာထွက်၍ အဘယမထေရ်ကို ဆီပူအိုးတွင် ကြော်ချက် ကြလေဟူ တချက်လွှတ် အာဏာသားတွေကို လျင်မြန်စွာ ခိုင်းစေလိုက် တယ်။

ထိုအခါ တိုင်းသူပြည်သား လူအများတို့သည် အဘယမည်သော မထေရ်မြတ်အား မတရားသဖြင့် ပြုကျင့်သောအမှုဖြစ်ပါသည်။ မှန်မည်, မှားမည် ဤနှစ်ထိကို အတည်ထကျ သိရအောင် စီစစ်မေးမြန်းစုံစမ်းတော် မူပါဦးဟု တတိုင်းပြည်လုံး-အုံးအုံး,ကျွက်ကျွက်နှင့် သူ့,ထက်ငါ ဆူညံပြီး

(ပဋ္ဌမအကြိမ် ရိုက်နှိပ်သည်)

မင်းကြီးအထံသို့ သံတော်ဦး တင်ကြပါသော်လည်း ချမ်းသာခွင့် မရ၍ စိုးရိမ်သောက ငိုကြွေးခြင်းပရိဒေဝ ဖြစ်ကြရရှာတယ်။ ဤကဲ့သို့အကြိမ်ကြိမ် အဖန်ဖန် လွတ်ခွင့်ကိုတောင်းပန်၍ သံတော်ဦးတင်ဆဲအခါမှာပင်၊ ဆိပ္ပူ ချက်သမား အာဏာသားတို့က မထောက်ထား မငဲ့ညှာဘဲ လျင်မြန်စွာ ဆိပ္ပူအိုးအတွင်းသို့ ခုချက်ခြင်းဆင်းရမည်ဟု ထန်ပြင်းသောဒေါသနှင့်ဝိုင်း အုံကာ လျှော်က်ထားကြတယ်။

သည်တော့ အဘယမထေရ်ကကြံစည် စဉ်းစားသည်မှာ၊ မတရား ဟန်ဆောင်သည့် ရဟန်းရောင် ပြုချက်ကို ထုတ်ဖော်၍မြွက်ခဲ့သော်၊ ထို သူ၏အသက်သည် ပျက်စီးယိုယွင်း သေရခြင်းသို့ ရောက်ရှာပေလိမ့်မည်။ ဤကဲ့သို့အကျိုးမဲ့ဆုံးရှုံးခဲ့လျှင် တသက်လုံးထိန်းသိမ်း စောင့်ရှောက်ရသည့် စတုပါရိသုဒ္ဓိသီလသည် အချည်းနှီးမျှသာ ဖြစ်ပေရာ၏။ စင်စစ်မုချအား ဖြင့် ရုပ်,နာမ်နှစ်ဖြာ ခန္ဓာအသက်ကိုညှာတာငဲ့ကွက်ပြီး သီလကိုမဖျက်ဆီး သင့်ပေ။ သေရခြင်းကသာမြတ်ပေရာ၏ဟု တည်ကြည်ငြိမ်သက်စွာ နှလုံး သွင်းတော်မူရှာတယ်။

**ပါတိမောက္ခံဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**

**ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ။ ။**

ပါတိမောက္ခံ၊ ကာယ,ဝစီ နှစ်လီနှစ်ဝ စောင့်ရှောက်ရသည့် ပါတိ မောက္ခ မြတ်သီလကို။ ဝိသောဓေန္တော၊ ညစ်ကြေးမတင် သန့်ရှင်း စင် အောင် သုဓ်သင် ရှင်းလင်းလိုသော ပုဂ္ဂိုလ်သည်။ ဇီဝိတံ၊ ရုပ်,နာမ်ခန္ဓာ နှစ်ဖြာရောယှက် မိမိအသက်ကို။ အပ္ပေဝဇဟေ၊ ရဲရဲဝံ့ဝံ့နောက်မတွန့်ဘဲ ပယ်စွန့်နိုင်ပေရာ၏။ လောကနာထေန၊ ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ဖြူညွတ်ပျောင်း ကိုးကွယ်လည်းလျှောင်း၍ ပုန်းအောင်းမှီခိုရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပညတ္တံ၊ မိန့်မှာသတ်မှတ် ပညတ် တော်မူအပ်သော သီလသံဝရံ၊ ပါတိမောက္ခ အမည်ရသည့် သံဝရသီလ တော်မြတ်ကို။ နဘိန္ဒေ၊ အသက်ကိုငဲ့ကွက်၍မချိုးမဖျက်ရာသလျှင်ကတည်း။

ဤကဲ့သို့သီလကိုမဖျက်ဘဲ အသက်ကို အသေခံတော်မူမည်ဟု ကြံ စည် နှလုံးသွင်းပြီး စည်းဝေးရောက်လာကြသော ပရိသတ်များ သေရ ခြင်း တရားသည် ဘယ်သူအားမှ ရှောင်ရှား၍ မလွတ်ပေရာ၊ သတ္တဝါ အနန္တတို့၏ဖြစ်ကြရသော ဆင်းရဲချမ်းသာ အဖြာဖြာတို့မှာလည်းမိမိတို့၏

ကံပုပြင်သမျှသာဖြစ်ကြရကြောင်း ယခုအခါတွေ့ကြုံခံစားရမည့် အလွန်ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကောင်းလှသော ဆင်းရဲဒုက္ခများကို မြင်ကြရသဖြင့် ဤကဲ့သို့သော ဆင်းရဲဒုက္ခမျိုးမှ လျင်မြန်စွာ လွတ်မြောက် ကြရအောင်သီလကို သုခံသင်၍ လက္ခဏာ ယဉ်သုံးပါးသို့ တင်လျက် ငါးအင်ဖောခန္ဓာကို ဝိပဿနာဉာဏ်စဉ်ဖြင့် ရှုဆင်ခြင်နှလုံးသွင်းပြီး သောကမီးငြိမ်းကြရမည့်အကြောင်းများနှင့် ဟောကြား ဆုံးမတော်မူရှာပေတယ်။

**သဗ္ဗေ ကမ္မသကာ သတ္တာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။**
**ဟိနပဏီတဘာဝါယ၊ န စိန္တာယ သမိဒ္ဓိနော။ ။**

သဗ္ဗေ၊ ခပ်သိမ်းဥဿုံအလုံးစုံ ကုန်သော။ သတ္တာ၊ လူ,နတ်, ဗြဟ္မာ သတ္တဝါဟူသမျှတို့သည်။ ကမ္မသကာ၊ အကုသိုလ်နှင့် ကုသိုလ် ပိုင်းခြားကံနှစ်ပါးသာ ကိုယ်ပိုင်ဥစ္စာရှိကုန်၏။ ကမ္မံ၊အကုသိုလ်နှင့်ကုသိုလ်ပိုင်းခြားကံနှစ်ပါးသည်။ သတ္တေ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ကို။ ဝိဘဇ္ဇတိ၊ ဆိုးကောင်းရောပြွမ်း ကံအစွမ်းဖြင့် ခွဲခြမ်းစိတ်ဖြာခဲ့လေ၏။ ဟိနပဏီတဘာဝါယ၊ ယုတ်မြတ်တန် ဆင်းရဲ,ချမ်းသာ ဖြစ်စေခြင်းငှာ။ စိန္တာယ၊ ပြုလုပ်ထိုက်ဤစိတ်ကြံစည်သဖြင့်။ နသမိဒ္ဓိနော။ ဘာတခုမျှ မပြည့်စုံနိုင်ကြလေကုန်သတည်း။

ဤကဲ့သို့ဟောကြားဆုံးမတော်မူပြီး၊ မိမိဌကျရောက်သော ဝိပါကကို ဒုက္ခဝေဒနာအဖြစ်ဖြင့် ထင်မြင်အောင် ဝိပဿနာ ဉာဏ်စဉ်အတိုင်း ဆင်ခြင်နှလုံးသွင်းရာ၊ လျင်မြန်စွာ ရဟန္တာအဖြစ်သို့ ပေါက်ရောက်၍ မီးတောက်မီးလျှံတို့နှင့်တကွ ကျိုက်ကျိုက်ဆူပွက်နေသောဆီပူအိုးအတွင်းသို့ မငြင်းမဆန်သာဘဲ သက်ဆင်းကာ ပရိနိဗ္ဗာန်ပြုတော်မူရရှာဘယ်။ အရှင်၏အကျိုးကို သည်ပိုးရွက်ဆောင်သည့် ရဟန်းရောင် စေတမန်ကိုလည်း ချမ်းသာခွင့်မထားဘဲ ခေါးသံလျက်ဖြင့် သုံးပိုင်း,ပိုင်း၍ လှိုင်းထမ်းပိုး ထန်ပြင်းသည့် သမုဒ္ဒရာပင်လယ်အတွင်းသို့ အဘင်းပစ်ချလိုက်ကြပေတယ်။

ထိုအခါသမုဒ္ဒရာပင်လယ်အရပ်၌ စောင့်ကြပ်၍နေကြသည့် နတ်အများတို့သည်မတရားပြုကျင့်သော ကလျာဏီမင်းကြီးအတွက် ဒေါသအမျက်ပြင်းထန်စွာထွက်၍ သမုဒ္ဒရာဝဲဂရက်မှအခါမဲ့ ရေလွှမ်းတက်ကြစေကြတယ်။ သည်တော့မင်းကြီးက ကြောက်ရွံ့ရှာ၍ ဆရာပုဏ္ဏားများကို ခေါ်ပြီးမေးမြန်းသဖြင့် မနိုင်းချင့်မစဉ်းစားဘဲဆရာပုဏ္ဏားတို့က သမီးတော်

တပါးကို သမုဒ္ဒရာပင်လယ်စောင့်နတ်အား ဗာလိနတ်စာကျွေးရန် သင့်ပါကြောင်းဟု သံတော်ဦးတင်ကြတယ်။ ထိုစကားကို ကြားသော် အသိဉာဏ်ပါးရှားသည့် ကလျာဏီမင်းတရားကြီးသည် တယောက်ထည်း ထွန်းကားလာ၍ အလွန်တရာချစ်ခင်မြတ်နိုးလှစွာသော သမီးတော်ရတနာကို ဆရာပုဏ္ဏားတို့၏လက်တွင်းသို့အပ်နှင်းလိုက်ပါရောတဲ့။

သည်တော့ပုဏ္ဏားမိုက်တသင်းတို့က သမီးတော်ကို အိုးတွင်းထည့်သွင်း၍ ပင်လယ်ရေကြော၌ မျှောလိုက်ကြရာတွင်၊ သမီးတော် ရတနာ၏ ပါရမီကုသိုလ်ထောက်၍ ပင်လယ်တွင်မသေမပျောက်ရအောင် နတ်အများစောင့်ရှောက်သဖြင့် သိဟိုဠ်ကျွန်းမဟာဂါမ-မည်သောရွာ၏အနီး ကောဋိတကျောင်းကြီး ဆိပ်ကမ်းသို့ရောက်သွား၍ များစွာသောလူတို့က ဆယ်ယူကျွေးမွေးကြရာ၊ နတ်သွီးပမာ လွန်စွာယဉ်ကျေးလှပကြောင်း ကာကဝဏ္ဏတိဿမင်းကြီး ကြားလျှင်၊ များစွာသော မင်း၏ ကြက်သရေဖြင့်ဆောင်ယူပြီး မိဖုယားကြီးအရာ၌ထား၍ စံစားတော်မူသဖြင့် ဝိဟာရဒေဝီဟူ၍၎င်း၊ ကလျာဏီမိဖုယားဟူ၍၎င်း သိဟိုဠ်ကျွန်း၌ထင်ရှား ကျော်စောလျက်ရှိနေပေတယ်။

ထိုနောက်၊ အဘယမည်သော ရဟန္တာအရှင်ကို ဆီပူအိုးတွင် ပစ်ချသည့် အရဟန္တဃာတကကံ အတွက် လေးနက် ကြီးမားလှသည် ဖြစ်၍၊ မြစ်ပင်လယ်သမုဒ္ဒရာမှ လှိုင်းထမ်းပိုးထကြွပြီး ပြင်းပြစွာ ရေလွှမ်းဖုံးသဖြင့် မင်းနှင့်တကွသော ကလျာဏီတမြို့လုံးသည် ပျက်ပြုန်းဆုံးရှုံး၍ ယူကျုံးမရသော ဆင်းရဲဒုက္ခနှင့် တွေ့ကြုံကြရပြီး၊ မင်းကြီးနှင့်တကွ လူဗာလတသင်းတို့မှာ အချင်းချင်း ပေါင်းဆုံလျက် အဝီစိ အောက်နရက်တွင် ကမ္ဘာကိုရက်တွက်၍ ယခုထက်တိုင် မပြေးထွက်နိုင်ဘဲ ငရဲမီးလောင်စွဲသဖြင့် လွန်ကဲ ပြင်းပြလှစွာသော ဒုက္ခဝေဒနာနှင့် တွေ့ကြုံခံစားရရှာ၍ ငရဲမီးစာတွေဖြစ်နေရှာကြတယ်။

အဲတာ သတိသမ္ပဇဉ်ဖြင့် မထောက်ဆ မဆင်ခြင် သည့် အတွက် မောဟတရား တည်းဟူသော ရန်သူကြီးက နှိပ်စက် ဖျက်ဆီး၍ ပျက်စီးဆုံးရှုံးရတာလို့ မှတ်ရမယ်။ တာကြောင့် အဝိဇ္ဇာ တည်းဟူသော မောဟတရားဆိုးကြီးသည် အကြောင်း, အကျိုးနှင့်တကွ အကောင်း, အဆိုးကိုခွဲခြမ်း၍ ဘာမှန်းမသိသော အကာဏ်းအတိသာဖြစ်၍၊ မောဟခိုမှီးသော

သူကိုသာ အစဉ်မပြတ် နှိပ်စက် ဖျက်ဆီး တတ်သော ရန်သူကြီးအစစ်ဖြစ် သည်ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူတယ်။

**မောဟော အတ္ထံ နဇာနာတိ၊ မောဟော ဓမ္မံ နပဿတိ။**

**အန္ဓတမံ တဒါ ဟောတိ၊ ယံမောဟော သဟတေ နရံ။ ။**

မောဟော၊ မသိမိုက်မှား မောဟတရားသည်။ အတ္ထံ၊ ယုတ်မြတ် နှစ်ပါး အကျိုးတရားကို။ နဇာနာတိ၊ မုချပိုင်ပိုင် မသိနိုင်။ မောဟော မသိမိုက်မှား မောဟတရားသည်။ ဓမ္မံ၊ ကောင်း,မကောင်းပြု အကြောင်း တရားစုကို။ နပဿတိ၊မုချထင်ထင်မသိမြင်။ ယဒါ၊မောဟဖြစ်လာအကြင် အခါ၌။ အန္ဓတမံ၊ ဘာမှန်းမသိ အကာဏ်းအတိသည်။ ဟောတိ၊ စင်စစ် မသွေ ဖြစ်ပါပေ၏။ တဒါ၊ မောဟဖြစ်လာ ထိုအခါ၌။ ယံမောဟော၊ မသိမိုက်မှား ယင်းမောဟတရားသည်။ တံနရံ၊ မောဟဘမ်း၍ ဝေသမ်း ပူဆာ ထိုသတ္တဝါကို။ သဟတေ၊ မောဟရန်မီး လွှန်ဘိစီး၍ ဖျက်ဆီးနှိပ် စက်လေသတည်း။

အဲတာကြောင့်မြတ်စွာဘုရားက မောဟတရားကို ဖယ်ရှားမှ ငြိမ်း အေး ချမ်းသာစွာ ခံစားရမည်ဟု ဟောကြားတော်မူတယ်။

**ယေနမောဟေန မုယှံသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။**

**တံမောဟံ သမ္မာဒညာယ၊ ပဇဟန္တိ ဝိပဿိနော။ ။**

ယေနမောဟေန၊ မမြင်စမ်းတန်း သူကာဏ်းတမျှ ဖုံးလွှမ်းလှသည့် အကြင်မောဟဖြင့်။ မုယှံသေ၊ မိန်းမောတွေဝေ မြေးယှက်၍ နေကုန်၏။ သတ္တာ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည်။ ဒုဂ္ဂတိံ၊ ယုတ်ညံ့ ဖျင်းသောင်း မကောင်းဌာန ဘုံဘဝသို့။ ဂစ္ဆန္တိ၊ မောဟတရားဆောင်ယူသွား၍ လား ရောက်ကြရလေကုန်၏၊ တံမောဟံ၊ မမြင်စမ်းတန်း သူကာဏ်းတမျှ ဖုံး လွှမ်းလှသည့် ထိုမောဟကို။ သမ္မာ၊ ကောင်းစွာ။ အညာယ၊ မုချပိုင်ပိုင် နိုင်နိုင်နင်းနင်း ထိုးထွင်းသိရှိကြကုန်သည်ဖြစ်၍၊ဝိပဿိနော၊ မောဟတရား အပြစ်များကို ပိုင်ခြားထင်ထင် သိမြင်တော်မူကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့သည်။ ပဇဟန္တိ၊ ရဲရဲဝံ့ဝံ့ ပယ်စွန့်တော်မူကြလေကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော အဘယ ရဟန္တာမထေရ်, ကလျာဏီမင်းကြီး နှင့်စပ်သော ဝတ္ထုစကား အရပ်ရပ်သည် မောဟ တည်းဟူသော ရန်သူ ကြီးက ဘိစီးနှိပ်စက်သဖြင့် တမလွန်, ပစ္စုပ္ပန် နှစ်တန်သော ဘဝများ၌

(ပဋ္ဌမအကြိမ် ရိုက်နှိပ်သည်)

အကျိုးစီးပွား ပျက်ပြားဆုံးရှုံးရပုံကို ပြသော ဥဒါဟရုဏ်ဟု ယုံကြည်စွာ မှတ်သား၍ ချမ်းသာကို လိုလားကြသည့် အမျိုးကောင်း သွီး-သားတို့သည် မောဟတည်းဟူသော အယုတ်တရားကြီးကို နိုင်နင်းအောင်စွန့်ပစ် ပယ်ရှား ကြ၍ ဒါန,သီလစသော တရားများကို ကြိုးစားအားထုတ်ကြရမယ်။

ဤပြဆိုအပ်ခဲ့ပြီးသော လောဘ, ဒေါသ, မောဟတရား ရန်သူကြီး သုံးပါးကို ပယ်ရှားဖြိုဖျက်ရန် ဆန့်ကျင်ဘက်ဖြစ်သော လက်နက်ကြီးများ လည်း ဒါန, သီလ, ဘာဝနာဟု သုံးဖြာပင်ရှိသဖြင့် ပယ်သတ်နိုင်သော အကြောင်းအင်္ဂါမှာလည်း အနိစ္စ,ဒုက္ခ,အနတ္တဟု သုံးဌာနပင် ရှိပြန်တယ်။ ထို ရန်သူသုံးချက်, လက်နက်သုံးဖြာ, အင်္ဂါသုံးရပ်ကို ပေါင်းစပ်ယှဉ်တွဲ၍ အဓိပ္ပါယ်ဝေခွဲသည်ရှိသော်၊ လောဘသည် ဒါန၏ရန်သူ၊ ဒေါသ သည် သီလ၏ရန်သူ၊ မောဟသည် ဘာဝနာ၏ရန်သူဖြစ်၍၊ လောဘကို-ဒါနလက် နက်၊ ဒေါသကို-သီလလက်နက်၊ မောဟကို-ဘာဝနာ လက်နက်ဖြင့် ပယ် ဖျက်သတ်ဖြတ်ကြရမယ်။

ထိုသုံးပါးတွင် ပထမလက်နက်ဖြစ်သော ဒါနသည်၊အနိစ္စထင်မြင်မှ လောဘကင်းစင်အောင် သတ်နိုင်တယ်။ ဒုတိယလက်နက် ဖြစ်သော သီလ သည် ဒုက္ခထင်မြင်မှ ဒေါသကင်းစင်အောင် သတ်နိုင်တယ်။ တတိယ လက် နက်ဖြစ်သော ဘာဝနာသည်၊ အနတ္တထင်မြင်မှ မောဟ ကင်းစင်အောင် သတ်နိုင်ပေတယ်။ ယခုဆိုခဲ့သော ရန်သူလက်နက်ဖြိုဖျက်နိုင်ရန်အကြောင်း နှင့် စပ်သည့် စကားရပ်များကို ပုဂ္ဂိုလ်နှင့် မဆက်ဆံဘဲ ဓမ္မဓိဋ္ဌာန် အနေ အားဖြင့်သာ ပြောကြားသောစကားဟူ၍ မှတ်သားကြရမယ်။

ယနေ့ဟောကြားသည့် လောဘ, ဒေါသ, မောဟ သုံးပါး ရန်သူ တရား၌ မှတ်သားလွယ်ကူစေခြင်းငှါ လင်္ကာအကျဉ်းကို နှလုံးသွင်း အရ ကျက်၍ နှုတ်တက်အာဂုံဆောင်ထားကြပြီး အိမ်သို့ပြန်သောအခါ စွဲမြဲစွာ ရွတ်ဘတ်သရဇ္ဈာယ်ကြရမယ်။

၁။ အနိစ္စထင်၊ လောဘစင်၊ မြပင်ဒါနသာ။

၂။ ဒုက္ခကိုထင်၊ ဒေါသစင်၊ မြပင်သီလသာ။

၃။ အနတ္တထင်၊ မောဟစင်၊ မြပင်ဘာဝနာ။

ဤဆောင်ပုဒ် လင်္ကာအရ ယခုကာလမှာ အချို့သော ဒါယကာ- ဒါယိကာမတို့သည်၊ သေခါနီးမှ ပျက်စီးတတ်သော အနိစ္စသဘောကို

ထင်မြင်၍ အသက်ရှိစဉ်ပင်လျှင် ပစ္စည်းဥစ္စာခင်မင်သော လောဘတဏှာကို ကင်းစင်စေပြီး သိမ်ကြီးအတွက်,ကျောင်းကြီးအတွက် စသည်ဖြင့် ရည်မှန်း၍ တရာ,တထောင် စသော ပစ္စည်းဥစ္စာကို သံဃာတော်များအား ရေစက်သွန်းချပြီး လှူဒါန်းသော်၊ ဒါနကုသိုလ် ဖြစ်မြောက်နိုင်ကြတယ်။ ထိုနည်းတူစွာ သီလ,ဘာဝနာတို့၏ ဖြစ်မြောက်နိုင်ရာသော အကြောင်းများကိုလည်း စဉ်းစားဆင်ခြင်၍ မြော်မြင်ထောက်ချင့်ပြီး အကျယ်တဝင့်သိရှိနိုင်ကြရမယ်။

အဲတာကြောင့် လောဘ,ဒေါသ,မောဟတရား သုံးပါးကို ဖျက်ဆီးနှိပ်စက်တတ်သည့် ရန်သူကြီးအစစ် ဖြစ်ကြောင်းများနှင့် မြတ်စွာဘုရား ဟောကြားတော်မူတယ်။

**တယော မေ ဘိက္ခဝေ ပစ္စတ္ထိကာ၊ ကတမေတယော၊**
**လောဘောစ ဒေါသောစ မောဟောစ ဣမေခေါ၊**
**ဘိက္ခဝေ တယော ပစ္စတ္ထိကာ။ ။**

ဘိက္ခဝေ၊ သံသရာပြင်ကျယ် သမုဒ်နယ်မှ လွတ်လွယ် လိုကြောင်း ချစ်သား,ချစ်သမီး အပေါင်းတို့။ ပစ္စတ္ထိကာ၊ သတ္တဝါများ ကျိုးစီးပွားကို ပျက်ပြားစေခြင်းငှါ လွန်စွာဘိစီး၍ နှိပ်စက်ဖျက်ဆီးတတ်သော ရန်သူကြီးတို့သည်။ ဣမေတယော၊ ရေတွက်ပိုင်းခြား သရုပ်အားဖြင့် ဤသုံးပါးတို့ပေတည်း။ ကတမေတယော၊ အဘယ်သုံးပါးတို့နည်း ဟူမူကား။ လောဘောစ၊ မျောက်နှဲစေးပမာ လွန်စွာစွဲဘိ ကပ်ငြိပြောထူ လောဘ တည်းဟူသော ရန်သူရင်း။ ဒေါသောစ၊ မြွေဟောက်တမျှ ပြင်းထန်လှသည့် ကောဓမာန်မူ ဒေါသတည်းဟူသော ရန်သူရင်း။ မောဟောစ၊ အမိုက်လေးဝမှောင်ကြီးကျသို့ မရလင်းဖြူ မောဟတည်းဟူသောရန်သူရင်း။ ဘိက္ခဝေ၊ သံသရာပြင်ကျယ် သမုဒ်နယ်မှ လွတ်လွယ်လိုကြောင်း ချစ်သား, ချစ်သမီး အပေါင်းတို့။ ပစ္စတ္ထိကာ၊ သတ္တဝါများ ကျိုးစီးပွားကို ပျက်ပြားစေခြင်းငှါ လွန်စွာဘိစီး၍ နှိပ်စက်ဖျက်ဆီးတတ်သော ရန်သူကြီးတို့သည်။ ဣမေတယော၊ ရေတွက်ပိုင်းခြား သရုပ်အားဖြင့် ဤသုံးပါးတို့ပေတည်း။

ဤသို့ဟောကြားတော်မူသော ဒေသနာတော်မြတ်နှင့် တကွ ပြဆိုအပ်ခဲ့ပြီးသော ဝတ္ထုသာဓကတို့ကို ထောက်ဆ၍ လောဘ, ဒေါသ, မောဟတရား ရန်သူကြီးသုံးပါးကို ဒါန, သီလ, ဘာဝနာ ဟူသော လက်နက်

ကြီးသုံးရပ်ဖြင့် ပယ်ဖြတ်ခုတ်တွင် သုမ်သင်ရှင်းလင်း၍ သုံးဆယ့်တဘုံတည်းဟူသော ဝဋ္ဋတွင်းမှ လွတ်ငင်းရာမှန် ပြည်နိဗ္ဗာန်သို့ လျင်စွာထုတ်ခြောက်ပေါက်ရောက်ကြပြီးလျှင် ဝိမုတ္တိဓမ္မ သန္တိသုခဖြစ်သော ချမ်းသာများကို ငြိမ်းအေးစွာ ခံစားစံစားရအောင် အလီလီသော ပါရမီ ကုသိုလ်တရားတို့ကို မနေမနား လွန်ကြိုးစား၍ ပွားများ အား ထုတ် နိုင် ကြ ပါ စေ ကုန် သတည်း။

(ကလျာဏမိမင်းနှင့် အဘယဓမ္မရေ၀ထ္ထုပြီး၏။)

## ဆုတောင်းပုံ အမှားအမှန်ကို သိသာရန် ပြဆိုသော ဝိသာခါနှင့် သီတင်းသည် ငါးရာဝတ္ထု

**နီလာယော နီလဝဏ္ဏာနေဟိ၊ ပီတော ဒါတာစ လောဟိတာ။**

**တမှာတမှာတု မဥ္စူသာ၊ နိက္ခမိသု ပဘာဿရာ။ ။**

ဘဂဝတော၊ ဠဿရိယ,ဓမ္မ,ယသ,သီရိ,ကာမ,ပယတ္တဟု ခြောက်ဝဘုန်းဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံကျော်ကြား မြတ်စွာဘုရား၏။ နီလဝဏ္ဏာနေဟိ၊ မုတ်ဆိတ်တော်, ဆံတော်, မျက်နက်တော် အစရှိသော ထိုထိုဌာနညိုရာရာအရပ်တော် ဟူသမျှတို့မှ။ နီလာယော၊ ဝန်းကျင်ပျံ့စဲ ဖြန့်မြှောက်ကြဲအပ်သော အောက်မဲညို, ကြာညို, ခွါညို, မျက်စဉ်းညို ကဲ့သို့ရှင်း။ ဝါ၊ တလျှပ်လျှပ်, တငြိမ့်ငြိမ့်, တအိမ့်အိမ့်, တန္တန္တ်, တလွဲ့လွဲ့ ခတ်အပ်သော ပတ္တမြားယပ်ညို, ပုဆိုးညိုကဲ့သို့ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုဃ်းနှင့် မြေကို ညိုစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိသု၊ ပဏ္ဍာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုနေ့,ယခုညတိုင်အောင် အရောင် တကြွကြွ အိမ်လုံး,တောင်လုံးခန့် ပမာဏဖြင့် ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ပီတဝဏ္ဏာနေဟိ၊မျက်စိကိုယ်ရေ ဝါရွှေရာရာ အရပ်တော်ဌာန ဟူသမျှတို့မှ။ ပီတာ၊ ပတ်လည်ဝန်းကျင် ရွှေရည်ယဉ်ဆန်း ရွှေပုဆိုးလွှမ်း သကဲ့သို့ရှင်း။ ဝါ၊ ကိုကျူမာလာ မှုန်ရွှေဝါလျက် မြင်းသီလာဆေးဒန်း မဟာလျှောကားပန်းတို့သည် ကောင်းကင် ပြည့်ပြွမ်း သကဲ့သို့ ဖုံးလွှမ်းမိုးကာ

ဆယ်မျက်နှာရပ်ခွင်ကို လျှပ်လှင်ထိန်လင်း စေဘတ်ဘည့် ဝါဝင်းထိန်ပြေ ရွှေသားအဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိ သု၊ ဝဲ,ယာ,ရှေ့, နောက်-ထက်,အောက်ဒီသာ ဆယ်မျက်နှာသို့ ဖြာဖြာတင့်ရှန်း ထွန်းလင်း တောက်ပစေလျက် ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

လောဟိတဌာနေဟိ၊မျက်စိသားသွေး နီတွေးရာရာ ကိုယ်အင်္ဂါဌာန အရပ်တော်ဟူသမျှတို့မှ။ လောဟိတာ၊ ဆိုးမှုတပ်စွဲ တနဲချိပ်ရည် ကမ္ဗလာနီ တခန်း လယ်ခေါင်ရမ်း, မိုးစွေ ပန်းကသစ် အနေလို ရေမြေ ကောင်းကင် ထက်ဝန်းကျင်မှာ တိမ်မိလ္လာရေး လျှပ်စစ်နွယ်ရောင် ပြေးသကဲ့သို့ နီတွေး သော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိ သု၊ စိတ္တပစ္စယ ဥတုဇဖြင့် ဝဏ္ဏခေတ်ဆန်း ရှုမခန်းအောင် လျှပ်ပန်းတင်ယှက် ရောင်စုံပြက် ၍ ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ဩဒါတဌာနေဟိ၊ အရိုးတော်,သွားတော်,မျက်ဖြူတော်ဟု ဆိုအပ် သော ဖြူရာရာဌာန အရပ်တော်ဟူသမျှတို့မှ။ ဩဒါတာ၊ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန်အပ်သော နို့ရည်အယဉ် ကောင်းကင်ပြည့် ငွေဗိတာန်လို ဝေဟာယံ တိမ်မြင့်က တဝင့်ဝင့်,တန္တန္တ,အလွံ့လွံ့ ခတ်အပ် ငွေပြားယပ်, ငွေစမ္ပါယ် သင်းခွေနွယ်ကြာဖြူ, မြတ်လေးဖြူ, ကြက်ရိုးတို့သည် အုပ်ဖုံးကာ လျက် ထွေးသကဲ့သို့ ဖြူဖွေးသပ္ပါယ် သန့်ရှင်းစင်ကြယ်သော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိ သု၊ ဝဲ,ယာ - ရှေ့,နောက် - ထက်,အောက် ဒီသာ ဆယ်မျက်နှာသို့ ဖြာဖြာတင့်ရှန်း ထွန်းလင်း တောက်ပစေလျက် ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

တု၊ ထိုမှတပါး ထူးခြားတင့်တယ် တော်မူကြကုန်သော။ မဉ္ဇိဋ္ဌာ၊ မည်း,နီ,ညိုလောင်း ရောယှက်ပေါင်းသကဲ့သို့ မှည့်မောင်းမှိုင်းအုံ ရည်မှုန် သော အဆင်းရှိသော ရောင်ခြည်တော်တို့သည်ရင်း။ ပဘဿရာ၊လ,ကဆုန် အခါ အဇဋ္ဌာပြင်ကျယ် ကောင်းကင်လယ်မှ လျှပ်စစ်နွယ်ယှက်ကူး ပိုးရည် မြူးစံ မီးပေါက်လျှံကဲ့သို့ ငဲပျံတက်သက် ပြိုးပြိုးပြက်ပေါ် တခဲနက်သော ရောင်ခြည်တော်တို့သည်ရင်း။ တမှာတမှာ၊ ရောင်ဝါလျှံဖိတ် ထိုထိုသော ကိုယ်တော်၏ အစိတ်မှ။ နိက္ခမိ သု၊ ရူပါရုံဆန်း ရှုမခန်းအောင် လျှပ်ပန်း တင်ယှက် ထိန်ထိန်လက်၍ ထွက်ခွါဝေးခြား ပြေးသွားတော်မူကြလေ ကုန်ပြီ။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

**ခဏေန သီလ ခာရေယျ၊ အပ္ပမေယျံ ဖလံ သိယာ။**
**အနန္တဂုဏသံယုတ္တံ၊ သဗ္ဗဗုဒ္ဓေဟိ ဝဏ္ဏိတံ။ ။**

ဘောဓန္တော သပ္ပုရိသာ၊ အို....တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့။ ခဏေန၊ မရှည်ကြာလှ တအောင့်-တခဏ, ခေတ္တမျှဖြင့်။ သီလံ၊ ငါးပါး, အဋ္ဌင် မြတ်ဓမ္မနှင့် ဒသ ဆင့်ပွား သီလ များကို။ ခာရေယျ၊ မကျိုးမပေါက် ညှိုးမခြောက်အောင် စောင့်ရှောက် ဆောက်တည်ငြားအံ့။ အပ္ပမေယျံ၊ သချ်ာသင်္ချေ မက လေဘဲ တွက်ရေ များဘိတိုင်းမသိသော။ ဖလံ၊ လူ, နတ်, နိဗ္ဗာန် သုံးတန်သုခ ကျိုးဖလသည်။ သိယာ၊ စင်စစ်မုန်စွာ ဖြစ်ပေရာ၏။ တသွာ၊ ထိုသို့တိုးပွား အကျိုး များလေသောကြောင့်။အနန္တဂုဏသံယုတ္တံ-အနန္တဂုဏသံယုတ္တေဟိ၊သီလ သမာဓိ စရှိဉသုံ အဆုံးမရှိသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော် မူကြကုန်သော။ သဗ္ဗဗုဒ္ဓေဟိ၊ ဂင်္ဂါဝါဠု သဲစုမက များလှသောင်းသောင်း အလုံးစုံသော ဘုရားရှင်အပေါင်းတို့သည်။ ဝဏ္ဏိတံ၊ သံသာရည်ညွှန်း၍ ချီးမွမ်းတော်မူအပ်လေသတည်း။

ဤကဲ့သို့ လာရှိသော ဒေသနာအရ သီလ၏အကျိုး အာနိသံသသည်၊ လွန်မင်းစွာ များပြားလှသဖြင့် တခဏမျှကျင့်သုံးဆောက်တည်ကြသော်လည်း လုံခြုံအောင် ထိန်းသိမ်း ဆောက်တည်ကြရမယ်။ သီလမှသာလျှင် ပါဏာတိပါတစသော ကာယကံကြမ်း၊ မုသာဝါဒစသော ဝစီကံကြမ်းများကို ပယ်ရှားသုတ်သင်နိုင်၍ အလုံးစုံသော ကုသိုလ်ကောင်းမှုတို့၏ တည်ရာဌာနကြီးဖြစ်သဖြင့်၊ယုတ်ညံ့ဖျင်းသောင်း မကောင်းသောဒုဂ္ဂတိဘဝတို့မှ ကယ်တင်ခြင်းငှါ စွမ်းနိုင်ပေတယ်။

သည်မျှသာမကသေး သီလသည် သူတော်ကောင်းတရားခုနစ်ပါး၊ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာ၊ ပါရမီတရားဆယ်ပါး၊ ပုညကြိယာ ဝတ္ထုများတွင်လည်း ပါဝင်သည့်ပြင် ပိဋကတ်သုံးပုံ အလုံးစုံကို အကျဉ်း ခြုံ၍ အကုန်စုပြီး သေတ္တာချအော် သီလ, သမာဓိ, ပညာ သုံးပါးရရှိတယ်။ အဓိသီလ, အဓိစိတ္တ, အဓိပညာဟူ၍လည်း ဆိုရ၊ သိက္ခာသုံးပါးလည်း ခေါ်ရ၊ သာသနာသုံးဖြာလည်း ခေါ်ဆိုရပြန်တယ်။ ။ထိုတွင် သီလသည် အလုံးစုံ တရားအပေါင်းတို့၏ ရှေးဖျားအစ, လက်မွန်မဆွ ပထမဖြစ်၍ အာဒိဗြဟ္မစရိယ ဟူ၍လည်း ဆိုရပေတယ်။

မြတ်စွာဘုရား၏ သာသနာတော်ကြီး၌ ကြုံကြိုက်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ကြသော အာစာရကုလပုတ္တ အမျိုးကောင်းသား-သမီးဟူသမျှတို့မှာ၊ ကိုယ်, နှုတ်, နှစ်ပါးကို စောင့်ရှောက် ထိန်းသိမ်းရသော သီလအကျင့်မှတပါး အားထားမှီခိုရာမရှိ၍ သီလ၏ အကျိုးအာနိသံသများကို ဘယ်သူတဦးတယောက်မှ ကုန်စင်အောင် မဟောကြားနိုင်ကြောင်း၊ အဋ္ဌကထာဆရာအရှင် ဗုဒ္ဓဃောသမထေရ်မြတ်သည်၊ ဝိသုဒ္ဓိမဂ်ကျမ်းကြီး၌ ဘွင့်ပြမိန့်ဆိုတော်မူတယ်။

သို့သော် သီလသည် စောင့်ရှောက်ခြင်း လက္ခဏာအားဖြင့် တပါးသာ၊ စာရိတ္တ, ဝါရိတ္တအားဖြင့်နှစ်ပါးရှိပြန်တယ်။ ထိုနှစ်ပါးတို့တွင် လူတို့၌ အကျိုးရှိသည်ဟုခွင့်ပြုတော်မူသော ဝိကာလဘောဇန, ဥစ္စာသယန, မဟာသယန, ဇာတရူပ ရဇတ စသော သိက္ခာပုဒ်မျိုးနှင့် ဝေယျာဝစ္စ, ဓုတင်စသော သီလမျိုးကို စာရိတ္တသီလဟု ဆိုရတယ်။ မပြုအပ်ဟု တားမြစ်တော်မူသည့် ပါဏာတိပါတစသော သီလမျိုးကို ဝါရိတ္တသီလဟု မှတ်ရမယ်။

တနည်းအားဖြင့် ဟီန, မဇ္ဈိမ, ပဏီတဟု သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် သူတပါးချီးမွမ်းအံ့သြ၍ အကျော်အစောကိုအလိုရှိသဖြင့် ဆောက်တည်သော သီလကို-ဟီန၊ ကုသိုလ်၏ အကျိုးကို လိုလားတောင့်တ၍ ဆောက်တည်သော သီလကို-မဇ္ဈိမ၊ အရိယာပုဂ္ဂိုလ်တို့၏ အဖြစ်မျိုးကိုမှီ၍ ဆောက်တည်သော သီလကို-ပဏီတဟု ခေါ်ဆိုရတယ်။

တနည်း အားဖြင့် ဟာနဘာဂိယ သီလ, ဌိတိဘာဂိယ သီလ, ဝိသေသဘာဂိယ သီလ, နိဗ္ဗေဓဘာဂိယ သီလဟု လေးပါး ရှိပြန်တယ်။ ထိုလေးပါးတို့တွင် သီလမရှိသော ပုဂ္ဂိုလ်ကိုမှီ၍ သီလရှိသော ပုဂ္ဂိုလ်ကို မဆည်းကပ်ခြင်း၊ ဝတ္ထုကိုကျူးလွန်ရာ၌ အပြစ်ဒေါသကို မကြည့်ရှုခြင်း၊ မကောင်းသောအမှုကို ကြံစည်၍ ကျွဲစကား, နွားစကား, လယ်စကား, ချောင်းစကား, လင်စကား, သားစကား စသည်ကို ပြောကြားပြီး အချိန်ကုန်ခြင်း၊ စက္ခုစသော ဣန္ဒြေကို မစောင့်စည်းခြင်း။ ဤကဲ့သို့သဘောရှိတဲ့ သီလမျိုးကို ဟာနဘာဂိယ သီလဟု ဆိုရတယ်။

ယော စ သေဝတိ ဒုဿီလေ၊ သီလဝန္တေ နသေဝတိ။
ဝတ္ထုဝီတိက္ကမေ ဒေါသံ၊ နပဿတိ အဝိဒ္ဒသု။ ။
မိစ္ဆာသင်္ကပ္ပဗဟုလော ဣန္ဒြိယာနိ နရက္ခတိ။
ဧဝရူပဿ ဝေ သီလံ၊ ဇာယတေ ဟာနဘာဂိယံ။ ။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ဣဓ၊ဤသာသနာတော်မြတ်ကြီး၌။ ယော၊ အကြင်သူသည်။ ဒုဿီလေ၊ သီလကင်းပ ဒုဿီလပုဂ္ဂိုလ်တို့ကို။ သေဝတိ၊ နေ့ညမစဲ အမြဲဆည်းကပ်၍နေ၏။ သီလဝန္တေ၊ ကိုယ်ကျင့်ဓမ္မ မြတ်သီလနှင့် စုံလင်ပြည့်ဝသော သီလဝန္တပုဂ္ဂိုလ်တို့ကို။ နသေဝတိ၊ မဆည်းကပ်မမှီဝဲ။ အဝိဒ္ဒသု၊ ကြောင်းကျိုးဆင်ခြင် သိမြင်သော ဉာဏ်ပညာ မရှိသည်ဖြစ်၍။ ဝတ္ထုဝီတိက္ကမေ၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်း၌။ ဒေါသံ၊ အပြစ်ဒေါသ အာဒိနဝကို။ နပဿတိ၊စေ့စေ့ငုငု မကြည့်မရှုပေ။ မိစ္ဆာသင်္ကပ္ပဗဟုလော၊ထွေလာထူးလီ မကောင်းသော အကြံအစည်များသည်ဖြစ်၍။ ဣန္ဒြိယာနိ၊ စက္ခုသောတ စသည်ငါးထွေ ဣန္ဒြေတို့ကို။ နရက္ခတိ၊လုံခြုံအောင် မစောင့်ရှောက် မထိန်းသိမ်း။ ဧဝရူပဿ၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်၏။ သီလံ၊ စောင့်ရှောက်သမျှ ကျင့်သီလသည်။ ဝေ-ဧကန္တေန၊ စင်စစ်ဧကန် အမှန်အားဖြင့်။ ဟာနဘာဂိယံ၊ ယုတ်ညံ့ဖျင်းသောင်း မကောင်းသော အဘို့ရှိသော သီလသည်။ ဇာယတေ၊ မုချမသွေ ဖြစ်ရလေ၏။

သီလကို ခံယူဆောက်တည်ပြီး မကျိုးမပေါက်ဘဲ လုံလောက်ပြည့်စုံရုံနှင့် ဝမ်းသာရှင်လန်း၍ ကမ္မဋ္ဌာန်းကို အားမထုတ် မပွားများဘဲ စောင့်ရှောက်တဲ့ သီလကို ဌိတိဘာဂိယသီလဟု ခေါ်ဆိုရပြန်တယ်။

**ယောပန႑တ္တမနော ဟောတိ၊ သီလသမ္ပတ္တိယာ ဣဓ။**
**ကမ္မဋ္ဌာနာ နုယောဂမှိ၊ နုဉပ္ပါဒေတိ မာနသံ။ ။**
**တုဋ္ဌဿ သီလမတ္တေန၊ အဃဋ္ဋန္တဿ ဥတ္တရိံ။**
**တဿ တံ ဌိတိဘာဂိယံ၊ သီလံ ဘဝတိ ဘိက္ခုနော။ ။**

ဣဓ၊ဤသာသနာတော်မြတ်ကြီး၌။ယောပန၊အကြင်သူသည်ကား။ သီလသမ္ပတ္တိယာ၊ သီလလုံခြုံ ပြည့်စုံကာမျှဖြင့်။ အတ္တမနော၊ နှစ်သက်ရှင်လန်း ဝမ်းမြောက်သော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မဋ္ဌာနာနုယောဂမှိ၊ လုလ္လကြိုးပမ်း ကမ္မဋ္ဌာန်းကိုအားထုတ်ခြင်း၌။ မာနသံ၊ ယောနိသော မနသိ ကြံစည်သောစိတ်ကိုမျှ။ နုဉပ္ပါဒေတိ၊ မဖြစ်စေ။ သီလမတ္တေန၊ သီလမျှဖြင့်။ တုဋ္ဌဿ၊ ရောင့်ရဲတင်းတိမ်သည်ဖြစ်၍။ ဥတ္တရိံ၊ အထက်ဖြစ်သော ဈာန်တရားကို။ အဓိဂမာယ၊ ပိုင်ပိုင်လှလှ ရစေခြင်းငှါ။ အဃဋ္ဋန္တဿ၊ အပတ်တကုတ် အားမထုတ်သော။ ဘိက္ခုနော၊ သံသရာဘေးကို မြော်တွေး ကြောက်ရွံလေ့ရှိသော။ တဿ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်၏။ တံသီလံ၊

ထိုသီလသည်။ ဋ္ဌိတိဘာဂိယံ၊ မတိုးမပွား ကျိုးမပျားဘဲ အားနဲကြုံလို ရပ်တည်ဆိုင်းငံ့၍နေသောသီလမည်သည်။ ဘဝတိ၊ စင်စစ်မသွေ ဖြစ်ရလေ၏။

သိက္ခာသီလကို ပြည့်ဝလုံလောက် မကျိုးမပေါက်အောင် စောင့်ရှောက်ဆောက်တည်ပြီး သမာဓိ စျာန်အကျိုးငှါ၊ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသောသူ၏သီလကိုတော့ ထူးသောအဘို့ရှိသောကြောင့် ဝိသေသ ဘာဂိယသီလဟု ဆိုရပြန်တယ်။

**သမ္ပန္နသီလော ဃဋတိ၊ သမာဓတ္ထာယ ယောပန။**
**ဝိသေသဘာဂိယံ သီလံ၊ ဟောတိ ဧတဿ ဘိက္ခုနော။ ။**

သမ္ပန္နသီလော၊ သိက္ခာလုံခြုံ ပြည့်စုံသောသီလရှိသော။ ယောပန၊ အကြင်သူသည်ကား။ သမာဓတ္ထာယ၊ သမာပတ် အဘိညာဏ် စျာန်တရားကို ရစေခြင်းငှါ။ ဝါ၊ သမာဓိလမ်း တဘက်ကမ်းရောက် ပေါက်မြောက်ခြင်းအကျိုးငှါ။ ကမ္မဋ္ဌာနံ၊ သမထလမ်း ကမ္မဋ္ဌာန်းကို။ ဃဋတိ၊အားထုတ်ကြိုးပမ်း စီးဖြန်းပွားများပေ၏။ ဘိက္ခုနော၊ သံသရာဘေးကို မြော်တွေးကြောက်ရွံ့သော။ ဧတဿ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်၏။ သီလံ၊ သီလသည်။ ဝိသေသဘာဂိယံ၊ ဂုဏ်ရောင်ပွံ့ပျူး ထူးသော အဘို့ရှိသော သီလသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေ၏။ သိက္ခာ၊ သီလပြည့်စုံကာမျှဖြင့် အားရ တင်းတိမ် ခြင်းမရှိဘဲ လွန်ကဲသော အာသာဖြင့် ရုပ်, နာမ် ခန္ဓာတို့ကို လက္ခဏာယဉ်သုံးပါးသို့တင်၍ ဆင်ခြင်သုံးသပ်သော သူ၏ သီလကိုတော့ မဂ္ဂဖလ နိဗ္ဗာနသို့ မုချကေန် ရောက်နိုင်ရန်အဘို့ ရှိသောကြောင့် နိဗ္ဗေဓ ဘာဂိယ သီလလို့ ခေါ်ဆိုရတယ်။

**အတုဋ္ဌော သီလမေတ္တေန၊ နိဗ္ဗိဒံ ယော'နုယုဉ္ဇတိ။**
**ဟောတိ နိဗ္ဗေဓဘာဂိယံ၊ သီလ မေတဿ ဘိက္ခုနော။ ။**

ယော၊ အကြင်သူသည်။ သီလမေတ္တေန၊ သီလသိက္ခာ ကောင်းစွာကုံလုံ ပြည့်စုံကာမျှဖြင့်။ အတုဋ္ဌော၊ ရောင့်ရဲတင်းတိမ်ခြင်း မရှိသည်ဖြစ်၍။ နိဗ္ဗိဒံ၊ ခန္ဓာဟူသရွေ ငြီးငွေ့ရွံ့ရှာ ဝိပဿနာကို။ အနုယုဉ္ဇတိ၊ မနေမနား လွန်ကြိုးစားလျက် ပွားများအားထုတ်၍နေ၏။ ဘိက္ခုနော၊ သံသရာဘေးကို မြော်တွေးကြောက်ရွံ့လေ့ရှိသော။ ဧတဿ၊ ထိုကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်၏ သီလံ၊ ကျင့်သုံးသမျှ မြတ်သီလသည်။ နိဗ္ဗေဓဘာဂိယံ၊ မဂ်ဖိုလ်

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

နိဗ္ဗာန် ကေန်ရောက်ကြောင်း ကောင်း သော အဘိုရှိသော သီလသည်။ ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။

ဤသို့လာသော သီလ လေးမျိုးတို့တွင် ယခုအခါ ဥပုသ်သည်တို့ ဆောက်တည်ကြတာက ရှေးဦးအစပြခဲ့သော ဟာနဘာဂီယ သီလမျိုး လောက်သာ များပြားနေကြတယ်။ သို့ပေမဲ့ ထမင်းငတ်ခြင်း, ထမင်းဆာ ခံရခြင်းတော့ အတူတူဘဲ၊ တာကြောင့် တနေ့အတွက် လောကီစီးပွားပျက် ကွက်၍ ကိုယ်,နှုတ်နှစ်ပါး ကြပ်တည်းဆင်းရဲခံရပေါ့ဟာ၊ အကောင်းဆုံး, အမြင့်မြတ်ဆုံးဖြစ်သော နိဗ္ဗေဓဘာဂီယ သီလမျိုးသို့ ပေါက်ရောက်အောင် ကျင့်သုံးဆောက်တည်ကြရမယ်။

အယုတ်ဆုံးအားဖြင့် မိမိ၏ သီလကို မကျိုး, မပေါက်, မပြောက်, မကျားစေဘဲ၊ သန့်ရှင်းစင်ကြယ် တင့်တယ်လုံခြုံအောင် ကိကီမည်သောရစ်မ သည် မိမိ၏ဥ,ကို စောင့်ရှောက် သကဲ့သို့ရင်း။ စာမရီသည် မိမိအမြီးကို စောင့်ရှောက်သကဲ့သို့ရင်း။ မျက်စိတလုံးရှိသော ပုဂ္ဂိုလ်သည် မိမိမျက်စိကို မပြတ်မလပ် စောင့်ရှောက်သကဲ့သို့ရင်း။သီလကိုဆောက်တည်သောသူသည် လည်း ကိကီ,စာမရီ-စသော သတ္တဝါပုဂ္ဂိုလ်များကဲ့သို့ လုံခြုံအောင် စောင့် ရှောက်ကြရမယ်။

**ကိကီဝ အဏ္ဍံ စာမရီဝ ဝါလဓိံ၊**

**ပိယံဝ ပုတ္တံ နယနံဝ ကေကံ။**

**တထေဝ သီလံ အနုရက္ခမာနကာ၊**

**သုပေသလာ ဟောထ သဒါ သဂါရဝါ။ ။**

ကိကီ၊ ကိကီမည်ရ ရစ်ငယ်မသည်။ အဏ္ဍံ၊ အဏ္ဍဇပဋိသန္ဓေ တည်နေ သမှု မိမိဥ,ကို။ ရက္ခတိဣဝ၊ အသက်ခန္ဓာ မငဲ့ညှာဘဲ ကောင်းစွာ မသွေ စောင့်ရှောက်လေသကဲ့သို့ရင်း။ စာမရီ၊ စာမရီဟု သညီဝေါဟာ သား ကောင်း သတ္တဝါသည်။ ဝါလဓိံ၊ မိမိ၏အမြီးဆံကို။ ရက္ခတိဣဝ၊ ၎င်း။ ကေပုတ္တကော၊ တယောက် ထည်း သော သား မွေးဘွားသန့်စင် မျက်နှာ မြင်သော မိခင်သည်။ ပိယံ၊ အသက်တမျှ ချစ်ခင်လှသော။ ကေကံပုတ္တံ၊ ရင်၌မွေးဘွား တယောက်ထည်းသော မိမိသားကို။ ရက္ခတိဣဝ၊ ဆင်းရဲ ဒုက္ခ မရောက်ရအောင် နိစ္စတည်နေ စောင့်ရှောက်လေ သကဲ့သို့ရင်း။ ကေ နယနော၊ မစုံပျက်ကွက် မျက်စိတဘက်သာရှိသောသူသည်။ ကေကံနယနံ၊ ကြွင်းကျန်မပျက် မျက်စိတဘက်ကို။ ရက္ခတိဣဝ၊ မပျက်စီးအောင် သိမ်း

ဆည်း စောင့်ရှောက်လေ သကဲ့သို့ရင်း။ တထေဝ၊ မကွဲမပြား မခြားတမူ ထိုအတူသာလျှင်။ တုမေ့၊ သိက္ခာသီလ မြတ်ဓမ္မ၌ ဖြူဆွတင့်တယ် စင်ကြယ်လိုကြောင်း သင်သူတော်ကောင်းတို့သည်။ သီလံ၊ ရှစ်ပါး,ဆယ်ပါး သီလများကို။ အနုရက္ခမာနကာ၊ အစဉ်ရှေ့နောက် မကျိုးပေါက်အောင် စောင့်ရှောက်ဆောက်တည်ကြကုန်သည်။ သုပေသလာ၊ အသက်တမျှ သီလကိုချစ်ခင်ကြကုန်သည်။ သဒါ၊ အခါခပ်သိမ်း။ သဂါရဝါ၊ ပါဏာတိပါတ စသည်ထိုထို သိက္ခာပုဒ် ဟူသမျှကို ရိုသေတုပ်ဝပ်ခြင်း ရှိကြကုန်သည်။ ဟောထ၊ ကိုယ်စီကိုယ်ငှ ဖြစ်ကြလေကုန်လော။

သီလ၏ကျိုး,ပေါက်,ပြောက်,ကျားပုံမှာတော့၊ သီလရှိမှတင့်တယ်လေသောကြောင့် သီလသည် လူတို့နေ့စဉ် အမြဲမပြတ် ခါး၌ ဝတ်ဆင်အပ်သည့် အဝတ်တန်ဆာနှင့် တူတယ်လို့ ရှေးဦးစွာ မှတ်သားထားရမယ်။ မိမိတို့ကျင့်သုံးဆောက်တည်သော သိက္ခာပုဒ်တို့၏အစ၌သော်ရင်း၊ အဆုံး၌သော်ရင်း၊ ပျက်စီးချွတ်ယွင်းခဲ့လျှင် အစ,အဆုံး၌ စုတ်ပြတ်၍နေသော ပုဆိုးနှင့်တူသောကြောင့် ထိုသီလကို ကျိုးသည်ဟူ၍ ခေါ်ဆိုရတယ်။

သိက္ခာပုဒ်အလယ်၌ ပျက်စီးချွတ်ယွင်းခဲ့ပါလျှင် ပေါက်သော ပုဆိုးနှင့် တူလေသောကြောင့်၊ ထိုသီလကို ပေါက်သည်ဟု ခေါ်ဆိုရပြန်တယ်။ သိက္ခာပုဒ်တို့၏ အကြား,အကြား၌ ပျက်စီး ချွတ်ယွင်းခဲ့လျှင် အထူးထူးသော အဆင်းတို့ဖြင့် ရောယှက်လျက်၊ အပြောက်ထသော နွား,ဝါစေ့ပြောက်နှင့်တူသောကြောင့်၊ ထိုသီလကို ပြောက်သည်ဟူ၍ ခေါ်ဆိုရပြန်တယ်။ ခုန်ခုန်,ကျော်ကျော် မဟုတ်ဘဲ အစဉ်အတိုင်း နှစ်ခု-သုံးခုသော သိက္ခာပုဒ်တို့ ပျက်စီးချွတ်ယွင်းခဲ့လျှင် အနီ,အဝါ,အပြာ,အဖြူစသော မတူသော အဆင်းရှိသည့် နွားကြောင်,နွားကျား နှင့် တူလေသောကြောင့် ထိုသီလကို ကျားသော သီလလို့ဆိုရတယ်။

ဤကဲ့သို့ ကျိုး,ပေါက်,ပြောက်,ကျားခြင်း မရှိရအောင် သတိကို ရှေ့ထား၍ ကျင့်သုံးဆောက်တည်ကြရမယ်။ ဤသို့ကျင့်သုံးရသော ဥပုသ်သည်၊ နိဂဏ္ဌဥပုသ်, ဂေါပါလဥပုသ်, အရိယာဥပုသ် ဟူ၍ သုံးပါးရှိတယ်။ ထိုသုံးပါးတို့တွင် ပုရာဏကဿပ,မက္ခလိဂေါသာလ စသော သူတို့၏ အယူဝါဒကဲ့သို့ပြာပုံ၌အိပ်ခြင်း၊ ပါးစပ်ဖြင့်ဟပ်၍စားခြင်းစသောနွားသတ္တဝါ-ခွေးသတ္တဝါတို့ကဲ့သို့ ကျင့်သောအကျင့်မျိုးကို အကျိုးမရ ဆင်းရဲဒုက္ခသာ ဖြစ်လေသောကြောင့် နိဂဏ္ဌဥပုသ်လို့ ခေါ်ဆိုရတယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

နွားကျောင်းသားတို့သည် ယနေ့နေကုန်သော အခါ၊ နက်ဖြန်အဘို ရေကြည်ရာ,မြက်နုရာကိုသာတောင်းတမြော်လင့်၍နေလေသကဲ့သို့၊ သီလကို ဆောက်တည်ပြီး ခံယူသော သီလ၏ သန့်ရှင်းဖြူစင်ခြင်းကို နှလုံးမသွင်းဘဲ အချင်းချင်း အစားကောင်း, အသောက်ကောင်း, အိပ်ရာကောင်း, နေရာ ကောင်း သူ့ထက်ငါသာအောင် ဆွမ်းပွဲဟင်းခွက်ပြိုင်သကဲ့သို့၊ မြိုင်လောက် အောင် ဘဲ, ဝက်ကို အမျိုးမျိုး ကြော်ချက်ပြီး နှစ်သက်မြိန်ရှက်စွာ စား သောက်၍ တရေး,နှစ်ရေးလောက်အိပ်၊ အိပ်ရာကထပြန်လဲ ကျွဲ,နွား, လယ်, ယာ, ဥစ္စာ, ပစ္စည်း, သား, သမီးနှင့် စပ်သော စကားတို့ကိုသာ ပြောကြားပြီး အသီးသီးပြန်သွားကြ၏။ အဲသည်လို စောင့်ရှောက်တဲ့ ဥပုသ်ကို နွားကျောင်း သားနှင့် တူလေသောကြောင့် ဂေါပါလဥပုသ်လို့ ဆိုရတယ်။

သီလကို ဆောက်တည်ပြီး ခံယူသောသီလ၏ ဖြူစင်သန့်ရှင်းအောင် နှလုံးသွင်းခြင်း ရုပ်နာမ်ခန္ဓာကို အနိစ္စ အစရှိသော လက္ခဏာယဉ် သုံးပါး တင်၍ ဆင်ခြင်သုံးသပ်ခြင်း၊ ဤလိုကျင့်သုံးတဲ့ ဥပုသ်ကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ကျင့်သုံးသည်နှင့်တူလေသောကြောင့် အရိယာ ဥပုသ်လို့ ဆိုရတယ်။

ဤသုံးပါးတို့တွင် နောက်ဆုံးဖြစ်သော အရိယာဥပုသ်အဖြစ်မျိုးသို့ ပေါက်ရောက်အောင် ကျင့်သုံး ဆောက်တည်ကြရမယ်။ သီလမှသာလျှင် အကုသိုလ်ဒုစရိုက် အမိုက်အမဲ အညစ်အထေး ချေးအညှော်တို့ကို ဆေး လျှော် သုတ်သင်နိုင်ကြောင်းများကို အဋ္ဌကထာ၌ လာရှိပေတယ်။

**သက္ကဋ္ဌာနတ္တိ ဝိသောဓေတုံ၊ တံမလံဣဓ ပါဏိနံ။**
**ဝိသောဓယတိ သတ္တာနံ၊ ယံ ဝေ သီလဇလံ မလံ။ ။**

ဣဓလောကေ၊ လူ့ပြည်,နတ်ရပ် ဤလောကဓာတ်ကြီး၌။ ပါဏိနံ၊ လူ,နတ်,ပြဟ္မာ သတ္တဝါတို့၏။ ယံမလံ၊ အကြင်ရာဂ, ဒေါသ စသည် ရုပ် ထွေး အညစ်အကြေးကို။ သီလဇလံ၊ မတိမ်းမစောင်း သီလတည်းဟူသော ရေစင်,ရေကောင်းသည်။ ဝေ-ဧကန္တေန၊ မုချဧကန် အမှန်စင်စစ်အားဖြင့်။ ဝိသောဓယတိ၊ ညစ်ကြေးမတင် သန့်ရှင်းစင်အောင် သုတ်သင်ဆေးကြော နိုင်ခဲ့လေ၏။ သတ္တာနံ၊ လူ, နတ်, ပြဟ္မာ သတ္တဝါတို့၏။ တံမလံ' ရာဂ, ဒေါသ စသည်ရုပ်ထွေး ထိုအညစ်အကြေးကို။ ပဥ္စမဟာနဒီယော၊ ဂင်္ဂါ ယမုနာ များစွာစီးဆင်း အသီးသီးသော မြစ်ကြီးငါးစင်းတို့သည်။ဝိသော

ခေတ်၊ ညစ်ကြေးမတင် သန့်ရှင်းစင်အောင် သုတ်သင်ဆေးလျှော်ခြင်းငှါ။ နသက္ကုဏန္တိ၊ အနည်းငယ်မျှ မစွမ်းနိုင်ကြလေကုန်သတည်း။

ဤဒေသနာဂါထာအရ၊ သီလသည် ရာဂစသော အညစ်အကြေးကို ဆေးကြော သုတ်သင်နိုင်သည်ဟု ဆိုသော်လည်း တဒင်္ဂ,ဝိက္ခမ္ဘန,သမုစ္ဆေဒဟု ပယ်ခြင်းအပြား သုံးပါးတို့တွင် တဒင်္ဂနယ်မျှသာ ရှိသေးသည်ဖြစ်၍၊ ကိုယ်,နှုတ် နှစ်ပါး၌ဖြစ်သည့် ကြမ်းထန်းသော ကာယကံမှု,ဝစီကံမှုများကိုသာ ပယ်ရှားရှောင်ကြဉ်နိုင်ကြသေးသည်။ ဤကဲ့သို့ နယ်ပယ်အပိုင်းအခြားရှိသည်ကို သတိမထားမိကြသော အချို့ပုဂ္ဂိုလ်များကတော့ သီလသိက္ခာအရေအတွက် ပိုမိုများပြားသည်လောက်ကိုသာ မြှော်ခေါ်ကြသည်ဖြစ်၍၊ အနည်းငယ်မျှသော အပြစ်ကိုပင် ပါရာဇိကကျသလောက်ထင်ပြီး အနည်းနည်းပြောဆိုကြပေတယ်။

တဖန် အကုသိုလ် ဖျက်ဆီး၍ ပျက်စီးသော သူကိုမြင်လျှင် တပါးသောသူကိုပင် ပျက်စီးမည် စိတ်ကထင်ပြီး ပြစ်တင်ကဲ့ရဲ့တတ်ကြ ပုထုဇဉ်ဟူသမျှတို့၏ စိတ်ထားမှာ ပယ်သတ်ရာ နယ်အပိုင်းအခြားကတော့၊ ထူးလှသည် မဟုတ်သေးပေ။ အဲတာကြောင့် မြတ်စွာဘုရားက၊ **"ပါပသ္မိံရမတိ မနော"**ဟု ဟောကြားတော်မူတယ်။

ဘိက္ခဝေ၊ ကာမ,ရာဂ စသည်များဖြင့် သံယောဇဉ်ကို ပယ်ထွင်လိုကြောင်း ချစ်သား-ချစ်သမီး **အ**ပေါင်းတို့။ မနော၊ မ**ပ္ပ**မပြင် ပုထုဇဉ်တို့၏ ပကတိသဘော စိတ်မနောသည်။ ပါပသ္မိံ၊ ယုတ်ညံ့ဖျင်းသောင်း မကောင်းပြုစု အကုသိုလ်ဒုစရိုက်မှု၌။ ရမတိ၊ နှစ်သက်ရွှင်အား လွန်လိုက်စား၍ ပျော်ပါးမွေ့လျော်ကြလေသတည်း။

ဤဒေသနာတော်မြတ် အတိုင်း၊ ပုထုဇဉ်သတ္တဝါတို့၏ ပကတိ ဖြစ်သော စိတ်သဘောဟာ ငါးပါးအာရုံ ကာမဂုဏ်တို့ စုဆုံပေါင်းစည်းသော မြို့ကြီး,ရွာကြီး,မြို့ထဲ,ရွာထဲမှာ ကျက်စားရမှ နှစ်သက်ပျော်မွေ့ အလိုပြေနိုင်ကြပေတယ်။ မပြုမပြင်ဘဲ အလွတ်ထားသော စိတ်သည်၊ နဒီသောတောဝိယ-ဟု ကျမ်းဂန်လာသည့်အတိုင်း၊ ပကတိဖြစ်သော မြစ်ရေ,ချောင်းရေသည် ချိုင့်ဝှမ်းရာဖြစ်သော အောက်ဌာနသို့သာလျှင် အတွင်ဒီးဒီး ယိုစီးဆင်းသွားသော သဘောဓမ္မတာဖြစ်၍၊ အထက်သို့ ဆန်တက်စေလျှင် အတော်ပင် အားထုတ်ပြီး ပြုလုပ်နိုင်ပါမှ လှုပ်လှုပ်ရှရှသာ တက်လေ့ရှိနိုင်ပေတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

အဲဒီတာလို သတ္တဝါတို့၏ စိတ်သည်လည်း အောက်ဖြစ်သော အကုသိုလ်ဘက်သို့သာ အစဉ်မပျက်ငုံ့ကွက်ကိုင်းရှိုင်းပြီး အလိုင်းတကြီး စီးဆင်းနေသည်ဖြစ်၍ အထက်ဖြစ်သော ကုသိုလ်ဘက်သို့ ဆန်တက်အောင်ဟာ သီလတည်းဟူသော သိက္ခာပုဒ်တော်ဖြင့် ထိန်းအုပ် ချုံးနှိမ်လျက် ပိန်လိမ်အောင့်အည်းပြီး သည်းခံ၍သာ နေကြရရှာတယ်။ မလွဲသာ မကင်းသာဖြင့် ကျင့်ကြံနေကြသော်လည်း တဒင်္ဂနယ်မျှသာရှိသေး၍ သောတာပန်, သကဒါဂါမိ, အနာဂါမိ အသွင်အပြင် အမွေးအသွေးကဲ့သို့ တပြေးတည်းမှတ်သားပြီး အပြစ်စကားများကို မပြောကြားမိအောင် ကောဏ္ဍဓာနမထေရ်မြတ်၏ ဝတ္ထုသွားကို စဉ်းစားဆင်ခြင်ကြရမယ်။

ယခုလို တဒင်္ဂနယ်ပယ်ဖြစ်သော သီလသိက္ခာ မျှသာရှိသော ပုထုဇဉ်ရဟန်းများကို မဆိုထားဘိ၊ ဝိက္ခမ္ဘန နယ်ပယ်ဖြစ်သော သီလသိက္ခာရှိ၍ အဓိစိတ္တ ဘာဝနာ သမထတန်ခိုးဖြင့် မြေလျှိုး-မိုဃ်းပျံ အာကာယံ၌ ဈာန်အဘိညာဏ်နှင့် မွေ့လျော်ကြသည့် ရသေ့ယောဂီ တပသီတို့တောင် မရှောင်နိုင်ဘဲ ကာမဂုဏ် အာရုံဆွဲရာသို့ ယိုင်လဲ လိုက်ပါရပြီး အကျိုးမဲ့ ပျက်စီးကြသော ကာဏ်းမလင် ရှင်လူထွက်ဝတ္ထု, အသိတာဘူဝတ္ထု, မုဒုလက္ခဏဝတ္ထု စသည်တို့ကို ထောက်ရှုပါက ကောင်းကောင်းကြီး သိမြင်နိုင်သည့်ပြင် ကိုယ်ချင်းစာနာ၍ ထောက်ညှာ စဉ်းစားပါလျှင် သာ၍ပင် ထင်ရှားပေလိမ့်မည်။

ဤဆိုအပ်ခဲ့ပြီးသော ပျက်စီးခြင်းမျိုးများ ဖြစ်တတ်၍ အချို့သောသူတို့က ရဟန်းသံဃာများကို အလွန် ကြောက်မက်ဘွယ် ကောင်းသောသားရဲ-သဘက်လောက်ထင်မှတ်ပြီး အမြင်ဉာဏ် တဘက်သတ်နှင့် မိန်းမများ ဘုန်းကြီးအနားသို့ မသွားမလာရ၊ မဆည်းကပ်ရ၊ တရားနာ ဥပုသ်စောင့် ဆွမ်းပို့လောက်မျှမရောက်ရ၊ အကြောင်းအရာစကားများကို ပြောကြားဘို့အရာမှာ လွန်စွာဝေးကွာပြီး ရဟန်းသံဃာ ဆရာသမား အရှင်မြတ်များနှင့် တခါတည်း သေခန်းဖြတ်တာလို လမ်း ပြတ် သွား အောင် ပြောကြားတတ်ကြတယ်။

ဤကဲ့သို့လဲ တင်းတင်းကြပ်ကြပ်တားမြစ်၍ လျှော့နံထားထစ် မျိုးကို မပြုလုပ်ရပေဘူး။ ကိုင်းကျွန်းမှီ-ကျွန်းကိုင်းမှီ ဆိုသောစကားကဲ့သို့ ရေသည် သတ္တဝါတို့၏ ရန်သူဖြစ်သော်လည်း ထိုရေနှင့်မကင်းနိုင်၊ မီးသည် ရန်သူဖြစ်သော်လည်း ထိုမီးနှင့်မကင်းနိုင်၊ မင်းသည် တိုင်းသူ ပြည်သား တို့၏

ရန်သူဖြစ်သော်လည်း ထိုမင်းနှင့် ကင်း၍မဖြစ်နိုင်၊ မင်းသည် တိုင်းသူပြည်သားတို့နှင့်ကင်း၍ မဖြစ်နိုင်သကဲ့သို့၊ ရဟန်းသံဃာသည် ရန်သူဖြစ်သော်လည်း မာတုဂါမများနှင့် ကင်းကွာ၍မဖြစ်နိုင်ပေ။ မာတုဂါမသည်လည်း ရဟန်းသံဃာတို့၏ ရန်သူဖြစ်သော်လည်း ဗုဒ္ဓဘာသာ မှန်ပါက ရဟန်းသံဃာနှင့် ကင်းကွာနေ၍ မဖြစ်နိုင်ပေရာ။

လောကဥပမာအားဖြင့် လောကီရိပ်ငြိမ် စည်းစိမ်ဥစ္စာ ရတနာ ရွှေ,ငွေများကို လိုလားတောင်းတပြီး ရှာမှီးနေသောသူသည် ထိန်ထိန်ညီးညီး မီးတောက်မီးလျှံတို့ဖြင့် ခြံရံပြီးစွဲလောင်နေသော ရတနာရွှေတောင်, ငွေတောင်ကြီးကို တွေ့ရှိရာ၊ မီးလျှံကို ရှိရှား ခပ်လှမ်းလှမ်း ကွာခြားလျက် ဥစ္စာပစ္စည်းများကိုသာ တူးဆွယူငင်ကြရပေဘယ်။

အဲတာလိုချမ်းသာသုံးပါးကို လိုလားတောင်းတသော ဒါယကာ-ဒါယိကာမများမှာလဲ ဆရာရဟန်း၏ သီလ, သမာဓိ, ပညာ စသော ဂုဏ်ကျေးဇူးများကို ကြောက်ရွံ့ရိုသေသော စိတ်ကိုထားလျက် “**ကာလေန ဓမ္မသဝနံ**” ဟု ကျမ်းဂန်လာအတိုင်း သင့်တင့် လျှောက်ပတ်သောအခါ၌၊ ထိုအရှင်ဆရာဘုရား ဟောကြားတော်မူသည့် တရားဒေသနာကို ကောင်းမွန်စွာ ကြားနာမှတ်သား၍ “**ကာလေန ဓမ္မသာကစ္ဆာ**” ဟူသော ဒေသနာတော်အရ ကြားနာမှတ်သား၍ထားသော တရားဓမ္မ၌ ယထာဘူတသဘောသဘာဝတ္တသို့ကျအောင် သံသယမကင်းရှင်းသော အရာဌာနကို သင့်တင့်လျှောက်ပတ်သောအခါ၌ လျှောက်ထား မေးမြန်းခြင်းကို ပြုကြရမယ်။

**တထေဝ သောဏ္ဏပဗ္ဗတံ၊ အဂ္ဂိဇာလပရိက္ခတံ။**

**အာစေရံ ဥပသေဝေယျ၊ ပေမဂါရဝသံယုတော။ ။**

ဓနေသီ၊ ချမ်းသာကြွယ်ဝွေး စီးပွားရေး၌ စစ်ဆေးဘွေရှာ ရတနာကို လွန်စွာ လိုလားသော သူသည်။ အဂ္ဂိဇာလပရိက္ခတံ၊ ဝဲ, ယာ—ရှေ့, နောက် ထက်,အောက်မကျန် ဟည်းဟည်းညံသည့် မီးတောက်,မီးလျှံတို့ဖြင့် ဝန်းရံထိန်လင်း၍နေသော။ သောဏ္ဏပဗ္ဗတံ၊ အလိုရှိရာ ပြည့်စုံစွာသည့် ရောင်ဝါလျှံညီး ရွှေတောင်ကြီးကို။ ပေမဂါရဝသံယုတော၊ ရွှေကိုလိုလားမီးကိုကားရွံ့ မဝံ့ရဲတင်း ကြောက်ရွံ့ ရိုသေခြင်း နှင့် ယှဉ်သည်ဖြစ်၍။ ဥပသေဝေယျထာ၊ နောက်ဆုံ့အားဆောက် တူးပေါက်ယူကာ ချဉ်းကပ်

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ရာသကဲ့သို့။ သုခေသီ၊ သံသရာဘေး လွတ်ဘို့ရေး၌ စစ်ဆေးဘွေရှာ မြတ်ချမ်းသာကို လွှန်စွာလိုလားသော ဒါယကာ ဒါယိကာမများသည်။ အဂ္ဂိဇာလပရိက္ခတ်၊ လျှံဝါထိန်ညီး ဂုဏ်ရောင်မီးဖြင့် ပွားစီးတင့်ရွှန်း တောက်ထွန်းနေသော။ အာစေရ်၊ ရွှေတောင်၊ ငွေတောင်၊ စိန်တောင် အလားအားထားမှီငြမ်းရာဖြစ်သော ဆရာရဟန်းကို။ ပေမဂါရဝသံ ယုတော၊ လိမ်မာလိုလား ဂုဏ်ကိုကားရှုမဝံ့ရဲတင်း ချစ်ကြောက် ရှိသေခြင်းနှင့် ယှဉ်သည်ဖြစ်၍။ ဥပသေဝေယျ၊ ဆုံးမခံမည် မှတ်သားမည်နှင့် ကျင့်မည်စိတ်ထား သဒ္ဓါပွား၍ ခစားဆည်းကပ်ရာသတည်း။

**"ကိုယ်ကကောင်းက - ခေါင်းဘယ်ရွေ့မလဲ"** ဆိုသော စကားအတိုင်း၊ မိမိစိတ်ကို တည်တည်ကြည်ကြည် ခိုင်ခိုင်မတ်မတ်ထားပြီး ရှိသေလေးမြတ်စွာနှင့် ခစားဆည်းကပ် ဝင်ထွက် သွားလာ၍ အဝေးသို့ကြွရန်ကိစ္စရှိသည့်ဆရာသမားအား ဘယ်သို့ကြွမယ် ဘယ်ကိစ္စနှင့် ဘယ်လောက်ကြာမယ် စသည်ဖြင့် မေးမြန်း လျှောက်ထားခြင်း၊ စွမ်းနိုင်သလောက် ထောက်ပံ့ကူညီခြင်း၊ ပို့သင့်သလောက် လိုက်ပို့ခြင်းများကိုပြုလုပ်ရတယ်။

တဖန်အဝေးမှပြန်လာသော ဆရာသမား အားငှင်း၊ မိမိတို့ ကြည်ညိုသည့် ဆရာသမားများ ကြွလာသော်ငှင်း ကျန်းကျန်းမာမာရှိပါရဲ့လား အရှင်ဘုရား၊ ကိစ္စပြီးစီးပါရဲ့လားအရှင်ဘုရား- စသည်ဖြင့် လျှောက်ထားခြင်း၊ စွမ်းနိုင်သမျှနေရာထိုင်ခင်း ဆွမ်း, ကွမ်း, ရေစသည်ကို အိမ်၌သော်ငှင်း၊ လမ်း၌သော်ငှင်း တွေ့ရှိလျှင် အချိန်အခါ အားလျော်စွာ လှူဒါန်းခြင်း အမှုကိုပြုရမည်။ သို့မှသာ မိမိတို့ စပ်ဆိုင်ရာ ဘက်က လောကဝတ်ကျေလည်နိုင်တယ်။ ဝင်နေကြမဝင် သွားနေကြမသွား ရုတ်တရက် လမ်းဖြတ်၍ထားလျှင် မကျန်းမမာလို့လား စိတ်တမျိုးကွက်ပြီး သဒ္ဓါကြည်ညိုပျက်လို့လား စသည်ဖြင့် ယုံမှားတွေးတောခြင်းများဖြစ်တတ်တယ်။

ဤဆိုခဲ့ပြီးသော ဝတ်နိဗဒ်အတိုင်း ညီညွတ် ကိုင်းရှိုင်းစွာ ပြုသော ဒါယိကာမ များကိုလည်း **"ဘုရားဖြစ်မှာ-မာရ်နတ်ကတား"** ဆိုသော စကားကဲ့သို့ စပ်ကြားက ဖျက်ဆီးကဲ့ရဲ့တတ်ပြန်၏။ သို့သော် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းစသော လောကဓံတရားသည် လောက၌ ဘုရား ရဟန္တာသော်မှ မလွတ်ကင်းနိုင်သည့် သဘောဓမ္မတာ တမျိုးဖြစ်၍ **"လူမိုက်တသောင်း ကဲ့ရဲ့ ရှောင်းလည်း။ လူကောင်းတယောက်၊ ချီးမွမ်းပျောက်"** ဆိုသော

စကားကို ထောက်ထားကြ၍ လောကဝတ်,ဓမ္မဝတ်တရားများ ပျက်ပြား ချွတ်ယွင်းခြ း မရှိရလေအောင် ရှက်ဆောင်သည်ပိုးပြီး အမျိုးမျိုးသော ကုသိုလ်တရားကို ပွားများဆည်းပူးကြရမယ်။

ဆိုအပ်ခဲ့သော အဖြစ်မျိုးသည် သီလနှင့်ပတ်သက်၍ လုံခြုံအောင် မစောင့်ရှောက်နိုင်သည့်အတွက် သံဝရသီလ ပျက်ကွက်သောကြောင့် ဖြစ်ရတယ်လို့မှတ်ရမယ်။

ဤသံဝရသီလအကျင့်နှင့်ပြည့်စုံပါလျှင် အလိုရှိရာဆုတောင်းပတ္ထနာပြုသမျှနှင့်ပြည့်ဝနိုင်ကြောင်း။ **သီလဝတော ဘိက္ခဝေ ပတ္ထနံသမိဇ္ဈတိ** ဟု မြတ်စွာဘုရားဟောကြားတော်မူတယ်။

ဘိက္ခဝေ၊ သံသရာညွှတ် ဆင်းရဲဝဋ်မှ ကင်းလွတ်လိုကြောင်း ချစ်သား-ချစ်သမီးအပေါင်းတို့။ သီလဝတော၊ ကိုယ်ကျင့်ဓမ္မ မြတ်သီလနှင့်ပြည့်ဝ စုံလင်သော ပုဂ္ဂိုလ်အား။ ပတ္ထနံ၊ လောက-ဓမ္မ နှစ်ဌာနဌ် လိုလားတောင်းတသမျှသည်။ သမိဇ္ဈတိ၊ မကျန်မကြွင်း ကောင်းမြတ်ခြင်းတို့ ခပင်းဥဿုံ ပြည့်စုံလုံလောက်ခဲ့လေသတည်း။

ဤကဲ့သို့ဆုတောင်းသမျှနှင့် ပြည့်ဝ စုံလင်သည်ဟု ဆိုသော်လည်း လောကီဌ် ဖြစ်သော သူဌေး, သူကြွယ်, ပဒေသရာဇ်, စကြာ- ဝတေး, မန္ဓာတ်မင်းစသော လူချမ်းသာမျိုး၊ စတုမဟာရာဇ်စသော နတ်ချမ်းသာမျိုး၊ ပထမဈာန် စသော ဗြဟ္မာချမ်းသာမျိုးကို မတောင်းတ, မလိုချင်ဘဲ ထူးကဲမြင့်မြတ်သော နိဗ္ဗာန် ချမ်းသာကို တောင်းတရမည့် အကြောင်းများနှင့် မြတ်စွာဘုရားဟောကြားတော်မူတယ်။

**သီဝံ ပတ္တေထ ဘိက္ခဝေ၊ သီဝံ ပတ္တေတွာန ဒါနံ ဒါတဗ္ဗံ။**
**သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနံ ဘာဝေတဗ္ဗံ။ ။**

ဘိက္ခဝေ၊ သံသရာစက် ဝဲဂရက်မှ ဖဲ့ထွက်လိုကြောင်း ချစ်သား ချစ်သမီးအပေါင်းတို့။ သီဝံ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္တေထ၊ စေတနာ ဖြောင့်တန်း စိတ်စွဲလမ်း၍ မြော်မှန်း တောင်းတကြကုန်လော။ သီဝံ၊ ပြည်နိဗ္ဗာန်ကို။ ပတ္တေတွာန၊ မြော်မှန်း တောင်းတကြကုန်ပြီး၍။ ဒါနံ၊ ဒေယျဓမ္မပစ္စယကို။ ဒါတဗ္ဗံ၊ ပေးကမ်းစွန့်ကြဲခဝခဲ့လှူ ဒါန်းရာ၏။ သီလံ၊ သီလပဋိပတ်အကျင့်မြတ်ကို။ ရက္ခိတဗ္ဗံ၊ မကျိုးမပေါက် အောင် စောင့်ရှောက် ဆောက်တည်ရာ၏။ ဘာဝနံ၊ သမထ ဝိပဿနာ

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ဘာဝနာကမ္မဋ္ဌာန်း အခမ်းခမ်းကို။ ဘာဝေတဗ္ဗံ၊ မနေမနား လွန်ကြိုးစား၍ ပွားများအားထုတ်သင့်လှပေသတည်း။

ဤကဲ့သို့ ဟောတော်မူသည့် ဒေသနာတော်ကိုထောက်ဆ၍ ဒါန, သီလ, ဘာဝနာ တရားကို အားထုတ်ကြသည့်အခါ လောကီချမ်းသာကို မတောင်းတဘဲ လောကုတ္တရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို တောင်းတပြီး အားထုတ်ကြရမယ်။ လောကီချမ်းသာကို မဟောင်းတကြနှင့်ဟု တားမြစ်ပိတ်ပင်တော် မူသည်မှာ အပါယ်သို့ကျ ခစ တတ် သော ကြောင့် မ ဟုတ်၊ ဆင်ဖြူတော်ရတနာကြီး ရမည့်လာဘ်ကို ချည်ဝင်နှင့်ကျိန်းကျေ ဆိုတာလို နိဗ္ဗာန်တိုင်အောင် အကျိုးပေးလောက်သည့် ကုသိုလ်ကောင်းမှုကို၊ လောကီချမ်းသာလောက်နှင့် ရောင့်ရဲတင်းတိမ်နေမည်စိုး၍သာ တားမြစ်တော်မူတာလို့ မှတ်ရမယ်။

ပုထုဇဉ်သဘာဝ အားလျော်စွာ စိတ်ထင်ရာတန်းစွဲပြီးဆုတောင်းလွဲတတ်ကြတယ်။ ဤကဲ့သို့ မလွဲ မချော် ရလေအောင် ဆုတောင်းရန် နည်းလမ်းကိုခွဲခြမ်း၍ ညွှန်ပြတော်မူရတယ်။ ။မိန်းမထဲက ဥမ္မာဒန္တီဆုတောင်းမှား၍ ယောကျ်ားတွေ ဒုက္ခရောက်ရခြင်း၊ ယောကျ်ားထဲကလဲ အနာထပိဏ်သူဌေး၏တူ ခေမက, သူဌေးသားဟာ ဥမ္မာဒန္တီလို ဆုတောင်း ချော်လွဲ၍ သာဝတ္ထိပြည်ထဲ၌ ရှိသမျှသော ဆွေမျိုးမဟုတ်သည့် မိန်းမတွေ အသရေပျက်အောင် အဖျက်အဆီးခံရ၍ အရှက်တကွဲ အကျိုးနဲပြီး အနည်းနည်း ဒုက္ခရောက်ရခြင်းများဖြစ်ရတယ်။

ဒါတင်မကသေးဘဲ ဘုရားလက်ထက်က ဥပုသ် ဆောက်တည်ကြတဲ့ မိန်းမတွေတောင် အရောင်ရောင် အမှားမှားနှင့် စိတ်ထင်ရာ လိုက်စားပြီး မှောက်မှားတိမ်းစောင်းလျက် ဆုတောင်းလွဲချော်ကြသေးတယ်။ လွဲချော်မှားယွင်းပုံကို ဘယ်ကဲ့သို့မှတ်သားသင့်ပါသလဲဆိုတော့၊ ဓမ္မိဿရ ဓမ္မသာမိ မုနိထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ပုဗ္ဗာရုံရှေ့ကျောင်း၌ ကိန်းအောင်းမွေ့ လျော်စံပျော်မှီတင်း သီတင်းသုံးနေတော်မူစဉ်၊တခုသော ဥပုသ်နေ့၌ ဝိသာခါ ကျောင်းအမကြီးနှင့်တကွ ငါးရာ မျှလောက်သော သီတင်းသည် ဥပါသိကာတို့သည် ဥပုသ်သီလ မြတ်ဓမ္မကို ကျင့်သုံးဆောက်တည်ကြတယ်။

ထိုအခါ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ ဒါယိကာမကြီးက အဘွား အရွယ်,မိခင်အရွယ်လောက်ရှိသည့် သီတင်းသည် ဥပါသိကာ မကြီးတို့ထံ

ချဉ်းကပ်ပြီး အဘွားတို့ - မိခင်တို့ ယနေ့ယခု ဘယ်ဆုမျှား တောင်းတပြီး ဥပုသ်သီလကို **စောင့်ရှောက်ဆောက်တည်ကြပါသလဲဟု" အမ္မာ ကိမတ္ထံ ဥပေါသထိကာဇာတာ.တ္ထ"** လို့ မေးမြန်းရှာတယ်။

အမ္မာ၊ ဇရာတိစီး အားအင်နည်းလှပေသော အဘွားကြီး- အမေကြီးတို့။ တမ္မေ၊ ဇရာတိစီး အားအင်နည်းလှပေသော သင် - အဘွားကြီး, အမေကြီးတို့သည်။ ကိမတ္ထံ၊ ဘယ်ကိုမြှော်ကိုး ဘယ်အကျိုးငှာ။ ဥပေါသထိကာဇာတာ၊ ဥပုသ်သီတင်း စောင့်သုံးခြင်းကို ပြုကြကုန်သည်။ အတ္ထ၊ ...စစ်မှန်စွာ ဖြစ်ကြပါကုန်သနည်း။

ဤကဲ့သို့ ဝိသာခါ ကျောင်းအမကြီးက မေးတော့၊ အဘွားအရွယ်, အမိအရွယ်လောက်ရှိတဲ့ ဥပါသိကာ ဒါယိကာမကြီးတစုတို့က အရွယ်မကြီး သေးသည့် ငါ့သမီး ငါ့မြေး ဝိသာခါ ညီးတို့- အဘွားကြီးတို့- အမေကြီးတို့ နေရ-ထိုင်ရ-ဖြစ်ကြရတဲ့ ဤလူ့ပြည် လောကကြီးဟာ ဆံဖြူရ, သွားကျိုးရ၊ ပါးရေ,နားရေ တွန့်သိမ့်ရုံ့တွရ၊ မျက်စိသီ,နားထိုင်း၍ ခါးကိုင်း ကုန်းကွပြီး အကြောပြိုင်းပြိုင်းထ၍ ငယ်မူရုပ်ရေယိုယွင်းလျက်၊ အိုရခြင်း,နာရခြင်း, သင်းရဲမြင်းဒုက္ခ ရောက်ရပေတယ်။

သို့ကလောက် ပင်ပန်းပြီး မီးပူ,ထင်းပူ,လေပူ,နေပူ တို့နှင့် တလူလူ, တဆူဆူ နှိပ်စက်သည့်ပြင် ချက်ပြုတ်ကြော်လှော်ရ၍ ငြီးစော်နံရ၊ ချေး အညော် အညစ်အထေးတို့က ပေရေ လိမ်းကျံသဖြင့် အတန်တန် ဆေးလျှော် ရှော်ဖွပ်ရ၊ ဖီးရ, လိမ်းရ၊ ကျင်ကြီး, ကျင်ငယ် စွန့်ရခြင်း စသော အနန္တ ဘေးဒုက္ခဘေးနှင့် အသက်ရှည်သမျှ ကာလပတ်လုံး တွေ့ကြုံနေကြရတယ်။

စတုမဟာရာဇ်,တာဝတိံသာ စသော နတ်ပြည်များမှာတော့ မအိုရ,မနာရဘဲ နတ်သက်ရှည်သမျှ ကာလပတ်လုံး ၁၆-နှစ်အရွယ် ရှုချင်စဘွယ်နှင့် တင့်တယ်လှပစွာ နေရသည့်အပြင်၊ မချက်မပြုတ်, မလုပ်မကိုင်ဘဲ မွှေးကြိုင်ကောင်းမွန်လှစွာသော နတ်သုဓာကိုသာ သုံးဆောင်စားသောက်ရ၍ ထိုကဲ့သို့သော ချမ်းသာသုခနှင့် ပြည့်ဝစေခြင်းငှါ၊ အမေကြီး, အဘွားကြီးတို့သည် စတုမဟာရာဇ်,တာဝတိံသာ စသော နတ်စည်းစိမ်ကို တောင်းတပြီး ဥပုသ်သီလကို ဆောက်တည်ကြသည်ဟု လိမ်လည် ထိမ်ဝှက်မထားဘဲ ဖြောင့်မှန်ရိုးသားသော စကားကို တညီတညာတည်း ပြောကြားလိုက်ကြပေတယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

**ဒိဗ္ဗသမ္ပတ္တိံ ပတ္တေတ္ဝာ သီလံ ရက္ခိသာမ။ ။**

ဝိသာခါ၊ ချစ်သွီးဝိသာခါ။ မယံ၊ ငါတို့အဘွားကြီး့အမေကြီးတစု တို့သည်။ ဒိဗ္ဗသမ္ပတ္တိံ၊ မအို့မနာ ချမ်းသာစွာလျက် လိုရာဆန္ဒ ပြည့်ဝရိပ်ငြိမ် စတုမဟာရာဇ်စသော နတ်စည်းစိမ်ကို။ ပတ္တေတွာ၊ အာသာ စွဲလမ်း ရည်မှန်း တောင်းတ ကြကုန်၍။ သီလံ၊ ဥပုသ် သီလ မြတ်ဓမ္မကို။ ရက္ခိသာမ၊ ညီညာဖြဖြနှင့်တကွ ကျင့်သုံးဆောက်တည်ကြပါကုန်၏။

ဤကဲ့သို့ ပြောကြားကြသောစကားကို ထောက်ထားပါလျှင် ထို မိန်းမတစုတို့သည် လှလှပပ့ တင့်တင့်တယ်တယ့် ဘွယ်ဘွယ်ရာရာနှင့် နေ၍ ကာမဂုဏ်ချမ်းသာကို ခံစားစံစားချင်သည့်အပြင်၊ဖီးလိမ်းပြုပြင် ကိုယ်သက် သုခံသင်၍ အထောင်းအဖွပ့်အချက်အပြုတ့်အလုပ်အကိုင် နေရာ၌ လွန်စွာ ပျင်းရိကြဟန် လက္ခဏာရှိတယ်။

ထိုနောက် ဝိသာခါကျောင်းအမကြီးသည်၊ အဒေါ်အရွယ့်မိထွေး အရွယ်ဖြစ်သော သီတင်းသည် ဥပါသိကာမတို့ထံ ချဉ်းကပ်သွားရောက်၍ စောင့်ရှောက်သော ဥပုသ်သီလ ကောင်းမှုကြောင့် ဘယ်ဆုများ တောင်း ကြပါသလဲဟု အကြောင်းကို သိလို၍-

**အမ္မာ ကိမတ္ထံ ဥပေါသထိကာဇာတာ.တ္ထ။ ။**

ဟု မေးမြန်းပြန်တယ်။

အမ္မာ၊ မိထွေး့မိကြီး အသီးသီးတို့။ တုမှေ၊ မိထွေး့မိကြီးတို့သည်။ ကိမတ္ထံ၊ ဘယ်အကျိုးငှါ။ ဥပေါသထိကာဇာတာ ဥပုသ့်သီတင်း စောင့်သုံး ဆောက်တည်ခြင်းအမှုကို ပြုကြကုန်သည်။ အတ္ထ၊ စင်စစ်မှန်စွာ ဖြစ်ကြပါ ကုန်သနည်း။

ဤကဲ့သို့ ဝိသာခါ ကျောင်းအမကြီးက မေးတော့၊ မိထွေး့ မိကြီး အရွယ်မျှရှိကြသည့် သီတင်းသည် ဥပါသိကာမတစုတို့က၊ ငါ့တူမ ဝိသာခါ ငါ့တူမတို့- အဒေါ်တို့ ယခု နေကြ-ထိုင်ကြသည့် ဤလူ့ပြည် လောကကြီး ဟာ အနှစ်တရာ မရှည်ကြာလှ၊ ခေတ္တ ခဏလောက်သာ နေကြရတယ်။ ဤမျှလောက်ကလေး နေရပါသော်လည်း၊ လင်သားယောကျ်ား့ ခင်ပွန်း သည်များနှင့် မသင့်မတင့်၍ ကစဥ့်ကရဲ တကွဲတခြား ခွဲ ခွါ သွား သဖြင့်

တခုလပ် ဖြစ်ရခြင်း၊ လင်နှင့် မယား နှစ်ဦးသားတို့ မိဘပေးစားသဖြင့် ထိမ်းမြားလက်ထပ် သင့်မြတ်ချစ်ခင်စွာ ပေါင်းသင်းဆက်ဆံ၍ မကြာသေးဘဲ သေကွဲ,ကွဲရ၍ မုဆိုးမဖြစ်ရခြင်း။

ဤကဲ့သို့ လင်သား, ယောကျ်ား, ခင်ပွန်းသည်များနှင့် ပြုံးလား, ရယ်လား၊ ပျော်လား, ပါးလား တဟားဟား ချစ်ခင်နေဆဲမှာ သေကွဲ, ရှင်ကွဲ အနုနုနှင့်ဖေါက်လွဲဖေါက်ပြန် အတန်တန်အဝဝ ဝိပ္ပယောဂ, ဒုက္ခတို့နှင့် မတွေ့မကြုံရဘဲ၊ ပေါင်းသင်း ချစ်ခင်နေဆဲ ဖြစ်သော ဤယခု လင်သည် ယောကျ်ားနှင့် မကွဲမကွာဘဲ အစွဲအမြဲ ပေါင်းသင်းနေထိုင်ရစေခြင်းငှါ၊ မိထွေး,မိကြီးတစု ဖြစ်ကြသော ငါတို့သည် ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကို ပြုကြပါတယ်ဟု ပရိယာယ် လီဆယ်၍ ကွယ်ဝှက်ကာ ထိမ်ကျန်မထားဘဲ ဖြောင့်မတ် ရိုးသားသော စကားဖြင့် အမှန်ကို ပြောကြားကြတယ်။

**သပတိဝါသမုဋ္ဌနတ္ထာယ သီလံ ရက္ခိဿာမ။ ။**

ဝိသာခါ၊ စကားအရာ လိမ်မာရေးခြားလှသည့် ငါ့တူမ,ဝိသာခါ။ မယ်၊ မိထွေး,မိကြီးသဖွယ် သက်ရွယ်ကြီးလှသော ငါတို့သည်။ သပတိဝါသမုဋ္ဌနတ္ထာယ၊ဤလင်,ဤသား,ဤယောကျ်ားနှင့် မကွဲမပြားဘဲ အမြဲအမြံ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ရခြင်းငှါ။ သီလံ၊ ဥပုသ်သီလ မြတ်ဓမ္မကို။ ရက္ခိဿာမ၊ ဝမ်းသာအားရ နှစ်သက်လှသဖြင့် ကျင့်သုံး ဆောက်တည်ကြပါကုန်၏။

ဤကဲ့သို့ ပြောကြားကြသော စကားကို ထောက်ထား ကြည့်ရှုပါလျှင်၊ ထိုမိန်းမတစုတို့သည် လင်သား, ယောကျ်ားများအပေါ်၌ အတော်ကလေး ယုယချစ်ခင်ဟန်လက္ခဏာရှိတယ်။ ။ထို့နောက် ပုဗ္ဗာရုံကျောင်း အမဖြစ်သော ဝိသာခါ ဒါယိကာမကြီးက အစ်မအရွယ်,ညီမအရွယ် ပမာဏရှိသော သီတင်းသည် ဥပါသိကာမတစုတို့၏ အနီးအနားသို့ သွားရောက်ချဉ်းကပ်ပြီး စောင့်ရှောက် ဆောက်တည်သော ဥပုသ်သီလအတွက် ဘယ်ဆုများ နှစ်သက်တောင်းတ,ကြပါသလဲဟု အကြောင်းကို သိလို၍-

**အမ္မာ ကိမတ္ထံ ဥပေါသထိကာဇာတတ္ထ။ ။**

ဟု မေးမြန်းကြည့်ရှုပြန်တယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

အမှာ၊ အို—အစ်မကြီးတို့။ တုမှေ၊ သင်အစ်မကြီးတို့သည်။ အဇ္ဇ၊ ယနေ့။ ကိမတ္ထံ၊ ဘယ်အကျိုးငှါ။ ဥပေါသထိကာဇာတာ၊ ဥပုသ်သီတင်း စောင့်သုံး ဆောက်တည်ခြင်းအမှုကို ပြုကြကုန်သည်။ အတ္ထ၊ စင်စစ်မှန်စွာ ဖြစ်ကြပါကုန်သနည်း။

ဤကဲ့သို့ ဝိသာခါကျောင်းအမကြီးကမေးတော့၊ အစ်မအရွယ်၊ ညီမအရွယ်မျှရှိသော သီတင်းသည် ဥပါသိကာမတို့က ငါ့ညီမ ဝိသာခါ-ငါ့ညီမတို့ အစ်မကြီးတို့ နေထိုင်ကြတဲ့ ဤ လူ့ ပြည် လော ကကြီး ဟာ၊ အကိုင်း, အခက်, အတက်, အညွန့်, အခွန့်ပွားစီး သားသွီးမရမရှိပြီဆိုမှဖြင့်၊ လူရာမဝင် မိန်းမတွင်အယုတ်ဟု လူ တို့ သ မုတ် ကြ သဖြင့်၊ လင်သား ယောကျ်ားများ၏ နှင်ထုတ်ခြင်းကိုခံရ၊ မျက်နှာမလှ အရှက်ရ၍၊ မင်္ဂလာ မရှိသောမိန်းမ,ဟု ခေါ်ဝေါ်ကြခြင်း၊ မျက်နှာသန့်စင် သားသမီးကိုပင် ဘွားမြင်စေကာမူ၊ သားယောကျ်ားမှ လောကမှာ မြင့်မြတ်၍ ရှေးဦး အစ၌ အမည်နာမပေးသောမင်္ဂလာ၊ နှောင်ပုခက်တင်မင်္ဂလာ၊ ထိုနောက် နားထွင်းမင်္ဂလာ စသည်ဖြင့် လောကီမင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပ၍ လောက၌ တင့်တယ်ခြင်းရှိကြပေတယ်။

ထိုနောက် သာမဏေရ ပဗ္ဗဇ္ဇဟူသော ရှင်ပြုမင်္ဂလာ၊ ဥပသမ္ပဒ ပဗ္ဗဇ္ဇဟူသော ရဟန်းခံမင်္ဂလာ၊ ဤကဲ့သို့ လောကုတ္တရာ မင်္ဂလာ သဘင်ကို ဆင်ယင်ကျင်းပ၍ ရှင့်မယ်တော်, ရဟန်း မယ်တော် ဟူသော အကျော် အမော်ဖြစ်သည့် လောကုတ္တရာဘက်၌ အမည်နာမ ဝိသေသ ဂုဏ်ထူးဖြင့် ချီးကျူးခေါ်ဝေါ်ခြင်းကိုခံရ၍ သာသနာ့ဒါယဇ္ဇအမွေခံတောင် ဖြစ်ရပေ တယ်။ ထို့ကြောင့် အစ်မကြီးတစုတို့သည် ရှေးဦးစွာ ကြိုတင်၍ သား ယောကျ်ားကို မျက်နှာသန့်စင် ဘွားမြင်မွေးမြူရစေခြင်းအကျိုးငှါ၊ ဥပုသ် သီတင်း စောင့်သုံး ဆောက်တည်ခြင်းအမှုကို ပြုကြ ပါတယ်ဟု မကွယ် မထောင့်ဘဲ ဖြောင့်မှန်သော စကားကို ဟုတ်သည့်အတိုင်း တညီတညာ တည်း ပြောကြားကြတယ်။

**ပထမဂဗ္ဘေ ပုတ္တပဋိလာဘတ္ထာယ သီလံ ရက္ခိသာမ။ ။**

ဝိသာခါ၊ ကြောင်းကျိုးခြင်းရာ လိမ်မာပေလှ ငါ့ညီမ ဝိသာခါ။ မယံ၊ ကုသိုလ်ဓမ္မ ဟူသမျှ၌ လုလ္လအားသည်း အစ်မကြီးတို့သည်။ ပထမ ဂဗ္ဘေ၊ ရှေးဦးအစ ဂဗ္ဘပဋိသန္ဓေ တည်နေလူ့ဘောင် ကိုယ်ဝန်ကိုဆောင်

ရာ၌။ ပုတ္တပဋိလာဘတ္ထာယ၊ လောကုတ္တရာမှန် အမွေခံမြောက် လောက်လောက်လားလား သားယောကျ်ားရတနာကို မျက်နှာသန့်စင် ဘွားမြင်ရစေခြင်းငှါ။ သီလံ၊ ဥပုသ်သီလမြတ်ဓမ္မကို။ ရက္ခိဿာမ၊ ဝမ်းမြောက်အားရ နှစ်သက်လှသဖြင့် ကျင့်သုံးဆောက်တည်ကြပါကုန်၏။

ဤကဲ့သို့ ပြောကြားကြသော စကားကို ထောက်ထား ကြည့်ရှုပါလျှင် ထိုမိန်းမတစုတို့သည် မိန်းမအမြုံ၊ မိန်းမအဖိုဟုခေါ်ကြသော လောကစကားကို ကြောက်ရွံ့ပြီး အညွန့်အတက်ဖြစ်သော သား-သမီးရတနာကို လွန်စွာလိုချင် ချစ်ခင်ဟန်လက္ခဏာရှိတယ်။ ထိုနောက် ဝိသာခါကျောင်းအမကြီးသည် တဆယ့်သုံးလေးနှစ်အရွယ် နုနယ်သေးငယ်လှသော ဥပုသ်သည် ဥပါသိကာမကလေးများထံ သွားရောက်ပြီး၊ စောင့်ရှောက် ဆောက်တည်ကြသော ဥပုသ်သီလအတွက် ဘယ်ဆုများ နှစ်သက် တောင်းတကြပါသလဲဟု အကြောင်းကိုသိလို၍....

**အမ္မာ ကိမတ္ထံ ဥပေါသထိကာဇာတ.တ္ထ။**

ဟု- မေးမြန်းပြန်တယ်။

အမ္မာ၊ အို—ညီမတစုတို့။ တုမှေ၊ ငါ့ညီမတစုတို့သည်။ အဇ္ဇ၊ ယနေ့။ ကိမတ္ထံ၊ ဘယ်အကျိုးငှါ။ ဥပေါသထိကာဇာတာ၊ ဥပုသ် သီတင်းစောင့်သုံးဆောက်တည်ခြင်းအမှုကိုပြုကြကုန်သည်။ အတ္ထ၊ ဖြစ်ကြပါကုန်သနည်း။

ဤကဲ့သို့ ဝိသာခါကျောင်းအမကြီးက မေးတော့၊ ဆယ့်သုံးလေးနှစ်အရွယ် နုနယ်သေးငယ်လှသော ကုမာရီဥပုသ်သည်တစုတက အစ်မကြီးဝိသာခါ....အစ်မကြီးတို့ ကျွန်မတို့ နေကြ ထိုင်ကြတဲ့ ဤလူ့ပြည်လောကကြီးဟာ သာသနာဝန်ထမ်းလို့ ဘိက္ခုနီမ ရဟန်း အဖြစ်မျိုး နှင့် အရိုးထုတ်အောင် ပြုလုပ်နိုင်လျှင် သင့်လျော်ပါရဲ့။ သို့မဟုတ်ပါလျှင် ငယ်ရွယ်သော အပျိုစင်က ချစ်ခင် နှစ်သက် စုံမက်မြတ်နိုးသော လင်၏အမျိုးအိမ်သို့ လိုက်သွားရမှ လူဖြစ်ကျိုးနပ်ပါတယ်။

အရွယ်မကောင်း အချိန်နှောင်းမှဖြင့် ကာလ်သား လူပျိုအပေါင်းတို့က မျက်စောင်းထိုးကာ မေးငေါ့ကာနှင့် ကုန်ပုပ်ကုန်ဆွေးပမာ ဘယ်သူမှ မနှစ်သက်ရာသဖြင့် ဗလာ ကိုယ်ထည်း အပျိုကြီးဟု အနည်းနည်း ပြောင်လှောင် ပျက်ရယ်ပြုကြ၍ လူပရိသတ်အလယ်မှာ မတင့်မတယ် ရှက်ဘွယ်ရာများပါ၏။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ကျွန်မတို့တစုမှာ ပါရမီ သေးနုလှ၍ ဘိက္ခုနီမလဲ မလုပ်နိုင်ကြ သဖြင့် လောကဉ် ကဲ့ရဲ့ရှုတ်ချခြင်းမှ ကင်းလွတ်ကြလျက် အသက်အရွယ် နုနယ်ပျိုမြစ်၍ အပျိုကြီးမဖြစ်သေးမီ ချစ်ခင်စဘွယ် တင့်တင့်တယ်တယ် နုနယ်သေးငယ်လှသော ယခုလိုအရွယ်ကပင် လင်ကောင်း, သားကောင်း နှင့် အကြောင်းသင့်မြတ်ပြီး လက်ထပ်မင်္ဂလာဆောင်ကြရခြင်းငှါ၊ ကျွန်မ တို့တစုံ သိတင်းစောင့်သုံးခြင်းအမှုကို ပြုကြပါတယ်ဟု ကွယ်ဝှက်လိမ်လည် မထားဘဲ ဖြောင့်မှန်ရိုးသားသောစကားဖြင့် တညီတညာတည်းပြောကြား ကြတယ်။

**တရုဏာဘာဝေယေ၀ ပတိကုလံ ဂမနတ္ထာယ**
**သီလံ ရက္ခိံသာမ။ ။**

ဝိသာခါ၊ အစ်မကြီးဝိသာခါ။ မယံ၊ အသက်အရွယ် နုနယ်ပါလှ ကျွန်တော်မတို့သည်။ တရုဏာဘာဝေယေ၀၊ ချစ်ခင်စဘွယ်နုနယ်လှသော ယခုလို အချိန်အရွယ်ကပင်လျှင်။ ပတိကုလံ၊ မယားမှတ်မှတ် သားမှတ်မှတ် နှင့် လေးမြတ်ရှုစား ချစ်ခင်ခြင်းများသော လင်ငယ် ယောကျ်ား အိမ်သို့။ ဂမနတ္ထာယ၊ လျင်မြန်ဆောစွာ လိုက်သွားပါရစေခြင်းအကျိုးငှါ။ သီလံ၊ ဥပုသ်သီလ မြတ်ဓမ္မကို။ ရက္ခိံသာမ၊ ဝမ်းသာအားရ နှစ်သက်လှသဖြင့် ကျင့်သုံးဆောက်တည်ကြပါကုန်၏။

ဤကဲ့သို့ ပြောကြားသောစကားကို ထောက်ထားကြည့်ရှုပါလျှင်၊ ထိုမိန်းမငယ်တစုတို့သည် အပျိုကြီးခေါ်သည်ကို နင့်သီးလှသည်ဟု ထင် မှတ်၍ အခေါ်မခံချင်ဘဲ စောစောစီးစီးက ယောကျ်ား လိုချင် ကြဟန် လက္ခဏာရှိတယ်။

ဤဥပုသ်သည်ကလေးများသည် ဆယ့်သုံးလေးနှစ်အရွယ် နုနယ် သေးငယ်လှသော အချိန်အခါကသီလများဆောက်တည်တယ်။ ယခုကာလ ဆယ့်သုံးလေးနှစ်အရွယ် နုနယ်သော သူငယ်မကလေး များသည် ဥပုသ် မစောင့်ကောင်းသကဲ့သို့ ကျောင်း, ကန်, ဘုရားသို့ပင် အရောက်အပေါက် နည်းပါးကြ၍ ရဟန်းသံဃာများနှင့်တောင် စကားမပြောတတ်ရှာကြဘူး။ အဲတာ-မိဘများ နေရာမကျ၍ သား,သမီး နားမလည်တာ။

ထိုဥပုသ်သည် သူငယ်မကလေးတွေကို နည်းယူမှတ်သား၍ ဗုဒ္ဓ ဘာသာ သမ္မာ အယူရှိကြတဲ့ မိဘများသည် "သား, သမီး မကောင်း-

**မိဘခေါင်း**" ဆိုတာလို မဖြစ်ရအောင်၊ မိမိတို့၏သား, သမီးများကို ရတနာ သုံးပါးသို့ ခစားဆည်းကပ်တတ်အောင် ရှေ့ဆောင်ညွှန်ပြ ဆုံးမနည်းပေး ခြင်းအမှုကို နားလည် ပါးလည်ရှိစေရန် အလေးဂရုပြုကြရမယ်။

ဝိသာခါကျောင်းအမသည် ဤကဲ့သို့ အငယ်, အကြီး အသီးသီး သော သီတင်းသည် ဥပါသိကာမတို့၏ ဆုတောင်း မှားယွင်းသည်များကို ကြားသိရသဖြင့် ထိုအလုံးစုံသော ဥပုသ်သည်တို့ကို ခေါ်ငင်ပြီး ဘုရားရှင် ထံသို့သွား၍ အစဉ်အတိုင်းဖြစ်သော သီတင်းသည်တို့၏ ဆုတောင်းများကို လျှောက်ထားတယ်။

ထိုအခါ မြတ်စွာဘုရားက ကျောင်းအမ ဝိသာခါ၊ လောကဌ် လိမ်မာလှသော နွားကျောင်းသားသည် သူတပါးတို့၏ လယ်ယာလုပ်ခင်း သို့ ဝင်ကြသောနွားအပေါင်းကို ကြိမ်လုံး နှင်တံဖြင့် တားမြစ်ရိုက်နှက်၍ ကောင်းသော မြက်, ရေ ရှိသည့် စားကျက်သို့ အတင်း ဆွဲငင် မောင်းနှင် ယူဆောင်သွားသကဲ့သို့၊ ဇာတိ, ဟူသော သဘောတရားသည် ရှေးဦးစွာ သတ္တဝါတို့၏အသက်ကို ဇရာ၏အထံသို့ အမြန်စေခိုင်း၍၊ ဇရာ, ဟူသော သဘောတရားက ဗျာဓိ၏အထံသို့ အမြန်စေခိုင်း၍၊ ဗျာဓိသဘောတရားက မရဏ၏ အထံသို့ အမြန်စေခိုင်းကြတယ်။

ထိုမရဏသည် ဓားမဖြင့်ပိုင်းဖြတ်သကဲ့သို့ သတ္တဝါတို့၏အသက်ကို ကုန်ခန်းချုပ်ပျောက်စေတယ်။ ဤသို့ကြောက်ရွံ့ ထိတ်လန့်စရာ ကောင်းပါ လျက်နှင့် သတ္တဝါတို့သည် ဝဋ်ဒုက္ခပြတ်ကင်းရာ နိဗ္ဗာန်တရားရှေးနန်းကို စွဲလမ်း တောင်းတခြင်းမပြုဘဲ အလွန်အကဲ ဆင်းရဲလှသော ဝဋ်ဒုက္ခ ပွေသည့် လောကီချမ်းသာ သုခကိုသာ မြှော်မှန်းတောင်းတကြတယ်ဟု ဥပုသ်သည် သီတင်းသည်များကို ဟောကြားဆုံးမတော်မူတယ်။

**ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါစေတိ ဂေါစရံ။**

**ဧဝံ ဇရာစ မစ္စုစ၊ အာယုံ ပါစေန္တိ ပါဏိနံ။ ။**

ဂေါပါလော၊ နွားကျောင်းသားသည်။ ဒဏ္ဍေန၊ တုတ်လုံစွဲကာ ကြိမ်တပြာဖြင့်။ ဂါဝေါ၊ အမ, အထီး, အကြီး, အငယ် အသွယ်သွယ်စု ဆောင်း နွားအပေါင်းတို့ကို။ ဂေါစရံ၊ လယ်ယာ, ချောင်းခင်း မဆင်း မဝင် ကြည်လင်နှစ်သက် ရေ,မြက် ကောင်းရာဖြစ်သော နွားစားကျက်သို့။ ပါစေတိယထာ၊ မရပ်မဆိုင်း ဒုန်းစိုင်းဆောလျင် မောင်းကာနှင်သကဲ့သို့။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ဇဝံ၊ ဤနည်းမခြား အလားထပ်တူသာလျှင်။ ဇရာစ၊ သွားကျိုးဆံဖြူငယ်မူ ယိုယွင်း အိုရခြင်းဇရာ့တရားသည်ငှင်း။မစ္စုုစ၊ရုပ်နာမ်နှစ်ဖြာ ခန္ဓာယိုယွင်း သေရခြင်း မစ္စု့တရားသည်ငှင်း။ ပါဏီနံ၊ သူ့ ငါ့ကစ များလှဖုံဖုံ အလုံးစုံ သော သတ္တဝါတို့၏။ အာယုံ၊ နာမ် ရုပ်နှစ်လီ တည်နေမပျက် အသက် ဇီဝိ တိန္ဒြေကို။ ပါဇေန္တိ၊ သုသာန်သင်းချိုင်း မြေလုပ်တိုင်းသို့ မဆိုင်းဆောလျှင် မောင်းနှင်၍ သွားကြလေကုန်၏။

ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားဆုံးမတော်မူလိုက်သော အခါ၊ များစွာသော သီတင်းသည် ဥပါသိကာမ တို့သည် သောတာပတ္တိဖိုလ် စသော တရားထူး့တရားမြတ်သို့ ဆိုက်ကပ်ပေါက်ရောက်ကြသဖြင့်၊ သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ထိုးထွင်းသိမြင်၍ အရိယာဂိုဏ်း ဝင် ဖြစ်သွားကြတယ်။

ယခုအခါ ဥပုသ်သီတင်း စောင့်သုံးဆောက်တည်ခြင်းအမှုကို ပြုကြ တဲ့ ဥပါသိကာမိန်းမ့ဥပါသကာယောကျ်ားတစုတို့လည်း၊ သာဝတ္ထိပြည်သူ ဥပုသ်သည် ငါးရာ့ ဥပါသိကာမတို့ကဲ့သို့ လင်ဆု-သားဆု နတ်ပြည် စည်း စိမ်ချမ်းသာဟု ဆိုအပ်သော လောကီသုခ့ဝဋ္ဋဒုက္ခကို မလိုချင့် မတောင်း တဘဲ ချမ်းသာတကာတို့ထက် လွန်ကဲထူးမြတ်လှသော သန္တိသုခ ဝိမုတ္တိဓမ္မ ဖြစ်သော အမတမှန် ပြည်နိဗ္ဗာန်ကို သန်သန်ကြီး လိုလားတောင်းတ၍၊ ဥပုသ်သီလများကို လုံခြုံအောင် ဆောက်တည်ကြရမည်ဟု ဟောကြား တော်မူတယ်။

**သိဝံ ပတ္ထေထ ဘိက္ခဝေ၊ သိဝံ ပတ္တွာန ဒါနံ ဒါတဗ္ဗံ၊**
**သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ။ ။**

ဘိက္ခဝေ၊ သံသရာစက် ဇဲဂရက်မှ ဖဲထွက်လိုကြောင်း ချစ်သား- ချစ်သမီးအပေါင်းတို့။ သိဝံ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန် ကို။ ပတ္ထေထ၊ စေတနာမပြောင့်တန်း စိတ်စွဲလမ်း၍ မြှော်မှန်းတောင်းတကြ ကုန်လော။ သိဝံ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ပတ္တွာန၊ မြှော်မှန်းတောင်းတကြကုန်ပြီး၍။ ဒါနံ၊ ဒေယျဓမ္မ ပစ္စယကို။ ဒါတဗ္ဗံ၊ ပေး ကမ်းစွန့်ကြဲ ဝေခွဲလှူဒါန်းရာ၏။ သီလံ၊ သီလပဥ္စပတ် အကျင့်မြတ်ကို။ ရက္ခိ တဗ္ဗံ၊မကျိုးမပေါက်ညှိုးမခြောက်အောင် စောင့်ရှောက်ဆောက်တည်ရာ၏။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ဘာဝနာ၊သမထဝိပဿနာဘာဝနာကမ္မဋ္ဌာန်းအခမ်းခမ်းကို။ဘာဝေတဗ္ဗာ၊ မနေမနား လွန်ကြိုးစား၍ ပွားများအားထုတ်သင့်လှပေသတည်း။

ဤကဲ့သို့ နည်းပေးလမ်းပြ ဆုံးမသော ဒေသနာကို ထောက်ဆ၍ နိဗ္ဗာန်ချမ်းသာကို တောင်းတကြပြီး အစကပြောခဲ့သော ဟီန,မဇ္ဈိမ,ပဏီတ သုံးပါးတို့တွင် နောက်ဆုံးဖြစ်သော ပဏီတသီလ၊ ဟာနဘာဂိယ၊ ဌိတိဘာဂိယ၊ ဝိသေသဘာဂိယ၊ နိဗ္ဗေဓဘာဂိယ လေးပါးတို့တွင်လည်း နောက်ဆုံးဖြစ်သော နိဗ္ဗေဓဘာဂိယသီလ၊ နိဂဏ္ဌ-ဂေါပါလ-အရိယာ သုံးပါးတို့တွင်လည်း နောက်ဆုံးဖြစ်သော အရိယာဥပုသ်သီလမျိုးသို့ ရောက်ရှိစေရန် မြဲမြံစွာ စိတ်ကိုထားလျက် စာရိတ္တ,ဝါရိတ္တ,သီလ နှစ်ပါးကို ခရုသင်းပွတ်သစ် ပုလဲနှစ်အသွင် ညစ်ကြေးမတင် သန့်ရှင်းစင်၍ ကြည်လင်တောက်ပ ကျိုး,ပေါက်,ပြောက်,ကျား ညှိုးနွမ်းခြင်းများ မရှိရအောင် သတိကို ရှေ့ဆောင်ပြီး လုံခြုံအောင် စောင့်ရှောက်၍ ဆောက်တည် ကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

(ဝိသာခါနှင့် သီတင်းသည်မငါးရာဝတ္ထု ပြီး၏။)

## ရက်ကန်းသည်မ ပေသကာရီဝတ္ထု

(မရဏာနုဿတိတရား)

**ဗုဒ္ဓေါယော မင်္ဂလော လောကေ၊ မင်္ဂလံဂ္ဂတိ ဝိဿုတော။**
**ဒေသကော မင်္ဂလတ္ထာနံ၊ မင်္ဂလ ႏ္တံ နမာမ ႏဟံ။ ။**

လောကေ၊ လောကသုံးရပ် ဘုံသုံးထပ်၌။ ယောဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ မင်္ဂလော၊ ကောင်းကျိုးချမ်းသာ ပေးတတ်စွာသော မင်္ဂလာကြီး အစစ်ဖြစ်တော်မူပါပေ၏။မင်္ဂလံဂ္ဂတိ၊လိုအင်ဆန္ဒ ဟူသမျှနှင့် ပြည့်ဝစုံစွာ မင်္ဂလာတုံး-မင်္ဂလာခဲကြီး ဟူ၍။ ဝိဿုတော၊ လောကသုံးပါး၌ ထင်ရှား ကျော်စောတော်မူပါပေ၏။ မင်္ဂလတ္ထာနံ၊ လောကီ,လောကုတ္တရာ အဖြာဖြာသော စီးပွားချမ်းသာ မင်္ဂလာကို လွန်စွာ လိုလားကြကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား။ ဒေသကော၊ မင်္ဂလာနှင့်စပ် မြင့်မြတ်သော တရားစကားကို ဟောကြား ဆုံးမတော်မူတတ်ပါပေ၏။ မင်္ဂလံ၊ မင်္ဂလာတုံး - မင်္ဂလာခဲကြီး အစစ် ကေန္တဖြစ်တော်မူပါပေသော။ တံဗုဒ္ဓံ၊ သစ္စာသိမြင် ထိုသုရား

ရှင် ကိုယ်တော်မြတ်ကို။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးလိုက်ပါ၏ အရှင်ဘုရား။

ဤဒေသနာတော်အရ၊ မြတ်စွာဘုရားသည် မင်္ဂလာအစစ်ဖြစ်တော်မူတယ်။ထိုအတူ"ဇောတကော မင်္ဂလတ္ထာနံ၊ ကာရကော မင်္ဂလတ္ထာနံ"-ဆိုသဖြင့်၊ တရား၊ သံဃာလဲ မင်္ဂလာအစစ် ဖြစ်တော်မူတယ်။ သတ္တဝါတို့၏ နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေတတ်သောကြောင့်လည်း ရတနာ မည်ပြန်တယ်။ သတ္တဝါတို့၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဖြစ်သောကြောင့်လည်း သရဏဟု ဆိုရပြန်တယ်။ ဤရတနာသုံးပါးကိုမှီခိုအားထားကိုးစားရာ ဖြစ်ပုံမှာတော့ တမလွန်မျက်ကွယ်ကို မဆိုထားနှင့်ဦး၊ ယခုမျက်မြင်ဒိဋ္ဌ ပစ္စက္ခတွင် ရတနာသုံးပါးတည်ရှိသည့် တိုင်းနိုင်ငံနှင့် ရတနာသုံးပါးကွယ်ပသော တိုင်းနိုင်ငံတို့၏ ဘေးရန်ဥပါဒ်ကပ်ရောက်ပုံကို ထောက်ထားသဖြင့် လွန်စွာပင် သိသာခြားနားပေသည်။

ရတနာသုံးပါး တိမ်မြုပ်ကွယ်ပျောက်နေသော တိုင်းနိုင်ငံများတွင် တမြို့လုံး ရေလွှမ်းမိုး၍ ပျက်စီးရခြင်း၊ တနယ်လုံး လေဖျက်၍ပျက်စီးရခြင်း၊ တနိုင်ငံလုံး မီးလောင်၍ ပျက်စီးရခြင်း၊ အစာငတ်မွတ်၍ ပျက်စီးရခြင်း၊ ရောဂါနှိပ်စက်၍ ပျက်စီးရခြင်း၊ ဓား၊ လှံ၊ သေနတ်၊ အမြောက်၊ စိန်၊ ဗုံးတို့ကြောင့် တနိုင်ငံလုံး ဆုံးရှုံးပျက်စီးရခြင်း၊ မြေပြိုသလို လျှောင်ကြီးလှုပ်၍ တမြို့လုံးပြိုပျက်ခြင်းစသော ဘေးရန်တို့နှင့် မကြာမကြာတွေ့ကြုံရကြောင်း နိပါတ် ရာဇဝင်နှင့်တကွ သတင်းစာများတွင် တွေ့မြင်ကြားသိရသည်မှာ လွန်စွာမှ ထင်ရှားလှပေတယ်။

ရတနာသုံးပါး တည်ရှိသော နိုင်ငံများမှာ ပျက်စီး သော်လည်း တစိတ်တဒေသ အနည်းငယ်မျှသာ ရှိပေ၏ ယခုအခါ ကမ္ဘာမီးလောင်သကဲ့သို့ ကပ်ကြီးသုံးပါးနှိပ်စက်ရာ၊ ရတနာသုံးပါးအရှိန် မှေးမှိန်သော အနောက်နိုင်ငံများ၌ တနေ့-တရက်တွင် တထောင်၊ တသောင်းမက သေကြေပျက်စီး၍ ထိုနိုင်ငံသူ လူအများတို့မှာလည်း ယခုလား၊တော်တော်ကြာလား၊ နံနက်လား၊ညနေလား၊ ယနေ့လား၊နက်ဖြန်လားနှင့် စားမဝင် အိပ်မပျော်ဘဲ၊ ဆင်းရဲဒုက္ခ သေရမည့် ဘေးဘယနှင့် အလွန်ပင် နီးကပ်လှသဖြင့် တမ်းတ ပူဆွေး ငိုကြွေး ညှိုးမှိန်လျက် စိုးရိမ်ထိတ်လန့်၍နေကြရတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ရတနာသုံးပါး၏ အရှိန်ကို မှီခိုရသော ငါတို့ ဗုဒ္ဓဘာသာ နိုင်ငံ ဟူသမျှမှာ ပြောပလောက်အောင် စိုးရိမ်ကြောင့်ကြခြင်းမရှိဘဲအေးမြချမ်း သာစွာနေထိုင်ကြရပေတယ်။ တာကြောင့် ဘုရား, တရား,သံဃာ သုံးပါး ကိုမင်္ဂလာဟူ၍ရင်း၊ ရတနာဟူ၍ရင်း၊ သရဏဟူ၍ရင်း ဆိုရပေတယ်။ ဤ ဆိုအပ်ခဲ့ပြီးသော ရတနာသုံးရပ်၏ မြင့်မြတ်သော တန်ခိုးအစွမ်း ရှိသည်ကို ယုံကြည်သောသဒ္ဓါတရားနှင့် အသက်ထက်ဆုံး ခစားဆည်းကပ်၍ မပြတ် မလပ် ကိုးကွယ်ဆောက်တည်ကြရမယ်။

**အယံလောကော ဒိဝေါရတ္တိံ၊ အဂ္ဂိနာ ပရိဒယှတိ။**

**တသ္မာ ဣဓ ဝသန္တေဟိ၊ အလမေဝ နိဗ္ဗိန္ဒိတုံ။ ။**

ဘိက္ခဝေ၊အိုနာသေရေးဒုက္ခဘေးမှ ကင်းဝေးလိုကြောင်း ချစ်သိမ်း ချစ်သားအပေါင်းတို့။ အယံလောကော၊ လူ,နတ်,ဗြဟ္မာများစွာ သောင်း သောင်း ဤလောကအပေါင်းကို။ ဒိဝေါရတ္တိံ၊ နေ့ညဥ့်မစဲ အမြဲမပြတ် ကာလပတ်လုံး။ အဂ္ဂိနာ၊ ဇာတိဇရာ, ဗျာဓိမရဏ စရှိသောင်း သောင်း မီးအပေါင်းသည်။ ပရိဒယှတိ၊ တထိန်ထိန်, တပြောင်ပြောင်နှင့် တောက် လောင်စွဲငြိ၍ နေခဲ့လေ၏။ တသ္မာ၊ ထိုသို့လောကကြီးကို ဇာတိစသောမီး သည် ညီးညီးပြောင်ပြောင် တောက်လောင် စွဲငြိ၍ နေလေသောကြောင့်။ ဣဓ၊ လူဘုံနတ်ရပ် ဤလောကခေတ်ကြီး၌။ ဝသန္တေဟိ၊ ကျင်လည် ပြေး သွား၍ နေကြကုန်သော လူ,နတ်ဗြဟ္မာသတ္တဝါတို့သည်။ နိဗ္ဗိန္ဒိတုံ၊ မရှင် လုံးလုံး ပျင်းမုန်းငြီးငွေ့ခြင်းငှာ။ အလမေဝ၊ သင့်ကြတော့သည်သာလျှင် တည်း။

ဤလောကကြီးဟာ၊ ဇာတိတည်းဟူသောပဋိသန္ဓေ အစဉ်တည်နေ ပြီဆိုမှဖြင့် ဇရာ,ဗျာဓိတို့အလယ်ကညှပ်ပြီး၊ သေရခြင်းတည်းဟူသော မရ ဏမှာ အဆုံးသတ်ကြရသဖြင့် အနှစ်တရာအတွင်းတွင် ဘယ်သူမဆို သေရ ခြင်းတရားကို ရှောင်ရှားလွှဲမလွတ်နိုင်ဘဲ အမြဲဓမ္မတာကြီး ဖြစ်နေကြတယ် လို့ မှတ်ရမယ်။

**အန္တေဝါသဿတံ သဗ္ဗေ၊ ဒေသေ သကမ္မနိဿိတာ။**

**မရဏံ ဝေ ဂမိဿန္တိ၊ ဇာတာနံ ဟိ မတံ ဓုဝံ။ ။**

ဒေသေ၊ ကောင်းကင်ရေမြေ တည်နေရှိကြ များပြားလှစွာသော မြို့ရွာဒေသဟူသမျှ၌။ သကမ္မနိဿိတာ၊ လယ်လုပ် ကုန်သွယ်ခြင်း-စသော

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

**မိမိတို့၏** လုပ်ငန်း၌ ကြိုးပမ်းမယုတ် အားထုတ်၍ နေကြကုန်သော။ သဗ္ဗေ၊ **ခပ်သိမ်း**ဉဿုံ လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည်။ **အန္တော**ဝဿသတံ၊ **မွေး**ဖွားလာရင်း အသက်တရာ၏ အတွင်း၌။ ဝေ-ကေန္တေန၊ မုချကေန် **အ**မှန်စင်စစ်အားဖြင့်။ မရဏံ၊ ရုပ်,နာမ်နှစ်ဖြာ ခန္ဓာပျက်ပြုန်း သေဆုံးရခြင်းသို့။ ဂမိဿန္တိ၊ လျင်စွာထုတ်ခြောက် လားရောက် ကြရကုန်လတ္တံ့။ ဟိသစ္စံ၊ တကယ်ကေန် စင်စစ်မှန်၏။ ဇာတာနံ၊ ပဋိသန္ဓေ တည်နေ မွေးဖွားကြသည့် သတ္တဝါဟူသမျှတို့အား။ မတံ စုတိပြောင်းကြွေ သေရခြင်း တရားသည်။ ဓုဝံ၊ မချွတ်မလွဲ အမြဲမသွေဖြစ်ရလေသတည်း။

အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ မီးတွေဟာ ပကတိသောမီးကဲ့သို့ ပြန်လှန်သတ်ငြိမ်းလို့လည်းမရ၊ ထွက်ပြေးတိမ်းရှောင်လို့လည်း မလွတ်နိုင်၊ လက်မှိုင်ချ၍သာနေကြရသဖြင့် လွန်စွာမှကြောက်ရွံ့ထိတ်လန့်ပြီး သံဝေဂ ဖြစ်ဘို့ကောင်းကြတယ်။

**အာဂစ္ဆန္တာ့ဂ္ဂိခန္ဓာဝ၊ မစ္စုဗျာဓိဇရာတယော။**

**ပစ္စုဂ္ဂန္တုံ ဗလံ နတ္ထိ၊ ဇဝေါ နတ္ထိ ပလာယိတုံ။ ။**

မစ္စုဗျာဓိဇရာတယော၊ အို,နာ,သေရေး သုံးပါးသော ဘေးကြီးတို့သည်။ အဂ္ဂိခန္ဓာဝ၊ တန်ခိုးပြင်းထန် အလျှံထိန်ညီး မီးပုံကြီးတို့ကဲ့သို့။ **အာဂစ္ဆန္တိ**၊ ရှေ့နောက်လွှမ်းခြုံ ဝိုင်းအုံ၍လာကြလေကုန်၏။ တေ၊ ထိုမီးပုံအလား သုံးပါးသော ဘေးကြီးတို့ကို။ ပစ္စုဂ္ဂန္တုံ၊ နောက်ထပ်တဖန် တွန်း**လှန်**ပယ်ဖြတ်ငြိမ်းသတ်ခြင်းငှါ။ ဗလံ၊နိုင်အောင်ကြိုးပမ်းအားအစွမ်းသည်။ နတ္ထိ၊ အကယ်တိတိ မရှိခဲ့ပေ။ ပလာယိတုံ၊ လွတ်အောင်ရှောင်ကွင်း ထွက်ပြေးခြင်းငှါ။ ဇဝေါ၊ မမှီနိုင်ရန် လျင်မြန်းပေါ့ပါးသောအဟုန်သည်။ နတ္ထိ၊ အနည်းငယ်မျှ မရှိကြလေသတည်း။

သတ္တဝါအများ သေကြေပျက်စီးသွားတော့ ကျန်ရစ်တဲ့ ပစ္စည်း, ဥစ္စာလည်းမပါ၊ မိဘ ညာတကာတို့လဲ သုသာန်က ပြန်သွား၊ မယားသေလျှင် နောက်မယားငယ်နှင့် လင်မှာကောင်းစားလို့၊ လင်သေလျှင် နောက်လင်ငယ်နှင့် မယားမှာ ကောင်းစားလို့၊ ကုသိုလ်, အကုသိုလ် **နှစ်**ပါးသာလျှင် အစဉ်တစိုက် သေသူ၏ နောက်သို့လိုက်သဖြင့် ဒုစရိုက်ကို ပယ်ရှားပြီး သုစရိုက်တရားကို ပွားများကြရမယ်။

**အတ္တာ ဂေဟော နိဝတ္တန္တိ၊ သုသာနေ မိတ္တဗန္ဓဝါ။**
**သုကတံ ဒုက္ကဋံ ကမ္မံ၊ ဆာယာဝ အနုယာယိနီ။ ။**

အတ္တာ၊ လယ်ယာမိုင်းမြေ ဆန်ရေစပါး စီးပွားချမ်းသာရှိသမျှသော ပစ္စည်းဥစ္စာတို့သည်။ ဂေဟော၊ မိမိနေရာ အိမ်ဂေဟာ၌။ နိဝတ္တန္တိ၊ တစုံတရာ မလိုက်ပါဘဲ အမြဲကျန်ခဲ့ကြလေကုန်၏။ မိတ္တဗန္ဓဝါ၊ ဆွေမျိုးမိဘ ဟူသမျှတို့သည်။ သုသာနေ၊ လူသေမြှုပ်နှံ မြေသုသာန်၌။ နိဝတ္တန္တိ၊ ငိုလား, ရိုလား, မြေဖို့ ထား၍ ပြန်သွားကြလေကုန်၏။ သုကတံဒုက္ကဋံ၊ ကိုယ်တိုင်ပြုစု ကောင်းမှု မကောင်းမှုဖြစ်သော။ ကမ္မံ၊ ကုသိုလ်, အကုသိုလ်ကံသည်။ ဆာယာဝ၊ သွားရာ, လာရာ အရိပ်ပမာကဲ့သို့။ အနုယာယိနီ၊ အစဉ်တစိုက် အမြဲပင်လိုက်ခဲ့လေသတည်း။

အဲသည်လို ကိုယ့်နောက် မလိုက်မပါဘဲကို မမြင်ကြ၍ သည်လင်, သည်သား, သည်မယား, သည်ဥစ္စာနှင့် ဘယ်ခါမှ မကွဲမကွာဘူးဟု ထင်ပြီး၊ ရွှင်ရွှင်ပျပျနှင့် ကိုယ်ကာယကို ရှုချင်စဘွယ် တင့်တင့်တယ်တယ် ရှိအောင် အမျိုးမျိုးသော ဝတ်စားတန်ဆာ နံ့သာပန်းမာလ်တို့ဖြင့် ခြယ်လယ်ပြုပြင် အမွန်းတင်နေကြတယ်။ စင်စစ်အားဖြင့် ငှက်ပျောတုံး, လက်ပံတုံးတို့ကဲ့သို့ အသုံးမကျသည့် အပုပ်ကောင်, မသာလောင်းဖြစ်၍ ငဲ့ညှာမေ့လျော့ခြင်း မရှိဘဲ သေမင်းလက်မှ လွတ်ထွက်ရန် တရားကိုအားထုတ်ကြရမယ်။

**ရက္ခိတောပိ အာဂုတ္တော ဝ၊ ကာယော ဘယမုခေ ဌိတော။**
**တသ္မာ ကာယံ ဥပေက္ခိတွာန၊ ဓမ္မံ စရေ သုခါဝဟံ။ ။**

အယံကာယော၊ ခန္ဓာကိုယ်ယုတ် မသာလောင်း အစစ်ဖြစ်သော ဤအကောင်ပုပ်ကြီးသည်။ ရက္ခိတောပိ၊ ၉၆-ဖြာ မဝင်လာအောင် ဆရာအမျိုးမျိုး ဆေးတန်ခိုးတို့ဖြင့် အသင့်သေချာ ဘယ်ခါမပြတ် ခြားမလပ်အောင် အထပ်ထပ် တားဆီး စောင့်ရှောက်၍ နေပါသော်လည်း။ အာဂုတ္တော ဝ၊ ကြွင်းမဲ့ဥဿုံ မလုံခြုံနိုင်သည်ဖြစ်၍သာလျှင်။ ဘယမုခေ၊ ၉၆-ဖြာ ဘေးရောဂါတို့၏ခံတွင်း၌။ ဌိတော၊ မပြတ်မစဲ အမြဲတည်၍နေခဲ့လေ၏။ တသ္မာ၊ ထိုသို့ ခန္ဓာကိုယ်ယုတ် မသာလောင်း အစစ်ဖြစ်သော အကောင်ပုပ်ကြီးကို ၉၆-ဖြာ မဝင်လာရအောင် ဆရာအမျိုးမျိုး ဆေးတန်ခိုးတို့ဖြင့် အသင့်သေချာ ဘယ်ခါမပြတ် ခြားမလပ်အောင် အထပ်

ထပ် တားဆီး စောင့်ရှောက်၍နေပါသော်လည်း ဘယ်နည်းနှင့်မှ မလုံခြုံနိုင်လေသောကြောင့်။ ကာယံ၊ ခန္ဓာကိုယ်ယုတ် မသာလောင်း ဖြစ်သောအကောင်ပုပ်ကြီးကို။ ဥပေက္ခိတ္ဝာန၊ အလေးမပြု လျစ်လျူရှုကြကုန်သည်ဖြစ်၍။ ဝါ၊ ကုန်ပုပ် ကုန်ဆွေးပမာ စိတ်မှာ ထားကြကုန်သည် ဖြစ်၍။ သုခါဝဟံ၊ လူ့နတ်နိဗ္ဗာန် ကျိုးသုံးတန်ကို ကောန်ဆတ်ဆတ် ပေးဆောင်တတ်သော။ ဓမ္မံ၊ ဒါန, သီလ စသည်များပြား ကုသိုလ် တရားကို။ စရေ၊ လုလ္လမယုတ် နောက်မဆုတ်ဘဲ အမြဲအားထုတ်သင့်လှပေသတည်း။

အဲသည်လို ခန္ဓာကိုမငဲ့ကွက်ဘဲ ဓမ္မစက်ကုသိုလ်ကို မြဲမြဲစွဲစွဲ အားထုတ်ကြရမည်။ ဘာကြောင့်လဲဆိုတော့ သေရမည့်ဘေးက နှစ်, လ, ရက်, နေ့, အချိန်, နာရီ မခွဲရွေး အနှေး, အမြန် သေရဟန်ကိုလည်း အမှန် မုချ ဘယ်သူမှမသိရလေ၊ သေမင်းထံက သံတမန်ဆိုက်ရောက်လာလျှင် ဆိုင်းငံ့၍လည်းမနေ၊ ရွှေ့ငွေဘဏ္ဍာ ဥစ္စာတံစိုး လက်ဆောင်ထိုးပြီး ရှိခိုးတောင်းပန်၍လည်းလက်မခံသဖြင့် နက်ဖြန် သဘက် နေ့ရက်ရွှေ့ကာ နှေးဖင့်ကြန့်ကြာခြင်းမရှိစေဘဲ လျင်မြန်စွာ အားထုတ်ကြရမယ်။

**အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ။**
**နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။ ။**

အဇ္ဇေဝ၊ ဟိုနေ့,ဟိုလ, ဟိုရက်စသည် စိတ်ကရည်၍ ထိုဤများစွာပြုဘွယ်ရာကို မကြာမနှောင်း တာရှည်အောင်းလျက် မပြောင်းမရွှေ ယခုနေ့၌ပင်လျှင်။ ကိစ္စံ၊ နောင်သံသရာ ချမ်းသာသုခ လိုတိုင်းရစေတတ်သည့်အရပ်ရပ်စီးပွား အကျိုးများ၍ ကိုးကားလောက်လှ ကုသိုလ်ဓမ္မနှင့် စပ်သောကိစ္စဟူသမျှကို။ အာတပ္ပံ၊ လုလ္လမယုတ်နောက်မဆုတ်ဘဲ အမြဲအားထုတ်သင့်လှပေ၏။ သုဝေ၊ နက်ဖြန်နေ့၌။ မရဏံ၊ သေမင်းလက်နက် ဝင်ကာနက်သဖြင့် တချက်တည်းသေရလိမ့်မည်ကို။ ကော၊ ရှေ့နောက်မြော်သိအဘယ်ပညာရှိသည်။ ဇညာ၊ ကောန်တိတိ အမှန်ကို သိနိုင်ပါအံ့နည်း။ ဟိသစ္စံ၊ ယနေ့,နက်ဖြန် သေရဟန်ကို အမှန်မှန်တိတိ မသိနိုင်ငြား ဆိုခဲ့သောစကားသည် မမှားကောန် စင်စစ်မှန်၏။ မဟာသေနေန၊ တချက်ထိက စိစိကြေမွ သေရကုန်သည် ဆနဝုံတိ များဘိအနာ ဘယာ-၂၅၊ ၃၂-ပါးသော ကံကြမ္မာ များစွာသောင်းသောင်း လက်နက်ကောင်း စစ်သားတို့နှင့် များပြားကုံလုံ ပြည့်စုံပေထသော။ တေနမစ္စုနာ၊ သုံးဆယ့်

တနိုင်ငံပိုင်စံစိုးနှင်း အာဏာပြင်းလှသော ထိုရှင်သေမင်းနှင့်။ နော၊တောင်တောင်-ဤဤ ပလီပလာ ထွေရာဆန်းပြား မာယာဉာဏ် များလှသော ငါတို့အား။ သက်ရံ၊ ဟိုနေ့ ဟိုလ ဟိုရက်စသည် ရောက်မှခေါ်ပါ ဉစ္စာ တံစိုး လက်ဆောင်ထိုးလျက် နှုတ်ဖြင့်ဆက်၍ အချိန်းအချက် ထားခြင်းသည်။ နတ္ထိ၊ ကေန်တိတိ မရှိတော့သည်သာလျှင်တည်း။

သူသူငါငါသတ္တဝါဟူသမျှတို့သည် ဘဝများစွာ သံသရာအဆက်ဆက်က ပြိုပျက်ပြုန်းတီးတတ်သော အချည်းနီးအလဟဿ တသက်လျှာ တခဏမျှလောက် တည်တန့်သော ကုသိုလ်မျိုးကို စိုက်ပျိုး ပြုစုခဲ့မိသောကြောင့်၊ ယခုဘဝ၌ ဘာတခုမှ စမ်းတန်းရှာဘွေ၍ မရကြသဖြင့် တကြိမ်ရလျှင် အစဉ်မလွဲ အမြဲတည်သည့် နိစ္စဓူဝ သန္တိသုခ ဖြစ်သော ဝိမုတ္တိဓမ္မနိဗ္ဗာနဓာတ်သို့ ဆိုက်ကပ်နိုင်ရန် ပညာဉာဏ် ဘဝနာမျိုးကို စိုက်ပျိုး ထူထောင်ကြရမယ်။

**ပုဗ္ဗေ သိဒ္ဓေါပျ နိစ္စတ္တာ၊ နဋ္ဌော ဒါနိ အသိဒ္ဓိကော။**
**တသ္မာ အကုပ္ပသိဒ္ဓိံ ဝ၊ ဂဝေသေ ပဏ္ဍိတော နရော။ ။**

ပုဗ္ဗေ၊ ရှေးအတိတ ဘဝများစွာ သံသရာက။ သိဒ္ဓေါပိ၊ သံသိဒ္ဓိ၊ ပြဒါးသိဒ္ဓိ၊ ဂါထာမန္တရား ဆေးဝါးသိဒ္ဓိ၊ အင်းအိုင် ခလဲ့၊ လက်ဖွဲ့ သိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဉဒကသိဒ္ဓိ၊ ဝိဇ္ဇာဓိုရ်သိဒ္ဓိ စသော သိဒ္ဓိတန်ခိုး မြေလျှိုး မိုးပျံ စျာန် အဘိညာဉ် ကောင်းကင်ကျော်ဟိုး သိဒ္ဓိမျိုးကို စိုးစိုးပိုင်ပိုင် နိုင်နိုင်နင်းနင်းပြိုင်ဘက် ကင်းအောင် ပြီးခြင်းကြီး ပြီးမြောက် ခဲ့ဘူး ပါသော်လည်း။ အနိစ္စတ္တာ၊ အသာရက လောကီယမို့ နယံနဓမ္မော အစုဝေါသာ ရွှေလျော ပျက်စီးရလေသောကြောင့်။ ဒါနိ၊ ယခုဘဝပစ္စက္ခ၌။ အသိဒ္ဓိကော၊ အကျိုးမရောက်ပြော ပလောက်အောင် ပြီးစီး ပြီး မြောက်သည်လည်း မဟုတ်ပေ။ နဋ္ဌော ဘာတခုမျှရှာမရှိအောင် အစပိုင်းခြား ပျောက်ပျက်၍ သွားကြလေပြီ။ တသ္မာ၊ ထိုသို့ ခဏခဏပျောက်ပျက်၍ သွားတတ်ကြလေသောကြောင့်။ ပဏ္ဍိတော၊ မြဲ-မမြဲကိုဝေခွဲမြင်သိပညာရှိသော။ နရော၊ နိုင်းချင်စွ စဉ်းစား အမျိုးကောင်းသမီး-သားသည်။ အကုပ္ပသိဒ္ဓိံ ဝ၊ဘယ်အခါမှ ပျက်စီးခြင်း မဖြစ်နိုင်သော အနှစ်သေတ္တာ နိဗ္ဗာန်တည်းဟူသော သဒ္ဓိကောင်း တခုကိုသာလျှင်။ ဂဝေသေ၊ ဝီရိယစိုက် လွန်နှစ်ခြိုက်၍ အားတိုက်ပြင်းစွာရှာမှီး ရာ၏။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

တခါတရံမှ ပျက်စီးယိုယွင်းခြင်းမရှိသော သိဒ္ဓိကောင်း ဆေးဝါးကို မြတ်စွာဘုရားသခင်က တည်ထွင်၍ ထားတော်မူသဖြင့် ရောဂါသည် အများ သုံးဘုံသားတို့သည် ထိုက်တန်သော အဘိုးအခများပေးပြီး မှီဝဲ သုံးစားကြပါလျှင် ဘဝသံသရာက ပါလာသည့် အနာရောဂါကင်းစင်၍ အမြဲပင် တည်နေနိုင်ကြမယ်ဟု ဟောကြားတော်မူတယ်။

**ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတာပဏံ ပသာရယိံ။**
**ကမ္မေန တံ ကိဏိတွာန အမတံ ပိဝေထ ဘိက္ခဝေါ။ ။**

ဗျာဓိတံ၊ ၉၆-ဖြာ ရောဂါထူထပ် ညှဉ်းပန်းနှိပ်စက်၍ နေအပ်သော။ ဇနတံ၊ ဘုံသုံးပါးနယ် ဒုက္ခသယ်ကို။ ဒိသွာ၊ မျက်မှောက်ထင်ထင် တွေ့မြင်သိရှိတော်မူရသည်ဖြစ်၍။ သတ္ထာ၊ မြတ်စွာဘုရား တည်းဟူသော ဆေးဆရာကြီးသည်။ အမတာပဏံ၊ မသေနိုင်ကြောင်း ဆေးကောင်းသိုမှီး ဆေးရုံ-ဆေးတိုက်ကြီးကို။ ပသာရယိံ၊ ခင်းကျင်းပြုပြင် စီရင်၍ထားတော်မူခဲ့လေပြီ။ ဘိက္ခဝေါ၊ ကိုယ်တွင်းရောဂါကင်းကွာလိုကြောင်း ချစ်သား, ချစ်သမီးအပေါင်းတို့သည်။, ကမ္မေန၊ ဒါန,သီလ စသည့် ဆယ်တန်ကုသိုလ်ကံ အဘိုးဖြင့်။ ကိဏိတွာန၊ လဲလှယ်ဖလယ် ဝယ်ယူ ကြကုန်ပြီး၍။ အမတံ၊ စုတိပျက်ကြွေ သေရခြင်းမရှိသော။ တံ၊ ထိုမသေစေတတ် ဆေးတော်မြတ်ကို။ ပိဝေထ၊ နှစ်ခြိုက်ဝမ်းသာ သောက်မျို လိုက်ကြ ပါကုန်လော။

ပုထုဇဉ်ဂတိဖြင့် ဖြစ်ချေ ပျက်ချေ အတည်မမြဲ ဖေါက်လွဲဖေါက်ပြန် စုန်ဆန်မျောပါးလျက် ပြေးသွားကျင်လည် နေကြရသော ဝေနေယျသတ္တဝါတွေကို သားရာဟုလာ ကဲ့ပမာသို့ ကရုဏာပွား လွှန်သနားတော်မူသော မြတ်စွာဘုရားသည် အလီလီသော ဆေးအပေါင်းတွင် အကောင်းဆုံးသြသဓကို ညွှန်ပြသောအားဖြင့် ဟောကြားတော်မူတယ်။

**မရဏာဿတိံ ဘိက္ခဝေ ဘာဝေထ၊ မရဏာဿတိ**
**ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ၊**
**မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ။ ။**

ဘိက္ခဝေ၊ အို့,နာ, သေခြင်း ဘေးခပင်းမှ လွတ်ကင်းလိုကြောင်း ချစ်သား,ချစ်သွီးအပေါင်းတို့။ မရဏာဿတိံ၊ သေရလိမ့်မည် မြဲမတည်ဟု

စိတ်တည်စွဲလမ်း မရဏာနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေထ၊ မနေ မနား ပွားများစီးဖြန်းကြပါကုန်လော့။ ဘိက္ခဝေ၊ ချစ်သား, ချစ်သမီးအပေါင်းတို့။ ဘာဝိတာ၊ အကြိမ်ကြိမ် အထပ်ထပ် ပွားများအပ်သော။ ဗဟုလီကတာ၊ အခါများစွာ လေ့လာ အပ်သော။ မရဏဿတိ၊ မရဏာ နုဿတိ ကမ္မဋ္ဌာန်းသည်။ မဟပ္ဖလာ၊ များစွာပွားလူး ကျေးဇူးကြီးသည်။ မဟာနိသံသာ၊ အကျိုးစီးပွား အာနိသံများသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ အမတောဂဓာ၊ မသေရာမှန် ပြည်နိဗ္ဗာန်သို့ ကေန်ဆတ်ဆတ် ရောက်စေတတ်သည်။ အမတပရိယောသာနာ၊ နိဗ္ဗာန်မြန်းမှ ဆုံးခန်းတိုင်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ခဲ့လေသတည်း။

ဤကဲ့သို့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုမှ စီးဖြန်းရန် ညွှန်ပြတော်မူသည်မှာ၊ သေရမည့် ဘေးဘယနှင့်ဖြင့် ပြေးလို့မှမလွတ်နိုင်ဘဲ မချွတ်မလွဲ အမြဲကေန် အမှန်ပင် မြင်တွေ့ကြရလိမ့်မယ်။ မဏာသန္န သေခါနီးကာလမှာလဲ အနာဂါမ်ရဟန္တာမှတပါး ကြွင်းကျန်သော သတ္တဝါ အများတို့သည်၊ ကြွက်နှင့် ကြောင်, မြွေနှင့်ဖါး, တွေ့သကဲ့သို့ရင်း၊ သမင်, ဒရယ်, ဂျေငယ်များနှင့် သစ်,ကျားတို့ တွေ့သကဲ့သို့ရင်း၊ အသက်ကိုမှ မ ရှုဝံ့ အောင် ကြောက်ရွံ့ထိတ်လန့်သဖြင့် မသင့်မတင့် နှလုံးသွင်းပြီး သားသမီး နှင့် ပစ္စည်း အတွက် စိတ်လက်မချနိုင်ဘဲ သောက, ပရိဒေဝ, ဒေါမနဿမီး မျက်ရေ တွေယိုစီးလို့ ဇောချွေးကြီးကျ အားကိုးရန်ရှာမရသဖြင့် တမ်းတငိုကြွေးပြီး ပူဆွေးညှိုးနွမ်း ပင်ပန်း၍ နေရှာကြရတယ်။

**သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။ ။**

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ လုံးစုံများစွာ သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ မိမိ၌ ကျရောက်မည့်ဒဏ်အပေါင်းမှ။ တသန္တိ၊ အသဲစိမ့်မျှ ထိတ်လန့်ကြကုန်၏။ သဗ္ဗေ၊ လုံးစုံများစွာ သတ္တဝါတို့သည်။ မစ္စုနော၊ အသက်တမျှ ချစ်ခင်လှသည့် မိဘ, ညာတကာ ဥစ္စာပစ္စည်း သား, သမီးတို့နှင့် တသီးတခြား ခွဲသွား သေလွန်ရသည့်ဘေးမှ။ ဘာယန္တိ၊ မျက်ရေယိုစီး၍ ငိုကြွေး ကြောက်ရွံ့ကြလေကုန်၏။

ဤကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်ခြင်း ဒေါသမကင်းဘဲ သေမင်း၏ နိုင်ငံသို့လိုက်ပါကြရလျှင်၊ သုဂတိလမ်းမမြင်ရ၍ အပါယ်တွင် နစ်ကြရလိမ့်မယ်။ အပါယ်သို့ တကြိမ် စောင်းမှုဖြင့်လဲ ထောင်, သောင်း မက လွန်ခဲ့

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

သော အတိတ်ဘဝတွေက ပြုမိခဲ့ကြသော အကုသိုလ်ကံတို့သည် ခြံရံဝိုင်းအုံပြီး အသီးသီးဝင်လာကြ၍ သူမရ, ငါမရနှင့် အဆင့်ဆင့် အကျိုးပေးသဖြင့် နခသိခူပမာ ဒေသနာ လိပ်ကာဏ်း၏ ဥပမာကဲ့သို့ ကမ္ဘာများစွာ မျောပါးရှာလျက် သုဂတိဘဝဘက်သို့ ခေါင်းပြူ၍ထွက်နိုင်ဘို့ရာ လွန်စွာမှ ကွာလှမ်းသဖြင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများပါလျှင် အကုသိုလ်ကိုပယ်ရှား, ကုသိုလ်ကို ပွားများသဖြင့် အပါယ် တံခါး ပိတ် နိဗ္ဗာန်တံခါးပွင့်၍ အဆင့်ဆင့်ဘုံစဉ်မြန်းပြီး ကျွတ်တမ်းသို့ ဝင်ကြရမယ်။

**ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ။ ။**

ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ကတံ၊ မိုက်မှားသမှု ပြုကျင့်မိသော။ ပါပံကမ္မံ၊ ပါဏာတိပါတ စသည်ညစ်ကျူ မကောင်းမှု အကုသိုလ်ကံကို။ ကုသလေန၊ စီးဖြန်းပွားများ မရဏာနုဿတိ ကမ္မဋ္ဌာန်း တည်းဟူသော ကုသိုလ်တရားဖြင့်။ ပိဓီယတိ၊ ထွက်မသွား အောင် ဆီးတား ပိတ်ပင်နိုင်လေ၏။

မရဏာနုဿတိ ဟူသည်မှာ၊ သေရလိမ့်မည်ဟု နှလုံးသွင်း ဆင်ခြင်မှတ်ထင် အောက်မေ့နေသည်ကို ဆိုလိုတယ်။ လောကလူများသည် တစုံတခုသော ဝတ္ထု၌ အတည်မမြဲဟု ထင်မှတ်နေဆဲ ပြိုကွဲပျက်စီး၍သွားသော အခါ၊ ငါထင်သည့်အတိုင်းဘဲ ဖြစ်ချေပြီဟု မမြဲသည်ကို နှလုံးသွင်းခြင်း။ တနှစ်လျှင် တကြိမ်အမှန် မီးလောင်ခံနေရသော တော, တောင်, ရပ်ရွာများ၏ အနီးအပါးတွင် ရှေးကကြိုတင်ပြီး မီးကြို, မီးတား အဖြစ်ဖြင့် ရှို့ထားပါလျှင် တောမီးပင် လောင်၍လာသော်လည်း တားဆီးရှို့ပြီးဖြစ်၍ မလောင်နိုင်ခြင်းများမှာ လွန်စွာထင်ရှားပေတယ်။

ထိုအတူဘဲ သေရလိမ့်မည်ဟု မရဏာနုဿတိကိုစွဲပြီး စီးဖြန်းနေပါက မရဏာသန္တ သေကာနီး ကာလတွင် ပူပင်သောက စိုးရိမ်ကြောင့်ကြခြင်းကင်း၍၊ ငါနှလုံးသွင်း ဆင်ခြင်သည့်အတိုင်းဘဲ အမြဲမနေသေရပေတယ်ဟု အစကသေပြီးသားလုပ်ထားလေတော့၊ သေဘေးတို့ ဆိုက်ရောက်လာသော်လည်း ကြောက်ရွံ့ခြင်းမရှိ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စွဲလမ်းကာ သေကြရသဖြင့် မြင့်မြတ်သော သုဂတိဘဝမှ မဂ်ဖိုလ်တည်းဟူသော တရားကို ရကြ၍ သန္တိသုခ ဝိမုတ္တိရသဟုဆိုအပ်သော အသခ်တ

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

နိဗ္ဗာန်နန်း၌ စံမြန်း အေးငြိမ်းကြရမယ်။ ( နောက် မရဏ ဒေသနာကို ပြန်ကောက်။ )

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများ ခြင်းကြောင့်၊ မဂ်ဖိုလ်ဟူသော အကျိုးထူးတရားကို ခံစားရ ဘူးသော ဝတ္ထု သာဓကမှာ၊ လောကတ္တယဘာဝပါရဂူ သယမ္ဘူထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားသခင်သည်၊ အာဠဝီတိုင်းပြည်တွင် လေးလီသော ဣရိယာပထဖြင့် မျှတစွာရှင်ပြုံး သီတင်းသုံးတော်မူဆဲအခါ၊ တနေ့သောနေ့၌ ပြည်သူ-ပြည်သား လူအများတို့သည် မြတ်စွာဘုရားကို ပင့်ဘိတ်၍ ဆွမ်းကျွေးပြီးသည့်အခါ၊ ရောက်လာသော ဒါယကာ-ဒါယိကာမတို့အား အကျိုးကျေးဇူး များစေတတ်သော မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပုံ အခြင်းအရာနှင့် တကွ ဆုံးမတော်မူလိုက်တယ်။

**အဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ၊ အဝဿံ မယာ**

**မရိတဗ္ဗမေဝ၊ မရဏပရိယောသာနံ မေ ဇီဝိတံ။**

**ဇီဝိတမေဝ အနိယတံ၊ မရဏံနိယတံ။ ။**

မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ အဓုဝံ၊ မမြဲ။ မေ၊ ငါ၏။ မရဏံ၊ ခန္ဓာယိုယွင်း သေရခြင်းသည်။ ဓုဝံ၊ မချွတ်မသွေ မြဲလှချေ၏။ မယာ၊ ငါသည်။ အဝဿံ၊ မချွတ်မလွဲ အမြဲကေန်။ မရိတဗ္ဗမေဝ၊ တာရှည်မနေ သေရအံ့သည်သာတည်း။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ မရဏပရိယောသာနံ၊ သေရခြင်းတရားသာလျှင် အဆုံး အပိုင်းအခြား ရှိချေ၏။ ဇီဝိတမေဝ၊ အသက်သည်သာလျှင်။ အနိယတံ၊ အမြဲမရှိပေ။ မရဏံ၊ တာရှည်မနေ သေရခြင်းသည်သာလျှင်။ နိယတံ၊ မုချမသွေ မြဲလှလေသတည်း။

ဤသို့စသည်ဖြင့် ဥပမာ၊ ဥပမေယျနှင့်တကွ ကျယ်ဝန်းစွာ ဟောပြတော်မူပြီး သာဝတ္ထိပြည်ကြီးသို့ ကြွသွားတော်မူတယ်။ ကျန်ရစ်ခဲ့ကြသော အာဠဝီ ပြည်သူ၊ ပြည်သားတို့သည် လယ်လုပ်၊ ကုန်သွယ်၊ ရောင်းဝယ်၊ ဖေါက်ကားခြင်းစသော မိမိတို့၏ ကိစ္စများ၌သာ လေ့ကျက်နေကြသဖြင့်၊ တရားဘက်၌ စိတ်မသက်ဘဲ ပျောက်ပျက် မေ့လျော့၍ နေကြတယ်။ ထိုပရိသတ်အတွင်းဝယ် တ ဆယ့် ခြောက် နှစ် ရှယ် ရှိသော ရက်ကန်းသည် သမီးတယောက်သည်ကား။ ဤမရဏာနုဿတိတရားသည် ငါ့အား ဟော

ကြွားတော်မူတာဘဲဟု စိတ်မှာစွဲ၍ အမြဲဝတ်ထားပြီး အခွင့်ရတိုင်း နှလုံးသွင်းဆင်ခြင်ရာ သုံးနှစ်တိုင်တိုင်ကြာသွားတယ်။

မြတ်စွာဘုရားသည် တနေ့သ၌ နံနက် မိုးသောက်သောအခါ၊ ဉာဏ်တော်ကွန်ရက်ဖြင့် ဖြန့်ကျက်ပြီး လောကကို ကြည့်ရှုတော်မူရာ။ အာဠဝီပြည်သို့ လွန်ခဲ့သော သုံးနှစ်လောက်က တခေါက်ကြွသွားပြီး မရဏာနုဿတိကမ္မဋ္ဌာန်းတရားကို ဟောကြား ဆုံးမသည်တွင်၊ အစဉ်စိတ်စွဲ၍ အမြဲမပြတ် သုံးသပ်ဆင်ခြင်နေသော ရက်ကန်းသည်သမီး၏သောခါနီးသော အချိန်ကာလ၌ မဂ်,ဖိုလ်တရားထူးရအံ့သော ပါရမီသမ္ဘာရအစဉ်ကို မြင်တော်မူသည်ဖြစ်၍၊ မဂ်,ဖိုလ်တည်းဟူသော အမြိုက်ဆေးဖြင့်တိုက်ကျွေးတော်မူအံ့သောငှါ၊ ယူဇနာ သုံးဆယ်ကွာဝေးသော အဠဝီတိုင်းပြည်သို့ ကြွချီတော်မူပြန်တယ်။

**ဗောဓနေယျံဇနံ ဒိသွာ၊ သတာသဟဿေပိယောဇနေ။**

**ခဏေန ဥပဂန္တွာန၊ ဗောဓေသိ တံ မဟာမုနိ။ ။**

ဗောဓနေယျံဇနံ၊ ပါရမီရင့် သမ္ဘာမြင့်၍ ကျွတ်ထိုက်သင့်သူ ဗိုလ်လူများစွာ သတ္တဝါကို။ ဒိသွာ၊ သမန္တစက္ခု သဗ္ဗညုဖြင့် ကြည့်ရှုထင်ထင် တွေ့မြင်တော်မူသည်ရှိသော်။ သဟဿယောဇနေ၊ သင်္ချာတွက်ကိန်း ယူဇနာတသိန်းကွာသော အရပ်သို့လည်း။ ခဏေန၊ မုဟုတ်ကာလ တခဏဖြင့်။ ဥပဂန္တွာန၊ ပင်ပန်း မည့်တာ မငဲ့ညှာဘဲ လျင်စွာ ပေါ့ပါး ကြွသွားတော်မူသည်ဖြစ်၍။ မဟာမုနိ၊ မုနိဥက္ကဋ္ဌ ဘုရားမြတ်သည်။ တံဇနံ၊ ပါရမီရင့် သမ္ဘာမြင့်၍ ကျွတ်ထိုက်သင့်သူ ဗိုလ်လူများစွာ ထိုသတ္တဝါ အပေါင်းကို။ ဗောဓေသိ၊ သစ္စာလေးပါး မြတ်တရားကို ဉာဏ်အားထင် ထင် သိမြင်စေတော်မူလေပြီ။

ဤသို့ မြတ်စွာဘုရား ကြွသွား၍ အာဠဝီပြည်သို့ ရောက်တော်မူသောအခါ၊ များစွာသော ပြည်သူ,ပြည်သားတို့က ဆွမ်းဘောဇဉ်နှင့် ချိုချဉ်အရသာ များစွာ ကျွေးမွေးလှူဒါန်းကြပြီး တရားပွဲကြီးဖြစ်စေရန် စီမံပြုပြင်ကြတယ်။ ထိုအခါ ပေသကာရီ မည်သော ရက်ကန်းသည် သမီးကလေးက တွေးတောဆင်ခြင်သည်မှာ မွေးဘအသွင် အရှင်တဖြာ ဆရာတမူ ရှေး၏အဆင်း လပြည့်ဝန်းနှင့် တူလှသဖြင့် ရှုချင်စဘွယ် တင့်တယ်

သပ္ပါယ်တော်မူသော မြတ်စွာဘုရားသည် လွန်ခဲ့သော သုံးနှစ်လောကက မရဏာနုဿတိတရားကို ဟောကြားတော်မူသွားတယ်။

ယခုတဖန် ကြွရောက်တော်မူလာပြန်၍ ထပ်မံပြီးဟောကြားသဖြင့် နာကြားရပေတော့မှာဘဲ၊ ယခုနေ့လဲ တရားပွဲစီရင် မွေးသဘခင် ကျေးဇူးရှင်ကလဲ ယနေ့ဘဲ ရက်ကန်းဖြတ်ရန် တထွာလောက်ကျန်သဖြင့် ခတ်မြန်မြန် ရက်ဖေါက်ယူလာခဲ့ဟု မှာသွားတယ်။ တရားနာပြီးမှ ဘခင်ထံသွားရ ဘော်မည်လား၊ ဘခင်ထံကပြန်မှ တရားနာရ တော်မလားနှင့် မဝေခွဲ မပိုင်းခြားနိုင်အောင် စိတ်များ၍နေရှာတယ်။

မြတ်စွာဘုရားသည် ဤ တရားပွဲတွင် ပေသကာရီ သတို့သမီးကို အကြီးအမှူးပြုပြီး ဟောရမှာဖြစ်၍၊ သူငယ်မ မရောက်သေးသဖြင့် မြှော်လင့်စောင့်ဆိုင်းလျက်၊ တရားမဟောသေးဘဲ တုဏှီဘော ဆိတ်ဆိတ်နေတော်မူတယ်။ ပရိသတ်များလည်း မြတ်စွာဘုရားကို မလျှောက်ဝံ့ကြ၍ ကြောက်ရွံ့ရိုသေသောအားဖြင့် မလှုပ်မရှား စကားမပြောဘဲ နေထိုင်ကြ မြဲအတိုင်း ကိုင်းရှိုင်းဆိတ်ငြိမ်စွာ နေကြရတယ်။

သတို့သမီးသည် ဘခင်ထံကပြန်မှ တရားတော်နာမည်ဟုကြံစည်ပြီး ရက်ဖေါက်တောင်းကိုချီ၍လာ၊ များစွာသော ပရိသတ်အလယ်၌ ရွှေဆင်းထုကြီးသဘွယ် တင့်တယ် သပ္ပါယ်စွာ သီတင်းသုံး နေ ထိုင် တော် မူ သော မြတ်စွာဘုရားကိုမြင်၊ မြတ်စွာဘုရားသခင်ကလည်း သူငယ်မသည် ရက်ကန်းစင်ထဲတွင် သက်ခန္ဓာပြတ်စဲပြီး ဂတိမမြဲဖြစ်လတံ့ဟုသိမြင်တော်မူ၍၊ ကြည်ရွှင်သောမျက်နှာဖြင့် ရွှေမုရိုးစည်နှင့်တူသော လည်ပင်းတော်ကိုမော့လျက် သူငယ်မဘက်သို့ ကြည့်ရှုတော်မူတယ်။ သည်တော့ သူငယ်မကရက်ဖေါက်တောင်းချထားပြီး မြတ်စွာဘုရားကို ရှိခိုး၍တည်နေရှာတယ်။

ထိုအခါ မြတ်စွာဘုရားက "**ကုတော အာဂစ္ဆသိ ကုမာရိကေ**" ဟု မေးတော်မူတယ်။ ။ကုမာရိကေ၊ ချစ်သမီး။ တွံ၊ သင် ချစ်သမီးသည်။ ကုတော၊ ဘယ်အရပ်ဒေသ ဘယ်ဌာနမှ။ အာဂစ္ဆသိ၊ လာခဲ့ပေသနည်း။ သည်တော့ သတို့သမီးက "**နဇာနာမိ ဘန္တေ**"ဟု လျှောက်တယ်။ ဘန္တေ၊ ရွှေဘုန်းတော်သခင်အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်မသည်။ **နဇာနာမိ**၊ ဘယ်ကလာသည်ဟု မသိရပါအရှင်ဘုရား။

ထိုအခါ မြတ်စွာဘုရားက "**ကတ္ထ ဂမိဿသိ ကုမာရိကေ**" ဟု မေးပြန်တယ်။ ။ကုမာရိကေ၊ သတို့သမီးငယ်။ တွံ၊ သင်သည်။ ကတ္ထ၊

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ဘယ်အရပ်ဒေသ,ဘယ်ဌာနသို့။ ဂမိဿသိ၊ သွားရလတံ့နည်း။ ။သည်တော့-သတို့သမီးက "နဇာနာမိ ဘန္တေ" ဟု လျှောက်ပြန်တယ်။ ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်မသည်။ နဇာနာမိ၊ ဘယ်ကိုသွားရမည်ဟု မသိပါဘုရား။

ထိုအခါမြတ်စွာဘုရားက "နဇာနာသိ ကုမာရိကေ"ဟု ထပ်မေးတယ်။ ။ကုမာရိကေ၊ သတို့သမီးငယ်။ တွံ၊ သင်သည်။နဇာနာသိ၊ဘာတခုမှမသိလေသလော။ ။သည်တော့သတို့သမီးက "ဇာနာမိဘန္တေ" ဟုထပ်မံလျှောက်ထားတယ်။ ။ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်မသည်။ ဇာနာမိ၊ သိရှိပါ၏အရှင်ဘုရား။

ထိုအခါ မြတ်စွာဘုရားက "ဇာနာသိ ကုမာရိကေ" ဟု ထပ်မံပြီးမေးတော်မူပြန်ကယ်။ ။ကုမာရိကေ၊ ချစ်သမီး။ တွံ၊ သင်သည်။ဇာနာသိ· အမှန်မသွေသိခဲ့လေသလော။ ။သည်တော့သတို့သမီးက "နဇာနာမိဘန္တေ"ဟုထပ်မံပြီးလျှောက်ပြန်တယ်။ ။ဘန္တေ၊ဘုန်းတော် နေဝန်းထွန်းလင်းတောက်ပတော်မူပါသောမြတ်စွာဘုရား။ အဟံ၊ တပည့်တော်မသည်။ နဇာနာမိ၊ စင်စစ်ကေန် အမှန်မသိပါအရှင်ဘုရား။

ဤကဲ့သို့ မြတ်စွာဘုရားက သတို့သမီးငယ်အား လေးပါးသောပုစ္ဆာတို့ဖြင့် မေးမြန်းတော်မူ၍ သတို့သမီးက ဖြေဆိုလျှောက်ထားလျှင်၊ များစွာသော လူအပေါင်းတို့သည်။ အို—ပရိသတ် အများတို့.... စဉ်းစားကြည့်ရှုကြပါကုန်လော။ မြတ်စွာဘုရားက ဘယ်က လာသလဲ မေးရာ၊ မသိပါဟုလျှောက်ထားရာ။ ဘယ်ကိုသွားမလဲဟုမေးပြန်လည်း မသိပါဟုလျှောက်တယ်။ မသိဘူးလားမေးတော့သိပါ၍လျှောက်ထား ပြန်တယ်။ သိရဲ့လားမေးပြန်ပြန်တော့ မသိပါဟုလျှောက်ပြန်တယ်။ စင်စစ်အားဖြင့် ဘယ်ကလာသလဲမေးလျှင် အိမ်ကလာကြောင်း။ ဘယ်ကိုသွားမလဲ မေးလျှင် ရက်ကန်းစင်သွားမည့်အကြောင်းကို လျှောက်ထားရမှာ၊ သူထင်ရာပြောနေကယ် စသည်ဖြင့် အကြောင်းကိုမသိ၍ ရှုတ်ချကဲ့ရဲ့ခြင်းကို ပြုကြတယ်။

ထိုအခါ သုံးလူ့ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားက ကဲ့ရဲ့ကြသောပရိသတ်များ၏ ဝိစိကိစ္ဆာတရားကို ပယ်ရှားပေးခြင်းငှာ၊ ချစ်သမီး-လေးလီသောပြဿနာကို ငါဘုရားမေးရာဝယ်။အကျယ်ဖြေကြား၍ ရှင်းလင်းစွာလျှောက်ထားရမယ်ဟုထပ်မံပြီးမိန့်တော်မူတယ်။ သည်တော့ သတို့သမီးက

**"ကုတော အာဂစ္ဆသိ"** ဘယ်ကလာသလဲဟု မြတ်စွာဘုရား **မေးတော်** မူရာ။ အိမ်ကလာသည်ကို လူတိုင်းပင်သိနိုင်၍ မေးသည်မထင်၊ ဘယ်ဘဝ, ဘယ်ဂတိမှ လာသနည်းဟု မေးလိုမှုမည်ထင်သဖြင့်၊ လာခဲ့သော ဘဝဂတိကို တပည့်တော်မ-မသိ၍ **"နဇာနာမိ ဘန္တေ"**ဟု ဖြေကြားကြောင်းဖြင့် လျှောက်ထားရှာတယ်။

**ဂေဟတော အာဂမန္တံ၀၊ တုမှေ ဇာနာထ သာဓဝေါ။**

**ကုတောဘ၀ါအာဂန္တွာန၊ နဇာနာမိ'ဓ နိဗ္ဗတ္တံ။ ။**

ဘန္တေ၊ မြတ်စွာဘုရား။ သာဓဝေါ၊ သူတော်ကောင်း ဖြစ်ကြပေကုန်သော။ တုမှေ၊ အရှင်ဘုရားနှင့်တကွ ပရိသတ်အများတို့သည်။ **ဂေဟ** တော၊ တပည့်တော်မနေရာ ရက်ကန်းသည်အိမ်မှ။ အာဂမန္တံ၊ လာခဲ့သည်ကို။ ဇာနာထ၊ သိမြင်ကြပါကုန်ပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ ကုတောဘ၀ါ၊ ဘယ်ဂတိ,ဘယ်ဘဝမျိုးမှ။ အာဂန္တွာန၊ စုတေ့ပြောင်းကြွ လာခဲ့ရလေ၍။ ဣဓ၊ ဤရက်ကန်းသည်အမျိုး၌။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ် လာရခြင်းကို၊ နဇာနာမိ၊ အတိတ်ဘ၀ မမြင်ရ၍ တပည့်တော်မ မသိပါအရှင်ဘုရား။

ဤကဲ့သို့ ဖြေကြားသည်ကို ကြားတော် မူရသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်က ပထမကောင်းချီးပေးတော်မူတယ်။

**သာဓုသာဓု ကုမာရိကေ၊ သာဓု တယာ ဝိသဇ္ဇိတော။**

**မယာ ပုစ္ဆိတပဉ္ဟော၀၊ ပထမာ . ဒါသိ သာဓုကံ။ ။**

ကုမာရိကေ၊ ချစ်သမီး။ သာဓု-သာဓု၊ ကောင်းပေစွ-ကောင်းပေစွ။ မယာ၊ ငါသည်။ ပုစ္ဆိတပဉ္ဟော၀၊ မေးအပ်သော ပြဿနာကိုသာလျှင်။ တယာ၊ သင်သည်။ သာဓု၊ ကောင်းစွာ။ ဝိသဇ္ဇိတော၊ ဖြေဆိုအပ်ပေပြီ။ တသ္မာ၊ ထိုကြောင့်။ ဘဂဝါ၊ သုံးလူ့ထွဋ်ထားတင် ဘုရားရှင်သည်။ ပထမံ၊ ရှေးဦးစွာ။ သာဓုကံ-သာဓုကာရံ၊ ကောင်း ချီး ဩ ဘာ မင်္ဂလာ ဆုကို။ အဒါသိ၊ ပေးတော်မူခဲ့လေသတည်း။

ထို့နောက် တဖန် ဒုတိယ ပုစ္ဆာကိုလည်း **"ကတ္ထ ဂမိဿသိ"** ဟု **မေးတော်**မူရာ၊ ဤဘဝမှသေလျှင် ဘယ်ဘဝသို့ သွားမည်နည်းဟု ဖြစ်ရ, လားရမည့်ဘဝကို မေးတော်မူသည် ထင်သဖြင့်၊ လားရမည့် ဘဝဂတိကို မသိပါ၊ **"နဇာနာမိ ဘန္တေ"**ဟု ဖြေကြားကြောင်း လျှောက်ထားရှာတယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

**ပေသကာရံ ဂမိဿန္တံ၊ တုမှေ ဇာနာထ သာဝဇ၀ါ။**
**ဣတော စုတာ နဇာနာမိ၊ နိဗ္ဗတ္တံ ကတ္ထ ကာရဏံ။**

ဘန္တေ၊ မြတ်စွာဘုရား။ သာဝဇ၀ါ၊ သူတော်ကောင်းဖြစ်ကြပေကုန်သော။ တုမှေ၊ အရှင်ဘုရားနှင့်တကွ ပရိသတ်များတို့သည်။ ပေသကာရံ၊ ရက်ကန်းသည်စုဆုံ ရက်ကန်းရက်ရာ ရက်ကန်းရုံသို့။ ဂမိဿန္တံ၊ သွားလတ္တံ့သည်ကို။ ဇာနာထ၊ သိမြင်ကြပါကုန်၏။ ဣတော၊ ရက်ကန်းသည်ဟု အမည်တွင်သ ဤဘ၀မှ။ စုတာ၊ စုတေ့ပြောင်းရွှေ့သေလွန်သည်ရှိသော်။ ကတ္ထ၊ ဘယ်ရပ်ဌာန ဘယ်ဘ၀သို့။ နိဗ္ဗတ္တံ၊ ဖြစ်ရမည့်ဖြစ်သော။ ကာရဏံ၊ အကြောင်းကို။ နဇာနာမိ၊ မသိပါအရှင်ဘုရား။ ထိုအခါမြတ်စွာဘုရားက နှစ်ကြိမ်မြောက်ကောင်းချီးပေးတော်မူပြန်တယ်။

**သာဓုသာဓု ကုမာရိကေ၊ သာဓုတယာ ဝိသဇ္ဇိတော။**
**မယာ ပုဋ္ဌိတပဉ္ဟော၀၊ ဒုတိယံ ဒါသိ သာဓုကံ။ ။**

ကုမာရိကေ၊ ချစ်သမီး။ သာဓု-သာဓု၊ ကောင်းပေစွ ကောင်းပေစွ။ မယာ၊ ငါသည်။ ပုဋ္ဌိတပဉ္ဟော၀၊ မေးအပ်သော ပြဿနာကို သာလျှင်။ တယာ၊ သင်သည်။ သာဓု၊ ကောင်းစွာ။ ဝိသဇ္ဇိတော၊ ဖြေဆိုအပ်ပေပြီ။ တသ္မာ၊ ထိုကြောင့်။ ဘဂ၀ါ၊ သုံးလူ့ထွဋ်တင် ဘုရားရှင်သည်။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ သာဓုကံ-သာဓုကာရံ၊ ကောင်းချီးသြဘာ မင်္ဂလာ ဆုကို။ အဒါသိ၊ ပေးတော်မူခဲ့လေသတည်း။

တဖန် "**ဇာနာသိ**"ဟု မေးတော်မူသည်မှာ၊ သေရမည်ကို မသိဘူးလားဟု မေးတော်မူသည်ထင်သဖြင့်၊ ထိုသေရမည့်ဘေးကိုတော့ တရေးရေးထင်မြင် သိရှိနေ၍ "**ဇာနာမိ ဘန္တေ**"ဟု ဖြေကြားကြောင်း လျှောက်ထားတယ်။ ထိုအခါမှာလည်း မြတ်စွာဘုရားက ကောင်းချီးပေးတော်မူတယ်။

**သာဓုသာဓု ကုမာရိကေ၊ သာဓုတယာ ဝိသဇ္ဇိတော။**
**မယာ ပုဋ္ဌိတပဉ္ဟော၀၊ တတိယံ ဒါသိ သာဓုကံ။ ။**

တဖန် "**ဇာနာသိ**"ဟု မေးတော်မူသည်ကို သေရမှာလောက်သာသိပြီး အချိန်အခါကို မသိပါ၍ "**နဇာနာမိ ဘန္တေ**"ဟု ဖြေကြားကြောင်း လျှောက်ထားရှာတယ်။ ထိုအခါ မြတ်စွာဘုရားက လေးကြိမ်မြောက် ကောင်းချီးပေးတော်မူတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

**သာဓုသာဓု ကုမာရိကေ၊ သာဓုတယာ ဝိသဇ္ဇိတော။**

**မယာ ပုစ္ဆိတပဥ္စာ၀၊ စတုတ္ထာ-ဒါသိ သာဓုကံ။ ။**

ဤကဲ့သို့ သူငယ်မလေး၏ အသိဉာဏ်ကို ဘုရားဉာဏ်တော်မြတ်နှင့် တထပ်တည်း ဟပြေးတည်းထား၍ အမေးလေးထွေ အဖြေလေးရပ်တွင် လေးကြိမ်တိုင်ထပ်ဆင့်လျက် နှစ်သက်ငြိမ့်လေး ကောင်း ချီးပေးပြီး၊ စည်းဝေးသော ပရိသတ်တို့ကိုခေါ်တော်မူ၍ သင် ဒါယကာ-ဒါယိကာမတို့သည် သူငယ်မကလေးပြောဆိုသည့် ဤမျှလောက်သော စကားကိုပင် မသိကြကုန်ဘဲ ရှုတ်ချကဲ့ရဲ့ကြကုန်၏။ စင်စစ်အားဖြင့် အကြင်သူတို့အား ပညာမျက်စိမရှိ၊ ထိုသူတို့သည် အကာဏ်းအတိ ဖြစ်ကုန်၏။ အကြင်သူတို့အား ပညာမျက်စိရှိ၏။ ထိုသူတို့သာလျှင် သိမြင်နိုင်ကြကုန်၏ဟု မိန့်တော်မူပြီး ပိုက်ကွန်မိသောငှက်၏ ဥပမာများနှင့် ဟောကြားတော်မူတယ်။

**အန္ဓဘူတော အယံလောကော၊ တနုကေ-တ္ထ ဝိပဿတိ။**

**သကုဏော ဇာလမုတ္တော-၀၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ ။**

ပညာစက္ခုနော၊ ထိုးထွင်းမြင်သိ ပညာ မျက်စိ၏။ အဘာဝေန၊ သိမြင်ရန်ကင်းမရှိခြင်းကြောင့်။အယံလောကော၊ များစွာသောင်းသောင်း ဤ လူအပေါင်းသည်။ အ န္ဓ ဘူ တော၊ မ မြင် စမ်း တန်း ဘာ မှန်း မ သိ အကာဏ်းအတိသာ ဖြစ်၍နေ၏။ ဧတ္ထ၊ လူ့ပြည်နတ်ရပ် ဤလောကဓာတ်ကြီး၌။ တနုကော၊ အနည်းငယ်မျှသော သူသည်။ ဝိပဿတိ၊ လက္ခဏာတင် ဉာဏ်၌တင်အောင် ရှုမြင်သုံးသပ်နိုင်ခဲ့လေ၏။ ဇာလမုတ္တော၊ မုဆိုးလက်နက် ပိုက်ကွန်ယက်မှ လွတ်ထွက်နိုင်သော။ သကုဏော၊ အဏ္ဍဇပဋိသန္ဓေ တည်နေဖြစ်လာ ငှက်သတ္တဝါသည်။ အပ္ပေါဣဝ၊ မပြောပလောက် လွတ်မြောက်တည်နေ နည်းပါးလေသကဲ့သို့။ ဇာလမုတ္တော၊ မရဏာကွန်ယက် သေမင်းလက်မှ လွတ်၍။ သဂ္ဂါယ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ ခန္ဓာကမ္ဗဇရပ် ကင်းချုပ်ပိုင်ပိုင် သွားရောက်နိုင်သောသူသည်။ အပ္ပေါ၊ မပြောပလောက် လွတ်မြောက်တည်နေ နည်းလှလေသတည်း။

**အမှာ။** ။ (ဂစ္ဆတိ၊ ဟူသော အာချာတ်ပုဒ်သည် ကောမေ ဝန္တတိပုဒ်၌ ဝန္တတိပုဒ်ကဲ့သို့ နာမ်ဟု မှတ်ပါလေ။)

(ပဥ္စမအကြိမ်ရိုက်နှိပ်သည်)

ဒေသနာတော်အဆုံး၌ သတို့သမီးငယ်သည် သောတာပတ္တိဖိုလ်သို့ ရောက်သဖြင့် မျက်မှောက်ထင်ထင် မရဏာနုဿတိကမ္မဋ္ဌာန်း အာနိသင်ကြောင့် နိဗ္ဗာန်ကိုတွေ့မြင်ပြီး ဘခင်ထံ အမြန်သွား၍ ရက်ကန်းစင်ပေါ်သို့ ရက်ဖေါက်တောင်းတင်လိုက်ရာ၊ လွန်းစွန်းနှင့်ထိခိုက်သဖြင့် အိပ်ငိုက်နေသောဘခင်က ရုတ်တရက်လွန်းကို ဆွဲလိုက်လျှင် သတို့သမီး၏ ရင်ဝ၌ လွန်းစွန်း ထိုးစိုက်မိလေရာ၊ အသက်ကို မရှုမရှိုက်နိုင်ဘဲ မြေပေါ် တွင် ယိုင်လဲလျက် ခန္ဓာစဲ စုတေ့သော်၊ တုသိတာ နတ်ပြည်သွား၍ အိပ်သောယောကျ်ား နိုးသောလားကဲ့သို့ ခမ်းနားကြီးကျယ်လှစွာသော စည်းစိမ်ကို တရှိန်ရှိန်ခံစားပြီး သောတာပန် နတ်သမီးဖြစ်သွားတယ်။

ရက်ကန်းသည်ဘခင်မှာ သွေးရှင့်, သွေးတုံး တကိုယ်လုံးလူးလဲ၍ မရဏာပွဲသို့ဝင်ရသော သမီး၏ဖြစ်အင်ကို လတ်တလောမြင်ရလျှင် ပူပင်သောက အားကြီးလှသော ပရိဒေဝမီးသည် ညီး ညီး ပြောင် ပြောင် တဟုန်းဟုန်း တောက်လောင်သဖြင့် ယောင်ယမ်း တမ်းတ, မျက်ရေတွေ ယိုစီးကျလျက် တပည့်တော် ဒုက္ခသည်ကိုကယ်ဆယ်တော်မူပါဟု မြတ်စွာဘုရားသခင်အား ဖြစ်သမျှအကြောင်းအရာကို စုံလင်စွာ လျှောက်ထားရှာတယ်။

ထိုအခါ မြတ်စွာဘုရားသခင်က၊ ဒါယကာ အစမထင်သော သံသရာတွင် ကျင်လည်ခဲ့ရသော ကာလပတ်လုံး ယူကျုံးမရ, ဒုက္ခဘိစီး သေလေသောသမီးကြောင့် ယိုစီးထွက်ကျသော မျက်ရေစသည် သမုဒ္ဒရာလေးစင်းမျှမက များပြားလှသဖြင့်၊ ယခုဘဝမှ ပရိဒေဝမီး လောင်ကျွမ်း၍ ပင်ပန်းညှိုးမှိန်ပြီး စိုးရိမ်ဘို့မသင့်ပေ။ **"သဗ္ဗေ သင်္ခါရာ အနိစ္စာ"**ဆိုသည့်အရ ပြုပြင်၍ဖြစ်ကြသည့် သင်္ခါရတရားတို့သည် ပျက်ပြား ကုန်ဆုံးတတ်သော အဓုဝ ဘိဇ္ဇန နဿနဓမ္မမျိုးချည့်သာ ဖြစ်ကြကုန်၏။ ဤသို့ စသည်ဖြင့် အနမတဂ္ဂဒေသနာတရားကို ဟောကြား ဆုံးမတော် မူလိုက်ပေတယ်။

**အနာဒိကမှိသံသာရေ၊ ဓရဏောဓိတုပ္ပါသက။**

**ပဋ္ဌရိတအဿုဇလံ၊ ဗဟုလံ စတုရဏ္ဏဝါ။ ။**

ဥပရာသက၊ ပရိဒေဝမီး ညီးညီး ပြောင်ပြောင် တောက်လောင်လှစွာဒါယကာ။ အနာဒိကမှိသံသာရေ၊ အနမတဂ် သံသရာစက်မှ မထွက်

တာရှည် ဘုံသုံးမည်ဝယ် ကျင်လည်ခဲ့ရ ရှေးရှေးသောဘဝက။ မိတ္တမရဏော၊ ရင်သွေးသီးချာသမီးကညာ၏ခန္ဓာယိုယွင်းသေဆုံးရခြင်းကြောင့်။ပဋ္ဌာရီတာ အသုံဇာလံ၊ ရင်ဝစုံတီး ငိုကာငြိုး၍ ယိုစီးထွက်ကျ မျက်ရေစသည်။ စတုရဏ္ဏဝ ါ၊ ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်လျက် အခေါင်ပတ်ချာ ကျယ်ဝန်းစွာသည့် သမုဒ္ဒရာတည်နေ လေးစင်း ရေထက်။ ဗဟုလံ၊ သာလွန်၍ များပြားလှပေသတည်း။

ဤကဲ့သို့ဆုံးမတော်မူသောအခါ၊ အနည်းငယ်သက်သာရာရသဖြင့် ပဋာစာအခွင့်တောင်း၍ ကောင်းမွန် ရှိသေစွာ သာသနာတော် ထမ်းလျက် ရှင်ရဟန်းပြုလေရာ၊ မကြာမြင့်မီ ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်သွားပေတယ်။ ဤဝတ္ထု၌ ပေသကာရီ မည်သော သတို့သမီးဟာ မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၍ မဂ်, ဖိုလ် တည်းဟူသော အကျိုးထူးတရားကို ခံစားရသကဲ့သို့၊ ထို့အတူ မခြား လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အားလည်း မဂ်,ဖိုလ်ဟူသော အကျိုးတရားကို ခံစားစေလို၍ မိးကြို, မိးတားနှင့်တူသော မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို စီးဖြန်း ပွားများကြရမယ်ဟုဟောကြားတော်မူတယ်။

**မရဏဿတိံ ဘိက္ခဝေ ဘာဝေထ၊ မရဏဿတိ ဘိက္ခဝေ**

**ဘာဝိတာ ဗဟုလီကတာ၊ မဟပ္ဖလာဟောတိ မဟာနိသံသာ၊**

**အမတောဂဓာ အမတပရိယောသာနာ ။ ။**

ဘိက္ခဝေ၊ အိုနာသေခြင်းဘေးခပင်းမှ လွတ်ကင်းလိုကြောင်း ချစ်သား,ချစ်သမီး အပေါင်းတို့။ မရဏဿတိံ၊ သေရလိမ့်မည် မြဲမတည်ဟု စိတ်တည်စွဲလမ်း မရဏာနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေထ၊ မနေ မနား ပွားများစီးဖြန်းကြပါကုန်လော့။ဘိက္ခဝေ၊ချစ်သား,ချစ်သမီးအပေါင်းတို့။ ဘာဝိတာ၊ အကြိမ်ကြိမ် အထပ်ထပ် ပွားများအပ်သော။ ဗဟုလီကတာ၊ အခါ များစွာ လေ့လာ အပ်သော။ မရဏဿတိ၊ မရဏာ နုဿတိ ကမ္မဋ္ဌာန်းသည်။ မဟပ္ဖလာ၊ များစွာပွားလူး ကျေးဇူးကြီးသည်။ မဟာနိသံသာ၊ အကျိုးစီးပွား အာနိသံများသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ အမတောဂတာ၊ မသေရာမှန် ပြည်နိဗ္ဗာန်သို့ ကေန်ဆတ်ဆတ် ရောက်စေတတ်သည်။ အမတပရိယောသာနာ၊ နိဗ္ဗာန်မြန်းမှ ဆုံးခန်းတိုင်

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

မြောက် ပြီးစီးခြင်းသို့ ရောက်သည်။ ဟောတိ၊ စင်စစ်မသေ ဖြစ်ခဲ့လေ သတည်း။

ဤသို့ မြတ်စွာဘုရားက အားပေး တိုက်တွန်း ညွှန်ပြတော်မူသော ဒေသနာတော်အရ၊ ပေသကာရီ မည်သော ရက်ကန်းသည် သူငယ်မကဲ့သို့ မဂ္ဂဖလ ဝိသေသအကျိုးတရားကို ခံစားစံစားရလေအောင် တရားနာလာကြသော ပရိသတ်တို့ သည်လည်း မီးကြို့ မီးတားနှင့် တူသော မရဏာနုဿတိကမ္မဋ္ဌာန်းတရားကို စီးဖြန်းပွားများနိုင်ကြပါစေကုန်သတည်း။

(ပေသကာရီဝတ္ထု၊ မရဏာနုဿတိ ဘုရားပြီး၏၊)

## သာဓကဥပမာတို့နှင့် ထင်ရှားစွာပြဆိုသော သစ္စာ ၄-ပါး အမှန်တရား

**သာရသေဋ္ဌ အဟော ဉာဏံ လောကကန္တဿ ဘေဒကံ။**
**သေဋ္ဌတံ ယေန ပပ္ပေါတိ၊ အဟော ဗုဒ္ဓဿ ထာမတာ။ ။**

လောကကန္တဿ၊ ရာဂပူးဝင် ပုထုဇဉ်တို့ အမြင်မှောက်မှား ငါ့ သူတပါး ယောကျ်ား မိန်းမ နိစ္စ သုခ အတ္တ သုဘ စသည် ထင်မှတ်စွဲလမ်း၍ နေအပ်သော လောကတုံး လောကခဲကြီး တွေကို။ ဘေဒကံ၊ ယူစရာမရ မကျအသုံး တုံးခဲမထင် မွေညှောက် ကုန်စင်အောင် သိမြင်တော်မူနိုင်ပါပေသော။ ဉာဏံ၊ ကုဋေ သုံးသန်း ခြောက်သိန်းမျှလောက်သော အနာဝရဏ ဉာဏ်တော်မြတ်နှင့်တကွ သဗ္ဗညုတ ရွှေဉာဏ်တော် မြတ်ကြီးသည်။အဟော၊ဩော်-လက်ဖျစ်တီး၍ အံ့ချီးဘွယ်ကောင်းလှပေစွတကား။ သာရသေဋ္ဌ၊ လောကဓာတ်တွင် အမြတ်ဆုံးအစစ် အနှစ်တုံးလည်း ဖြစ်တော်မူပါပေသော။ ယေန၊ အကြင်အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် အစရှိသော အကြောင်းကြောင့်။ သောဘဂဝါ၊ ထိုခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သေဋ္ဌတံ၊ လူပြည်နတ်ရပ် လောကဓာတ်တွင် အမြတ်ဆုံး၏အဖြစ်သို့။ ပပ္ပေါတိ၊ ကောင်းစွာထုတ်ခြောက် ကြွရောက်တော် မူခဲ့ပါပေ၏။ ဗုဒ္ဓဿ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂသညာ လေးသစ္စာကို ကောင်းစွာသိမြင် ဘုရားရှင်ကိုယ်တော်မြတ်၏။ ထာမတာ၊ သုမေဓာ ဘဝမှစ၍ ဖြစ်သမျှတန်တန် ကြံကြံသမျှ ကိစ္စ ပြီးမြောက် အဆုံးသို့

ရောက် တော် မူ နိုင် ခြင်း တည်းဟူသော ဝီရိယ အားတော် အစွမ်းသည်။ အဒေဟာ၊ ကြေဒ်-လက်ဖျစ်တီး၍ မျှားမျှားကြီး အံ့ချီးဘွယ် ကောင်းလှပေစွ တကား။

**ယဒါ ဧသော ပိ သမ္ဗောဓိံ၊ သမ္ဗုဒ္ဓော မုနိပုင်္ဂဝေါ။**

**တဒါ ပဘုတိ ဓမ္မဿ၊ လောကေ ဇာတော မဟုဿဝေါ။ ။**

ယဒါယသ္မိံကာလေ၊ အကြင်ကာလ ခါသမယ၌။ မုနိပုင်္ဂဝေါ၊ မုနိငါးပါးတို့၏ ရှေ့သွား ဖြစ်တော်မူသော။ ဧသောပိ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးရပ် ပရမတ်ကို ဆတ်ဆတ်သိမြင် ဤဘုရားရှင် ကိုယ်တော်မြတ်သည်။ သမ္ဗောဓိံ၊ သဗ္ဗညုစစ် ဘုရားအဖြစ်သို့။ သမ္ဗုဒ္ဓော၊ ကောင်းစွာ ထုတ်ခြောက် ရောက်တော်မူလေပြီ။ တဒါတသ္မိံကာလေ၊ ထင်ပေါ်ကျော် ကြား လူသုံးပါးတွင် ဘုရားဖြစ်လာ ထိုအခါ၌။ ပဘုတိ၊ ရှေဦးပထမ အစပြု၍။ လောကေ၊ လူပြည့်နတ်ရပ် လောကဓာတ်ကြီး၌။ ဓမ္မဿ၊ လူ့ရပ်နတ်ထံ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရား၏။ မဟုဿဝေါ၊ ကြီးစွာဆင်ယင်ပွဲသဘင်ကြီးသည်။ ဇာတော၊ ယခုတိုင်အောင်ပြောင်ပြောင် ထိန်ဝင်း ထွန်းလင်းတောက်ပတော်မူခဲ့လေသတည်း။

၎င်းဂါထာ၏ လိုရင်းပိဏ္ဍတ္ထ အဓိပ္ပါယ်မှာ။ ကာမ ရူပ, အရူပဟု ဆိုအပ်သော လောကသုံးပါး၌ မြတ်စွာဘုရားသခင်သည် သစ္စာလေးပါး ပရမတ္ထတရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူသောအခါမှ ဓမ္မဿဝဏဟု ဆိုအပ်သော တရားသဘင်ကြီးကို ဆင်ယင်ကျင်းပတော်မူရသဖြင့်၊ထိုအခါ မှစပြီး ယခုထက်တိုင်အောင် တရားရောင်တို့ဖြင့် ပြောင်ပြောင် ဝင်းဝင်း ထွန်းလင်းတောက်ပတော်မူလာသည်ဟု ဆိုလိုတယ်။

ထိုဂါထာ၏ အဓိပ္ပါယ်ကို တဖန်ခဲ့ထွင်၍ ဆိုပြန်လျှင် အောက်ပါ အတိုင်းပင် မှတ်ရာ၏။ မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာ တော်သည် နိတတ္ထနည်း, နေယျတ္ထနည်း, ပိဏ္ဍတ္ထနည်း, အဝယဝတ္ထနည်း ဟူ၍ အကျဉ်းအားဖြင့် လေးပါးအပြားရှိတယ်။ ထိုလေးပါးတို့တွင် တဦး တယောက်သော ပုဂ္ဂိုလ်အား အကြောင်းပြု၍ တိုက်ရိုက် ဟောတော်မူ သောတရားကို ၎င်းပုဂ္ဂိုလ်အပေါ်၌ နိတတ္ထဒေသနာ၊ ၎င်းမှ တပါးသော ပုဂ္ဂိုလ်တို့၌ နေယျတ္ထဒေသနာလို့မှတ်ရမယ်။ တနည်းမှာလည်း မုချ,နိပ္ပရိယာယအားဖြင့် ဟောတော်မူသော တရားကို နိတတ္ထဒေသနာ၊ သာမည

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ပရိယာယ အားဖြင့် ဟောတော်မူသော တရားကို နေယျတ္ထဒေသနာ လို့ ဆိုရတယ်။ တဖန် စပ်ဆိုင်ရာ လိုရင်းကောက်ပြီး အကျဉ်း လောက် ဟော သောတရားကို ပိဏ္ဍတ္ထ ဒေသနာ၊ သဒ္ဒါနည်း စသည် များနှင့် အကျယ် တဝင့်ဖွင့်ပြီး ဟောသော တရားကိုတော့ အဝယဝတ္ထ ဒေသနာလို့ ခေါ်ရ တယ်။

ဂုင်းနည်းလေးပါးတို့တွင် ပထမနည်း၊ ဒုတိယနည်းဟု ဆိုအပ်သော နိတတ္ထနှင့် နေယျတ္ထတို့ကို ထင်ရှားစေဦးအံ့။ ယခုအခါများကတော့ ခေမာ ဘိက္ခုနီမဝတ္ထုကိုဟောလျှင် ခေမာဘိက္ခုနီမနှင့်သာ ဆိုင်တယ်၊ ငါတို့နှင့် မဆိုင်။ ထိုအတူ ကောသလမင်းကြီး၏ အကြောင်းကိုဟောလျှင် ကောသလ မင်းကြီးနှင့်သာ ဆိုင်တယ်၊ ငါတို့နှင့်မဆိုင်ဟု ထင်နေတတ်ကြတယ်။

သည်လိုမထင်မှတ်ရဘူး။ ဥပမာအားဖြင့် ကာလန္ဒသူဌေးသား ရှင် သုဒိန်ကိုအကြောင်းပြုပြီး အင်္ဂါပယောဂနှင့်တကွ ပထမ ပါရာဇိကသိက္ခာ ပုဒ်ကို ပညတ်တော်မူရာ၊ တပါးသော ရဟန်းတို့လဲ ၎င်း ပထမ ပါရာဇိက သိက္ခာပုဒ် ပညတ်တော်ကို အင်္ဂါပယောဂနှင့်တကွ ကျင့်ကြရတယ်။ အဲတာ ရှင်သုဒိန်အပေါ်၌ တိုက်ရိုက် ဟောတော် မူခြင်းကြောင့် နိတတ္ထ၊ အခြား သော ရဟန်းတို့အပေါ်၌ လိုက်နာကျင့်ကြံဘို့ရာ အတွင်းဝင်ဟောပြီးသား ဟု ဆောင်ယူရသောကြောင့် နေယျတ္ထလို့ ဆိုရတယ်။

**အာတုရံ အသုစိံ ပုတိံ၊ ပဿ ခေမေ သမုဿယံ။**
**ဥဂ္ဃရန္တံ ပဃ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။ ။**

ဟု ဟောကြားတော်မူတယ်။

ခေမေ၊ ခေမာမိဖုယား။ အာတုရံ၊ ကျင်နာခံခက် နှိပ်စက်၍နေထ သော။ အသုစိံ၊ စက်ဆုပ်ရွံရှာဘွယ် မတင့်တယ်ထသော။ ပုတိံ၊ အနံ့ အခိုး မစင်အိုးကဲ့သို့ ပုပ်သိုး၍နေထသော။ ဥဂ္ဃရန္တံ၊ အထက်ဒွါရ အမာ ဝမှ ခဏခဏ ယိုစီးထွက်ကျ၍ နေထသော။ ပဃ္ဃရန္တံ၊ အောက်ဘက်ဒွါရ အမာဝမှ ခဏခဏ တစက်တစက် ယိုစီးထွက်ကျ၍နေထသော။ ဗာလာနံ၊ သက္ကာယဒိဋ္ဌိ စရှိများစွာ ကိလေသာ ထူပြောသည့် ပုထုဇဉ် ဖြစ်သော ပုဂ္ဂိုလ်တို့သည်။ အဘိပတ္ထိတံ၊ အမြဲမပြတ် တောင်းတ၍ နေအပ်သော။ သမုဿယံ၊ ကေသာ, လောမာ အစဖြာ၍ များစွာပေါင်းပြု သင်၏ ခန္ဓာ ကိုယ် ကောဋ္ဌာသ အစုကို။ ပဿ၊ စေ့စေ့ငုငု ကြည့်ရှုလိုက်ပါတော့လော။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

အဲသည် ဒေသနာတော်ဟာ၊ ခေမာ မိဖုယားအား နိတတ္ထ၊ တပါးသော သူတို့အားလည်း ဤစည်းကမ်း ဥပဒေအတိုင်း ယောင်ယူလိုက်နာပြီး ကျင့်ကြရသဖြင့် နေယျတ္ထဒေသနာလို့ ဆိုရတယ်။

အာရောဂျံ ပရမံလာဘံ သန္တုဋ္ဌိ ပရမံဓနံ။
ဝိဿာသာ ပရမာဉာတိ၊ နိဗ္ဗာနံ ပရမံသုခံ။ ။

မဟာရာဇ၊ သာဝတ္ထိပြည်ရှင် ဘုရင်ရာဇ ကောသလ မင်းမြတ်။ အာရောဂျံ၊ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာတို့ ကိုယ်မှာသန့်ရှင်း အနာရောဂါကင်းခြင်းသည်။ ပရမံလာဘံ၊ ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေး မြ ချမ်းသာလှ၍ မြင့်မြတ်သော လာဘ်သာဘ မည်ပေ၏။ သန္တုဋ္ဌိ၊ သမ္မာအာဇီဝ-ရသမျှနှင့် မျှတရောင့်ရဲ အမြဲတင်းတိမ်၍ နေနိုင်ခြင်းသည်။ ပရမံဓနံ၊ စိန်, ကျောက်, ရွှေ, ငွေ မကလေဘဲ လွန်ကဲထူးမြတ်သည့် ဥစ္စာရတနာကြီးမည် ပါပေ၏။ ဝိဿာသာ၊ အကျွမ်းတဝင် တွင်းပြင်နှစ်ဝ ယုံကြည်ပေါင်းသင်းရသောသူသည်။ ပရမာဉာတိ၊လောကီ,လောကုတ္တရာ နှစ်ဖြာတိုးပွားအကျိုးများစေတတ်၍ မြင့်မြတ်သောဆွေမျိုးအစစ် ကေန္တဖြစ်ပါပေ၏။ နိဗ္ဗာနံ၊ ခန္ဓာ, အာယတန, ဓာတ် ကင်းပြတ်ဆိတ်ညံ့ ပြည်နိဗ္ဗာန်သည်။ ပရမံသုခံ၊ သုံးဆယ့်တခွင် ဘုံအပြင်ဝယ် နှိုင်းယှဉ်မရ လွန်မြတ်လှသည့် ချမ်းသာသုခ အစစ်ကြီး ဖြစ်ခဲ့လေသတည်း။

ဤဒေသနာတော်သည် ကောသလမင်းကြီးအား နိတတ္ထ၊ တပါးသော သူတို့အားလည်း ၎င်းစည်းကမ်း ဥပဒေအတိုင်း ဆောင်ယူ လိုက်နာပြီး ကျင့်ကြံကြရသဖြင့် နေယျတ္ထဒေသနာလို့ဆိုရတယ်။တာကြောင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတို့သည် ယခုရှိကြသော ရဟန်းရှင်လူတို့ အပေါ်၌ နိတတ္ထနည်းအားဖြင့် မဟောရသော်လည်း နေယျတ္ထ နည်းအားဖြင့် ဟောပြီးသားဖြစ်တယ်။ ဤနည်းမျိုးကို နားလည်ကြပါလျှင် ဝိသာခါ,အနာထပိဏ် စသော သူတို့၏ဝတ္ထုကိုပင် ဟောသော်လည်း၊ ငါတို့နှင့် ဆိုင်သောတရား, ငါတို့ကိုဟောသောတရား ဤတရားအတိုင်း အားထုတ်ပါလျှင် ငါတို့သည် လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ကေန်မုချ ရလိမ့်မည်ဟု ယုံကြည်သော စိတ်ရှိကြရမည်။

(ပဌမအကြိမ် ရိုက်နှိပ်သည်)

ဘုန်းကြီးကိုးကွယ်တာလို ပုဂ္ဂလိကတရားမှ ငါတို့နှင့်ဆိုင်သည်ဟု မှတ်ထင်မနေကြနှင့်၊ ပိဋကတ္တနည်းဆိုသည်မှာ ယခုအခါဟောပြောနေကြသည့် ယပ်လှဲ့ယပ်ထောင်တရားနည်းမျိုးပင်ဖြစ်၍ ထင်ရှားသိသာလောက်ပြီ။ အဝယဝတ္တနည်းဆိုသည်မှာ တခုသောပုဒ်ကို အဘိဓမ္မာနည်းအားဖြင့်ငင်း၊ အရကောက်နှင့်တကွ အမျိုးမျိုးသော သဒ္ဒါနည်း အားဖြင့်ငင်း၊ အကျယ်တဝင့်ဖွင့်ပြပြီး ဟောပြောရလေသည်။ ငင်းပိဋကတ္တနည်း, အဝယဝတ္တနည်းမျိုးကို တနည်းအားဖြင့် ဥဒ္ဒေသနည်း, နိဒ္ဒေသနည်း, သင်္ခေပနည်း, ဝိတ္ထာရနည်းဟူ၍လည်းဆိုရ၏။ အကျဉ်းနည်း, အကျယ်နည်းဟုဆိုလိုသည်။ ဤနေရာ၌ အဝယဝတ္တဒေသနာကို သဒ္ဒါနည်းဖြင့် အမြွက်မျှပြဆိုလိုက်ဦးအံ့။ ယခု တရားနာကြတာ ဓမ္မသဝဏ ကုသိုလ်ဖြစ်တယ်၊ ငင်း ဓမ္မသဝဏပုဒ်ကို သဒ္ဒါနည်းအားဖြင့်

**ဓမ္မံ သုဏန္တိ·တိ ဓမ္မသဝဏံ။**

ယေ၊ အကြင်သူတို့သည်။ ဓမ္မံ၊ ဆုံးမဟောကြား မြတ်တရားကို။ သုဏန္တိ၊ အာရုံတပါး စိတ်မသွားဘဲ ရိုသေလေးစားနှလုံးထား၍ မှတ်သားနာယူတတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့နာယူတတ်သော သတ္တိကြောင့်။ တေ၊ ထိုသူတို့သည်။ ဓမ္မသဝဏံ၊ ဓမ္မသဝဏမည်ကုန်၏။

အဲသည်လို ကတ္တုသာဓ် ဝိဂြိုဟ်ဆိုလျှင် ယခု တရား နာနေကြတဲ့ ဒါယကာ ဒါယိကာမတွေကို ဓမ္မသဝဏလို့ဆိုရတယ်။ တနည်းအားဖြင့်-

**ဓမ္မံ သုဏိတဗ္ဗ·န္တိ ဓမ္မသဝဏံ။**

ဓမ္မံ၊ ဆုံးမဟောကြား မြတ်တရားကို။ သုဏိတဗ္ဗံ၊ ရိုသေလေးမြတ်နာယူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ ရိုသေလေးမြတ် နာယူအပ်သော သတ္တိကြောင့်။ ဓမ္မသဝဏံ၊ ဓမ္မသဝဏမည်၏။

အဲသည်လို ကမ္မသာဓ်ဝိဂြိုဟ်ဆိုလျှင် ယခုဟောပြောနေသည့် ဓမ္မပဗန္ဓဖြစ်သော ဒေသနာတော်တရားအစဉ်ကို ဓမ္မသဝဏလို့ ဆိုရပြန်တယ်။ တနည်းအားဖြင့်....

**ဓမ္မံ သဝန္တိ စေတနာ·တိ ဓမ္မသဝဏံ။**

စေတနာ၊ ဉာဏသမ္ပယုတ်ဖြစ်သော ဤစိတ် စေတနာဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သဝန္တိ၊ နာကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့နာ

ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ ၊ထိုဉာဏသမ္ပယုတ် စေတနာသည်။ ဓမ္မသဝဏံ၊ ဓမ္မသဝဏမည်၏။ ဤလိုကရဏသာဓ်ဝိဂြိုဟ်ဆိုလျှင်တရားနာလိုသည့် စိတ်စေတနာကို ဓမ္မသဝဏလို့ ဆိုရပြန်တယ်။ တနည်းအားဖြင့်-

**ဓမ္မံ သဝန္တိ ဧနာ တ္တော့တိ ဓမ္မသဝဏံ။**

ဧတ္တဓမ္မာရာမေ၊ ဓမ္မသဘင်ဆင်ယင်ကျင်းပရာဖြစ်သော ဤနေရာ, ဤဌာနၖ၌။ ဧနာ၊ စည်းဝေးညီညာ များစွာသောင်းသောင်း ဒါယကာ, ဒါယိကာမ အပေါင်းတို့သည်။ ဓမ္မံ၊ ဆုံးမ ဟောကြား မြတ်တရားကို။ သဝန္တိ၊ အာရုံတပါး စိတ်မသွားဘဲ ရိုသေလေးစား နှလုံးထား၍ မှတ်သားနာယူရကုန်၏။ ဣတိတသ္မာ၊ ထိုသို့တရားနာရာဖြစ်သောသတ္တိကြောင့်။တံ၊ ထိုနေရာသည်။ ဓမ္မသဝဏံ၊ ဓမ္မသဝဏမည်၏။

ဤကဲ့သို့ အဓိကရဏသာဓ်ဝိဂြိုဟ်ဆိုလျှင် ယခုတရားဟော တရားနာနေကြသည့် ဓမ္မမဏ္ဍပဆိုတဲ့ နေရာဌာနကို ရပြန်တယ်။ အဲသည်လို အဝယဝတ္ထုဒေသနာ နည်းမျိုးဟာ လွန်စွာ ကျယ်ဝန်း များပြားတယ်လို့ ဆိုရတယ်။

တာကြောင့် ယခု ကာလ အကျယ်မလိုက် အကျဉ်း ကြိုက်ကြ၍ ဆောင်ယူရသော နေယျတ္ထနည်းမျိုးနှင့် အကျဉ်း ပိဏ္ဍတ္ထနည်း နှစ်ရပ်ကို ပေါင်းစပ်ပြီး ဟောပြောကြရတယ်။

ဤကဲ့သို့ သိမ့်မွေ့နက်နဲ ခက်ခဲနူးညံ့၍ သာဂရသဘွယ် ကျယ်ဝန်းများပြားလှသည့် ပဗန္ဓဒေသနာတော်အစဉ်ကို ဖေါက်ထွင်းခွဲဝှက်လေးနက်စူးရှ ကျယ်ဝန်းလှသည့် ဉာဏသာဂရဖြင့် ကွန့်မြူး ယှက်သန်းတော်မူလျက် ကမ်းသဖွယ်ဖြစ်သော သတ္တဝါဝေနေယျတို့၏ အဇ္ဈာသယအလိုက် ထိခိုက်ဆိုက်ရောက်စေရန် ဝေဘန်ပိုင်းခြား၍ ဟောကြားတော်မူနိုင်သော သဗ္ဗညုတဉာဏ်တော်မြတ်နှင့်တကွ ထိုဉာဏ်တော်မြတ်ကို ရကြောင်း ဖြစ်သည့် သုမေဓာ ဘဝမှစ၍ ဝေဿန္တရာ မင်းကြီး ဘဝ တိုင်အောင် များမြောင်လှစွာသော ပါရမီတို့ကို စုံညီပြည့်ဝအောင် အားထုတ်ကြိုးပမ်းတော်မူခဲ့သည့် ဝီရိယတည်းဟူသော အားအစွမ်းတော်ကြီးများဟာ လွန်စွာမှချီးမွမ်းအံ့ဩ ထောမနာဘို့ကောင်းတယ်လို့ ဆိုရပေတယ်။

**(သာရသေဋ္ဌ-ဂါထာကို ပြန်ကောက်၍ အနက်ပေးလေ)**

(ပဌမအကြိမ် ရိုက်နှိပ်သည်)

ဤကဲ့သို့ အစ္စရိယဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လေးဆယ့်ငါး၀ါကာလပတ်လုံး ရတနာရွှဲလုံးကို သိကုံး၍ထားဘိသကဲ့သို့ ဟောကြားတော်မူသော အဗ္ဗုတဓမ္မ ဒေသနာတော် ဟူသမျှသည် သန္တိ သုခအသခ်တပြည်နိဗ္ဗာန်သို့ ကေန်ထုတ်ခြောက် ရောက်စေနိုင်သော တရား မျိုးချည်းဘဲဟူ၍မှတ်ရမယ်။ သို့သော် စတုသစ္စ မြတ်ဓမ္မကို မသိမမြင်သေး သမျှ သတ္တ၀ါအနန္တတို့မှာ အမျိုးမျိုးသော ဘုံဌာနတို့၌ အ၀၀သော ဆင်းရဲဒုက္ခဘေးဘယတို့မှ မထွက်မြောက်နိုင်ကြသဖြင့် ရှည်မြင့်လှစွာသော သံသရာကာလပတ်လုံး ယူကျုံးမရကျင်လည်ပြေးသွား မျောပါးနစ်မွန်း၍ နေကြရသည်ဟုဟောကြားတော်မူကာယ်။

**စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။**
**သံရိတံတံ ဒီဃမဒ္ဓါနံ၊ တာသုတာသွေ၀ဇာတီသု။ ။**

ဘိက္ခ၀ေ၊ သံသရာစက် ၀ဲဂရက်မှ ဖဲထွက်လိုကြောင်း ချစ်သား ချစ်သမီးအပေါင်းတို့။ စတုန္နံ၊ သရုပ်အားဖြင့် လေးပါးအပြားရှိကုန်သော။ အရိယသစ္စာနံ၊ အရိယာဂိုဏ်းဝင် သူတော်စင်တို့မှ သိမြင်နိုင်ငြား သစ္စာ တရားတို့ကို။ ယထာဘူတံ အဒဿနာ၊ ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် သေချာရှင်းလင်း ထို ထွင်း၍မသိမမြင်နိုင်ခြင်းကြောင့်။ တုမှာကန္တ၊သံသရာ ညွှန်ဒုက္ခဝင်မှ ကင်းလွတ်လိုကြောင်း သင် ချစ်သား,ချစ်သမီး အပေါင်း တို့သည်ရင်း။ အဟန္တ၊ သ ်တို့ဆရာငါဘုရားသည်ရင်း။ တာသုတာသွေ၀ ဇာတီသု၊ ထိုထိုဌာန အမျိုးမျိုးသောဘုံဘ၀တို့၌။ ဒီဃမဒ္ဓါနံ၊ ရှည်မြင့်လှ စွာ သံသရာကာလပတ်လုံး။ သံရိတံတံ-သံသရိ ၊ ကျင်လည်ပြေးသွား မျော ပါး၍ နေကြရလေပြီ။

ဒေသနာတော်အလာ လောကဥပမာအားဖြင့် လှူ ရှာ ဒေ သ ဟူသမျှမှာ ဇာတ်သဘင် ပညာ၌ လွန်စွာ တတ်မြောက်သည့် သေတ္တာ မှောက်ခေါ်ရသော ဇာတ်သမားဘယောာ်သည်၊ မိမိအထက်က စောင့် ရှောက်ထိန်းချုပ်နေသော ဇာတ်အုပ်ဆရာကြီး၏ ဦးမှံ့ဆိန့်ပေးရာ အာ ဏာအရ ကပြသောအခါ၌ တော်တော်ကြာ-သိကြား၊ တော်တော်ကြာ- လူပျက်,လူကြမ်း၊တော်တော်ကြာ-ရဟန်း,ဘိုးသူတော်၊ တော်တော်ကြာ- နဂါး, ဂဠုန်၊ တော်တော်ကြာ- ဝိဇ္ဇာ,ဇော်ဂျီ၊ တော်တော်ကြာ- မြင်း,

ဆင့်ကျား စသောအားဖြင့် များပြားလှစွာသော ရုပ်ပုံသဏ္ဌာန် တို့ကို အဖန်ဖန်ပြောင်းလဲပြီး **အနန်နဲပြောဆို** ကပြ၍နေကြရတယ်။

အဲတာလို သမုဒယမကျွာ တဏှာသခင် အရှင်တင်းလင်း သွှလက်တွင်းက မလွတ်ကင်း မထွက်မြောက် နိုင်ကြသည့် သတ္တဝါ အနန္တတို့မှာ တော်တော်ကြာ-ဗြဟ္မာ့လူ့နတ်၊ တော်တော်ကြာ-ရသေ့ ရဟန်း၊ တော်တော်ကြာ-ဘိုးသူတော့်မယ်သီလ၊ တော်တော်ကြာ- ငါးလိပ့် မိကျောင်း သောင်း ပြောင်း ရောရာ များပြား လှစွာသော ဘဝ ဇာတိ ဘယ်မှာမှ အတည်မရှိဘဲ၊ ဝဋ်ဆင်းရဲ ဝဲသြဃ၌ နစ်မြုပ်၍ နေကြရသဖြင့် ဘေးဒုက္ခ သံသရာမှ လျင်မြန်စွာထွက်မြောက်ပြီး နိဗ္ဗာန်သို့ရောက်နိုင်ကြရန် လက်ပံ သစ်သား အရုပ်များကို ကြိုးတို့ဖြင့် ဖွဲ့ချည် ထားသည့် ဇာတ်သမား ပမာ တူစွာအလား စိတ်မှာထား၍ နှစ်ပါးသော ရုပ့်နာမ်ကို မုချကေန် အမှန် သိမြင် လင်းလင်းထင်အောင် လေးအင်သော သစ္စာတရားကို မနေမနား ပွားများအားထုတ်ကြရမယ်။

**ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗျာပါရံ ခါယတိ။**

**ဇဝံ သုညံ နာမရူပံ၊ အညမညသမာယုတံ။ ။**

ဒါရုယန္တံ၊ လက်ပံသစ်သား ထုလုပ်ထားသည့် မင်းသား့ မင်းသမီး သေဌေးကြီးနှင့် ဝန်ကြီး့ရှင်ဘုရင် ရုပ်သေးစင်၌ မျက်မြင်သောင်းသောင်း သစ်သားရုပ်အပေါင်းသည်။ ရဇ္ဇုယောဂါ၊ ခြေကြိုး့ တင်ကြိုး့ ရင့် ခါးကြိုးနှင့် ခေါင်းကြိုး့ကုပ်ကြိုးအမျိုးမျိုးကို လျှိုထိုးစပ်ယှဉ် ဆွဲငင် က့ပြ၍ ပေးကြလေသောကြောင့်။ သဗျာပါရံ၊ အရုပ်ကိုက ဆိုပြ့ လေယောင် က့လေယောင်နှင့် အိပ်ယောင်ထသွား လှုပ်ရှားပုံပြင် တတ်လေသကဲ့သို့။ ခါယတိ၊ လူရာ လူရေး ဥာဏ်နု သေးသည့် ကလေးသူငယ် လူမမယ်တို့ စိတ်ဝယ်မှတ်သား ထင်မှား၍ လာတတ်ပေ၏။ ။ဇဝံ၊ ဤသို့ ရုပ်သေး သစ်သားပမာထား၍ မခြားတမူ အလားတူ။ သုညံ၊ အတ္တ့ ဇီဝ့ ပုဂ္ဂလတို့ ဘာမျှလုံးလုံး မရှိသုဉ်းသော။ နာမရူပံ၊ စိတ်ထင်မှတ်မှား ပညတ်အားဖြင့် ယောကျ်ား့မိန်းမ ခေါ်ဝေါ်ကြသည့် ဓမ္မလမ်းမှန် ရုပ့် နာမ်တရား ခန္ဓာ ငါးပါးသည်။ အညမညသမာယုတံ၊ ဖွဲ့ကြိုးချည်ကာ နာမ်ခန္ဓာနှင့် ပမာ သစ်သား ရုပ်တရား တို့ ကြောင်းအားလျော်ညီ ပေါင်းဆုံမှီဝဲ ယှဉ်တွဲ မိသည်ဖြစ်၍။ သဗျာပါရံ၊ သွားတတ်လေယောင့် ပြောတတ်ယောင်နှင့်

လုပ်ယောင်, ကိုင်ယောင် ဟန်ဆောင်လှည့်ဖြား လှုပ်ရှား ထကြွ တတ်လေသကဲ့သို့။ ခါယတိ၊ သာမထဝိပဿနာ ဘာဝနာရေး ဥာဏ်နုသေးသည့် လူကြီး, ကလေး စိတ်အတွေး၌ ရေးရေး ရှု မြင် မှတ်ထင်၍ လာရလေသတည်း။

ဤဇာတ်ရုပ်သေးပမာ ရူပက္ခန္ဓာ,နာမက္ခန္ဓာနှစ်ဖြာကို ငါဘဲ့,သူဘဲ့ယောကျ်ားဘဲ့,မိန်းမဘဲ့,လူဘဲ့,နတ်ဘဲ့,ပုဂ္ဂိုလ်ဘဲ့,သတ္တဝါဘဲ့-ဟု စသည်ဖြင့် တန်းစွဲ လမ်းစွဲ အကျိတ်အခဲ အလွဲလွဲအမှားမှား မှတ်ထင်၍ နေခြင်းသည်။ ယထာဘူတ သဘာဝဓမ္မဖြစ်သော သစ္စာအချက် အနက် အဓိပ္ပါယ်ကို ရေလည်အောင် မသိမြင်နိုင်ကြ၍ အမျိုးမျိုးသော အမှောက်အမှားတို့နှင့် ကြုံတွေ့နေကြရသဖြင့် အဟုတ်အမှန်ကို ဧကန်မုချ သိမြင် ကြ ရအောင် သစ္စတ္ထအလုပ်စခန်းကို ကြိုးပမ်းအားထုတ်ကြရမယ်။

သစ္စာဆိုသည်မှာ အဟုတ်ဧကန် အမှန်ဖြစ်သော သဘောကိုဆိုလိုတယ်။ ဤသစ္စာတရားသည် သမ္မုတိသစ္စာ,ပရမတ္ထသစ္စာဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားပြီးမှတ်ရမယ်။ ထိုသစ္စာ နှစ်ပါးတို့တွင် သမ္မုတိသစ္စာ ဆိုသည်မှာ မဟာသမတမင်းမှစ၍ လောကလူများ ခေါ်ဝေါ်ပညတ်ထားသည့်အမှန်တရားမျိုးကို သမ္မုတိသစ္စာလို့ဆိုရတယ်။ ၎င်းသမ္မုတိသစ္စာမျိုးမှာ ရေ,မြေ, တော,တောင်၊ အိမ်,ကျောင်း,စရပ်၊ လူ,နတ်,ဗြဟ္မာ၊ ယောကျ်ား,မိန်းမ-စသည်ဖြင့် အခေါ် အဝေါ် လွယ်စေခြင်းငှါ မှည့်ခေါ် ပညတ်ထားသည့် အမည်မျိုးသည် လောက၌ ရှိသမျှ,မြင်သမျှ အသင်္ချေယျ အနန္တ များလှပေသည်။

ဤသမ္မုတိသစ္စာမျိုးကိုသိမြင်ရုံနှင့် အဟုတ်အမှန်ဖြစ်သော သဘောသို့ ဆိုက်ရောက်သည် မဟုတ်သေး။ သို့သော်လဲ လောက ဝေါဟာရ သင်္ကေတအားဖြင့် အမိ အဘ, ဆရာ သမား, ဘိုးဘွား ဥာတိ အစရှိသဖြင့် ခေါ်ဝေါ်သုံးစွဲသည့်အရာမှာ၊ ဘယ်သူ တဦးတယောက်မှ မဟုတ်မတရား လိမ်လည်ပြောကြားသည့် မုသားစကားဟူ၍ မဆိုနိုင် လေ သော ကြောင့် ကျမ်းစူး လွတ်ရုံ လောက်သာ မှန် ကန် သော သမ္မုတိ သစ္စာမျိုးဟု ဆိုရပေတယ်။

ပရမတ္ထသစ္စာဆိုသည်မှာ၊ မဖေါက်မပြန် အဟုတ်တကယ်မှန်သော ခန္ဓာ,အာယတန, ဓာတ်တရားမျိုးကိုသာ ပရမတ္ထသစ္စာလို့ ဆိုရတယ်။ ၎င်း

ပရမတ္ထသစ္စာသည် သဘာဝသစ္စာ, အရိယသစ္စာဟူ၍ နှစ်ပါး ရှိပြန်တယ်။ ထိုသစ္စာ နှစ်ပါးတို့တွင် စိတ်, စေတသိက်၊ ကုသိုလ်, အကုသိုလ်၊ ဝိပါက်, ကြိယာ၊ သောမနဿ,ဒေါမနဿ၊ သုခ,ဒုက္ခစသည်ဖြင့် ခေါ်ဝေါ်ပြော ဆိုသည့်အရာမှာ မိမိသဘောအတိုင်း ဖြောင့်မှန်သည် ဖြစ် သော ကြောင့် ၎င်းတရားမျိုးကို သဘာဝသစ္စာလို့ ခေါ်ဆိုရတယ်။

အရိယသစ္စာဆိုသည်မှာ ဒုက္ခ,သမုဒယ, နိရောဓ,မဂ္ဂ ဤလေးပါး သော အချက်၊ အနက် တဆယ့်ခြောက်ပါးနှင့် ပြည့်စုံသောတရားမျိုးကို ဆိုတယ်။ ဤနေရာ၌ ပရမတ္ထသစ္စာမျိုးဖြစ်သော သဘာဝသစ္စာနှင့်အရိယ သစ္စာသည် ဘယ်ကဲ့သို့ ထူးခြား ကွဲလွဲပါသနည်းဟု မေး စ ရာ ရှိ ပေ၏။ သဘာဝသစ္စာ နယ်မှာတော့-

**သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ**....လို့ ဟောတော်မူတယ်။

သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်၏။ ဒုက္ခာယဝေဒနာယ၊ ဒုက္ခဝေဒနာနှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်၏။ အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော။ ဝေဒနာယ၊ ဥပေက္ခာဝေဒနာ နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ သဘောအားဖြင့် ထင်ရှားရှိကုန်၏။

ဤကဲ့သို့ သဘာဝသစ္စာနှင့် အရိယသစ္စာတို့ ထူးခြား ကွဲလွဲ လေ သည်ဖြစ်သောကြောင့် သဘာဝသစ္စာမျိုးကိုသိမြင်ရုံမျှနှင့်နိဗ္ဗာန်သို့ပေါက် ရောက်နိုင်ပေဘာယ်။ သို့သော်လဲ သူ့နေရာ, သူ့ဌာနနှင့် သူ့သဘောသဘာဝ အတိုင်း မှန်ကန်သည်ဖြစ်၍ သစ္စာဟု ခေါ်ဆိုရပေတယ်။ အဲတာကြောင့် သမုတိသစ္စာ, ပရမတ္ထသစ္စာ, သဘာဝသစ္စာ, အရိယသစ္စာဆိုတဲ့ တရား များကို သိမြင်ထင်ရှားအောင် ပိုင်းခြားပြီးမှတ်သားရမယ်။

သို့-အရိယာပုဂ္ဂိုလ်တို့မှ သိမြင်နိုင်သော အရိယသစ္စာသည် လွန် စွာမှ သိမ်မွေ့နက်နဲ ခက်ခဲသောတရားဖြစ်၍ ပုထုဇဉ်ဖြစ်သောတပည့်တော်

ဥာဏ်နှင့် ဘယ်မှာ သိမြင်နိုင်ပါမလဲ မှတ်ထင်စရာ ရှိ၏ပတယ်။ ဤနေရာ၌ ခန္ဓာ ငါးပါး ဖြစ်သော မရမတ္တ တရားတို့သည် လက်ဖျစ် တတွက်-လျှပ်တပြက်ခန့်ကာလ ကုဋေတသိန်းမက ဖြစ်ပျက်နိုင်ကြောင်း အဆိုရှိပေ၏။ သို့သော် ဤမျှလောက် အဖြစ်အပျက်မြန်လှသည့် ပရမတ္ထတရား ခန္ဓာငါးပါးကို ဝိပဿနာအရာ၌ ရေပွက်,တံလှပ်တို့ကို ရှုမြင်ထင်မှတ်ဘိသကဲ့သို့ မြင်နိုင် ထင်နိုင်လျှင်ပင် နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းများကို ဟောကြားတော်မူတယ်။

**ယထာ ပုပ္ဖုဠကံ ပဿေ၊ ယထာပဿေ မရီစိကံ။**
**ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။ ။**

ဘိက္ခဝေ၊ ကာမရာဂ စသည်များဖြင့် သံယောဇဉ်ကို ပယ်ထွင်လိုကြောင်း ချစ်သား,ချစ်သမီးအပေါင်းတို့။ ပုပ္ဖုဠကံ၊ အင်းအိုင်,ချောင်း ဝင်မြစ်အပြင်သို့ ကောင်းကင်ဝဠာ အဇဋ္ဌာမှ ထန်စွာရွာလျက် ဥဖေါင်းတက်သည့် ရေပွက်ရေပေါက်ကို။ ပဿေယထာ၊ အမြဲ အစဉ် ဖြစ်ပျက်အင်ကို တွေ့မြင် ကြည့်ရှုရလေသကဲ့သို့ရင်း။ မရီစိကံ၊ ထင်ယောင် ထင်မှတ် ပြုလုပ်တတ်သည့် တံလှပ်မျက်လှည့်ကို။ ပဿေယထာ၊မျက်မြင်သရုပ် မဟုတ်မမှန် ဖေါက်ပြန်သမူ စီမံပြုသည်ဟု ကြည့်ရှုစိတ်တွင် မှတ်ထင်ရ သကဲ့သို့ရင်း။ လောကံ၊ ခန္ဓာငါးပါး ရုပ်,နာမ် တရားကို။ ပဿေ၊ ဝိပဿနာ ဥာဏ်စဉ်စိတ်မှာထင်အောင် ရှုမြင်သုံးသပ်ရာ၏။ ဧဝံ၊ဤသို့။ လောကံ၊ ခန္ဓာငါးပါး ရုပ်,နာမ် တရားကို။ အဝေက္ခန္တံ၊ စေ့စေ့ငုငု ကြည့်ရှု ထင်မြင်သော သူကို။ မစ္စုရာဇာ၊ သုံးဆယ့်တနိုင်ငံ ပိုင်စံစိုးနင်း အာဏာ ပြင်းလှသော ရှင်သေမင်းသည်။ နပဿတိ၊ အာသဝေါကင်းစင် နိဗ္ဗာန်ဝင်၍ မတွေ့ မမြင်နိုင်တော့လေသတည်း။

အဲသည် ဒေသနာ တော်ဟာ ခရီးဝေးကွာသော အရပ်ဒေသမှ မိမိတို့နေထိုင်ရာ မြို့ရွာသို့ပြန်လာခဲ့သော်၊ မနီးမဝေးမြင်လျှင်ပင် မရောက်သေးသော်လည်း နီးကပ်နေသည်ဖြစ်၍ ရောက်ပြီဟု လောက၌ ခေါ်ဆိုသုံးစွဲကြသကဲ့သို့ မဂ်ဥာဏ်, ဖိုလ်ဥာဏ်, နိဗ္ဗာန်ကိုပင် မမြင်သေးသော်လည်း ထင်မြင်ရန် နီးကပ်နေသည်ဖြစ်၍၊ ပေါက်ရောက်ပြီ, ထင်မြင်ပြီဟု ဥပစာရ ဒေသနာတော်နည်းအားဖြင့် ဟောကြားတော်မူတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

အဲတာလို သစ္စာတရားကိုသိမြင်သည့်အရာမှာလဲ အနုမာနအားဖြင့် သိခြင်း၊ ပစ္စက္ခအားဖြင့် သိခြင်းဟု နှစ်ပါးရှိပေတယ်။ ထိုနှစ်ပါးတို့တွင် အနုမာန မျက်ရမ်းဆဆိုတာလို ဆင်ခြင်စဉ်းစားသောဉာဏ်ဖြင့် သိခြင်းကို အနုမာနအသိမျိုး၊ ကိုယ်တိုင်ဒိဋ္ဌထင်လင်းစွာ ထိုးထွင်း၍ သိခြင်းကို ပစ္စက္ခအသိမျိုးလို့ ဆိုရတယ်။ သစ္စာလေးပါး တရားတို့ကို ပစ္စက္ခအားဖြင့် ဉာဏ်တွင်ထင်လင်း ထိုးထွင်း၍ပင် မသိ မမြင် သေးသော်လည်း အနုမာနအားဖြင့် မှန်းဆသိမြင်လျှင်ပင် ပစ္စက္ခ အသိ အမြင်မျိုးနှင့် နီးကပ်နေသည်ဖြစ်၍ ဥပစာရနည်းအားဖြင့် သိမြင်ပေါက်ရောက်ပြီဟုဆိုရတာဘဲ။

**ဥပမာယ.မိဝေ.ကစ္ဆေ၊ အတ္ထဇာနန္တိ ပဏ္ဍိတာ။ ။**

ဣဓ၊ လူပြည်လောက ဘုံဌာန၌။ ဥပမာယ၊ ဖုံးလွှမ်းကွယ်ဝှက် အသိခက်ရာ ထင်ရှားသောဥပမာနှင့် ပြသဖြင့်။ ဧကစ္စေ၊အချို့ကုန်သော။ ပဏ္ဍိတာ၊ဥပမာကို ကောင်းစွာမြင်သိ ပညာရှိတို့သည်။အတ္ထံ၊ မှန်ကန်ကျန သဘာဝကို။ဇာနန္တိ၊မုချပိုင်ပိုင် သိစွမ်းနိုင်ကြ လေကုန်သတည်း။

ဥပမာအားဖြင့်၊ လောက၌ ဆေးဆရာကြီး ပြုလုပ်လိုသောသူသည် ရှေးဦးအစ ပထမအခါ၌ အာဒိကပ္ပ၊ ဒွါဒရာသီ၊ဓာတုန္တြိ၊ ဓာတုဘေဒ၊ ဥတုဘောဇနစသော ဆေးကျမ်း, ဓာတ်ကျမ်း, ဗိန္ဒောကျမ်း, နက္ခတ်ကျမ်း များကို ကြိုးပမ်းရွတ်ဘည် ကျက်မှတ်ဆောင်ရွက်ခြင်း အမှုကို ပြုစုအား ထုတ်ကြရတယ်။ဤကဲ့သို့ အရကျက်ပြီး အာဂုံနှုတ်တက် ဆောင်ရွက် မှတ် သားမိသည့်အခါ၊ သွေးဆေး, ငန်းဆေး စသည်များကို စုဆောင်းဖော် လုပ်တတ်၍ ဘယ်ဝေဒနာကို ဘယ်ဆေးနှင့် ပေးရမယ်။ ဘယ်ရောဂါကို ဘယ်ဆေးနှင့်တိုက်ရမည် ဆိုတာလောက်သာသိရှိ၍ ဆရာအဖြစ်သို့ရောက် သည်ဟု မဆိုရသေးပေ။

ထိုသူသည် ရှေးဆရာကြီးများ နောက်သို့လိုက်၍ အတော်အတန် ဆရာနည်းကို ခံယူမှတ်သားရာ၊ ၎င်းဆရာကြီးဖြစ်သော သူသည် လူနာကို ကြည့်ရှုကုသသောအခါ လျင်မြန်စွာ ဆေးမပေးဘဲ လူနာကဲခတ်ပြီး အရပ် ရပ်ဖြစ်ပုံကို အကုန်အစင် သိမြင်သင့်သလောက် ထောက်လှမ်း စုံစမ်း မေး မြန်းခြင်း၊ ပထဝီ, တေဇော, အာပေါ, ဝါယောဟု ဆိုအပ်သော ဓာတ် လေးပါးတို့၏ အနုံ့အထက် ရုပ်လက္ခဏာကို ကြည့်ရှုခြင်း၊ ဥတုရာသီ အပူ အအေး အတက် အသက်နှင့် တကွ နက္ခတ်, တာရာ, နေသွား, လသွား

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

စသည်များကို စဉ်းစားဆင်ခြင်ပြီးမှ ဆေးဝါးဓါတ်စာကို ကျွေးမွေးပေး ကမ်းသဖြင့် မကြာမြင့်မီရောဂါဝေဒနာမှထမြောက်ပြီး ကျန်းမာချမ်းသာ ခြင်းအဖြစ်သို့ ရောက်နိုင်တယ်။

ဤကဲ့သို့ ကြည့်ရှုကုသ၍ စစ်ဆေးမေးမြန်းစုံစမ်းရာ၊ လူနာ၏ လက္ခဏာမျိုးစုံကို အတွေ့အကြုံများသောအခါ "မှဆိုးကို-စိုင်သင်" ဆိုတာလို ဆရာကို လူနာကသင်၍ အရာရာ သိမြင် တတ်မြောက်ပြီး၊ နောက်လိုက်၊ နောက်ပါနှင့်တကွ လူနာ၏ ရောဂါဝေဒနာကို ချမ်းသာအောင် ကြည့်ရှုကုသနိုင်သည့် ဆရာကြီးအဖြစ်သို့ ရောက်ပေသည်ဟု ဆိုလောက် ပြောလောက် ဖြစ်နိုင်တယ်။

ထိုအခါ ကျမ်းဂန်အတွက် နှုတ်မတက်သော်လည်း သဘောလက္ခဏာ အချက်တို့ကို ဉာဏ်သက်သည်ဖြစ်၍ ဘယ်ဇတာ့မှ မပျောက်မပျက်နိုင်ပေ။ ဤဥပမာကဲ့သို့ ဆေးကျမ်း,ဓာတ်ကျမ်းကို အာဂုံနှုတ်တက်အရကျက်၍ ဖြစ်ပေါ်လာသော ဆရာကောင်း၏ အသိမျိုးနှင့် အနုမာန အသိမျိုး၊ လူနာ၏ ရုပ်လက္ခဏာစသည်၌ ဆရာကြီး၏ အသိဉာဏ်မျိုးသည် ပဋိဝေဓ အသိဉာဏ်မျိုးနှင့်တူပေတယ်။

(နောက်က သစ္စာလေးပါး ဂါထာကို ပြန်၍ကောက်ရလ)

အဲသည် ရုပ်လက္ခဏာ သဘောသဘာဝကို နားလည်သည့် ဆရာကြီး၏ အသိဉာဏ်မျိုးသည် ကျမ်းဂန် ကျက်မှတ် လေ့လာခြင်းသာလျှင် အရင်းအစ ပထမဖြစ်၍၊ ဆရာကြီး ပြုလုပ်လိုသောသူသည် ဆရာလောင်း ကလေးများ လေ့လာမှတ်သားရသော ဆေးကျမ်း, ဓာတ်ကျမ်းကို ရှေးဦးစွာ ကျက်မှတ်သင်ယူရတာလို ပဋိဝေဓဉာဏ်ဖြင့် အဟုတ်ကေန် အမှန်ဖြစ်သော သဘောတရားကို သိမြင်ခြင်းသည် အနုမာန အသိဉာဏ်လျှင် အကြောင်းရင်းရှိသည်ဖြစ်၍ သံသရာဆင်းရဲဝဋ်မှ ကျွတ်လွတ်ထွက်မြောက် နိဗ္ဗာန်ပေါက်စေသည့် သစ္စာလေးတန်တရားမှန်ကို ပဋိဝေဓဉာဏ်ဖြင့် မြန်မြန်ကြီး မျက်မှောက် ပြုလိုသောသူသည် ပရမတ္ထတရား လေးပါးတို့တွင် ဤသည်ကား ဒုက္ခသစ္စာ ထိုက်သော တရား၊ ဤသည်ကား သမုဒယသစ္စာ ထိုက်သောတရား၊ ဤသည်ကား နိရောဓသစ္စာထိုက်သောတရား၊ ဤသည် ကား မဂ္ဂသစ္စာ ထိုက်သော တရား၊ ဤသို့ ပြဆို အပ်ခဲ့ ပြီးသော သစ္စာ လေးပါး မြတ်တရားကို သရုပ်အားဖြင့် ပိုင်းခြား မှတ်သားနိုင်သော အနုမာန သစ္စာဉာဏ်မျိုးကို ယခုအခါက စိုက်ပျိုးထူထောင်၍သွားကြရမယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

သစ္စာတရား လေးပါးတို့တွင် သမုဒယ သစ္စာသည် အကြောင်း၊ ဒုက္ခသစ္စာသည် အကျိုး၊ ဤ အကြောင်း, အကျိုး တတွဲ သစ္စာနှစ်ပါးကို လောကီသစ္စာ ဟူ၍လည်းခေါ်ဆိုရ၏။ မဂ္ဂသစ္စာသည် အကြောင်း၊ နိရောဓသစ္စာသည် အကျိုး၊ ဤ အကြောင်း, အကျိုး တတွဲ သစ္စာနှစ်ပါးကို လောကုတ္တရာ သစ္စာ ဟူ၍လည်း ခေါ်ဆိုရ၏။ သစ္စာလေးပါး တရားကို ဟောရာ၌ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပေါ် ရသဖြင့် သမုဒယ,ဒုက္ခ,မဂ္ဂ,နိရောဓဟု ပဝတ္တိက္ကမ ဖြစ်စဉ်အတိုင်းမဟောမူ၍၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟု ဟောတော်မူခြင်းသည် သတ္တဝါတို့၏ သဘောမှာ ကောင်းမွန်မြင့်မြတ်သော အကျိုးများကို ရှေးဦးစွာ တွေ့မြင် ကြားသိရမှ အကြောင်းတရားကို ပြုလိုခြင်း၊ ဆင်းရဲဒုက္ခကို ရှေးဦးစွာ တွေ့မြင် ကြားသိရမှ ကြောက်ရွံ့ထိတ်လန့်ကာ ရှောင်ကြဉ် လိုခြင်း ရှိကြသဖြင့် အကျိုးတရားကိုရှေ့၊ အကြောင်းတရားကို နောက်ထားပြီး ဝေနေယျဗ္ဗာသယ အားလျော်စွာ ဟောတော်မူသည့် ဒေသနာတော်ဟူ၍ မှတ်ရမယ်။

ဒုက္ခသစ္စာသည် ဆင်းရဲဒုက္ခ မုချစင်စစ် အမှန် ဖြစ်သော တရား၊ သမုဒယသစ္စာသည် ဆင်းရဲဒုက္ခ မုချဖြစ်ကြောင်း မကောင်းစင်စစ် အမှန် ဖြစ်သော တရား၊ နိရောဓသစ္စာသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်း ဆိတ်ညံ့ ကေန်စင်စစ် အမှန်ဖြစ်သောတရား၊ မဂ္ဂသစ္စာသည် ဆင်းရဲဒုက္ခ မုချလွတ်ကြောင်း အကောင်းစင်စစ် အမှန်ဖြစ်သောတရားဟု ဆိုလိုတယ်။ လိုရင်းအားဖြင့် ဆင်းရဲဒုက္ခဟူသမျှသည် တဏှာလောဘ သမုဒယကြောင့် ဖြစ်ပေါ်လာသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူတယ်။

(သစ္စာလေးပါး အမှန်တရား ပြီး၏)

## သမုဒယကြောင့် ဒုက္ခဖြစ်ပုံကိုပြသော ဇာတ်နိပါတ် ဝတ္ထုတော်များ

### ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယနိဒါန်။ ။

ဘိက္ခဝေ၊ ချစ်သား,ချစ်သမီးအပေါင်းတို့။ ဒုက္ခသစ္စံ၊ ဇာတိ, ဇရာ ဗျာဓိ,ဂရဏ စရှိသောင်းသောင်း ဘေးဒုက္ခအပေါင်းသည်။ သမုဒယနိဒါန်၊ လွန်စွာတပ်မက် မခွါရက်အောင် နှစ်သက်တွယ်တာ အာသာဆန္ဒပြင်းထန်

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

လှသည့် လောဘတဏှာ သမုဒယသစ္စာလျှင် ကြောင်းရင်းအစစ် ဧကန္တ ဖြစ်ခဲ့လေသတည်း။

ဤဒေသနာတော်အရ သမုဒယသစ္စာ တဏှာ လောဘကြောင့် အမျိုးမျိုးသော ဆင်းရဲဒုက္ခဖြစ်ရပုံမှာ၊လောကီဥပမာအားဖြင့် ယခုကာလ လောကဓာတ်ပညာဥာဏ်ဖြင့် အမေရိကန်,အင်္ဂလန်စသော နိုင်ငံကြီးများ၌ ကြံစည်ပြုလုပ်ထားသော စကားပြော ဓာတ်ကြေးနန်း စက်ကိရိယာတို့နှင့် ရန်ကုန်မြို့ကြီးမှာ ဓာတ်စက်ရုံကြီး တည် ထောင် ဆောက်လုပ် ထားပြီး အနီး-အဝေး မန္တလေး, မော်လမြိုင်, ရခိုင်, ပဲခူး, ဖြူး, တောင်ငူ စသော အချို့သော မြို့ကြီးများ၌ ဓာတ်ကြေးနန်းကြိုးတို့ကို အစဉ်မပြတ် ဆက်စပ် သွယ်တန်း၍ထားရာ၌။ ကြေးနန်း ဓာတ်ကြိုး သွယ်တန်းထားသည့် မြို့ရွာ များက ဘစုံတခု အမှုကိစ္စရှိ၍ ရိုက်ကြားလိုက်သောအခါ၊ မူလ ဓာတ်စက် ရုံသို့ ဆိုက်ရောက်ပြီး ဓာတ်စက်,ဓာတ်အိုးများမှ ထိခိုက်လှုပ်ရှား၍ သွားရ ပေတယ်။

အဲတာလို ဓာတ်စက်ရုံနှင့်တူသော ခန္ဓာကိုယ်၊ ဓာတ်စက်, ဓာတ် အိုးနှင့်တူသော ရင်တွင်း နှလုံးဘူးမှ ဓာတ်ကြေးနန်းကြိုးနှင့်တူသော ငါး ဒွါရမှထွက်သော တဏှာလောဘ သမုဒယ သံယောဇဉ် ကြိုးတွေနှင့် မန္တလေး, တောင်ငူ စသော မြို့ရွာနှင့်တူသော ဆရာသမား,ဘိုးဘွား,မိဘ စသည် များပြား မယား ဇနီး, သား, သမီးပါ ပစ္စည်း ဥစ္စာ ရတနာနှင့် လယ်ယာမိုးယံမြေ, ဆန်ရေစပါး, ကျွဲ, နွား, မြင်း, ဆင် ဥယျာဉ် ရေကန် ဗိမာန်ဥဿုံ အလုံးစုံသော ကိုယ်ပိုင် မှတ်ပြု ပစ္စည်းစုတို့၌ တခု မကျန် မြဲမြံဖြန့်ကြက် ဖွဲ့ယှက် တုပ်နှောင်၍ထားသဖြင့် တစုံတခု မသင့်သော အမှု ဖြင့် အကြောင်းပြု၍ ကြားသိရသောအခါ၊ ဓာတ်စက်, ဓာတ်အိုးနှင့် တူ သော ရင်တွင်း နှလုံးဘူးသည် တဟုန်းဟုန်း ဆူပွက် သွေးပျက် ဖယောင် ယမ်း ရှူးနှမ်းထွေထွေ သေကြေ ဆုံးရှုံးခြင်း စသော သောက ပရိဒေဝ ဒုက္ခ ဒေမနဿ ဥပါယာသ ဘေးဒုက္ခ အန္တရာယ်တို့သည်၊ သံသရာဘဝ တိုင်း အလှိုင်းတကြီး ဝိုင်းအုံ ဘိစီးလျက် နှိပ်စက် ညှဉ်းပန်း၍ နေသဖြင့်၊ တဏှာလောဘ သမုဒယ သံယောဇဉ်ကြိုးကို ပယ်ချိုး ဖြတ်တောက်ကြ ရမယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

**စလိတေ ဝတ္ထုကာမမှိ၊ တဗ္ဗတ္ထုပရိကမ္ပနံ။**
**ကမ္ပနံ မူလယန္တဿ၊ သမ္ဗန္ဓယန္တကမ္ပနေ။**
**သာဓဝေါ ကံ သံဆိန္ဒန္တု၊ ဟာဒယံဒါဟကမ္ပနံ။ ။**

သမ္ဗန္ဓယန္တကမ္ပနေ၊ အမေရိကန်, အင်္ဂလန် နှင့် ဂျပန်, ရုရှား နိုင်ငံခြား၌ ထူးခြားကြံစည် မြို့ပြည်ပြသုံး တယ်လီဖုံး, တယ်လီဂရပ် စပ်ဆက်သွယ်တန်း အရပ်ရပ်သော စကားပြော ဓာတ်ကြေးနန်း တို့ကို။ သမ္ဗန္ဓယန္တကမ္ပနေ၊ ထိုထိုနေရာ စပ်ဆိုင်ရာမှ ချိန်ခါမရွေး လှုပ်ရှား ပေးသည်ရှိသော်။ မူလယန္တဿ၊ မ,တည်ဓာတ်ရုံ ကြိုးမျိုးစုံ၏။ ကမ္ပနံ၊ တချက်တချက် တဒက်ဒက်နှင့် တသွက်သွက်ခါ ရောက်လာ တိုက်ဆိုက် ထိခိုက် လှုပ်ရှားနားကြားခြင်းသည်။ ဟောတိယထာ၊ ဓာတ်သဘာဝ ထိခိုက် ကြသဖြင့် မုချမသွေ ဖြစ်ရလေသကဲ့သို့။ ဝတ္ထုကာမမှိ၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗနှင့် ငါး၀အာရုံ ကာမဂုဏ်ဟုဆိုအပ်သော ကိုယ်နှင့်စပ်ဆိုင် ကိုယ်ပိုင် မှတ်ပြု ဝတ္ထုကာမဟူသမျှသည်။ ဝါ၊ ဝတ္ထုကာမမှိ၊ ရွှေ, ငွေ, စိန်, ကျောက်ထိန်တောက်ပွားစီး သား, သမီးနှင့် ဆွေနီးမျိုးစပ် အရပ်ရပ် အဖုံဖုံ လုံးစုံများပြား ဝတ္ထုကာမ တရားတည်းဟူသော ဓာတ်ကြိုး ဓာတ်စက်သည်။ စလိတေ၊ ကောင်း,မကောင်းနှင့် သောင်းပြောင်းရောချ ထွေလာထူးပြားလှုပ်ရှား ထိခိုက်သည် ရှိသော်။ တဗ္ဗတ္ထုပရိကမ္ပနံ၊ ဝတ္ထုကာမ ကြိုးများစွာကို ငါ့ဟာငါပိုင် ငါနှင့်ဆိုင်ဟု ဦးခိုင်အုပ်စိုး စိတ်ဓာတ်မျိုးနှင့် ဓာတ်အိုးမ,တည် ဓာတ်ဝယ် တည်ငြား နှလုံးသားတို့ မနားမရပ် တဆတ်ဆတ် တခုန်ခုန်, တတုန်တုန်, တလှိုက်လှိုက်, တဟိုက်ဟိုက်, တဖိုဖို, တငိုငို, တမောမော, တဇောဇော, တဒုတ်ဒုတ်, အသဲပြုတ်ခမန်း ပင်ပန်း လှုပ်ရှားခြင်းသည်။ ဟောတိ၊ မြေလက်ခတ်သို့ မချွတ်ပုံသေ ဖြစ်ရလေသတည်း။ သာဓဝေါ၊ သံယောဇဉ်ကြိုး ပယ်ဖြတ်ချိုးဘို့ မြှော်ကိုးငံ့စား သူတော်ကောင်းအများတို့သည်။ ဟာဒယံဒါဟကမ္ပနံ၊ နှလုံးရင်တွင်း ပူပြင်းလှုပ်ကြွစေတတ်သော။ တံ၊ ထိုအဆွယ်အပွား ဆက်သွယ်ထားသည့် ကြေးပြားဓာတ်မျိုးသံယောဇဉ်ကြိုးတွေကို။ သံဆိန္ဒန္တု၊ မြေပြင်သီလ သမထကျောက် လှလ္လထောက်၍ ထက်အောက်လှန်ကာ လက်သဒ္ဓါဖြင့် ထက်စွာသွေးပြီး ဉာဏ်ဓားကြီးကို အပြီးကိုင်ကာ ဖြတ်ပိုင်းလိုက်ကြပါကုန်လော့။

(ပဌမအကြိမ် ရိုက်နှိပ်သည်)

အဲသည်အရာမှာ ပစ္စည်းဝတ္ထုတွင် တခုခု၌ သမုဒယကြိုးတချောင်းစီ ဖွဲ့ချည် တုပ်နှောင်၍ထားသဖြင့် အဘိုးထိုက်တန်သော ဝတ္ထုပစ္စည်းဖြစ်လျှင် မြဲမြံခိုင်ခံ့စွာ ဖွဲ့ချည်တုပ်နှောင်လေ၏။ အဘိုးအနည်းငယ် ထိုက်တန်သော ဝတ္ထုပစ္စည်းဖြစ်လျှင် ပေါ့ပေါ့ရောရောလောက်သာ ချည်နှောင်တုပ်ဖွဲ့ပေး၏။ ဆွေမျိုး ဉာတိ စသည်များလဲ လွန်စွာတပ်မက် ချစ်ခင်နှစ်သက်သော သားသမီးများအပေါ်၌ အလွန်ခိုင်မြဲစွာ ဖွဲ့ချည် ထား၏။ အနည်းငယ် ချစ်ခင်နှစ်သက်သော သူတို့အပေါ်၌ သင့်သလောက်သာ တုပ်နှောင်ဖွဲ့ချည်ပေ၏။ ဤသို့စသည်ဖြင့် အနည်းအများ အဖျားအရင်းအတွင်း အပြင် သက်ရှိ သက်မဲ့ မိမိနှင့်စပ်ဆိုင်သည့် ဝတ္ထုဟူသမျှ၌ တဏှာ လောဘ သမုဒယအားအစွမ်း၏ ကျယ်ဝန်း များပြား လေသောကြောင့်၊ အတိုင်းမသိသော ဆင်းရဲဒုက္ခတွေကို ခံစား နေကြရကြောင်း ဟောကြားတော်မူတယ်။

**သကာယေ ပရကာယေစ၊ အာသံ ဆိန္ဒေယျ ပဏ္ဍိတော။**
**အာသံ ဆေတွာ သုခံ သေတိ၊ အာသာယ ဒုက္ခိတာ ပဇာ။ ။**

ဘိက္ခဝေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြောင်း ချစ်သား,ချစ်သမီး အပေါင်းတို့။ သကာယေစ၊ လွန်စွာငဲ့ကွက် နှစ်သက် ကြည်ညို မိမိခန္ဓာကိုယ်၌၎င်း။ ပရကာယေစ၊ မိမိမှတပါး သား,သမီးအစ များပြားလှသည့် ပစ္စည်း ဥစ္စာ ဟူသမျှ၌၎င်း။ ပဏ္ဍိတော၊ ကျိုးကြောင်းမြော်မြင် ပညာရှင်သည်။ အာသံ၊ လွန်စွာနှစ်သက် တပ်မက်အာသာ တဏှာလောဘ သမုဒယကို။ ဆိန္ဒေယျ၊ ပယ်ဖြတ်ခုတ်ထွင် သုတ်သင် ရှင်းလင်းရာ၏။ အာသံ၊ လောဘတဏှာ အာသာဆန္ဒ သမုဒယကို။ ဆေတွာ၊ ပယ်ဖြတ် ခုတ်ထွင် သုတ်သင်ရှင်းလင်းလိုက်သည်ရှိသော်။ သုခံ၊ မပင်မပန်း ချမ်းချမ်းသာသာ။ သေတိ၊ အိပ်ရလေ၏။ အာသာယ၊ လွန်စွာ ငဲ့ကွက် တပ်မက် အာသာ တဏှာလောဘ သမုဒယကြောင့်။ ပဇာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်။ ဒုက္ခိတာ၊ ကိုယ်စိတ်ညှိုးနွမ်း ပင်ပန်း၍ နေကြရလေကုန်သတည်း။

သမုဒယကြောင့် ဆင်းရဲဒုက္ခဖြစ်ရပုံမှာတော့၊ မြတ်စွာဘုရားသခင်သည် သက်တော်ထင်ရှား ရှိတော်မူစဉ်၊ ဗာရာဏသီပြည်အနီး တခုသောရွာကြီးတွင် အစဉ်ထာဝရ လယ်လုပ်၍ စားကြသည့် မယားနှင့်တကွ ညီအစ်ကို နှစ်ဦးသားရှိကြတယ်။ လင်သည်ယောကျ်ား လယ်ထွန်သွားသော

အခါ၊ ညီနှင့်မယား နှစ်ဦးသားတို့သည် ပုထုဇဉ် ဂတိအားဖြင့် ယဉ်ပါး ဆက်ဆံမိကြရာ၊ မယားသည်ခမြာက ငါတို့ဇာတိကို မောင့်အစ်ကို သိပါ လျှင် ရှက်ဘွယ်ရာတကြောင်း နှစ်သက်စွာမပေါင်းရဘဲ၊ ရှင်နှင့်ကျုပ်, ကွာ ကွဲရန် အမှန်ပင် ဖြစ်ပါလိမ့်မည်။ သို့ဖြစ်သည် တွက်တာကြောင့် မောင့် အစ်ကို ပြန်လာလျှင် အရှင်လတ်လတ် သေအောင် သတ်ပါက ရှင်နှင့် ကျွန်မ စိတ်ချလက်ချ ဘယ်သူမှမသိကြဘဲ ထင်းပုံခေါင်းချ, အဆုံးတိုင် ပေါင်းဘော်ရလိမ့်မယ်ဟု မိန်းမတို့ ပရိယာယ်နှင့် လိမ်ဆယ်၍ ပြောကြား တယ်။

ဤသို့ ပြောကြားသောအခါ၊ လင်သယ်ခမြာက တမိဝမ်းတွင်း ရှေ့ နောက်ဆင်းသည့် ညီရင်းအစ်ကိုဖြစ်၍ ဘယ်လိုမှ မသတ်နိုင်ရန် ငြင်းဆန် ပြီး ပြောရှာတယ်။ ထိုအခါ မိန်းမတို့ မာယာနှင့် အခါခါအဖန်ဖန် သတ် စေရန်ကို အတန်တန်ပြောကြားသော်၊ လင်ငယ်ယောကျာ်း ငပါမွှားမှာ "ပြောပါများ - မယားစကားအောင်" ဆိုတာလို နားယောင်ပြီး ဝန်ခံ တယ်။ လင်ကြီး လယ်တောကပြန်လာသော်၊ မယားသည်ခမြာက လော ကွက်ပျူငှါမျက်နှာပေးချိုသာစွာနှင့် ခေါင်းလျှော်ပါအုံး, ရေချိုးပါအုံး, တကိုယ်လုံး ရွှံပေလျက် ချွေးတွေက ယိုစီးကျ၍ အလွန်ဘဲ မောပန်းလှ ထင်ပါရဲ့ဟု သာယာစွာပြောကြားပြီး ရေဆိပ်သို့ ဆင်းသွားရန် မာယာ ဥာဏ်ဝေဝုစ်နှင့် နှင်ထုတ်စေလွှတ်လိုက်တယ်။

ထိုအခါ လင်ကြီးမှာမသိရှာဘဲ မယားစကားကို လိုက်နာ၍ လျင် မြန်စွာ ထွက်သွားပြီး ဆံပင်များ ဆေးလျှော်နေစဉ်ပင် လင်ငယ်ဖြစ်သော ညီအရင်းက အစ်ကို၏လည်ပင်းကို ပုဆိန်ပွပ်နှင့်စဉ်းလိုက်လျှင်၊ ခင်မင်ငဲ့ကွက် မယား၏ မျက်ခွက်ဉ် တွယ်တာတပ်မက် တရှဲရှဲဆူပွက်၍ မြဲမြဲစွာ ဖွဲ့ယှက် သည့် သမုဒယ လှိုင်းဂရက်မှ မထွက်နိုင်ဘဲ ဂတိလွဲလျက် အိပ်ရာထက် ခေါင်းမိုးတွင် အဟိတ်မျိုးတည်နေ ဥပပါတ်ပဋိသန္ဓေဖြင့် မြွေစိမ်းရှည်ကြီး ဖြစ်နေပါရောတဲ့။

ထိုအခါ မြွေစိမ်းရှည် အဟိတ်သားက မိမိမယားကို တပ်မက်ပြီး ခေါင်းထွက်၍ မကြာမကြာကြည့်တယ်။ တာနဲ့ပင် အားမရသဖြင့် မယား ၏ ဗိုက်ပေါ်သို့ အခွေကြီးပါ ပစ်ချ လိုက် တယ်။ ထိုအခါ မိန်းမသည် အလန့်တကြား တုန်လှုပ်ကြောက်ရွံ့ခြင်းများဖြစ်၍ ဆင်ခြင်စဉ်းစားသော်၊ ငါ၏ယောကျာ်း အယူမှားပြီး မြွေကြီး ဖြစ်သွားတာဘဲဟု စိတ်ထဲတွင်

ထင်မှတ်လျက် လည်ပင်းကို ဖြတ်ပြန်ပါရောတဲ့။ မြွေဘဝခန္ဓာစဲပြန်သော်၊ တဏှာ၏အစွဲကြောင့် သည်အိမ်မှာဘဲ ခွေးဖြစ်ရပြန်တယ်။

ဘဝအသစ် ခွေးကလေး ဖြစ်သော အခါ၊ သွားလာနိုင်လောက် အရွယ်ရောက်သော်၊ မယား၏နောက်သို့ တကောက်ကောက်လိုက်နေလျှင် တွေ့မြင်သောသူတို့က ခွေးမုဆိုးမ့ဟု ကဲ့ရဲ့ကြသဖြင့် ရှက်လှသည့် နှလုံး သွင်းနှင့် ခွေးကလေးလည်ပင်းကို ခားတင်၍ စဉ်းပြန်ပါရောတဲ့။ ခွေးဘဝ ပျက်စီးပြန်လည်း အားကြီးသော သမုဒယ တရားကြောင့်၊ ဤအိမ်မှာဘဲ နွားကလေးဖြစ်လာပြန်တယ်။ ထိုနွားကလေးကိုလည်း ရှေးနည်းအတိုင်း လည်ပင်းဖြတ်ပိုင်းပြန်ပါရောတဲ့။ အဲတာ တဏှာသမုဒယ စွဲလမ်းခြင်းအား ကြီးလှ၍ လေးဘဝလုံးလုံး လည်ပင်းကို ခားနှင့်မှုန်းသဖြင့် အသက်ပါ ဆုံးရှုံးပြီး ယူကျုံးမရ ဒုက္ခမှုနှင့်တွေ့ကြုံကြရတာဘဲတဲ့။

ထိုနောက် တဖန် နွားဘဝပြောင်းပြန်သော်လဲ၊ မြဲမြံဖွဲ့ယှက် သမုဒယအရှိန်မပျက်ဘဲ ငွဲကွက်သည့်အကြောင်းကြောင့်၊ မယားဟောင်း ဝမ်း ရေတွင် ဂဗ္ဘသေယျ ပဋိသန္ဓေဖြင့် တည်နေမွေးဖွား သတို့သား၏ ရှေးဖျား ကာလ ပရံပရက အားထုတ်ခဲ့ဘူးသော အပရာပရိယဝေနိယ ကုသိုလ်ကံ ထောက်မသဖြင့်၊ ဇာတိသယ ဉာဏ်ကိုရ၍ လွန်ခဲ့သော အတိတ်ဘဝကို ရှုဆ ဆင်ခြင်လိုက်သောအခါ၊ ဖြစ်သမျှ အကြောင်းအင်ကို အကုန်အစင် သိမြင်၍ ဩော်-လူသတ် ထောင်မှုးမက ကြမ်းထန်းယုတ်မာလှသည့် ဤ မိန်းမအိမ်မှာမှ လူလာဖြစ်ရလေခြင်းဟု ထန် ပြင်း ညှိုး မှိုန် စိုးရိမ် ပူဆွေး လျက် စိတ်တွေးနှင့် ကြံ စည် ရှာ တယ်။ အဘယ်လို ကြံ စည် ပါသလဲလို့ ဆိုတော့၊ ဩော်—ယခုတဖန် အကယ်၍ သိပြန်လျှင် ကေန်ဆတ်ဆတ် ခား တင်ခါ သတ်အုံးမှာဘဲဟု အောက်မေ့ပြီး ကြက်သီးမွေးညှင်းတို့က တဖျဉ်း ဖျဉ်းထကြွ သေရမည့် ဘေးဘယကို တုန်လှုပ်ထိတ်လန့် ကြောက်ရွံ့ လှ၍ မိခင်၏ လက်တွင်းမှ လွတ်ကင်းရန် ကြံတွေးပြီး မိခင်ကျွေးသောထမင်းကို မစား,တိုက်သောနို့ကို မစို့ပါဘဲ၊မိခင်က ပွေ့ဖက်ပိုက်ချီလျှင် တစီစီ တညံ့ ညံ့နှင့် ငယ်သံများပါအောင် ငိုကြွေးရှာတယ်။ ထိုအခါ ရှေးဘဝကမိခင် ယခုဘဝတွင် အဘွားဖြစ်သော အမယ်အိုက မြေးငိုပုံ ထူးဆန်းလှသည်နှင့် ချော့မော့၍ မေးမြန်းသော်၊ မြေး သူငယ် က လေး က ရှေးဘဝ ဖြစ်ပုံ အကြောင်းကို အလုံးစုံ စုပေါင်းပြီး ပြန်ပြောင်းခါ ပြောကြားရှာတယ်။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

ထိုအခါ မြေးနှင့်အဘွား နှစ်ဦးသားတို့သည် ဘုရားထံရဟန်းပြု၍ သမုဒယ တဏှာအာသာဆန္ဒ တပ်နှစ်သက်တတ်သော လောဘကို ငြိမ်းငွေ့ခြင်း နိဗ္ဗာန်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းတည်းဟူသော သံဝေဂကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလျှင် မကြာမီပင် သမုဒယ လောဘတဏှာ ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရွှေပြည်ကြီးမှာ ဝိမုတ္တိ ဓမ္မသန္တိသုခကို ငြိမ်းအေးစွာ ခံစားစံစားနေကြရတယ်။

**သကာယေ ပရကာယေစ၊ အာသံ ဆိန္ဒေယျ ပဏ္ဍိတော။**
**အာသံ ဆေတွာ သုခံ သေတိ၊ အာသာယ ဒုက္ခိတာ ပဇာ။ ။**

ဘိက္ခဝေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြောင်း ချစ်သား-ချစ်သမီး အပေါင်းတို့။ သကာယေစ၊ လွန်စွာ ငဲ့ကွက် နှစ်သက် ကြည်ညို မိမိခန္ဓာကိုယ်၌ရင်း။ ပရကာယေစ၊ မိမိမှတပါး သား,သမီးအစ များပြားလှသည့် ပစ္စည်းဥစ္စာ ဟူသမျှ၌ရင်း။ ပဏ္ဍိတော၊ ကျိုးကြောင်းမြော်မြင် ပညာရှင်သည်။ အာသံ၊ လွန်စွာနှစ်သက် တပ်မက်အာသာ တဏှာလောဘ သမုဒယကို။ ဆိန္ဒေယျ၊ ပယ်ဖြတ်ခုတ်ထွင် သုတ်သင်ရှင်းလင်းရာ၏။ အာသံ၊ လောဘတဏှာ အာသာဆန္ဒ သမုဒယကို။ ဆေတွာ၊ ပယ်ဖြတ် ခုတ်ထွင် သုတ်သင်ရှင်းလင်း လိုက်သည်ရှိသော်။ သုခံ၊ မပင်မပန်း ချမ်းချမ်းသာသာ။ သေတိ၊ အိပ်ရလေ၏။ အာသာယ၊ လွန်စွာငဲ့ကွက် တပ်မက်အာသာ တဏှာလောဘ သမုဒယကြောင့်။ ပဇာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်။ ဒုက္ခိတာ၊ ကိုယ်စိတ်ညှိုးနွမ်း ပင်ပန်း၍နေကြရလေကုန်သတည်း။

အဲဒါ တပ်မက်သောသမုဒယကြောင့် ဆင်းရဲခြင်းဒုက္ခနှင့် အတန်တန် တွေ့ကြုံရပုံဟု ယုံကြည်မှတ်သားကြရမယ်။

ဝတ္ထုတခု မှာလည်း၊ ရှေးသောအခါ ဗာရာဏသီ နေပြည်ကြီး အတွင်း၌ အလွန်ဆင်းရဲသော ပုဏ္ဏားလင်မယားတို့ ရှိကြတယ်။ ထိုအခါ မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလပြည့်နေ့များ၌ မီးအိမ်ပျံလွှတ်ပွဲ, ဝက်ဘာ မီးထွန်းပွဲ, တာဝတိံသာ အာလိန်ငါးဆင့် မီးထွန်းတရာပွဲ, တူရိယာ ပဥ္စင်၊ ဇာတ်, ရုပ်သေး, အငြိမ့်သဘင်တို့နှင့် ဆင်ယင်ကျင်းပပြီး မွေ့လျော် ပျော်ပါးကြတာလို၊ ဗာရာဏသီ မင်းနေပြည် အတွင်း၌ မှီတင်းနေထိုင်ကြသော မင်း,မောင်းမမိဿံ ခြွေရံပရိသတ် မှူးမတ်ဗိုလ်ပါနှင့်တကွ တိုင်းသူပြည်သား ယောကျ်ား,မိန်းမ ဟူသမျှတို့သည် တန်ဆောင်မုန်းလ အခါ၌

ချမ်းသာကြွယ်ဝ ရှိသမျှပုဆိုး,နားဍောင်း,လက်စွပ်,လက်ကြပ်,ပိုး,ဖဲ,ကတ္တီပါ,ဘယက် တန်ဆာ ဒွါရေ စသော နံ့သာမွှေးမျိုး အခိုးအထုံပြည့် စုံရော ပြွမ်း အထူးထူးသောပန်းတို့ဖြင့် အဆန်းတကြယ် တင့်တင့်တယ်တယ်နှင့် ရှုချင်စဘွယ်ရှိရလေအောင်အစွမ်းကုန်ခြယ်လယ်ပြုပြင်၍နတ်သမီး,နတ်သား အသွင်ဆင်ယင်ဝတ်စားပြီး နက္ခတ်တောင်ထိပ်ပွဲသဘင်သို့ မြူးရွှင်ပျော်ပါး သွားလာစမြဲပါယ်ခြင်းများကိုပြုကြတယ်။

ဤကဲ့သို့ သွားလာကြသော အခါ၊ ဆင်းရဲလှသော ပုဏ္ဏေးမက အရောင်နီမြန် ဝတ်ပန်းဆိုးသည့် တဘက်,ထမိ,အင်္ကျီ,ပုဝါတို့နှင့် လှပစွာ ဆင်ယင်ပြီးတောင်ထိပ်ပွဲသဘင်သို့ မြူးရွှင်ပျော်ပါးလျက် အတူတကွသွားလာကြည့်ရှုလိုကြောင်းနှင့် တောင်းပန်ပြောကြားရှာတယ်။ သည်တော့ သူဆင်းရဲပုဏ္ဏားက ရှင်မ,မယ်သာမာ၊ ငါတို့၏ဆင်းရဲပုံမှာ နှစ်ယောက်ကမှအဝတ်တစုံနှင့် မလုံ့တလုံနေကြရသဖြင့် ရောင်ဝါနီမြန်း ဝတ်ပန်းဆိုး ထမိကိုဘယ်ဆီမှာရ နိုင်ပါ့မလဲ၊ ရှိတာနှင့်ရောင့်ရဲ၍ တောင်ထိပ်ပွဲသွားပါလေဟု မယားကို ပြောကြားပြီးရှိရင်းစွဲအဝတ်ဟောင်းများကို ကောင်း မွန်စွာဖွပ်လျှော်ပေးရှာတယ်။

ထိုအခါမယားသည် ပုဏ္ဏေးမက စိတ်သဘောအလိုမကျ၍ သူများ လင်သား ယောကျ်ားများတော့ ကိုယ့်မယားကို လှစေချင်,ဝတ်စေချင်လို့ မရှိလျှင်တိတ်တိတ်ခိုးပြီးဇနီးကိုဆင်ယင်ကြတယ်။ တကယ်စင်စစ် ကျွန်မကို ချစ်ပါလျှင်ဘုရင်မင်းမြတ်၏ဝတ်ပန်းခင်းမှ ယူငင်၍ဆင်မြန်းပါ၊ ဟောင်း နွမ်းသည့်ထမိ,ပုဝါနှင့်ဖြင့်ပွဲလယ်မှာ ဝတ်ဆင်ပါလျှင်အလွန်ပင် ရှက်စရာ ကောင်းလှပါတယ်။ မောင်တကယ် ရအောင်မရှာလျှင်ဖြင့် တပါးသော မယားကညာတို့နှင့် သွားလိုရာ,သွားပေတော့ဟု ပုဏ္ဏားကြီးမခံသာအောင် နိုင်ရာနှင့်ဖိပြောလိုက်တယ်။

သည်တော့ ပုဏ္ဏားကြီးကလဲ မဆင်ခြင် မစဉ်းစားဘဲ မယ်သာမာ၏ရူပါရုံနှင့် ခွဲရမှာကိုအသဲထဲကို ကျွဝင်၍ခတ်သကဲ့သို့ မခံမရပ်နိုင် ဖြစ် ပြီးမင်းကြီး၏ဝတ်ပန်းခင်းကိုကျူးလွန်ကျော်နင်းလျက် အတင်းဝင်သွား တော့၊ အစောင့်အကြပ်များကဘမ်းဆီးပြီး မင်းကြီးအား ဆက်သလျှင်၊ လုံတံကျင်ထိုးနှံ၍သုသာန်မှာနေလှန်းလို့ ကျီးကန်းတွေဝိုင်းလာပြီးလျှာကို ဆိတ်ဆွ,မျက်လုံးကို ထိုးဖေါက်ကြတာတောင် ဆင်းရဲဒုက္ခဟူ၍ မထင်

မှတ်ကြောင်းအလှကညာ မယ်သာမာ၏ အာသာဆန္ဒ မပြည့်ဝခြင်းသည် သာလျှင်ဆင်းရဲဒုက္ခဖြစ်လေစွဟုတမ်းတပူဆွေးလျက်ငိုကြွေးရှာတယ်။

**နယိဒံဒုက္ခံ အဒုံဒုက္ခံ၊ ယံမံ တုဒတိ ဝါယသော။**

**ယံ သာမာ ပုပ္ဖရတ္တေန၊ ကတ္တိကံနာနုဘောဿတိ။ ။**

ဝါယသော၊ မည်းနက်ညိုသမ်း တောကျီးကန်းသည်။ တုဏ္ဍေန၊ ကျယ်စွာကြီးမား နှုတ်သီးဖျားဖြင့်။ မံ၊ တံကျင်လျှိုထား ငါပုဏ္ဏားကို။ ယံ တုဒတိ၊ မျက်လုံး လျှာ သွား သွေး အသားကို မနားမနေ ထိုးဆွလေ၏။ ဣဒံဒုက္ခံ၊ သွေးစိမ်းပွက်ပွက် ထွက်ကျယိုစီး ထန်သည်းပြင်းပြ ခံနေရသည့် ဤကဲ့သို့သော ဆင်းရဲဒုက္ခမျိုးသည်။ မေ၊ ငါ့အား။ နအဒုံဒုက္ခံ၊ စင်စစ်မုချ ဆင်းရဲဒုက္ခ မဟုတ်လှပါ။ သာမာ၊ နန္ဒင်းအလား အသားရွှေဝါ သာမာ မည်ရ ပုဏ္ဏေးမကလေးသည်။ ပုပ္ဖရတ္တေန၊ စက်စက်ယို ပန်းဆီပမာ ရောင် ဝါနီမြန်း ဝတ်ပန်းဆိုးသော ထမီ ပုဝါ စုလျားကို ဝတ်ဆင်သဖြင့်။ ကတ္တိကံ၊ နက္ခတ်ဆင်ယင် တောင်ထိပ်ပွဲသဘင်သို့။ ယံနာနုဘောဿတိ၊ အကြင် အလိုဆန္ဒ မပြည့်ဝသဖြင့် သူများအလား ဝတ်စားဆင်ယင် မြူးရွှင်ပျော် ပါးလျက် မသွားမလာရပလေ။ ဣဒံ၊ ဤသို့သာမာမည်ရ ပုဏ္ဏေးမကလေး ၏ အလိုဆန္ဒ မပြည့်ဝ၍ သူများအလား ဝတ်စားဆင်ယင် တောင်ထိပ်ပွဲ သဘင်သို့ မြူးရွှင်ပျော်ပါးလျက် မသွားမလာရခြင်းသည်။ မေ၊ ရာဇဝတ် မှုကြောင့် သေလုနီးပါး ငါပုဏ္ဏားအား။ ဒုက္ခံ၊ နှလုံးရင်တွင်း ပူပြင်းဆူကြွ ပြင်းထန်လှသည့် ဆင်းရဲဒုက္ခကြီးအစစ် ဖြစ်ခဲ့လေသတည်း။(ဣဝတ္ထုဖောလဲ သမုဒယကြောင့် ဒုက္ခဖြစ်ရတာဘဲ။)

ဝတ္ထုတခုမှာလည်း၊နတ်သမီးတမျှ အလှသိင်္ဂါပဘာဝတီမင်းသမီးသည် အလောင်းတော် ကုသမင်းကြီးကို စွန့်ပယ်ပစ်ထားခဲ့၍ အထိန်းတော်ကြီး မခုဇ္ဇာနှင့် စိတ်နာပြီး ထွက်သွားကြတယ်။ ထိုအခါ ပဘာဝတီအတွက် မြှား ဆိပ်တက်ဘိသကဲ့သို့ အနေခက် အထိုင်ခက်သဖြင့် မကြောက် မရှက်နိုင်ဘဲ ကုသဝတီပြည်ကြီးနှင့်တကွ မောင်းမမိဿံ ခြွေရံပရိသတ် မှူးမတ်ဗိုလ်ပါ စသော မင်းစည်းစိမ်ကိုပင် မခင်မင် မငဲ့ကွက်မူ၍ ရက်ရက်ရောရော စွန့်ပစ် ပြီး အလောင်းတော် ကုသမင်းကြီးသည် တကိုယ်တည်း စောင်းတော်ပိုက် ၍ ခရီးပြင်းလိုက်တော်မူရှာတယ်။

**(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)**

မဒ္ဒရာဇ် ပြည်ကြီးသို့ ဆိုက်ရောက်သောအခါ၊ မင်းကုသ ရာဇာမှာ တဏှာဘီလူး ကာမဂုဏ်အမှောင်ပူး၍ သူရူးပမာ မယ်ပဘာအတွက် ဖြစ်ပျက်သမျှသော အချက်တို့ကို ဇာတ်မျိုးစုံပေါင်းယှက်ပြီး များစွာသော ဆင်းရဲဒုက္ခကို ခံလျက် အိုးလုပ် ဖျာယက်၍ ဆက်ပါသော်လည်း မျက်နှာကောင်းမရသဖြင့် တဆင့်နောက်ထပ်စဖိုသည်အိမ်မှာကပ်ပြီး မစားရတနပ်၊ စားရတနပ် အပြတ်ပြတ်အငတ်ငတ်နှင့် ပဘာဝတီ တည်းဟူသော သမုဒယခတ်ကြောင့် ကြမ်ကြမ်မတ်မတ် ခါးတောင်းကျိုက်၍ ထင်းပေါက် ရေခပ် အရပ်ရပ်သော အိုးခွက် လင်ပန်း ဇွန်း ပန်းကန် တို့ကို အချိန်မှန်မှန် ကျွန်ယောကျ်ားကဲ့သို့ မီးဖိုဆောင်ကြား မီးခွက်ကြားမှာ မနား မနေရအောင် ဆေးကြောသုတ်သင်ရှင်းလင်း၍ နေရှာတယ်။

**သောအာလာရိကောပေါသော၊ ကုမာရိပုရမန္တရေ၊**

**ဒဠှ ကတ္တာနသံဝေလံ၊ ကုမ္ဘံ ဓောဝတိ သြနတော။ ။**

ကုမာရိ ပုရမန္တရေ၊ ပဘာဝတီ လှသိင်္ဂီကို အေးကြည်ခံစား နန်းဆောင်ကြား၌။ သောအာလာရိကောပေါသော၊ စဖိုသည်ယောကျ်ား၏အလောင်းတော် ကုသမင်းသားသည်။ ဒဠှ၊ ကြပ်ကြပ်တဲ့တဲ့ မြဲမြဲမြံမြံ။ သံဝေလံကတ္တာန၊ ခါးတောင်း ခါးမြှောင် ပြောင်အောင်ကျိုက်၍။ သြနတော၊ မရပ်မဆိုင်း ခါးကိုညွှတ်ကိုင်းလျက်။ ကုမ္ဘံ၊ ကြော်လှော်ချက်ပြုတ် အိုးခွက် လင်ပန်း ဇွန်း ပန်းကန်စသည်ကို။ ဓောဝတိ၊ ညစ်ကြေးမတင် သန့်ရှင်း စင်အောင် သုတ်သင်ဆေးကြော၍ နေရလေသတည်း။

အလောင်းတော် မင်းကုသသည် ဤမျှလောက်သော ဆင်းရဲဒုက္ခကိုခံပြီး အနည်းနည်းကြံဘန်ပါသော်လဲ၊ ဟန်ရမည်မထင်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ပြိုင်ယှဉ်သူ မရှိလောက်အောင်ပင် ဘုန်းရှင် ကံရှင် ဉာဏ် ပညာအရှင် ထီးနန်း၏အရှင် ဘုရင်ကေရာဇ်မင်းကြီးဖြစ်ပါလျက် စိတ်မပျက်ဘဲ ဆက်လက်ပြီး ပြောပြသည်မှာ၊ အစ်မကြီးခုဇ္ဇာ မယ်ပဘာ အတွက်နှင့် အသက်ကိုမှ မငဲ့ညှာဘဲ ဤမျှလောက် ဝေးကွာသော ခရီးသို့ လိုက်လာပြီး ဆင်းရဲဒုက္ခကြီး တွေခံ၍ အမျိုးမျိုးကြံပါသော်လည်း ဣန္ဒြေမာနကြီးသည့် ပဘာဝတီနှင့်ဖြင့် နီးရမယ်မထင်ပါဘူး မခုဇ္ဇာ၊ သို့သော်လဲ ရှိပါစေတော့၊ တကြိမ်တခါလောက်ကြည့်ရှု၍ စကားတခွန်းမျှ ပြောရအောင် ကြံဆောင်ပြုလုပ်ပေးနိုင်ပါလျှင် ကျေးဇူးရှင် မခုဇ္ဇာအား ကုသဝတီပြည်ကြီး

သို့ ရောက်သောအခါ ရွှေစင်သိင်္ဂနိုက် တပိဿာလောက် ရှိသော လည်ရွဲ တန်ဆာကြီးကို ပေးပါမယ်ဟု မရှက်မကြောက်ဘဲ အောက်ကျ နောက်ကျခံပြီး ပြောရှာတယ်။

**ဓနက္ခံ ဂီဝံ တေ ကာရေဿံ၊ ပတ္တာ ခုဇ္ဇေ ကုသာဝတိံ။**

**သစေ္စ မံ နာဂနာသူရူ ဩလောကေယျ ပဘာဝတီ။** ။

ခုဇ္ဇေ၊ အစ်မကြီးခုဇ္ဇာ။ နာဂနာသူရူ၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းသော ပေါင်ရှိပေထသော။ ပဘာဝတီ၊သိင်္ဂီလျှံညီး ပဘာဝတီ မင်းသမီးသည်။ မံ၊ သမုဒယထန်ပြင်း ငါကုသမင်းကို။ သစေဩလောကေယျ၊ အကယ်၍ ကြည့်ရှုပါအံ့။ သစေသလ္လာပေယျ၊ အကယ်၍ စကားတခွန်းလောက်ပြောအောင် ကြံဆောင်ပြုလုပ် အားထုတ်ပေးနိုင်ငြားအံ့။ ကုသာဝတိံ၊ငါတို့စံရာ ကုသဝတီ ဘေဟိညီးညီး ရွှေပြည်ကြီးသို့။ပတ္တာ၊ပြန်လည်ဆိုက်ရောက်ခဲ့သည်ရှိသော်။ တေ၊ အစ်မကြီးမခုဇ္ဇာအား။ ဓနက္ခံ၊ ရွှေစင်သိင်္ဂနိုက် တပိဿာလောက်ရှိသော။ ဂီဝံ၊ နှစ်သက်မြတ်နိုးလောက်စွာသော လည်ဆွဲတန်ဆာကြီးကို။ ကာရေဿံ၊ ကောင်းစွာသွန်းခုတ် ပြုလုပ်၍ ပေးဆက်ပါအံ့သတည်း။ (ဤအလောင်းတော် ကုသမင်းဟာလဲ သမုဒယစွဲရင်းကြောင့် ဒုက္ခဖြစ်ရတာဘဲ။)

ဝတ္ထုတခုမှာလည်း၊ သမုဒယဆိုတာ မနုဿလူသားမှာသာ ဒုက္ခဖြစ်သည်မဟုတ်သေး၊ ရေပိုး,ရေမွှား,ရေမှာ ကျက်စားသည့် ငါးသတ္တဝါများမှာပင် အထင်အရှား ရှိပေတယ်။ ရှေးအခါ ဗာရာဏသီပြည်၏ အနီးဂင်္ဂါမြစ်ကြီးတွင်ရှိသော ငါးဖိုကြီးတကောင်သည် မိမိကျက်စားရာမှ လွန်ပြီး ငါးမကလေး တကောင်၏ နယ်ပယ်သို့ ရောက်သွားရာ၊ ကိလေသာသမုဒယကြောင့် အဓမ္မကြံစည်သဖြင့် ထို့ဤပြေးသွား ရှောင်ရှားလို့လည်း မလွတ် အားချင်းလည်း မယှဉ်နိုင်၍ ငေးမှိုင် ကြံစည်ရှာတယ်။ ထို့နောက်ရတ်တရက် ဉာဏ်ပေါက်ပြီး တံငါသည်တို့၏ ပိုက်ကွန်အနီးတွင် ထွက်ဝင်သွားလာပြုနေရာ၊ ငါးဖိုကြီးမှာလည်း မသိရှာဘဲ နောက်က ထက်ကြပ်ပါပြီး လိုက်နေ၍ မေ့လောက်သောအခါမှ ပိုက်ကွန်၏အဝတွင် ငါးမကခုန်လိုက်သော် ငါးထီးမှာ ပိုက်ကွန်မိသဖြင့် တံငါသည် ထမ်းဆောင်၍သောင်ပြင်မှာ ချထားပြီး ဖုတ်မြိုက်ရန် မီးကိုမွှေးလျက် မီးကင်ရန် တံစို့များ ချွန်နေရာ၊ ငါးထီးကြီးမှာ မီးဖို၌ ဖုတ်မြိုက်မှာကိုလည်း မထိတ်လန့်

တံစို့နှင့်ထိုး၍ ဖွတ်ကင်မှာကိုလည်း မကြောက်ရွံ့ မစိုးရိမ်ဘဲ သူ့ကိုမချစ်၍ စွန့်ပစ်ပြီး တပါးသော ငါးမနောက်သို့ လိုက်လွှားလေရဲ့ဟု ငါးမကလေး စိတ်၌ တွေးထင်ပူဆွေးခြင်းသည်သာ တုန်လှုပ် ထိတ်လန့်ကြောင်းပြောရှာတယ်။

**န မာ.ယံ အဂ္ဂိ တာပေတိ၊ န သုဠော သာခုဘာဠ္ဌိတော။**

**ယဥ္စ မံ မညတေ မစ္ဆီ၊ အညံ သော ရတိယာ ဂတော။ ။**

အယံအဂ္ဂိ၊အလျှံထိန်ညီး ဤမီးပုံကြီးသည်။ မံ၊ငါ့ကို။ နတာပေတိ၊ မထိတ်လန့်စေနိုင်။ သာခုတဠ္ဌိတော၊ ရင်းဖျား ညီညာ ကောင်းမွန်စွာ ချွန်အပ်သော။ အယံသုဠော၊ ဤတံစို့ကြီးသည်။ မံ၊ငါ့ကို။ နတာပေတိ၊ မထိတ်လန့်စေနိုင်။ မစ္ဆီ၊ ဂင်္ဂါမြစ်တွင် ကျန်ရစ်ပူဆွေး ငါးမကလေးက။ သော၊ ထိုဂင်္ဂါမြစ်မှာ တူစွာပျော်မွေ့ ငါးဖိုကြီးသည်။ ရတိယာ၊ကာမဂုဏ်ခလေ့ အာရုံမွေ့ခြင်းငှါ။ ဝါ၊ အဟောင်းကိုမေ့ အသစ်နှင့် ပျော်မွေ့ခြင်းငှါ။ အညံ၊ငါမှတပါး အခြားသောငါးမကလေးနောက်သို့။ ဂတော၊မချစ်မသနား စွန့်ပယ်ထား၍ လိုက်သွားခဲ့လေပြီ။ ဣတိ၊ ဤသို့။ ယံမညတေ၊ အကြင် စိုးရိမ်ပူဆွေး ထင်တွေးမှတ်ရှာ၍ နေလတံ့။ တော်၊ ဤသို့ ငါးမကလေးက စိုးရိမ်ပူဆွေး ထင်တွေး မှတ်ရှာ၍ နေခြင်းသည်။ မံ၊ ငါ့ကို။ တာပေတိ၊ အသဲပြုတ်အောင် တုန်လှုပ်ထိတ်လန့် စေနိုင်လေသတည်း။

ဤဝတ္ထုဟာလဲ သမုဒယကြောင့် ဒုက္ခ ဖြစ်ရတာဘဲ။ သို့သော်လဲ ဘုရားအလောင်း ကယ်ဆယ်၍ အသက်ဘေးမှ ကင်းဝေး ချမ်းသာရပေတယ်။ တာကြောင့် သမုဒယကာပယ်လျှင် ဒုက္ခနယ်မှ လွတ် မြောက် နိုင်တယ်လို့ မှတ်ရမယ်။

လွတ်မြောက်ပုံ သာဓကမှာတော့၊ ဇနက္ကမင်းကြီးသည် မိထိလာပြည်ကြီးနှင့်တကွ သီဝလိဒေဝီအမှူးရှိသော ခြောက်သောင်းသောမောင်းမမိဿံ ခြွေရံပရိသတ် မှူးမတ်ဗိုလ်ပါ စသည် တို့ကို စွန့်ပြီး တောထွက်တော်မူတယ်။ သီဝလိမိဖုယားကြီးသည် ခိုးသူ ဓားပြ ထကြွ လေယောင်ဟန်ဆောင်ပြီး ယုံလောက်အောင် သံယော်ဦး တင်ပါသော်လည်း မရသဖြင့်၊ တိုင်းစွန် ပြည်နားက အိမ်ဆွေးအိမ်အို မြင်းတင်းကုပ် ဆင်တင်းကုပ်အို စသည်များကို မီးတိုက်စေပြီး အရှင်မင်းကြီး မရှိလျှင်ပင် တိုင်းပြည်တွင် မီးလောင်၍ ကုန်ချေပြီ၊ ရန် သူပုန် ပြေငြိမ်ရုံမျှ ခေတ္တလောက်

ပြန်ကြပြီး တကိုယ်ထည်း တောစခန်းသို့ ထွက်လှမ်းတော်မူပါဘုရားဟု သနားငဲ့ညှာလောက်အောင် ကြံဆောင်ပြီး သံတော်ဦးတင်ရှာတယ်။

သည်တော့ အလောင်းတော် မင်းမြတ်က သီဝလိ မိဖုယားကြီး၊ ရှေးအခါက မိထိလာပြည်ကြီးနှင့်တကွ သင်မိဖုယားအမူးရှိသော မောင်းမ မိသံ ခြေရံပရိသတ် မှူးမတ်ဗိုလ်ပါ စသည်ကို ခင်မင်ငဲ့ကွက်သည့် သမုဒယ ကြိုးတို့ဖြင့် ဖွဲ့ယှက်တုပ်နှောင်၍ ထားပေ၏။ ဟာခုအခါမှာ သမုဒယတဏှာ ကင်းကွာပြတ်စဲသဖြင့် မိထိလာပြည်ကို မီးစွဲတောက်လောင်၍နေသော်လဲ ငါမင်းမြတ်၏စိတ်၌ စိုးရိမ်ခြင်းမရှိဘဲ ချမ်းသာစွာ နေရပေတယ် မိဖုယားကြီးဟု ထရားဖြင့် ဆုံးမတော်မူတယ်။

**သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဥ္စနံ။**

**မိထိလာ ဒယှမာနာယ၊ နမေ ကိဥ္စိ အဒယှထ။ ။**

သီဝလိ၊ သီဝလိဒေဝီ။ ယေသံ၊ အကြင် ပုဂ္ဂိုလ်တို့အား။ ကိဥ္စနံ၊ ပူပင်သောက စိုးရိမ်ကြောင့်ကြစရာသည်။ နတ္ထိ၊ အနည်းငယ်မျှ မရှိခဲ့ပေ။ တေသံ၊ ထိုပုဂ္ဂိုလ်တို့သည်။ သုသုခံ၊ မပင်မပန်း|ချမ်းချမ်းသာသာ။ ဇီဝါမ ဝတ၊ အသက်ရှည်၍ နေကြကုန်စွတကား။ သီဝလိ၊ သီဝလိဒေဝီ။ မိထိလာ-မိထိလာယ၊ မိထိလာကြငှန်း ထီးနှင့်နန်းကို။ ဒယှမာနာယ၊ ထိန်ထိန်ပြောင်ပြောင် မီးတောက်လောင်သည်ရှိသော်။ မေ၊ သမုဒယတဏှာ တွယ်တာမကပ် ငါဇနက္ကမင်းမြတ်၏။ ဟဒယေ၊ အတည်စွဲသုံး စိတ်နှလုံး၌။ ကိဥ္စိ၊ တစုံတခုမျှ။ န အဒယှထ၊ စိုးရိမ်ပင်ပန်း လောင်ကျွမ်းခြင်း မရှိပေ။ တသ္မာ၊ ထို့ကြောင့်။ နော၊ ငါတို့သည်။ သုသုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ။ ဇီဝါမဝတ၊ အသက်ရှည်၍ နေကြကုန်စွတကား။

အဲသည်လို အလောင်းတော်ကြီးများ သမုဒယတရားကို နိုင်နင်းအောင် ပယ်ရှားပြီး တောထွက်တော်မူသွားသဖြင့် ဗြဟ္မာပြည်သို့ လား၍ အဆုံးဘဝတွင် လောကသုံးပါး၌ သဗ္ဗညုစစ် ဘုရားဖြစ်ပြီး၊ ယခုအခါ တဏှာသမုဒယ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်စံကြွသွားတော်မူတယ်။ ဤဇနက္ကမင်းကြီး၏ ဝတ္ထုဟာ သမုဒယကို စွန့်ပယ်၍ ဒုက္ခနယ်မှ လွတ်မြောက်တော်မူတာလို့ မှတ်ရမယ်။

သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာသည် ပိုင်းခြား၍ သိအပ်သော ပရိညာကိစ္စ၊ သမုဒယသစ္စာသည် ပယ်စွန့်အပ်သော မဟာတဗ္ဗကိစ္စ၊ မဂ္ဂ

သစ္စာသည် ပွားများအပ်သော ဘာဝနာကိစ္စ၊ နိရောဓသစ္စာသည် မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗကိစ္စ ဟူ၍ မှတ်ရမယ်။ တာကြောင့်.... **"သိ, ပယ်, ဆိုက်, ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်"** ဟု စပ်ဆိုတော်မူတယ်။

'မဂ္ဂါဘိညာသကိ'မတာ' ဆိုသဖြင့် မဂ်စိတ်သည် တကြိမ်သာဖြစ်၍ သစ္စာလေးချက် တပြိုင်နက် ပါဝင်ပုံမှာ၊ ပရိက်,ဥပစာ,အနုလုံ,ဂေါတြဘူ ဟု ပုထုဇဉ် အနွယ်ဖြစ်ပြီး မဂ်, ဟု ဖြစ်ပေါ်လာခြင်း သည် ဒုက္ခသစ္စာကို သိခြင်းဖြစ်၏။ ဒုက္ခသစ္စာကို သိခြင်းသည်ပင် သမုဒယကိုပယ်၏။ သမုဒယကို ပယ်သဖြင့်လည်း မဂ္ဂသစ္စာပါဝင်လေ၏။ ဤမဂ္ဂသစ္စာပင် နိရောဓသစ္စာ ဟူသော နိဗ္ဗာန်ကို မျက်မှောက် ပြု၏။ ၎င်းနောက် ဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ် စသည် ဖြစ်ပေါ်၏။ ဤလို မဂ်စိတ်တကြိမ်တည်းတွင် သစ္စာလေးချက် တပြိုင်နက် ပေါ်ပေါက်လာတယ်။

ဤကဲ့သို့ပင် အစဉ်အတိုင်း မဂ်စိတ်လေးပါးတို့ ဖြစ်ပွား၍ သစ္စာတရားကို ပဋိဝေဓဉာဏ်အားဖြင့် ထင်ရှားစွာသိမြင်ပါမှ ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းလွတ်မြောက်သည့် နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်တယ်။ သစ္စာလေးအင်ကို မသိမမြင်သမျှ တောဘုမ္မက ဝဋ္ဋဒုက္ခတို့နှင့်တွေ့ပြီး အမျိုးမျိုးသော ဘုံဘဝတို့၌ ကျင်လည်ပြေးသွား၍ နေကြရကြောင်းများကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။

**စတုန္နံ့ရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။**
**သံသရိတံ ဒီဃမဒ္ဓါနံ၊ တာသုတာသွေဝဇာတိသု။ ။**

ဘိက္ခဝေ၊ သံသရာစက် ဝဲဂရက်မှ ဖဲထွက်လိုကြောင်း ချစ်သား, ချစ်သမီးအပေါင်းတို့။ စတုန္နံ၊သရုပ်အားဖြင့် လေးပါးအပြားရှိကုန်သော။ အရိယသစ္စာနံ၊ အရိယာဂိုဏ်းဝင် သူတော်စင်တို့မှ သိမြင်နိုင်ငြား သစ္စာတရားတို့ကို။ ယထာဘူတံ အဒဿနာ၊ ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် သေချာရှင်းလင်း ထိုးထွင်း၍မသိမမြင်နိုင်ခြင်းကြောင့်။ တုမှာကဥ္စ၊သံသရာ ညွှတ် ဒုက္ခဝဋ္ဋမှ ကင်းလွတ်လိုကြောင်း သင်ချစ်သား, ချစ်သမီးအပေါင်းတို့သည်၎င်း။ အဟဥ္စ၊ သင်တို့ဆရာ ငါဘုရားသည်၎င်း။ တာသုတာသွေဝဇာတီသု၊ ထိုထို၌သာ အမျိုးမျိုးသော ဘုံဘဝတို့၌။ ဒီဃမဒ္ဓါနံ၊ ရှည်မြင့်လှစွာ

သံသရာကာလပတ်လုံး။ သံသရိတံ-သံသရိ၊ ကျင်လည်ပြေးသွား မျှောပါး၍ နေကြရဘူးလေပြီ။

ဤသို့ သစ္စာဓမ္မ နည်းနယကို ဥပမာ- ဥပမေယျနှင့်တကွ သာဓကပုံပြင်ကို စုံလင်စွာ ကြားနာကြရသဖြင့် ဒုက္ခကင်းစင် နိဗ္ဗာန်သို့ ဝင်နိုင်ရန် သစ္စာလေးတန် တရားမှန်ကို ပဋိဝေဓဉာဏ်ဖြင့် ထင်မြင်အောင် အနုဗောဓဉာဏ်ဖြင့် ကြိုတင်ပြီး သမုဒယအစဉ်ကို တွင်တွင်ကြီး ပယ်ဖြတ်၍ အရပ်ရပ်သော ပါရမီကုသိုလ် တရားတို့ကို ပွားများ အားထုတ် နိုင်ကြပါစေကုန်သတည်း။

( သမုဒယကြောင့် ဒုက္ခဖြစ်သော ဝတ္ထုများ ပြီး၏။ )

## ဝိသာခါမင်းသားဝတ္ထု ရန်အောင်တရား

**ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိံ မာဘာတိ စန္ဒိမာ၊**
**သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊**
**အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။**
**စေတေ့ သစ္စဝဇ္ဇေန၊ နိရောဂါ ဟောန္တု သာဓဝေါ။ ။**

အာဒိစ္စော၊ ရောင်ခြည် တထောင် အလင်းဆောင်၍ တောက်ပြောင်တိန်လွှင် ဘော်ငွေစင်သို့ ဖြူစင်သန့်ရှင်း အာဒိစ္စမည်သော ရှင်နေမင်းသည်။ ဒိဝါ၊ ယူဇနာငါးဆယ် အဝန်းကျယ်၍ တင့်တယ်အရောင် ထိန်ထိန်ပြောင်လျက် တောက်လောင်ပဝင်း အာဒိစ္စမည်သော ရှင်နေမင်းသည်။ ဒိဝါ၊ ညဉ့်မှလွတ်ကင်း အာရုံချဉ်း၍ အလင်းရောက်လာ နေ့အခါ၌ သာလျှင်။ တပတိ၊ သတ္တိစွမ်းဟုန် သုံးကျွန်းခြုံ၍ လောကဓာတ်ဘုံတွင်း ရောင်စုံကျင်းလျက် ထွန်းလင်းတောက်ပနိုင်ပါပေ၏။

စန္ဒိမာ၊ ရှုမြင် ကြသူ များဗိုလ်လူတို့ ကြည်ဖြူ အေးမြ နှစ်သက်လှသဖြင့် ကမ္ဘာ့တန်ဆာ ထိန်ထိန်ဖြာသည့် ရောင်ဝါပဝင်း ရွှေလမင်းသည်။ ဝ ါ၊ လေးဆယ့်ကိုးယူဇနာ ကျယ်ဝန်းစွာဖြင့် ဖြာဖြာတင့်ရွှန်း ဥဒည်စွန်းဝယ် ထွန်းလင်းတောက်ပ စိတ်ကြည်လှသည့် အေးမြရောင်ဆင်း ရွှေလမင်းသည်။ ရတ္တိံ၊ ဒေါင်းဖလ်ရဝိန် နေသူရိန်သည် ဂေါဝိန်သို့ချဉ်း အရောင်ကင်း၍ မလင်းမှောင်မိုက် ညဉ့်အခါ၌သာလျှင်။ အာဘာတိ၊ ဆီးနှင်း,မြူ

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

တိမ်,သူရိန်,မီးခိုး ညစ်မျိုး ငါး၀ ကင်းစင်ပသဖြင့် မနရှင်အောင် ကြည်လင် တင့်ရှန်း ထွန်းလင်းတောက်ပနိုင်ပါပေ၏။

ခတ္တိယော၊ မိုးသံနှင့်မြေပါ အာကာသတန်ခိုး လွှမ်းခြုံမိုး၍ အုပ်စိုးပိုင် နှင်း ပြည့်ရှင် မင်းသည်။သန္ဓေဒွေါ၊ ခဂ္ဂေါ,ဆတ္တ,ဉဏ္ဍိသနှင့် ၀ါဠဗီဇနီ မည် ရှိနေသော်မှ ပါဒုကဟု ငါး၀,ငါးဖြာ မင်းတန်ဆာကို ကောင်းစွာပြုပြင် ၀တ်ဆင်ယင်မှသာလျှင်။ တပတိ၊ သူဌေး, သူကြွယ် ကုန်သည်, ပုဏ္ဏား ဆင်းရဲသားဟု များပြား ပေါယယ် လူတို့လယ်၌ တင့် တယ် ပြောင် ရှန်း ထွန်းလင်းတောက်ပနိုင်ပါပေ၏။

ပြဟ္မဏော၊ ကာမရာဂ စသည့်များစွာ ကိလေသာကို ပယ်ခွါဆေး ကြော အကုန်မျှောသည့် အာသဝေါကင်းပြီ ရဟန္တာပုဂ္ဂိုလ်သည်။စျာယီ၊ သမထ,ဝိပဿနာ, ဘာဝနာကို များစွာထပ်ထပ် လေ့လာအပ်သဖြင့် သမာ ပါတ်ပွား စျာန်ဝင်စားမှသာလျှင်။ တပတိ၊ ကြက်သရေဆောင် ရဟန်း ဘောင်၌ ဂုဏ်ရောင်တန်ခိုး မနှမ်းညှိုးဘဲ ပွားတိုးဖြိုင်ဖြိုင်ထွန်းလင်းတင့်တယ် တော်မူနိုင်ပါပေ၏။

အထခေါ၊ မုချကေန်အမှန်စင်စစ်သော်ကား။ဗုဒ္ဓေါ၊ဒုက္ခ,သမုဒယ, နိရောဓနှင့် မဂ္ဂသညာ လေးသစ္စာကို ကောင်းစွာသိမြင် ဘုရားရှင် ကိုယ် တော်မြတ်သည်။ သဗ္ဗမဟောရတ္တိံ ၊ ခဏ,လယ မုဟုတ္တဟု ကာလမယွင်း မကျန်ကြွင်းဘဲ ခပင်းညဉ့် အလုံးစုံသော နေ့ညဉ့်ပတ်လုံး။ တေဇသာ၊ ဘုန်းတော်,ကံတော်,သမ္ဘာတော်နှင့် ဉာဏ်တော်အနန္တ ဟူသမျှတို့ကြောင့် ကနိဋ္ဌပြဟ္မာ့ဘုံရောက် အကုန်လျှောက်ကြွ၍ ထက်အောက် ထင်ပေါ် တန်ခိုးတော်ဖြင့်။ တပတိ၊ တရာ့ရှစ်ကွက် စက်လက္ခဏာ ပြည့်စုံစွာလျက် သုံးဆယ့်နှစ်ဖြာသော လက္ခဏာတော်ကြီး, တသီးအံ့ဘွယ် ရှစ်ဆယ်သော လက္ခဏာတော်ငယ်, ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ထွန်းလင်း တင့် တယ်မူပါပေ၏။

တေနသစ္စဝဋ္ဋေန၊ ဤသို့တန်တန် ဘော်ထုတ်ပြန်၍ ဟုတ်မှန်သော စကားကို မြွက်ကြား ပြောဆိုရလေသောကြောင့်။ သာဓဝေါ၊ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ကိုးဆယ့်ခြောက် ဖြာ ဝေဒနာတို့ ကိုယ်မှာလွတ်ကင်း ဘေးရန်ရှင်းကြကုန်သည်။ ဟောန္တု၊ ကိုယ်စိတ်ကိုယ်ငှ ဖြစ်ကြပါစေကုန်သတည်း။

(ပဋ္ဌမအကြိမ် ရိုက်နှိပ်သည်)

**မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။**
**ပူရေတွာ ပါရမီသဗ္ဗာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။ ။**

မဟာကာရုဏိကော၊ အနမတဂ်ံ သံသရာစက်မှ မထွက်တာရှည် ဘုံသုံးမည်ဝယ် ကျင်လည်ပြေးသွား သတ္တဝါအများကို သနားငဲ့ညှာအား ကြီးသော ကရုဏာရှိတော်မူသော။ နာထော၊ ဗြဟ္မာ,နတ်,လူ သုံးဘုံ သူတို့ ကြည်ဖြူညွတ်တွား အားထားမှီခိုရာအစစ် ကေန္တြဖြစ်တော် မူသော မြတ်စွာ ဘုရားသည်။ သဗ္ဗပါဏိနံ၊ လူရှေ,နတ်ပါ ဗြဟ္မာမကြွင်း ခပင်းဥဿုံ လုံးစုံ များစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကုတ်, လောကီ နှစ်လီတိုးပွား အကျိုးများကြစေခြင်းငှါ။ သဗ္ဗာပါရမီ၊ ဒါန,သီလ, နိက္ခမက ဒသသုံးလီ အလုံးစုံသော ပါရမီတရားတို့ကို။ ပူရေတွာ၊ ဝီရိယလုလ္လဥဿာဟဖြင့် နေ့ညမဟူ ဖြည့်ကျင့် ဆည်းပူးတော်မူ၍။ ဥတ္တမံ၊ အတိဥက္ကဋ္ဌအလွန်မြတ်သော။ သမ္ဗောဓိံ၊ သဗ္ဗညုစစ် ဘုရားအဖြစ်သို့။ ပတ္တော၊ ကောင်းစွာ ထုတ်ခြောက် ဆိုက်ရောက်တော်မူခဲ့လေပြီ။

ဤဒေသနာတော်အလာ အဓိပ္ပါယ်မှာတော့၊ ကာမ,ရူပ, အရူပဟု ဆိုအပ်သော လောကသုံးပါး၌ မရပ်မနားရဘဲ ဆိကြိတ်သောနွား ရဟတ် ချားကဲ့သို့ ကျင်လည်ပြေးသွားလျက်၊ ဇာတိ,ဇရာ,ဗျာဓိ,ဂရဏ အစရှိသော ဘေးဘယအပေါင်းတို့၏ ထောင်းထုချေဖျက် နှိပ်စက်ခြင်းကို ခံနေရသော ဒုက္ခိတ သတ္တဝါတွေကို ကရုဏာပွား ရာဟုလာသတို့သားကဲ့သို့ မခြားထပ်တူ သနားတော်မူလှသဖြင့် သုမေဓာဘဝမှစ၍ ဝေဿန္တရာ မင်းကြီးဘဝ တိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ယူကျုံးဆည်းပူး တော်မူခဲ့ရသော ပါရမီဆယ်ပါး အယုတ်အလတ်အမြတ်အားဖြင့် အပြား သုံးဆယ် ဒုက္ခသည် လူသုံးပါးတို့၏ အကျိုးစီးပွား များပြား စေခြင်းငှါ ဖြည့်ကျင့်တော်မူရသော လောကတ္ထစရိယ၊ဆွေတော်ရှစ်သောင်း မျိုးတော် ပေါင်းတို့၏ အကျိုးစီးပွားအလို့ငှါ ဖြည့်ကျင့်တော်မူရသော ဉာတတ္ထစရိယ၊ ကိုယ်တော်မြတ်၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရန်မြှော်ကိုး ဘုရားဖြစ်စေ ခြင်းအကျိုးငှါ ဖြည့်ကျင့်တော်မူရသော ဗုဒ္ဓတ္ထစရိယ၊ ၎င်းစရိယလေးပါး တို့ကို ဆည်းပူးတော်မူရပေတယ်။

ဤကဲ့သို့ များပြားလှစုံသော ပါရမီစရိယ သမ္ဘာရ အဆောက် အဦတို့ကို ဆည်း ပူး အား ထုတ် တော်မူ၍ သမ္ဗုဒ္ဓအစစ် ဘုရားအဖြစ်သို့

ရောက်တော်မူလာပြီး၊ ဈာနသုခ,ဖလသုခများကို ခံစားတော်မမူဘဲ၊ လေးဆယ့်ငါးဝါ ကာလပတ်လုံး ရတနာရွဲလုံးကို သီကုံး၍ ထားဘိသကဲ့သို့ သတ္တဝါအစားစားတို့၏ စရိုက်နှင့် အလိုက်သင့်စွာ ဒေသနာ အမြိုက်ဆေးဖြင့်တိုက်ကျွေးတော်မူ၍ လူချမ်းသာ,နတ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာသုံးပါးကို ခံစားစံစားကြရတယ်။ အဲတာကြောင့် မြတ်စွာဘုရားသခင်၏ သနားခြင်းကရုဏာတော်ဟာ လောကဌ် သားသမီးကို ချစ်ခင်ကြသော မိဘတို့၏ ကရုဏာထက် များစွာအားကြီးလှသောကြောင့် မြတ်စွာဘုရားမှသာလျှင် သတ္တဝါတို့၏ အမိ,အဘစင်စစ် အမှန်ဖြစ်သည်ဟုဆိုထိုက်ပေတယ်။

ဤလူ့ပြည်လောကဌ်ရှိကြသော မိဘတို့သည် သားသမီးများအပေါ်၌ ဘယ်လောက်ပင် ချစ်ခင်၍ ကြင်နာသနားတတ်သော ကရုဏာ တရားရှိစေကာမူ၊ အဝတ်အစားမျှလောက်သာ ပေးကမ်းချီးမြှောက်လျက် သားသမီးအတွက်နှင့် အသက်ကိုစွန့်ရမည်ဆိုလျှင်“အတ္တသမံ ပေမံနတ္ထိ” ဆိုသည့်အတူ ဘယ်သူမှ ရဲရဲဝံ့ဝံ့မရှိဘဲ တွန့်ဆုတ်လွဲဖယ်ကြတာမျိုးချည့်ဘဲ၊ အစိန္တေယျ သုံးလူ့ထွဋ်ထား မြတ်စွာဘုရားမှာမူ ဤကဲ့သို့မဟုတ်ဘဲ ဆင်းရဲ ညှိုးနွမ်း ပင်ပန်း၍နေကြသော ဒုက္ခိတသတ္တဝါတွေကို လွန်မင်းစွာ သနားတော်မူလှသဖြင့် လက်တော်သို့ ရောက်ပြီးသော အရဟတ္တဖိုလ် ချမ်းသာကို မတွယ်မတာ ပယ်ခွါစွန့်ပစ်လျက် ကိုယ်တော်မြတ်၏ အသက်ကို သေမင်းလက်တွင် အပ်နှံပြီး၊ ထန်သည်းသော လုလ္လဝီရိယလွန်ကဲအားကြီးလှသော သမာဆန္ဒတော်ဖြင့် ဒီပင်္ကရာ ထွဋ်ချွာမှန်ကင်း ခြေတော်ရင်းကပင် ပူပြင်း ဆူကြွ ညှိုးနွမ်းပင်ပန်းလှသည့် ဒုက္ခိတများစွာ ဝေနေယျာတို့ကို ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ လျှင်မြန်စွာ ကူးသန်း၍ ရှစ်ခန်းသော ဖေါင်မဂ္ဂင်နှင့် ကယ်တင်တော်မူမည်ဟု ကြံစည်စိတ်ထားလျက် ပါရမီစရိယ တရားတို့ကို မနေမနားဘဲ ကြိုးစားဖြည့်ကျင့်တော်မူခဲ့ရတယ်။

**ကိံ မေ ဧကေနတိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။**

**သဗ္ဗညုုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။ ။**

ထာမဒဿိနာ၊ သမ္ဗောဓိဌြေမ်း ကျင့်စဉ်လမ်း၌ ဖြည့်စွမ်းနိုင်ကြောင်း စွမ်းပကားကို ဉာဏ်အားထင်ထင် တွေ့မြင်ရပြီးသော။ ပုရိသေန၊ တိဟိတ်ပဋိသန္ဓေ တည်နေဥက္ကဌ် ယောကျာ်းကောင်း, ယောကျာ်းမြတ် ဖြစ်ပါ

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

လျက်။ ကေနတိဏ္ဏောနှ၊ တကိုယ်တည်းသာ ဘော်မပါဘဲ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းထွက်မြောက်၍သွားရသဖြင့်။ မေ၊သုမေဓာဟု ကျေညာဘုန်းဟော့ငါရသေ့အား။ ကိ°အတ္တော၊ မတင့်မတယ် မဘွယ်နှမ်းညှိုး ဘာအကျိုးရှိချေတော့အံ့နည်း။သဗ္ဗညုတံ၊ လူသုံးပါးတို့အားထားနိုင်ငြား သဗ္ဗညုဘုရားအဖြစ်သို့။ ပါပုဏိတွာ၊ သစ္စာလေးတန် ဥဒေ ယျမံကို ဝေဘန်ခြားသီး ထိုးထွင်းသိမြင်ပြီး၍။ သဒေဝကံ၊ ကျွတ်ထိုက်ကုန်သူ နတ်လူများစွာ သတ္တဝါဝေနေ မျှားဗိုလ်ခြေကို။ သန္တာရေယံ၊ သံသရာညွှတ်ဘဝဝဋ်မှ ကင်းလွတ်ရအောင် မြို့ရွှေသောင်သို့ ပို့ဆောင်ကယ်တင်တော်မူခဲ့လေသတည်း။

ဤကဲ့သို့ ရည်မှန်း ကြံစည်တော်မူခဲ့သော အဓိဋ္ဌာန် ပါရမီအရ လောကသုံးပါး၌ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါများစွာဗိုလ်လူ ဟိန္ဒုဂူတို့ကို နိဗ္ဗူသောင်ကမ်းသို့ ကူးသန်းထွက်မြောက်စေတော်မူပြီး ပါရမီနုံနဲ့၍ မလိုက်မပါနိုင်သေးသော သတ္တဝါတို့အားလည်း တဖြည်းဖြည်း လိုက်ပါနိုင်စေခြင်းအကျိုးငှါ လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားဆုံးမတော်မူသော ပိဋကတ်သုံးရပ် ပရိယတ် ဩဝါဒစကားကို သာသနာအနှစ်ငါးထောင် ရှည်မြင့်ကြာအောင် တည်ထောင်၍ထားသဖြင့် ထင်ရှားလှသော အကျိုးတရားကို သတ္တဝါအများတို့ပင် ခံစားစံစားကြရပေတယ်။ ဥပမာအားဖြင့် လောက၌ သေခါနီးသော မိဘတို့၏ ဆုံးမစကားကို သားသမီးတို့ လိုက်နာမှတ်သား၍ နားထောင်ကြသဖြင့် ပစ္စက္ခ သံသရာ နှစ်ဖြာသော ဒုက္ခဘေးမှ ကင်းဝေးလွတ်မြောက်ပြီး ကြီးကျယ်ခန်းနားလှစွာသော စည်းစိမ်ချမ်းသာများကို ခံစားစံစားရသကဲ့သို့။ မိဘများနှင့် တူလှစွာသော မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ ဥယျာဉ်အင်ကြင်းပင်စုံအကြားမြောက်သို့ ဦးခေါင်းထားလျက် ပရိနိဗ္ဗာန်စံဝင်တော်မူ ချိန်နီး အခါ စည်းဝေးရောက်လာကြသော သားသမီးနှင့်တူစွာ ဗြဟ္မာ့လူ့နတ် သတ္တဝါအရပ်ရပ်တို့အား နောက်ထပ်တဖန် ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်မကျန် ပြန်လှန်ပြီး ဟောကြား ဆုံးမတော်မူလိုသော ကရုဏာ တရားသည် အားကြီးစွာ ရှိတော်မူရှာပေတယ်။

ဤသို့ ကရုဏာတရား အားကြီးစွာ ရှိပါသော်လည်း၊ ဆဒ္ဒန်ဆင်ဆယ်စီးကို အပြီးတိုင် ဆောင်စွမ်းနိုင်သော ပကတိအားတော်သည်၊ ဝမ်းရောဂါဝေဒနာက လွန်စွာပြင်းပြ နှိပ်စက်ညှဉ်းပန်းလှသဖြင့် မထနိုင်

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

မထိန်းနိုင် တိမ်းယိုင်မှုးဝေ မှိုင်တွေညှိုးနွမ်း အားကုန် ခန်း၍၊ စိတ်မှန်းကြံ စည်တော် မူသည့်အတိုင်း ဟောကြား နိုင်သော်လည်း ပိဋကတ် သုံးပုံ အလုံးစုံကို အကုန်အစင် ပါဝင်စေရန် ရည်သန်ခါ စိတ်ထားလျက် အပ္ပ မာဒတရားကို နောက်ဆုံးစကား ဟောကြားမြွက်ဟ ဩဝါဒဖြင့် ဆုံးမ တော် မူခဲ့ပေတယ်။

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ၊ ဝေါ ဝယမ္မာ**
**သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ ။**

ဘိက္ခဝေ၊ သံသရာစက် ဝဲဂရက်မှ ဖဲထွက်လိုငြား ချစ်သား,ချစ်သမီး အပေါင်းတို့။ ဒါနိ၊ ပရိနိဗ္ဗာန် စံချိန်နီးလာ ယခုအခါ၌။ ဟန္ဒ၊ ပြောဆို ပြည့်နှင်း တိုက်တွန်းဆုံးမ၍ ထားခဲ့ပေ၏။ ဝေါ၊ သင် ချစ်သား, ချစ်သမီး အပေါင်းတို့အား။ အာမန္တယာမိ၊ နောက်ဆုံးစကားဖြင့် မှာကြား သိစေ ခဲ့ပေ၏။ သင်္ခါရာ၊ ရုပ်,နာမ်,ခန္ဓာ အာယတနဓာတ် မပြတ်ဖြစ်ပွား သင်္ခါရ တရားတို့သည်။ ဝါ၊ ကံ,စိတ်,ဥတု,အာဟာရဟု လေးခု ပစ္စယာ သမုဋ္ဌာန် တို့ စီမံသမှု အကြောင်းပြု၍ ပေါင်းစုတည်ထား သင်္ခါရ တရားတို့သည်။ ဝယဓမ္မာ၊ ကုန်တတ်,ချုပ်တတ် ပျက်စီးတတ်သော သဘောရှိကြလေကုန် ၏။ တသ္မာ၊ ထိုသို့ အတည်မမြဲ ဖေါက်လွဲဖေါက်ပြန် အမှန်ဆတ်ဆတ် ကုန် ခန်းပျက်စီးတတ်လေသောကြောင့်။ တုမှေ၊သင်ချစ်သား,ချစ်သမီးအပေါင်း တို့သည်။ အပ္ပမာဒေန၊ မမေ့ မလျော့ မပေါ့ မဆသော သတိသမ္ပဇည အပ္ပမာဒတရားနှင့်။ သမ္ပါဒေထ၊ ကိုယ်စီကိုယ်ငှ စုံပြည့်ဝအောင် ကြိုးစား အားထုတ်၍ နေရစ်ခဲ့ကြလော။

ဤကဲ့သို့ အကျဉ်း သခေ်ပအားဖြင့် ဆုံးမတော်မူသော အပ္ပမာဒ တရားသည် သမ္မာသတိစေတသိက်ပင်ဖြစ်၍ လေးဆယ့်ငါးဝါ ကာလပတ် လုံး ဟောကြားတော်မူသော ပိဋကတ်သုံးပုံကို အလုံးစုံ သိမ်းခြုံပါဝင်လေ သောကြောင့်၊ လောက၌ အရသာဟူသမျှမှာ ဆားမပါလျှင် မပြီးသကဲ့ သို့၊ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင် တည်းဟူသော သာမုက္ကံသိ က ဒေသနာ ပဗန္ဓဟူသမျှမှာလည်း သမ္မာသတိ စေတသိက်သည် အချုပ် အခြာ ပဓာနဖြစ်၍ ထိုသတိတရားကို စွဲမြဲစွာနှလုံးထားပြီး မကောင်းယုတ် ညံ့သော အကုသိုလ်ဓမ္မဟူသမျှကို ရှောင်ရှားလျက် ကောင်းမွန် မြင့်မြတ် သော ကုသိုလ်ဓမ္မဟူသမျှကို ပွားများအားထုတ် ကြစေရန် ရည်သန်

စိတ်ထား၍ နောက်ဆုံးစကားဖြစ်သော အပ္ပမာဒတရားဖြင့် မိဘနှင့်တူသော မြတ်စွာဘုရားသည် သား,သမီးနှင့်တူသော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား မှာကြားဆုံးမ၍ ဩဝါဒပေးတော်မူတယ်။

သဒ္ဓါလွန်လျှင် တဏှာဖြစ်၊ ဝီရိယ လွန်လျှင် ဥဒ္ဓစ္စဖြစ်၊ ပညာလွန်လျှင် ကုက္ကုစ္စဖြစ်၍၊ သတိတရားမှာမူ လွန်သည်ဟူ၍ မရှိဘဲ အရာရာမှာ လိုသည်ဖြစ်သောကြောင့် သတိ ဟူသော အပ္ပမာဒ တရားသည် အလုံးစုံသော အကျိုးကို ပွားတိုး စည်ပင် အောင်မြင် ထမြောက် ပြီးစီး ခြင်းသို့ ရောက်နိုင်သည်ဟူ၍ ဟောကြား ဆုံးမတော်မူသော တရားသည် ထင်ရှားစွာရှိပေတယ်။

**သတိဥ္စ ခွါ ဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။**

ဘိက္ခဝေ၊ ပဋိသန္ဓေ အို, နာ, သေရေး ဒုက္ခဘေးမှ ကင်းဝေးလိုကြောင်း ချစ်သား,ချစ်သမီးအပေါင်းတို့။ သတိဥ္စ၊ မမေ့မလျော့ မပေါ့မဆ အပ္ပမာဒဟူသော သမ္မာဗ္ဗည သတိတရားကိုသာလျှင်။ ခွါ၊ မုချကေန် အမှန်စင်စစ်အားဖြင့်။ သဗ္ဗတ္ထိကံ၊ လုံးစုံစီးပွား အကျိုးပြီး၏ဟူ၍။ အဟံ၊သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ မုချကိန်းသေ ဟောခဲ့ပေ၏။

ဤဒေသနာအရ လောက၌ သေခါနီးသော မိတတို့၏ စကားကို သား,သမီးများ လိုက်နာမှတ်သားကြသကဲ့သို့၊ ပရိနိဗ္ဗာန် စံဝင်ခါနီးအခါ မှာကြားတော်မူခဲ့သော အပ္ပမာဒတရားကို အသက်ခန္ဓာမငဲ့ညှာဘဲ လိုက်နာမှတ်သား လွန်စွာ အားထုတ်ကြစရာ ကောင်းပေတယ်။

လူ့ပြည်လောက၌ သေခါနီးသော မိဘတို့၏စကားကို မပယ်မရှား မှတ်သားလိုက်နာသောကြောင့် ဘေးဘယာလွတ်မြောက်ပြီး လောကီရိပ်ငြိမ် စည်းစိမ်များစွာနှင့် ချမ်းသာခြင်းအဖြစ်သို့ ရောက်ဘူးသော ဝတ္ထုသာဓကမှာတော့—

ရှေးအခါ ဗာရာဏသီတိုင်းပြည်ကြီး၌ ထီးနန်းအုပ်ချုပ်၍ နေသော ဗြဟ္မဒတ်မင်းတရားနှင့် ကာသိကရာဇ် တိုင်းပြည်ကြီး၌ ယီးနန်းခရိုင် နိုင်ငံအုပ်ချုပ်သည့် ဒီဃီတိကောသလမင်းကြီးဟု အသီးသီးရှိကြတယ်။ ထိုမင်းနှစ်ပါးတို့တွင် ဗြဟ္မဒတ်မင်းမြတ်သည် စစ်သည်ရဲမက် လက်နက်ဗိုလ်ပါနှင့် တကွ ဆင်ယာဉ်, ရထားယဉ် ရိက္ခာဆန်ရေ အထွေထွေနှင့် လိုလေသည် မရှိအောင် လောက်ငှကုံလုံ ပြည့်စုံကြွယ်ဝပြီး ကာသိကမည်သော ဒီဃီတိကောသလမင်းကြီးမှာတော့ အရာရာမှေးမှိန်၍ သေးသိမ်နေရှာတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

တနေ့သ၌ ပြဟ္မဒတ်မင်းကြီးသည် ကောသလမင်း၏ ထီးနန်းခရိုင်ကို ပိုင်စံအုပ်ချုပ်လို၍ မိမိ၏ရဲမက်ဗိုလ်ပါများစွာနှင့်တိုက်ခိုက်ဖျက်ဆီးရန် ရည်သန် ကြံစည်လျက် စစ်ချီပြီး တက်လာသည်တွင် ကာသိက မင်းကြီး ကြားသိလျှင် မိဖုယားကြီးကို တိုင်ပင်ပြောကြား ဆောင်ယူသွား၍ မထင်ရှားသောအသွင်ဖြင့် ဇနပုဒ်တွင် ခိုဝင်ပုန်းလျှိုးလျက် အသက်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင်နေကြတယ်။

ဤကဲ့သို့ ရန်သူဖြစ်သော ပြဟ္မဒတ်မင်းကြီး၏ ဘိစီးနှိပ်စက်ခြင်းမှ လွတ်ကင်းရလေအောင် ရှောင်ကွင်းကွယ်ဝှက်နေရာ၊ မကြာမီ အတွင်းမှာပင် အရှင်မိဖုယားကြီးအား ပတ္တမြားရွှေကြုတ် နှုတ်ငုံတော် အရင့်အမာကိန်းဝပ်ကည်နေလာသဖြင့် တကြိမ်တခါမျှ မဖြစ်စဘူး ထူးထွေဆန်းပြားသော ချင်ခြင်းများသည် ထင်ရှားစွာဖြစ်လာ၍ ကြောက်ရွံ့ရှိသေလျှက်နှင့် ပင်လျှင် မင်းကြီးအား သံတော်ဦးတင်ရရှာတယ်။

**အဓဟာ မေ ဝတ ဝမ္မိကံ၊ စတုရင်္ဂ သုတိဋ္ဌိတံ။**

**ခဂ္ဂါနဥ္စာပိဓောဝနံ၊ ဝိဝေယျ ကြီ ဥပ္ပဇ္ဇတိ။ ။**

ဒေဝ၊ အရှင်မင်းကြီး။ ဝမ္မိကံ၊ ချပ်ဝတ်တန်ဆာတို့ဖြင့် ကောင်းမွန်စွာ ဝတ်ဆင်အပ်သော။ စတုရင်္ဂံ၊ ဆင်, မြင်း, ရထား, ခြေသည်များဟုလေးပါးသောအင်္ဂါနှင့် တင့်တယ်စွာထသော။ သုတိဋ္ဌိတံ၊ စစ်မြေပြင်အရပ်၌ ကောင်းစွာမတ်မတ် ရပ်တည်နေထသော။ သေနံ၊ စစ်သည်တော်သားဗိုလ်ခြေများကို။ ပဿေယျံ၊ ကြည့်ရှုထင်ထင် တွေ့မြင်ရပါမူကား။အဟော ဝတ၊ အလိုပြည့်ကြောင်း ဩော်-ကောင်းလေစွတကား။ ခဂ္ဂါနဥ္စာပိဓောဝနံ၊ အသွားမြထက် ပြောင်လက်ပြူဖွေး သန်လျက်ဆေးသောရေကိုလည်း။ ပိဝေယျံ၊ မြိန်မြိန်ရှက်ရှက် နှစ်သက်ကြည်ညို သောက်မျိုရပါမူကား။ အဟောဝတ၊ အလိုပြည့်ကြောင်း ဩော် - ကောင်းလေစွတကား။ ဣတိ၊ ဤသို့။ မေ၊ ညာနန်းဒေဝီ မဟေသီဟု တင်ချီမြှောက်စား ဘုရားနှမတော်အား။ အတိဒေါဟဠော၊ လွန်စွာထန်ပြင်း ကြည့်ရှုလို, သောက်မျိုလိုသည့် ချင်ခြင်းသဘောသည်။ ဥပ္ပဇ္ဇတိ၊ မဖြစ်စဘူး အထူးအထွေ ဖြစ်ထွန်းပေါ်ပေါက်၍ လာခဲ့လေသတည်း။

ဤကဲ့သို့ ညိုးငယ်သော မျက်နှာနှင့် မိဖုယားက သံတော် ဦး တင်သောအခါ၊ ကာသိကရာဇ်မင်းမြတ်သည် ထိုထိုဤဤ ကြံစည်တွေးဆပါ

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

သော်လည်း ရှေးကလိုဘုရင်မဟုတ်ဘဲ သေးနုပ်သိမ်ဖျင်း လွန်စွာမှ ခဲယဉ်း။ သဖြင့် သင့်တင့်အောင် နှလုံးသွင်းထား၍ သည်းခံစေရန် အကြောင်းများကို ချစ်ခင်သနားလျက်နှင့်ပင် ပြောကြားတော်မူရရှာတယ်။

**ကုတော ဒေဝီ အမှာကာနံ၊ စတုရင်္ဂ သုတိဋ္ဌိတံ။**

**ခဂ္ဂါနံမောဝနံ ပါတုံ၊ ဒုဂ္ဂတာ တေ သမိဇ္ဈိတုံ။ ။**

ဒေဝီ၊ ညာနန်းဒေဝီ မဟေသီဟု တင်ချီ မြှောက်စား မိဖုယား။ အမှာကာနံ၊အံ့သက်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင်၍ နေကြကုန်သော ငါတို့အား။ စတုရင်္ဂ၊ ဆင်,မြင်း,ရထား, ခြေသည်များဟု လေးပါးသော အင်္ဂါနှင့် တင့်တယ်စွာထသော။ သုတိဋ္ဌိတံ၊ စစ်မြေပြင်အရပ်၌ ကောင်းစွာ မတ်မတ်ရပ်တည်နေထသော။ သေနံ၊ စစ်သည်တော်သား ဗိုတ်ခြေများကို။ ပဿိတုံ၊ ကြည့်ရှုထင်ထင် တွေ့မြင်စရာအလို့ငှါ။ ကုတောလဗ္ဘာ၊ အဘယ်မှာ ရနိုင်ပါအံ့နည်း။ အဂ္ဂါနံမောဝနံ၊ အသွားမြထက် ပြောင်လက်ဖြူဖွေး သန်လျက်သေးသော ရေကို။ ပါတုံ၊ မြိန်မြိန်ရှက်ရှက် နှစ်သက်ကြည်ညို သောက်မျိုစရာ အလို့ငှါ။ ကုတောလဗ္ဘာ၊ အဘယ်မှာ ရနိုင်ပါအံ့နည်း။ တေ၊ ယခင်ရှေးခါ တောင်ညာစံစားသင်မိဖုယားကြီး၏။အတိဒေါဟဠေ၊ လွန်စွာ ထန်ပြင်း ကြည့်ရှုလို့, သောက်မျိုလိုသည့် ချင်ခြင်းသဘောသည်။ သမိဇ္ဈိတုံ၊ စိတ်လို အလျောက် ပြီးမြောက် ပြည့်စုံစေခြင်းငှါ။ ဒုဂ္ဂတာ၊ အလွန်အမင်း ခဲယဉ်းလှချေ၏ တကား။

ဤကဲ့သို့ မင်းတရားကြီးက ပြောကြား လိုက်သောအခါ၊ မိဖုယားကြီးမှာ မျက်နှာမသာ ညိုးငယ်စွာနှင့် စိတ်နှလုံးထဲမှာ ဆင်းရဲခြင်းများ ဖြစ်သွား ရှာတယ်။ ချင်ခြင်းဆိုသည့် သဘောသည် ပရိယာယ် မာယာ လီဆယ်ခါ ဝေဂုစ်ဖြင့် ကြံစည်ပုံလုပ်၍ဖြစ်ထာမျိုးမဟုတ်ပေ။ ဂဗ္ဘသေယျ က ပဋိသန္ဓေဖြင့် တည်နေစွဲကပ်လာသော သူငယ်၏ ဘုန်းသမ္ဘာနှင့် ပါရမီ အားလျော်စွာဖြစ်ပေါ်လာသောကြောင့် မာတုဂါမဟူသမျှတို့မှာ ဓမ္မတာ သဘောကြီးတခုပင် ဖြစ်၍နေပေတယ်။ ဝေသန္တရာမင်းကြီး ပဋိသန္ဓေ တည်နေသောအခါ၊ မယ်တော်မိဖုယားကြီးမှာ စရပ်ဆောက်၍ အလှူကြီး ပေးလိုသော ချင်ခြင်းဖြစ်လာတယ်။ အဇာတသတ်မင်းကြီး ပဋိသန္ဓေ တည်နေသောအခါ၊ မယ်တော် မိဖုယားကြီးမှာ ဗိမ္ဗိသာရ မင်းမြတ်၏ လကျ်ာ လက်မောင်း သွေးကို သောက်လိုသော ချင်ခြင်း ဖြစ်လာတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ခုနစ်နှစ်အရွယ်က ရဟန္တာဖြစ်သော ပဏ္ဍိတသာမဏေ ပင့်သန္ဓေ တည်နေသောအခါ၊ မယ်တော်မှာ သစ်ခေါက်ဖန်ရည် ဆိုးသော အဝတ်များကို ဝတ်လျက် သံဃာတော်အား ဆွမ်းလှူဒါန်း၍ အကြွင်းအကျန်ကို စားလိုသောချင်ခြင်းဖြစ်လာတယ်။ ဤသို့စသည်ဖြင့်ချင်ခြင်းဖြစ်သည်အားလျော်စွာ ဘွားမြင်လာသော သူငယ်တို့၏ ဘုန်းသမ္ဘာနှင့် ဝါသနာ များသည် ထင်ရှားပေါ်ပေါက်လာတယ်။

တာကြောင့် မိခင်၏ ချင်ခြင်းဖြစ်ပုံကို နှိုင်းစာ၍ သူငယ်၏ ဘုန်းသမ္ဘာ လက္ခဏာဖြင့် ဝါသနာ စရိုက် ဖြစ်အင်ကို ကြိုတင်၍ သိရှိရသဖြင့် မိခင်တို့၌ ဖြစ်ပေါ်လာသော ချင်ခြင်းကို မျက်နှာသန့်စင် ဘွားမြင်လတံ့သော သား,သမီးများ၏ အလေ့အလာ ဝါသနာနှင့် ချမ်းသာ,ဆင်းရဲစသော အကြောင်းအရာတွေကို ကောင်းစွာ ဘော်ပြ နိုင်သော နိမိတ်ဟု ဆိုထိုက်ပေတယ်။ ထိုချင်ခြင်းသည် ပင့်သန္ဓေစ၍ တည်နေသည်မှ လေးလမြောက်သောအခါ ဖြစ်ပေါ်လာသည်ဟု "ဘာဝပ္ပကာသ မည်သော လောကီကျမ်းဂန်"များ၌ ထင်ရှားစွာလာရှိပေတယ်။

**ဟဒယဗျတ္တဘာဝေန၊ ဗျဥ္စတေ စေတနာဝိစ။**
**တသ္မာ စတုတ္ထေ ဂဗ္ဘော၊ နာနာဝတ္ထုနိ ဝဥ္ဆတိ။ ။**

စတုတ္ထေ၊ ပင့်သန္ဓေ တည်နေသည်မှ လေးလမြောက်သော ယင်းအခါ၌။ ဟဒယဗျတ္တဘာဝေန၊ နှလုံး အိမ်သား ထင် ရှား လာ သည် ၏ အဖြစ်ကြောင့်။ စေတနာပိစ၊ တိုက်တွန်းဟန်ရှိ ပြုဘိမခြား စေတနာတရားသည်လည်း။ ဗျဥ္စတေ။ သန့်စွမ်းကြီးမား၍ ထင် ရှား ဖြစ် ပေါ် လာ၏။ တသ္မာ၊ ထိုသို့တိုက်တွန်းဟန်ရှိ ပြုဘိမခြား စေတနာတရားသည် ထင်ရှားဖြစ်ပေါ်၍လာလေသောကြောင့်။ ဂဗ္ဘော၊ အမိဝမ်း၌ ကိန်းပိုက်မှီတွယ်သားသူငယ်သည်။ နာနာဝတ္ထုနိ၊ ထူးထွေဆန်းကြယ် အသွယ်သွယ်ဖြစ်ပွား များပြားသောဝတ္ထုတို့ကို။ ဝဥ္ဆတိ၊ လွန်စွာတိုးပွား၍ လိုလား,တောင်းတလေသတည်း။

အဲတာလို ချင်ခြင်းဆိုတာ သူငယ်က တောင်းတလေသောကြောင့်၊ ထိုချင်ခြင်းမပြည့်စုံလျှင် မိခင်မှာ အားအင်ကုန်ခန်းလျက် ညှိုးနွမ်း ကြုံလှီသော ကိုယ်ရှိသဖြင့်၊ သူငယ်သည်လည်း ပါရမီကြီးမားသလောက် ဖြစ်မြောက်အောင် မဖွံ့ဖြိုးဘဲ ဘုန်းတန်ခိုးအာဏာမှာ လွန်းမင်းစွာ မှေးမှိန်၍

ညှို့ဖျင်းသေးသိမ်သည့်ပြင် အမိဝမ်းအိမ်တွင် ခြေ, လက်, နား, နှာ, ကိုယ် အင်္ဂါအသီးသီးတို့မှာ ပျက်စီးယိုယွင်း၍ လူချင်းမတူ,သူချင်းမမျှ ဖြစ်တတ်ကြသဖြင့် ချင်ခြင်းဖြစ်သမျှကို ပြေငြိမ်းပြည့်ဝအောင် ပြုလုပ်ပေးပါလျှင်၊ မိခင်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသဖြင့် သူငယ်သည်လည်း ပါရမီရှိသလောက် ထွန်းတောက်တေဇာ ဘုန်းတန်ခိုး အာဏာ ရှိသည့်ပြင်၊ ခြေ, လက်,နား,နှာ, ကိုယ်အင်္ဂါတို့မှာ ကောင်းစွာညီညွတ်ပြည့်ဝ၍ လှပတင့်တယ် ရှုချင်ဘွယ်သော ရုပ်ရေအဆင်းများကို ထင်ရှားစွာရရှိနိုင်ပေတယ်။

ဤချင်ခြင်း သဘောမျိုးဟာ ယခုအခါ မြန်မာနိုင်ငံတွင် ရှိသော ပဋိသန္ဓေ ကိုယ်ဝန်ဆောင်သည့် မာတုဂါမများတို့ မန်ကျည်းသီး, ဇီးသီးကို စားလိုခြင်း၊ မီးသွေးခဲ, မြေကြီးခဲကို စားလိုခြင်းစသည်များ ဖြစ်လာရာမှာ လွန်စွာ သိသာထင်ရှားသဖြင့် မရလျှင် မနေနိုင်ဘဲ စွဲစွဲမြဲမြဲ တောင့်တသည့် လွန်ကဲသော အာသာဆန္ဒမျိုးပင် ဖြစ်ပေသည်။ သို့အတွက်အောင့်အည်း သည်းခံ၍မနေနိုင်ဘဲ လွန်ကဲစွာ ပူဆာ တောင်းတသောချင်ခြင်း ဖြစ်သဖြင့်၊ အာသာဆန္ဒပြေငြိမ်းမှ အသက်မသေ တည်နေရပါမည်။ ချင်ခြင်း အာသာမပြေပါက ဘုရားနှမတော်၏ အသက်သည် တာရှည်စွာ မနေနိုင်ဘဲ၊ မလွဲကေန် အမှန်မုချ သေရပါလိမ့်မည်ဟု နောက်တဖန် ထပ်မံ၍ သံတော်ဦးတင်ရှာပြန်တယ်။

**သစေလဆိဿသိ ဇီဝိဿာမိ၊**

**သစေနလဘိဿသိ မရိဿမိ။ ။**

ဒေဝ၊ အရှင်မင်းကြီး။ သစေလဘိဿသိ၊ အကယ်စင်စစ်ရခဲ့သည် ဖြစ်ပါအံ့။ အဟံ၊ ဘုရားနှမတော်သည်။ ဇီဝိဿာမိ၊ အသက်တာရှည် တည်နေပါလိမ့်လတံ့။ သစေနလဘိဿသိ၊ အကယ်စင်စစ် မရသည်ဖြစ်ခဲ့ပါအံ့။ အဟံ၊ ဘုရားနှမတော်သည်။ မရိဿာမိ၊ ခန္ဓာပျက်ကြွေ သေရပါတော့အံ့သတည်း။

ထိုအခါ ကာသိကရာဇ် မင်းတရားသည် မိဖုရားကြီးအား လွန်စွာ သနားခြင်း ကရုဏာ ဖြစ်ပွားသဖြင့် စိတ်နှလုံးအလိုများကို အားရနှစ်သိမ့်စေပြီး၊ ကျောင်းနေစဉ် ရှေးအခါက လွန်စွာခင်မင် ချစ်ကျွမ်းဝင် သဖြင့် အစဉ်ထာဝရ ဒဠှမိတ္တဖြစ်သော ဗြဟ္မဒတ်မင်း၏ထံပါးမှာ ဆည်းကပ်ခစားနေသည့် ပုရောဟိတ် ပုဏ္ဏားကြီးထံသွား၍ စောင်မကြည့်ရှု စေလိုသော သဘောထားနှင့် မိဖုရားကြီး၏ ချင်ခြင်း ဖြစ်ပုံများကို အလုံစုံပြောကြား

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ရှာတယ်။ သည်တော့ ယော်စဉ်ကပင် ချစ်ကျွမ်းဝင်သည့် သဟာယစစ် ဒဠှမိတ္တာဖြစ်သော ပုရောဟိတ်မင်းဆရာကြီးသည်။

**"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွား ဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ"** ဟူသောအင်္ဂါနှင့် ညီညွတ်စွာ မပျက်စေမူ၍ မိမိ၏စည်းစိမ် အသက်ကိုပင် ငဲ့ကွက်ညှာတာခြင်းမထားဘဲ မိဖုယားကြီး၏ အလိုဆန္ဒ ချင်ခြင်းဖြစ်သမျှကို ပြည့်ဝလေအောင် ဆောင်ရွက်ပါမည်။ နက်ဖြန်နံနက် နေဝန်းထွက်သောအခါ ချစ်မိတ်ဆွေ မင်းတရား၏ မိဖုယားကြီးကိုသာ လွှတ်လိုက်ပါဟု မိတ်ကောင်း၏ လက္ခဏာဖြင့် ကောင်းမွန်ချိုသာသော စကားကို နှစ်သက် ရွှင်လန်း ဝမ်းမြောက်စွာ ပြောကြားလိုက်ရှာတယ်။

အဲတာကြောင့် သတ္တဝါဟူသမျှတို့၏ ချစ်ခင်ကြင်နာသောမေတ္တာတရားသည်၊ ရှေးရှေးသော ဘဝများက အတူတကွ နေထိုင်ပေါင်းသင်း ဆက်ဆံခြင်းနှင့် အလှူရေစက် မပျက်ပေါင်းစု ပြုခဲ့ဘူးသောကြောင့်၎င်း၊ ယခုပစ္စုပ္ပန်မျက်မှောက်သောဘဝများ၌ မိမိ၏ အကျိုးစီးပွားကဲ့သို့ လိုလား နှစ်သက် ဆောင်ရွက်ခဲ့သောကြောင့်၎င်း၊ ဤအကြောင်း နှစ်ပါးကြောင့် ဖြစ်သည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

**ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။**

**ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထော ဒကေ။ ။**

ယထာ၊ ဥပမာမည်သည်ကား။ ဥဒကေ၊ အေးကြည်သန့်ရှင်း ရေကန်တွင်း၌။ ကဒမ္ဗူ၊ မကောင်းညစ်ကြေး ရွှံ့ညွှံစေးကို၎င်း။ ဥဒကဥ္စ၊ ရွှံ့ညွှံ၌တည် ရေကြည်ရေအေးကို၎င်း။ နိဿာယ၊ အမှီတံကဲ သဟဲပြုရလေသောကြောင့်။ ဥပ္ပလံ၊ ပင်ဂိုရ်ရနံ့ သင်းပျံ့ကြိုင်လျှမ်းကြာညိုပန်းသည်။ ဇာတံဣဝ၊ ပေါက်ရောက်စည်ကား ကြီးပွားရလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ ပုဗ္ဗေဝ သန္နိဝါသေနဝါ၊ လွန်ခဲ့လေရာ ရှေးအခါက မကွာ ပေါင်းသင်း နေထိုင်ခဲ့ခြင်းကြောင့်၎င်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ မျက်မှောက်ဘဝ ပစ္စုပ္ပန်၌ အကျိုးစီးပွားကို လိုလား နှစ်သက် ဆောင်ရွက် ခဲ့ဘူးသော ကြောင့်၎င်း။ သတ္တာနံ၊ များစွာပေါင်းသင်း သတ္တဝါအချင်းချင်းတို့၏။ တံပေမံ၊ တမိဝမ်းတွင်း အတူဆင်းသည့် သားချင်းပမာ လွန်စွာငဲ့ကွက် နှစ်သက်ကျွမ်း

ဝင် ထိုသို့သောချစ်ခင်ခြင်းသည်။ ဇာယတေ၊ မျက်မြင်အားဖြင့် ထင်ရှား ဖြစ်ပေါ်၍ လာခဲ့လေသတည်း။

နောက်တရက် နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ၊ ဝမ်းမြောက်ဝမ်းသာ မိဖုယားကြီးလာသည်ကို လေသာပြူတင်းဝမှတွေ့မြင် ကြည့်ရှုရသောအခါ မိဖုယား၏ ကြာတိုက်၌ ကိန်းပိုက်သော သတို့သား သည်ကား ဘုန်းတန်ခိုးအာဏာ ကြီးမားသော ဉာဏ်ပညာနှင့် ကောင်း စွာ ပြည့်ဖြိုး ကာသိကရာဇ် တိုင်းပြည်ကို အုပ်စိုးမည် မင်းမျိုးစင်စစ် အမှန် ဖြစ်သော သူငယ်ပါကလားဟု အားရဝမ်းသာနှင့် ဥဒါန်းများ ကျူးရှာ တယ်။

**ကောသလရာဇာဝတ ဘော ကုစ္ဆိဂတော။**

**ကောသလရာဇာဝတ ဘော ကုစ္ဆိဂတော** ။

ဘော၊ အိုအချင်းတို့။ ကုစ္ဆိဂတော၊ မိဖုယားကြီး ဝမ်းတိုက်၌ ကိန်းပိုက်စွဲနေ ပဋိသန္ဓေ တည်နေသော သတို့သားသည်။ ကောသလ ရာဇာဝတ၊ တန်ခိုးအာဏာ ဘုန်းသမ္ဘာနှင့် ပညာကြီးမား လွန်ထင်ရှား သည့် ကောသလမင်းတရားကြီး စင်စစ်ဖြစ်မည့်သူ မှန်ခဲ့လေစွတကား။

ထိုနောက် မိဖုရားကြီး ရောက်လာသော အခါ၊ ချေငံသာယာ ကောင်းစွာပြောဆိုညှေ့ခံပြီး ပြဟ္မာဒတ်မင်းကြီးထံသွား၍၊ အင်္ဂါလေးပါး နှင့် ပြည့်စုံသော စစ်သည်ဗိုလ်ပါများစွာသော လက်နက်ကိုင် ရဲမက်သား တို့ကို နက်ဖြန်နံနက် နေဝန်းပေါ်ထွက်သောအခါ ညီညာစွာ ခင်းကျင်း စေလိုသောနိမိတ်အမှတ် နက္ခတ်များကို တွေ့မြင်ရကြောင်းနှင့် သံတော်ဦး တင်လေလျှင် ဘုရင်မင်းမြတ်က အလုံးစုံ လွှဲအပ်လိုက်သဖြင့် သင့်တင့် လျောက်ပတ်စွာစီမံပြီး မိဖုယားကြီး၏ အာသာဆန္ဒ ချင်ခြင်းဖြစ်သမျှကို တခါတည်းပြည့်ဝလေအောင် ရွက်ဆောင်သည်ပိုးလိုက်သဖြင့် မိဖုယား ကြီး၌ဖြစ်သော ချင်ခြင်းအာသာသည် မကြာခဏ ပြေငြိမ်းပျောက်ပျက် လေ၍ နှစ်သက်ရွှင်လန်းစွာ နေထိုင်ရရှာတယ်။

ထိုနောက် မကြာမီပင် မျက်နှာသန့်စင် ဘွားမြင်ပြီး အဆတ်ဆ အသင့် ကြီးရင့်လာသောအခါ၊ **"မကောင်းမြစ်တား၊ ကောင်းရာညွှန် လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ် ငါးအင်၊ ဘခင်-မယ်တို့တာ"** ဟူသော မိဘတို့၏ ကျင့်ဝတ်နှင့် မချွတ်

မယှင်းစေရန် ရည်သန်သည် တချက်၊ မတရား မာန် မူသည့် ရန်သူ မင်း ပြဟ္မာဒတ်အတွက် စိတ်လက် မချရ သေးသည်က တဖြာ၊ ဤသို့သော အကြောင်းအရာကြောင့် သညာနွတ္တာ ဒီဃာဝု ကုမာရ မည်သော သတို့ သားကို ပညာများ သင်ကြားစေရန် ဆရာ၏ ထံပါးတွင် အပ်နှံ၍ထားကြ တယ်။ ထိုအခါ ဟနေ့သဉ္ဈ ပြဟ္မာဒတ်မင်း၏ အမှုထမ်းသားများသည်ထွက် ပြေး တိမ်းရှောင် နေသော ဒီဃိတိ ကောသလမင်း မိဖုယား နှစ်ပါးကို မထင်ရှားသော အသွင်ဖြင့် တွေ့မြင်ဖမ်းဆီးလာပြီး မိမိတို့ အရှင် ဘုရင် ပြဟ္မဒတ်မင်းကြီးထံ ဆက်သအပ်နှင်းကြရာ၊ ဂရုဏာ ကင်းကွာ၍ မငဲ့ညှာ မသနားဘဲ ဦးခေါင်း၌ လေးကွက်ကြားရိတ်လျက် ခြေလက်မှာ ကြိုးတဲ၍ မြို့ထဲမြို့လယ် အသွယ်သွယ်သော ခရီးလမ်းနှင့် လူစုံရာဖြစ်သော ဈေးရုံ ဆိပ်ကမ်းများတွင် လှည့်လည်ကြော်ငြာ၍ တောင်တံခါးမှ ထွက်ပြီး ခြေ, လက်တခြား, ခေါင်းတခြားဖြင့် ရန်သူ မင်းမိဖုယား နှစ်ပါးကို အဆုံးတိုင် စီရင်ရမည်ဟု ထောင်မှူး အာဏာသား များကို အမိန့်တော် မှတ်လိုက်ပြီး ပြဟ္မဒတ်မင်းကြီး မျက်နှာလွဲသွားတယ်။

ခုရမုဏ္ဍံ ကရိတွာန၊ ဒဠှ ဗန္ဓိယ ရဇ္ဇုယာ
ရာဇလ္လာ ဒတွာန၊ နိက္ခာမေထ ဒက္ခိဏတော။ ။

ဘောဇ္ဇွေဘာအမစ္စာ၊ များစွာသောင်းသောင်း အမတ်အပေါင်းတို့။ ခုရမုဏ္ဍံ၊ ပရိသတ်လယ် ရှက်ဘွယ်ရာများ ဦးခေါင်း၌ လေးကွက်ကျားကို။ ကရိတွာန၊ မညှာမသနားဘဲ ပယ်ရှားရိတ်ဖြတ်ကုန်ကြ၍။ ဒဠှံ၊ ကြပ်ကြပ် တဲတဲ မြဲမြဲမြံမြံ။ ရဇ္ဇုယာ၊ ခြေကြိုး,လက်ကြိုး,နား,ခါးကြိုးဖြင့်။ ဗန္ဓိယ၊ မလှုပ်သာအောင် တုပ်နှောင်ဖွဲ့ခါ ချည်ထားပါ၍။ ရာဇဒတ္တံ၊ ကြော, ရင်, နံဘေး, လေးရပ်ပြင်းထန် မင်း၏ဒဏ်ကို။ ဒတွာန၊ အချက်တရာကြိမ်တပြာ နှင့် မကြာနှိပ်စက် ရိုက်နှက်ကြကုန်၍။ တော၊ ထိုတိမ်းရှောင်ဖယ်ရှား ရန်သူ မင်းမိဖုယားတို့ကို။ ဒက္ခိဏတော၊ မြို့၏နံပါး တောင်တံခါးမှ။ နိက္ခာမေထ၊ လျင်စွာသုတ်သုတ် ငင်ထုတ်ဆောင်ယူကြကုန်လော။

ထောင်မှူး, ထောင်ကြပ်တို့သည် ဘုရင်မင်းမြတ်၏ အာဏာဖြင့် နှစ်ဖြာသော မင်းမိဖုယားတို့ကို သနားငဲ့ညှာ ကရုဏာကင်းကြ၍ တင်းလှ အောင် ဖွဲ့ချည်လျက် အလီလီသော ကြိုး,ကြိမ်များနှင့် နွားသတ်ရုံသို့ ထုတ် ဆောင်သည့် နွား၏ပမာ ဆွဲငင် ရိုက်နှက် သဖြင့် ကွဲအက် စုတ်ပြတ်သော

အရေ, အသား, အကြောများမှ ယိုစီးထွက်ကျသော သွေးနက်, သွေးနီတို့သည် တကိုယ်လုံး နံညှီပေရေလိမ်းကျံ၍နေလေရာ၊ များစွာသော ဖြုတ်, ခြင်, ယင်, မှက် တို့က သူ့ထက်ငါ ဝိုင်းအုံပြီး တပြုံလုံး ထိုးဆွနေ၍ အရိုးကြေ၊ ၊တတ် တဆတ်ဆတ်နှင့် မခံမရပ်နိုင်ဘဲ လွန်ကဲသော ဆင်းရဲဒုက္ခများကို မင်းမိဖုယား နှစ်ပါးတို့မှာ သေတာလောက်မှ မကောင်းအောင် ခံစား၍ နေကြရရှာတယ်။

ဤကဲ့သို့သော ဆင်းရဲဒုက္ခများကို တနေရာမှ တနေရာ, တလမ်းမှ တလမ်း ကူသန်းရွှေ့ပြောင်း၍ ခံရငြားသော်လည်း၊ရန်သူမင်းများအပေါ်၌ အာဃာတမထားဘဲ ဆင်းရဲ, ချမ်းသာဆိုတာ ကံပြုပြင်ရာ, ကံစီမံရာ ဖြစ်သည်ဟု နှလုံးသွင်း ထား၏။ လူလားမမြောက် သေးသော သားကလေး ဒီဃာဝုကိုသာ သေခါနီးအခါတွင် အဆုံးစကား မှာကြားပြောဆိုလိုသည် ဖြစ်၍ တွေ့မြင်လိုသော ဆန္ဒသည် များစွာမှရှိကြရှာပေတယ်။

ထိုမင်းမိဖုယား နှစ်ပါးတို့သည် ထီးနန်းစည်းစိမ် ပျက်ကွက်သည်နှင့် မိမိတို့အသက် သေရမည် များကို "ဥစ္စာ, ဆင်, မြင်း, ပေါများခြင်းကား၊ ယိုယွင်းနောက်ဆုံး ရှိချေ၏။ ဝိဥာဏ် တင်းလင်း သက်ရှင်ခြင်းကား၊ သေမင်း နောက်ဆုံး ရှိချေ၏။" ဆိုသော သံဝေဂများကို နှလုံးသွင်း၍၊ အလုံးစုံသော ဖြစ်ခြင်း, ပျက်ခြင်း ဟူသမျှသည် "**သူများမပြု ကိုယ့်အမှု၊ ကိုယ်ကိုပြုပြင်၊ ကိုယ်စီရင်**" ဆိုသည့်အတိုင်း ပုဂ္ဂလဓိဋ္ဌာန်ကို လွှတ်၍၊ ဓမ္မဓိဋ္ဌာန်ကို နှလုံးသွင်းထားကြရှာတယ်။ အဲတာမျိုးကို သူတော်ကောင်းများ လွန်စွာမှ နည်းယူဘို့ သင့်ပေတယ်။

**သဗ္ဗေ ကမ္မသကာ သတ္တာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။**
**ဟိနပဏီတဘာဝါယ၊ န စိန္တာယ သမိဒ္ဓိနော။ ။**

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ လူ,နတ်,ပြဟ္မာ သတ္တဝါဟူသမျှတို့သည်။ ကမ္မသကာ၊ ကံသာလျှင် မိမိဥစ္စာ ရှိကြလေကုန်၏။ သတ္တေ၊ လူ,နတ်,ပြဟ္မာ သတ္တဝါတို့ကို။ ကမ္မံ၊ ကောင်း မကောင်းနှင့် အကြောင်းနှစ်ပါး ကံတရားသည်။ ဝိဘဇ္ဇတိ၊ ခွဲခြမ်းစိတ်ဖြာ ဝေဘန်ခါ ဖြင့် တူစွာသော အကျိုးပေးကြ လေ၏။ ဟိနပဏီတဘာဝါယ၊ အယုတ် အမြတ်ဖြစ်စေခြင်းငှါ။ စိန္တာယ၊ထိုထိုဤဤကြံစည်တွေးဆသဖြင့်။ နသမိဒ္ဓိနော၊ ဘာတခုမျှ မပြီးမပြည့် စုံကြ လေကုန်သတည်း။

**(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)**

ထိုအခါ ဒီဃာဝု သတို့သားသည် ပညာများသင်ကြားနေရာ အခါ တပါးကဲ့သို့ ပေါ့ပါးရွှင်ပြခြင်းမရှိဘဲ လေးလံထိုင်းမှိုင်းလျက်၊ မျက်ခုန်း, လက်ရုံးများ တုန်လှုပ် သဖြင့် မိဘအတွက် စိတ်လက် မချမ်းသာ ခြင်းများ ဖြစ်ရှာ၍ နှစ်ပြာသော မိခင်,ဘခင်, ကျေးဇူးရှင်တို့ကို ခစားဦးတင် ဖူးမြင် ခြင်းငှါ သွားလိုကြောင်းနှင့် ဆရာထံ ခွင့်တောင်းရှာပေတယ်။

ဆရာဖြစ်သော သူကလည်း သတို့သား၏ ရုပ်ရေ ရူပကာ ယနှင့် ညီစွာ ပီယဝါစာ ချစ်ဘွယ်ရာစကားကို ပြောကြားခြင်း၊ အရိပ်အကဲကို သိ၍ ဆရာ၌ပြုသင့်သော ဝတ္တရားများကို မပျက်မကွက် ဆောင်ရွက်ပြုလုပ် ခြင်း၊ဤသို့သော အကြောင်းမျိုးနှင့် တကြိမ်တခါမျှ ခွင့်တောင်းဘူးသည် မရှိခြင်းများကြောင့် လွယ်ကူစွာ ခွင့်ပေးလိုက်ရှာတယ်။ ဒီဃာဝု သတို့သား သည် ဆရာထံမှ ခွင့်ရ၍သွားလေသော်၊ မိမိ၏ စိတ်ထဲတွင် အမျိုးမျိုးသော တိတ်နိမိတ်တွေ ထင်မြင်၍လာတယ်။ ဤကဲ့သို့သော အကြောင်းအရာများ ကို ပုဗ္ဗနိမိတ်လို့ ခေါ်ဆိုရပေတယ်။

**ပုဗ္ဗေ ဇာတံ နိမိတ္တံ ပုဗ္ဗနိမိတ္တံ။ ။**

ပုဗ္ဗေ၊ ရှေးဦးအစ ပထမ၌။ ဇာတံ၊ ဖြစ်ထွန်း ပေါ်ပေါက်၍လာ သော။ နိမိတ္တံ၊ အရိပ်အရောင် အကောင်အသွင်ကဲ့သို့ ထင်မြင်သော နိမိတ် ဖြစ်ခဲ့လေသတည်း။ ပုဗ္ဗနိမိတ္တံ၊ ရှေးဦးအစ ပထမ၌ ဖြစ်ထွန်းပေါ်ပေါက်၍ လာသော အရိပ်အရောင် အကောင်အသွင်ကဲ့သို့ ထင်မြင်သောနိမိတ်။

ထိုအခါ ဗာရာဏသီ တပြည်လုံး၌ အုန်းအုန်း ကြွက်ကြွက်နှင့် သူ့ထက်ငါတိုးဝှေ့ကြည့်ရှုကြသဖြင့် မတွေ့မမြင်ဘူးသောအံ့ပွဲကြီးများ ကဲ့ သို့လွန်စွာပြည့်နှက် စည်ကားသည်ဖြစ်၍၊ ထိုပရိသတ်ကြားမှ အတင်းဝင် သွားသည်ရှိသော်၊ မိဘ နှစ်ပါးတို့ တွေ့ကြုံ ခံစားနေရသော ဆင်းရဲဒုက္ခ များကို တွေ့မြင်ရလေလျှင်၊ မိခင်,ဘခင်တို့ကို သနားကြင်နာသဖြင့် နှိပ်စက် သော ရန်သူများအပေါ်၌ မီးကျသောယမ်းပုံပမာ ပြင်းစွာအမျက်ဒေါသ ထွက်သော်လည်း ဆရာကောင်းတပည့် မိကောင်းဘခင်၏သား ဖြစ်သည် အားလျော်စွာ **"သတိတမာန် ဥာဏ်မြေကတုတ်၊ပညာစွန်း ချွန်းကဲ့သို့ ‌ုပ်ရမည်၊ ပညာရှိအမျက် ပြင်မထွက်ရ"** ဟူသော ဆုံးမချက်စကားများ ကို ထောက်ထား၍ ဖြစ်ပျက်ပုံအကြောင်းအရာကို သေချာစွာ သိလိုသဖြင့် ဒေါသအမျက် မထွက်စေဘဲ၊ မိဘတို့၏ အရိပ်အကဲ ကိုသာ ကြည့်ရှုပြီး ချုပ်တည်း သည်းခံ၍ နေရှာပေတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ထိုအခါ ရာဇဝတ်သားဖြစ်သော မိဘနှစ်ပါးတို့သည် သားကလေးကိုတွေ့မြင်လေရာ၊ ဥစ္စာ,ရွှေ,ငွေ ဖြစ်သော အမွေပစ္စည်းပင် ပေးကမ်းရန် မရှိသော်လည်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ဘဝများ၌ ချမ်းသာသုခကို အေးမြစွာ ခံစားစေရန် ရည်သန်သော စိတ်ထားဖြင့် အမွေဥစ္စာကို ပေးသနား သကဲ့သို့ ဒေါဂါနီးတွင် တသက်လုံး မှတ်သားလောက်သော နောက်ဆုံးစကားကို မှာကြားကြရှာတယ်။

**မာခေါ တုံ့ တာတဒီဃာဝု၊ ဒီဃံ ပဿ မာ ရဿံ။**

တာ တဒီဃာဝု၊ ချစ်သားဒီဃာဝု။ တွံ၊ သင် ချစ်သားသည်။ ဒီဃံ ရှည်မြင့်လှစွာ အခါကာလကို။ မာပဿ၊ စေ့စေ့ငုငု မကြည့်မရှုပါနှင့်။ ရဿံ၊ တိုတောင်းလှစွာ အခါကာလကို။ မာပဿ၊ စေ့စေ့ငုငု မကြည့်မရှုပါနှင့် ချစ်သားဒီဃာဝု။ ။ဤကဲ့သို့ အကျဉ်အားဖြင့် ဆုံးမပြီးနောက် ထပ်မံ၍ အကျယ် ဝေဘန်ပြီး ဆုံးမပြန်တယ်။

**နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။**

**အဝေရေနစသမ္မန္တိ၊ သေ ဓမ္မော သနန္တနော။ ။**

တာတဒီဃာဝု၊ ချစ်သားဒီဃာဝု။ ဣဓ၊ လူ့ပြည်,လူ့ရပ် ဤလောကဓာတ်ကြီး၌။ ဝေရေန၊ အမျက်ဒေါသ အာဃာတနှင့် မာနရှေးရှု ရန်တုံ့မူသဖြင့်။ ဝေရာနိ၊ ရန်သူတို့သည်။ ကုဒါစနံ၊ တရံတဆစ်မျှ။ နဟိသမ္မန္တိ၊ မငြိမ်း မပျောက်ကြလေကုန်။ အဝေရေနစ၊ ရန်တုံ့မမူသဖြင့် သာလျှင်။ ဝေရာနိ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘေးရန်တို့သည်။ သမ္မန္တိ၊ ဒုက္ခဘေးဒဏ် ရန်မာန်ခပ်သိမ်း ပြေငြိမ်းပျောက်ပျက်ကြ လေကုန်၏။ သေ-သော၊ ဤသို့ရန်မမူမှ ဘေးဟူခပ်သိမ်း ပြေငြိမ်းပျောက်ပျက်ခြင်းသည်၊ သနန္တနော၊ လူ့ဘုံတခေတ် ရှေးကဖြစ်သော။ ဓမ္မော၊ လောကရိုးရာဓမ္မတာကြီးတခု ဖြစ်ခဲ့လေသတည်း။

အဲတာလို ကာသိကရာဇ် မင်းမိဖုယားတို့မှာတော့ သူတော်ကောင်းကြီးအစစ် အမှန်ဖြစ်ကြ၍ ရန်အမြစ် မတွယ် ရအောင် ဆုံးမတော်မူကြတယ်။ ဒေါသမာန်ပွား အာဃာတ ထားကြလျှင် သားစဉ်မြေးဆက် ရန်စနက်ကို မပျက်မကွက် ဆက်လက်ခါ ကြိုးပမ်း၍ ဥဒါန်းရာဇဝင် နောင်အစဉ်တွင်ရစ်အောင် ချစ်သားပင် ကြံစည်ရစ်ပါဟု ကလဲ့စားချေကြမှာဘဲ။ ယခုတော့“ရန်ကို ရန်ခြင်း မတုံ့နှင်းနှင့်၊ ရန်လိုလျှင် ရန်ပိုသည်။ ရန်

**မလိုမှ ရန်ပြုသည်**"ဟု အတည်ကျ လိုက်နာ မှတ်သားဘို့ နောက်ဆုံး စကား ဒဲကျဉ်းအားဖြင့် မှာကြားခဲ့ရှာတယ်။

သည်တော့ ပရိသတ် အများနှင့် တကွ ထောင်မှူး အာဏာသား တို့က မင်း မိဖုယားတို့သည် သေရမည်ကို ကြောက်၍ ရူးသွပ် ခြင်းသို့ ရောက်သည်ဟု ပြောဆိုကဲ့ရဲ့ကြရာ၊ နှစ်ဖြာသော ရာဇဝတ်သား များက ငါတို့သည် ရူးကြသည်မဟုတ်၊ စင်စစ်အားဖြင့် ဤပရိသတ်၌ ပညာရှိသော သူသည် အကျဉ်းအားဖြင့် ဆုံးမသည်ကို အကျယ် သိမြင် ပေလိမ့်မည်ဟု ပြောကြား မှာထားရစ်ရှာတယ်။ မကြာမီပင် ထောင်မှူး အာဏာသား များက မြို့ပြင်သို့ထုတ်သွားပြီး အမိန့်တော်အတိုင်း မင်းမိဖုယား နှစ်ပါး ကို ခြေတခြား၊ လက်တခြား၊ ခေါင်းတခြား၊ သုဓ်သင် စီရင်ပြီး မြှုပ်နှံကြ တယ်။ ထိုအခါ ဒီဃာဝု သတို့သားသည် မိခင် ဘခင် တို့၏ ဖြစ်ရပ်များကို တွေ့မြင်ရသဖြင့် နှလုံး အသည်းတွင် မီးဝင်၍ စွဲသကဲ့သို့ လှိုက်လှိုက် လှဲလှဲ ငိုပွဲကြီးပြုလိုက်လျက် ဝမ်းထဲတွင် အသာကြိတ်၍ သိုသိပ်၍ ထားပြီးလျှင် မိဘ နှစ်ပါးတို့၏ ခြေ၊ လက်၊ ဦးခေါင်း များကို စုဆောင်း ကောက်ယူ၍ မီးသင်္ဂြိုဟ်ပြီးမှ တခုသောနေရာတွင် ကွယ်ကာပုန်းလျှိုး အမျိုးမျိုးကြံစည် လျက် စိတ်ကိုဖြေလို့မရနိုင်အောင် တသပူဆွေး ငိုကြွေး၍ နေရှာတယ်။

**န ဧမ ဒိဋ္ဌံ ကထာဒုက္ခံ၊ မာတာပီတာ မတာယထာ။**
**သန္တော သံဝိဇ္ဇမာနောဝ၊ ကိံ တမ္မမကရာ ပုရေ။ ။**

မေ၊ ငါ ဒီဃာဝုသတို့သား၏။ မာတာပီတာ၊ မိခင်ဘခင် ကျေးဇူး ရှင်တို့သည်။ မတာယထာ၊ သေကြရ ကုန်သကဲ့သို့။ တထာဒုက္ခံ၊ ထိုကဲ့သို့ သော ဆင်းရဲမျိုးကို၊ နဒိဋ္ဌံ၊ လူဖြစ်သည်ကစ၍ တဦးတယောက်မှ မတွေ့ခဲ့ ရပါပေ။ မေ၊ ငါ၏၊ မာတာပီတာ၊ မိခင်ဘခင် ကျေးဇူးရှင်တို့သည်။ သန္တော သူတော်ကောင်းကြီးတို့သည်။ သံဝိဇ္ဇမာနောဝ၊ ထင်ထင်ရှားရှားကြီးဖြစ် ကြပါကုန်လျက်။ ပုရေ၊ ရှေးရှေးသော ဘဝ အခါကာလ၌။ ကိံ ကမ္မံ၊ ဘယ်ကဲ့သို့သော မကောင်းမှု အကုသိုလ်ကံတွေကို။ အကရာ၊ ဆည်းပူးပြုစု အားထုတ်၍ လာကြလေကုန်သနည်း။

ဤကဲ့သို့ စိတ်ရှိသမျှအားရအောင်ငိုကြွေးပြီးလျှင်လူသူမမြင်အောင် ပုန်းရှောင် ထွက်လာ၍ ဆင်ထိန်း အိမ်တွင် ပညာများ သင်လိုကြောင်း

နှင့် တောင်းပန်ခွင့်ရသဖြင့် နေထိုင်သင်ကြားရာ၊ တခါ တခါမှာ သူများ နှင့်မတူပါဘဲ အရာရာချို့တဲ့ မိဘမရှိတဲ့ တကောင်ကြွက်မှာ မျက်ရည်နှင့် မျက်ခွက် ပြတ်တယ်လို့မရှိဘဲ ဝမ်းနည်း ပူဆွေးပြီး ငိုကြွေးရှာသာ နေရှာ ပေတယ်။

**ဟတ္ထိအဿဇရူပါဝ၊ ဝိစိတ္တာဝတာ အဗ္ဘင်္ဂါ။**

**နဘော ဒိသွာန ထေရူပါ၊ အဿုပုဏ္ဏေဟိ တန္ဒိမှာ။ ။**

နဘော၊ ရေးခြစ်မတင် မိုဃ်းကောင်းကင်၌။ အဗ္ဘင်္ဂါ၊ တိမ်ချပ် တိမ်လွှာ တိမ်တောင် တိမ်ခဲကြီးတို့သည်။ ဟတ္ထိအဿဇရူပါဝ၊ ဆင်ရုပ်, မြင်းရုပ်,ဆိတ်မြန်မာ,ဆိတ်ကုလားရုပ်တို့ကဲ့သို့။ ဝိစိတ္တာဝတ၊ ရှုချင်စဘွယ် လွန်စွာ ဆန်းကြယ်လေကုန်စွတကား။ တေရူပါ၊ အဆန်းတကြယ် ရှုချင် ဘွယ်ကောင်း ထိုတိမ်တောင် တိမ်ခဲတည်းဟူသော ဆင်ရုပ်, မြင်းရုပ် အပေါင်းတို့ကို၊ ဒိသွာန၊ မကြည်စိတ်တွင် တွေ့မြင်ကြည့်ရှု ရလေသော ကြောင့်။ အဿုပုဏ္ဏေဟိ၊ ပြည့်သော မျက်ရည်ရှိကုန်သော။ နေတ္တာဟိ၊ ကြေကွဲမဆုံး မျက်စိ မျက်လုံးတို့ဖြင့်။ ကန္ဒိမာ၊ မိဘတို့တွက် စိတ်လက် မအေးဘဲ တ,သ ငိုကြွေး၍ နေရလေသတည်း။

တခါ တခါလဲ သူများနှင့်ပူးတွဲ၍ အရိပ်အကဲကို မသိရအောင် ဟန်ဆောင်လျက်၊ စောင်းကိုတီး သီချင်းများဆိုလို့ ပျော်ရွှင်စွာ နေခိုက်၊ နေ့ရက်မကြာမီပင် ဘုရင်မင်းမြတ် နန်းတော်ကကြား၍ စောင်းသမားကို ခေါ်ယူပြီးလျှင် မိမိနန်းတော်တွင် ခစားစေတယ်။ သည်တော့ ဒီဃာဝုံ သတို့သားသည် မင်းခစား ယောကျ်ားတို့ ပြုသင့်သော ဝတ္တရားတို့ကို မလစ်ဟင်းရအောင် ဆောင်ရွက်ပြုလုပ်သည်ဖြစ်၍ ဗြဟ္မဒတ် မင်းတရားက မြတ်နိုးတော်မူသဖြင့် တဆင့်မြှောက်စားပြီး အပါးတွင် သက်တော်စောင့် ထား၍ ကြီးမားသော ရာထူးကိုရပေတယ်။

တနေ့သ၌ ဘုရင်မင်းမြတ်သည် တောသို့လှည့်ပတ်လို၍ သတို့သား ကို ရထားပြင်စေပြီး ဗိုလ်ပါများစွာနှင့် ထွက်သောအခါ၊ ဒီဃာဝု သတို့ သားသည် ရထားကိုမောင်းနှင်၍ ဗိုလ်ပါနှင့်ကွဲပြီး တယောက်ထည်း မောပန်းလှမှ တောစခန်း၌ မြင်းကိုရပ်စေ၍ ဗြဟ္မဒတ်မင်းမြတ်က အပန်းဖြေ ရန် ပြောကြားသဖြင့် ရထားကိုဖြုတ်၍ နားနေရင်း သတို့သား၏ ပေါင် ပေါ်တွင် စက်တော်ခေါ်၍ ပျော်သွားရှာတယ်။

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

ထိုအခါမှ ဒီဃာဝုသတို့သားသည် မိဘများ၏ ရန်သူ မင်းယုတ်ကို သည်တခါအမျိုးဖြုတ်တော့မည်ဟု ကြံစည်ပြီး သန်လျက်ကို နုတ်လိုက်သောအခါ၊ သေခါနီးတွင် မိဘများမှာခဲ့သော....

"**မာခေါ တွံ တာတဒီဃာဝု ဒီဃံ ပဿမာရဿံ**" ဟူသောဆုံးမ စကားကို သတိရ၍ ယခုအခါ ဖြဟ္မဒတ် ဦးခေါင်းကို သန်လျက်စောင်းနှင့် ဖြတ်လိုက်ပါလျှင် မိဘစကား ပယ်ရှားရာ ရောက်၍ "**ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီး**" ဆိုသကဲ့သို့ ဖြစ်တတ်ပေသည်။ "**မိဘ စကား နားထောင် ငြားက သံပြား ကျောက် စောင်း ကျိုးသော်ပျောင်း**" ဆိုသော စကားအတိုင်း မိဘစကား မပယ်ဖျက်ဘဲ အသက်ကိုအသေခံပါတော့မည်ဟု အောက်မေ့၍ သန်လျက်ကို အိမ်တွင်းသို့ သွတ်သွင်းထားလိုက်ရှာတယ်။

ဤသို့ သုံးကြိမ်တိုင်တိုင် ချွတ်ချီ သွတ်ချီနှင့် ကြံစည်ပြီး မိဘတို့၏ ဆုံးမချက်ကို မဖျက်ဘဲ အသက်ကိုအသေခံမည်ဟု ဆုံးဖြတ် နေထိုင်သောအခါ၊ ဘုရင်မင်းမြတ်သည် အိမ်မက်၌ ရန်သူမင်း၏သားသည် မိမိဦးခေါင်းကို သန်လျက်ဖြင့်ဖြတ်မည်ပြုလိုက်သည်ဟု မြင်မက်သဖြင့် လွန်စွာထိတ်လန့်တုန်လှုပ်ပြီး ကြက်သီးမွေးညှင်းတွေထလျက် အိပ်ရာမှနိုးလေသော်၊ အသံကုန်ဟစ်၍ ချစ်သား-ကယ်ပါဟု ကြောက်ရွံ့သော မျက်နှာနှင့် မောဟိုက်ပင်ပန်းစွာ ပြောရှာတယ်။

အဲသည်တော့ သတို့သားက လက်ျာလက်ဖြင့် သန်လျက်ကိုကိုင်၍ လက်ဝဲလက်ဖြင့် မင်းကြီး၏ဦးသျှောင်ကို ကိုင်ပြီး ရန်သူ၏ သားသည် အခြားမဟုတ် ကျွန်ုပ်ပင်ဖြစ်ချေသည်။ အသင်မင်းကြီး၏ အသက် မသေချမ်းသာစွာနေနိုင်မည့် အကြောင်းများ ရှိပါသေးသလားဟု မျက်နှာကိုတင်းတင်းထား၍ ပြင်းထန်သောစကားဖြင့် မင်းကြီးအား မေးမြန်းလိုက်တယ်။

**ဝေဘူတဿ တေ ရာဇ၊ အာဂတဿ ဝသေ မမ။**

**အတ္ထိနုကောစိ ပရိယာယော၊ ယော တေ ဒုက္ခာ ပမောစယေ။**

ရာဇ၊ မင်းကြီး။ ဝေဘူတဿ၊ ဤသို့ဖြစ်၍နေသော။ မမ၊ ငါ၏။ ဝသေ၊ အလိုနိုင်ငံသို့။ အာဂတဿ၊ ရောက်၍နေသော။ တေ၊ သင်မင်းကြီးအား။ ဒုက္ခာ၊ သေရခြင်းဆင်းရဲမှ။ ယောပရိယာယော၊ အကြင်ပရိယာယ်

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

သည်။ ပမောစယေ၊ လွတ်မြောက်ရာ၏။ ကောစိ၊ တစုံတခုသော။ သော ပရိယာယော၊ ထိုပရိယာယ်သည်။ တော၊ သင် မင်းကြီးအား။ အတ္ထိနု၊ ကေန်တိတိ ရှိခဲ့လေသလော။

ထိုအခါ ဘုရင်မင်းမြတ်သည် လွန်စွာ ကြောက်ရွံ့သဖြင့် မိမိသည် အသိဉာဏ်နည်း မိုက်အား ကြီး၍ ပြုမိသည့် အပြစ်ကို အမှတ် မထားဘဲ အသက်ကို ချမ်းသာခွင့် ပေးပါမည့်အကြောင်းနှင့် ခွင့်တောင်း အသနားခံရှာတယ်။

**ဝေဘူတဿ မေ တာတ၊ အာဂတဿ ဝသော တဝ။**

**နတ္ထိနုကောစိ ပရိယာယော၊ ယော မေ ဒုက္ခာ ပမောစယေ။**

တာတ၊ ချစ်သား။ ဝေဘူတဿ၊ ဤသို့ဖြစ်၍နေသော။တဝ၊ သင်၏။ ဝသော၊ အလိုနိုင်ငံသို့။ အာဂတဿ၊ ရောက်၍နေသော။ မေ၊ ငါ့အား။ ဒုက္ခာ၊ သေရခြင်းဆင်းရဲမှ။ ယောပရိယော၊ အကြင်ပရိယာယ်သည်။ ပမောစယေ၊ လွတ်မြောက်ရာ၏။ ကောစိ၊ တစုံတခုသော။ သော ပရိယာယော၊ ထိုပရိယာယ်သည်။ မေ၊ ငါ့အား။ နတ္ထိနု၊ ကေန်တိတိ မရှိတော့သည်သာတည်း။

သည်တော့ ဒီဃာဝုသတို့သားက သံလျက်ကို လွှတ်ချပြီး၊ အရှင်မင်းကြီး- အရှင်မင်းကြီးကို ကျွပ်နိုက အသက်ကယ်ဆယ်နိုင်သည်မဟုတ်ပါ၊ ကျွန်ုပ်ကိုသာလျှင် အရှင်မင်းကြီးက အသက်ကယ်ဆယ်တော်မူပါဟုပြောရှာတယ်။ ဤကဲ့သို့သော စကားကို မင်းကြီး ကြားရသောအခါ လွန်စွာဝမ်းမြောက်၍ တယောက်ကို တယောက် အသက်ပေးသော အားဖြင့် သစ္စာရေမျ ားသောက်၍ နန်းတော်သို့ပြန်ပြီးလျှင် မှူးမတ်ဗိုလ်ပါ စုံလင်သည့်အခါ ပြဟ္မဒတ်မင်းကြီးက ယခုအခါ ရန်သူများကို တွေ့ရှိခဲ့လျှင် ဘယ်ကဲ့သို့စီရင်ကြမလဲဟု မေးမြန်းတော်မူပေတယ်။

သည်တော့ အမတ်များက အချို့ကခြေဖြတ်မည်။ အချို့ကလက်ဖြတ်မည်စသည်ဖြင့် အမျိုးမျိုးသံတော်ဦးတင်ကြလျှင်၊ ဘုရင် မင်းမြတ်က ရန်သူဟာ ဝေးသည်မဟုတ် ဤသူပင် ဖြစ်သည်။ သို့ပင် ဖြစ်သော်လည်း ထိုသူအပေါ်၌ အနည်းငယ်မျှ အမျက်ဒေါသ အာဃာတ မထားကြနှင့် ငါတို့သည် တဦး၏အသက်ကို တဦးအား ပေးထား ကြပေသည်ဟု ပြောကြား၍ ချစ်သားဒီဃာဝု သင်၏မိဘများက သေခါနီးအခါမှာသွားသည့်

အကျဉ်းစကားသည် အကျယ်အားဖြင့် အဘယ်သို့ အဓိပ္ပါယ်လာသည်ကို ဖြေကြားပြောဆိုပါဟု မေးမြန်းရှာတယ်။

ထိုအခါ ဒီဃာဝု သတို့သားက"ရန်ဟူသမျှကို မရှည်စေနှင့်၊ အဆွေခင်ပွန်းကောင်းကို မတိုစေနှင့်၊ ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်၊ ရန်လိုလျှင် ရန်ပိုသည်၊ရန်မလိုမှ ရန်ပြိုသည်။"ဟု ဆိုလိုပါတယ်။ အကယ်၍ မိဘစကားကို နားမထောင်ဘဲ အရှင်မင်းမြတ်က အကျွန်ုပ်၏ မိဘကို သတ်သဖြင့် အကျွန်ုပ်က အရှင်မင်းကြီးကို သတ်ခဲ့လျှင် အရှင်မင်းကြီး၏ သား, မြေး အဆက်က အကျွန်ုပ်ကို သတ်ပြန်၏။ တဖန် အကျွန်ုပ်၏ သား,မြေးအဆက်က အရှင်မင်းကြီး၏ သား,မြေးအဆက်ကို သတ်ဖြတ်နှိပ်စက်ပြန်၏။

ဤကဲ့သို့ဖြစ်နေပါလျှင် သားစဉ်,မြေဆက်မပျက်မကွက်ဘဲ သံသရာ အဆက်ဆက်၌ ရန်စမဆုံးဖြစ်ကြလိမ့်မည်။ယခု အရှင်မင်းကြီးက အကျွန်ုပ်၏ မိဘကို သတ်သော်လည်း အကျွန်ုပ်က အရှင်မင်းကြီးကို မသတ်ပါဘဲ သည်းခံနိုင်ခဲ့သော အမှုကို သည်းခံ၍ မိဘစကားကို နားထောင်သဖြင့် အရှင်မင်းကြီးနှင့် အကျွန်ုပ်သင့်မြတ်လျက် အဆက်ဆက်ရန်စငြိမ်းပြီး ချမ်းသာစွာ နေထိုင်ရပါတယ်၊ ဤသို့သော အဓိပ္ပါယ်၏ အကျယ် စကားကို အကျဉ်းအားဖြင့်—

**"မာခေါ တွံ တာတ ဒီဃာဝု"** စသော အဆုံးအမ ဩဝါဒစကားကို မှာကြားပါသည်ဟု သံတော်ဦးတင်ရှာတယ်။

သည်တော့မှ ဘုရင်မင်းမြတ်က ကာသိကရာဇ်မင်း မိဖုယားနှစ်ပါးသည်သူတော်ကောင်းကြီးများဖြစ်ကြောင်း၊ ဒီဃာဝုသတို့သား၏ပညာကြီးမားကြောင်းကိုသိရှိ၍ အားရနှစ်သက်တော်မူသဖြင့်၊ သမီးတော်တပါးနှင့် ထိမ်းမြားလက်ထပ်ပြီး မိဘ၏ ဥစ္စာဖြစ်သော ကာသိကရာဇ် တိုင်းပြည်ကို အပ်နှင်း၍ မင်းပြုစေတော်မူသဖြင့်၊ လောကီတွင် အထွဋ်အထိပ်ဖြစ်သော မင်း၏စည်းစိမ်များကို ငြိမ်းအေးချမ်းသာစွာ ခံစားစံစားရရှာတယ်။

ယခုပြောခဲ့သော ဒီဃာဝု သတို့သားသည် သေခါနီး မှာထားခဲ့သော မိဘတို့၏ စကားကို အသက်ပင် သေရငြားသော်လည်း မပယ် မရှားဘဲ မှတ်သားလိုက်နာ၍ ကျင့်ကြံသဖြင့် အဆက်ဆက်,အဖန်ဖန်,အတန်တန်သော ရန်သေးတို့မှ ကင်းဝေးလွတ်မြောက် ချမ်းသာခြင်းသို့ ရောက်တာလိုပစ္စုပ္ပန်, သံသရာ နှစ်ဖြာသော ဘေးဒုက္ခမှ လျင်မြန်စွာ ကင်းလွတ်ကြ၍ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာများကို ခံစား စံစား ကြရလေ

အောင် သတိကို ရှေးဆောင်ထား၍ အကုသိုလ်တရားကိုပယ်ရှားပြီး ကုသိုလ်တရားများကို အား ထုတ် ကြ ပါ ဟု နောက်ဆုံးစကား အကျဉ်းအားဖြင့် ဟောကြားဆုံးမတော်မူတယ်။

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊**
**ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ ။**

ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့။ ဒါနိ၊ ယခုအခါ၌။ ဟန္ဒ၊ တိုက်တွန်းပါ၏။ ဝေါ၊ သင်ချစ်သားတို့အား။ အာမန္တယာမိ၊ မှာကြားခဲ့ပေ၏။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်စီးတတ်သော သဘောရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်ချစ်သားတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံအောင် အားထုတ်၍ နေကြကုန်လော။

ဤကဲ့သို့ ဟောကြားတော်မူသည့် **"ပစ္ဆိမ ဗုဒ္ဓဝစန"** အပ္ပမာဒ ဒေသနာတော်ကို ရိုသေစွာ နှလုံးထား၍ အ ပါယ် စ သော ဘေး ရန် ကို ကြောက်ရွံ့ပြီး လူချမ်းသာ, နတ်ချမ်းသာ တို့ထက် ထူးကဲ မြင့်မြတ်လှစွာသော အသင်္ခတဓာတ် သန္တိသုခဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျှင်မြန်စွာ ခံစား စံစားလိုသည့် အမျိုးကောင်း သမီး, သား တို့သည် အကုသိုလ် ဒုစရိုက် အမိုက်တရားတွေကို ရှောင်ရှား၍ မမေ့မလျော့ခြင်း တည်းဟူသော သတိတရားကို ရှေ့ထားလျက် ဒါန, သီလ အစရှိသော သူတော်ကောင်းတရားတို့ကို မနေမနား လွန်ကြိုးစား၍ ပွားများ အားထုတ် နိုင်ကြပါစေကုန်သတည်း။

(မိဘ၏ ဆုံးမစကားကို မှတ်သားရန် ပြဆိုသော ဒီဃဇာဝုမင်းသား ဝတ္ထုပြီး၏။)

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

## နာယကဂုဏ် ၆-ပါး ဂါထာ သံပေါက် လက်ာနှင့် ရှစ်လုံးဘွဲ့ မြန်မာကဗျာများကို ပြခြင်း

**ခမာ ဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ။**
**ဆဟိဂုဏောဟိ သမ္ပန္နော၊ ဝိသုတော ဂဏနာယကော။ ။**

ခမာစ၊ လက် အောက် ငယ် သား စေခံများနှင့် သား, မယားဟူ တပါးသူတို့ ငြူစူသဘော စိတ်မနောဖြင့် ဆိုပြောရှုတ်ချ ကဲ့ရဲ့ကြ၍ ထော မနာ့တဖြာ ချီးမွမ်းရာတို့၌ ဝမ်းသာ,ဝမ်းနဲ မရှိဘဲလျက် ခိုင်မြဲ စိတ်တွင်း နှလုံးသွင်းဖြင့် အရာခပ်သိမ်.တို့၌ သည်းခံရခြင်းငှင်း။ ။ဇာဂရိယောစ၊ အမှုကိစ္စ ဟူသမျှ၌ ကြောင့်ကြမကင်း နိုးနိုးကြားကြားနှင့် အိပ်ရ,နေရခြင်း ငှင်း။ ။ဥဋ္ဌာနဥ္စ၊ ထကြွလုလ္လ ဥဿာဟနှင့် ဝီရိယရှိ မပျင်းမရှိ ရခြင်းငှင်း။ သံဝိဘာဂေါစ၊ လုပ်ကိုင်သမှု ပစ္စည်းစုကို ကြည့်ရှုထိုက်တန် ခွေအရံတို့နှင့် ဝေဘန်ရှင်းလင်း စီမံ ပေးကမ်းရခြင်းငှင်း။ ။ဒယာစ၊ ကိုယ်နှင့်ထပ်တူ ငယ်သားလူကို ကြည်ဖြူစိတ်သွင်း သနားချစ်ခင်ရခြင်းငှင်း။ ။ဣက္ခဏာစ၊ လိမ္မာကျွမ်းကျင် ပညာရှင်တို့နှင့် တိုင်ပင်ဆွေးနွေး မှုအရေးကို ဖြည်းဖြည်း ညှင်းညှင်း ဆောင်ရွက်ပြုလုပ်ရခြင်းငှင်း။ ။ဣတိ၊ဤသို့။ ဆဟိဂုဏေဟိ၊ ရေတွက် ပိုင်းခြား သရုပ် အားဖြင့် ၆-ပါး အစုံ သကတ် ဂုဏ် တို့နှင့်။ သမ္ပန္နော၊ ကောင်းစွာကုံလုံ ပြည့်ဖြိုးစုံသော။ ဂဏနာယကော၊ အတူနေ ငြား ရှင်,လူများ၏ ရှေ့သွားဦးစီး နာယကခေါင်းဆောင်ပုဂ္ဂိုလ်ကြီးသည်။ ဝိသုတော၊ ဂုဏ်သတင်းများ ပန်းအလားသို့ ကျော်စော ထင်ရှား၍ လာခဲ့ လေသတည်း။

### သံပေါက်လက်ာများ

၁။ ဆိုးကောင်းနှစ်ပါး၊ စသည်များ၊ မမှားသည်းခံရာ။
၂။ ကြောင့်ကြကြီးမား၊ ကိစ္စများ၊ နိုးကြားရသည်သာ။
၃။ ထကြွလုလ္လ၊ ဝီရိယ၊ နေ့,ည မြဲမက္ခာ။
၄။ ပစ္စည်းထိုက်တန်၊ ခွေအရံ၊ ဝေဘန်ကြလေပါ။
၅။ ကိုယ်နှင့်မခြား၊ ရှင်,လူများ၊ သနားချစ်ခင်ရာ။
၆။ ပညာရှိလျှင်၊ ထံမှောက်တွင်၊ တိုင်ပင်ပြုအပ်စွာ။
၇။ အင်္ဂါ ၆-ပါး၊ ပြည့်စုံငြား၊ ထင်ရှားလွန်ကျော်ညာ။
၈။ ခေါင်းဆောင်ရှေ့သွား၊ ပုဂ္ဂိုလ်များ၊ ကြီးစားကြလေပါ။

(ပဥ္စမအကြိမ် ရိုက်နှိပ်သည်)

## ရှစ်လုံးဘွဲ့ မြန်မာကဗျာများ

(က) ဆိုးကောင်း ၂-ပါး-ကြုံငြားသည်းခံ၊
ကြောင့်ကြကြီးမား-နိုးကြားအမှန်။
ထကြွလုံ့လ-ဝီရိယသန်၊
ပစ္စည်းစု-ကြည့်ရှုခဲ့ဝေဘန်။ ။

(ခ) ကိုယ်နှင့်မခြား-သနားကြင်နာ၊
ပညာရှိအား-ခစားအပ်စွာ။
အင်္ဂါ ၆-ရပ်-စုံလပ်ကျေညာ၊
ခေါင်းဆောင်များ-ကြိုးစားကြလေပါ။ ။

## ကလေးချော့ရန် ဂါထာပါဠိ-အနက်သံပေါက်လက်ာနှင့် ရှစ်လုံးဘွဲ့ မြန်မာကဗျာများကို ပြခြင်း

**ဘူသံမာရေဒိ မေ ပုတ္တ၊ ဘိက္ခု ဓမ္မံ သုဒေသယိ။**
**ဓမ္မရသံ ပိဝိတ္ဝာန၊ မောစယိဿာမ သံသရာ။ ။**

မေပုတ္တ၊ ကိုးလကိုလွယ် ဆယ်လရောက်ခါ ချမ်းသာစွာဖြင့် မျက်နှာသန့်စင် အေးကြည်လင်၍ ဘွားမြင်ခဲ့ငြား မေ့ချစ်သား။ ဝါ၊ ယုယပိုက်ထွေး နို့ချိုကျွေး၍ အလေး တမူ အရေး ယူ လျက် မွေး မြူ ခဲ့ ငြား မေ့ချစ်သား။ ဘူသံ၊ လိုက်လိုက်လှဲလှဲ ရပ်မစဲဘဲ အူသံဆူကြွ ပြင်းပြလှစွာ။ မာရေဒိ၊ ကြားသူအပြီး နားဆူငြီးအောင် ထန်သည်းလှိုက်ဖို မငိုပါနှင့် ချစ်သား။ ဘိက္ခု၊ စတုပါရိ သုဒ္ဓိလေးဝ မြတ်သီလနှင့် ဓုရနှစ်ဖြာ ပြည့်စုံစွာလျက် သာသနာတော်ထမ်း ရှင်ရဟန်းသည်။ ဓမ္မံ၊ သုတ္တန်, ဝိနယ, ဘိဓမ္မဟု သုံးဝ, သုံးဖြာ နှစ်မြို့ မြတ်နိုး လောက်စွာသော တရားဒေသနာတော်ကို။ သုဒေသယိ၊ လူကြီး, လူငယ်, လူရွယ်, လူလတ်, ပရိသတ်နှင့် သင့်မြတ်လှစွာသော ဒေသနာကို ကရုဏာတရား ရှေ့ဝယ်ထား၍ ကြားသူအပေါင်း နားမညောင်းအောင် ကောင်းစွာ တွတ်တွတ် ယှင်းမချွတ်ဘဲ ဟောရွတ် မြွက်ကြားတော်မူခဲ့လေပြီ။ ဓမ္မရသံ၊ထိုအရှင်သည် သွန်သင်ပြသနည်းနယနှင့် ဆုံးမပိုင်းခြား ဟောမြွက်ကြား သည့် တ ရား ရ သာ မြိုက်

ဩဇာကို။ ပိဝိတ္တာန၊ သဒ္ဒါဇောပိုက် မနေစိုက်လျက် နှစ်ခြိုက် ကြည်ညို သောက်မျိုလိုက်ကြကုန်၍။ သံသရာ၊ လောဘ,ဒေါသ စသည်ရှုပ်ထွေး ဘေးဘယအတိ မချိပွေ့စွာဆင်းရဲပါသည့် မိခင်တို့နေရာဖြစ်သော သံသရာ ဘေးဒုက္ခကြီးထဲမှ။ မောစယိဿာမ၊ ငါတို့တတွေ ကေန်မချွတ် ဆင်းရဲ ဝဋ်မှ ကင်းလွတ်ထွက်မြောက်ကြရကုန်အံ့သတည်း။

## သံပေါက်လင်္ကာများ

၁။ တရားမြိုက်ဆေး၊ ဟောညွှန်ပေး၊ ငိုကြွေးမပြုရာ။
၂။ စိတ်၌စွဲထား၊ မြတ်တရား၊ မှတ်သားနာယူပါ။
၃။ ဒုက္ခဘေးဒဏ်၊ မဆက်ဆံ၊ အမှန်ကင်းလွတ်မှာ။
၄။ သားမိ ၂-ယောက်၊နိဗ္ဗာန်ပေါက်၊ထွက်မြောက်ရမည်သာ။

## ရှစ်လုံးဘွဲ့ မြန်မာကဗျာ

တရားဟောသေး—ငိုမကြွေးမဟူ၊
စိတ်၌စွဲထား—မှတ်သားနာယူ။
ဒုက္ခဒဏ်ဘေး—ကင်းဝေးအပူ၊
နိဗ္ဗာန်ပေါက်—ထွက်မြောက်လွယ်တကူ။ ။

(ကလေးချော့ရန်ကို ပြဆိုခြင်း ပြီး၏။)

## ခေမာမိဖုယားကြီး တောင်းပန်ကန်တော့သော ဂါထာ နှင့် သံပေါက်လင်္ကာ ကဗျာများကို ပြခြင်း

**ယံဒဟံ လောကသရဏံ အရဏံ အရဏန္တဂုံ။**
**နဒဿာမိ အဒူရဋ္ဌံ၊ ဒေသယာမိ တ.မစ္စယံ။ ။**

ဘန္တေ၊ ဣဿရိယ ဓမ္မ,ယသ သိရီ,ကာမ ပယတ္တဟု ခြောက်ဝ ဘုန်းဟုန် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံထင်ရှား မြတ်စွာဘုရား။ အဟံ၊ မယ် ခေမာဟု သညာဘွဲ့သ ဘုရား တပည့်တော် မသည်။ လောက သရဏံ၊ ပြဟ္မာ, နတ်, လူ သုံးဘုံသူတို့ ကြည်ဖြူညွှတ်ပျောင်း လည်းလျှောင်း၍ ပုန်း အောင်းမှီခိုရာအစစ် ကေန္တ ဖြစ်တော်မူထသော။ အရဏံ၊ ကာမ, ရာဂ,

ဗျာပါဒနှင့် မောဟမှုမှေး အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ် တင့်တယ်မြင့်မြတ်တော်မူထသော။ အရဟန္တဂုံ၊ တထောင့်ငါးရာ ကိုလေသာတို့ ရှောင်ခွါမသန်း နိဗ္ဗာန်နန်းသို့ ကြွမြန်း စမ္ပယ်တော်မူထသော။ ဗုဒ္ဓိ၊ ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂသညာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဖြင့် လွယ်ကူသိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဒူရင့်၊ တောင်ငါးလုံးရံ နွားခြံသို့လို ရာဇဂြိုဟ် ပြည်နီး ဝါးတောကြီး၌ ခိုမှီး နေနားရွှေတောင်လားသို့ မားမားရှင်ပြုံး ရွှေနှလုံးဖြင့် သီတင်းသုံး စမ္ပယ်တော်မူသည်ဖြစ်ပါလျက်။ ယံနဒဿာမိ၊ အကြင် တခါတခေါက် သဒ္ဓါပေါက်၍ လာရောက်ဦးတင် မဖူးမမြင်မိပေ။ တံအစ္စယံ၊ ထိုတခါတခေါက် သဒ္ဓါပေါက်၍ လာရောက်ဦးတင် မဖူးမြင်မိသော အပြစ်ကို။ ဒေသယာမိ၊ လွန်ကျူးမိသမျှ ပြစ်ဒေါသကို ဖေါ်ပြ ဖြောင့်မှန် သည်းခံရန်ဖြင့်တောင်းပန်ကန်တော့လိုက်ပါ၏ အရှင်ဘုရား။

## သံခေပါက်လက်ာများ

၁။ ပြုသင့်လေငြား၊ ကုသိုလ်များ၊ ရှောင်ရှားနေမိရာ။

၂။ အပြစ်မကင်း၊ လွန်ကျော်နင်း၊ ချွတ်ယွင်းကျင့်သိက္ခာ။

၃။ အမှန်တရား၊ သိသူများ၊ ကြီးမားကြောက်ရွံ့ရှာ။

၄။ ဘော်ပြဝန်ခံ၊ အပြစ်ဒဏ်၊ တောင်းပန်ကန်တော့ပါ။

၅။ ခေမာမိဖုယား၊ ဝတ္ထုသွား၊ အများကျင့်ကုန်ရာ။

## ရှစ်လုံးဘွဲ့ မြန်မာကဗျာများ

ကုသိုလ်တရား-ရှောင်ရှားနေလျှင်၊
အပြစ်မကင်း-ချွတ်ယွင်းကျင့်စဉ်။
အမှန်သိက-ကြီးစွာဘေးထင်၊
ခေမာထုံး-ကျင့်သုံးမြဲစေချင်။ ။

(ခေမာမိဖုယားကြီး တောင်းပန်ကန်တော့ပုံ ပြီး၏။)

(ပဌမအုကြိမ် ရိုက်နှိပ်သည်)

## ပညာဥစ္စာဖြင့် စောင့်ရှောက်ရန် ဂါထာပါဠိ-
## အနက်နှင့် သံပေါက်လင်္ကာ ကဗျာများကို ပြဆိုခြင်း

ဇီဝံ ပညာယ ရက္ခေယျ၊ ဓနံ ကမ္မေန ပါလယေ။
ဝေဝံ အရောဂေါ သုခိတော၊ ပေါရာဏက ဝစော ဣဒံ။ ။

ပဏ္ဍိတော၊ လောကဓမ္မ နှစ်ဌာန၌ များလှ ကောင်းဆိုး ကြောင်းအကျိုးကို အမျိုးမျိုးမြင်သိ ပညာရှိသည်။ ဇီဝံ၊ ခန္ဓာရုပ်နာမ် ဆက်ဆံရောယှက် မိမိအသက်ကို။ ပညာယ၊ သပ္ပါယာ သပ္ပါယ များစွာခြင်းရာ သတိနှင့်ယှဉ်သော ဉာဏ်ပညာဖြင့်။ ရက္ခေယျ၊ သင့်မြတ်လျော်ရာ နှိုင်းချိန်ကာဖြင့် ကောင်းစွာစဉ်းစား၍ ရှောင်ရှား စောင့်ရှောက် ရာ၏။ ဓနံ၊ သက်မဲ့သက်ရှိ များပြားဘိသည့် လောကီဂုဏ်သိမ် မြတ်စည်းစိမ်နှင့် ရိမ်ငြိမ်စိုးရဌာနန္တရကို။ ကမ္မေန၊ ကုသိုလ်အဖြစ် စွန့်ကြဲပစ်လျက် ကံသင့်ဆင့်ပေါင်းကူကာလောင်းသဖြင့်။ ပါလယေ၊ သင့်မြတ် လျော်ရာ နှိုင်းချိန် ကာဖြင့် ကောင်းစွာ စဉ်းစား၍ မမှား စောင့်ရှောက် ရာ၏။ ဟိ၊ များပြား ဉဿုံ အကျိုးဂုဏ်ကား။ ဝေ၊ ဤသို့ အသက်ကို ဉာဏ်စောင့်၍ ဥစ္စာကို ကံစောင့်သည်ရှိသော်။ အရောဂေါ၊ အသက်ခန္ဓာ ရှည်မြင့်ကြာ၍ ဘယာသန့်ရှင်း အနာရောဂါကင်းသည်။ သုခိတော၊ စည်းစိမ်ဥစ္စာ မြဲမြံစွာလျက် နှစ်ဖြာသုခ ချမ်းသာအေးမြသော ကိုယ်စိတ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရပါပေ၏။ ဣဒံဝစော၊ အမှန်သဘော စိတ်မနောဖြင့် ပြောဟော ခဲ့ငြား ဤစကားသည်။ ပေါရာဏက-ဝစော၊ ပညာရှိအပေါင်း ရှေးသူဟောင်းတို့ ကျိုးကြောင်းမြွက်ကြား မိန့်ဆိုဆုံးမသော စကား ဖြစ်ခဲ့လေသတည်း။

### သံပေါက်လင်္ကာများ

၁။ အသက်ရှည်ရန်၊ ပညာဉာဏ်၊ မြဲမြံစောင့်ရှောက်ပါ။
၂။ ဥစ္စာလိုငြား၊ ကံသစ်များ၊ တိုးပွားပြုပြင်ရာ။
၃။ ပညာရှိအပေါင်း၊ ရှေးသူဟောင်း၊ ကျိုးကြောင်းပြခဲ့ရှာ။
၄။ ဤနည်းမှတ်သား၊ ရှင်လူများ၊ မမှားကျင့်အပ်စွာ။

### ရှစ်လုံးဘွဲ့ မြန်မာကဗျာများ

သက်ရှည်လိုက-စောင့်ထပညာ၊
ဥစ္စာကိုချစ်-ကံသစ်ပြုရာ။
ရှေးသူဟောင်းတို့-ကျိုးကြောင်းပြရှာ၊
ရှင်,လူများ-မမှားကျင့်အပ်စွာ။

(ပညာ ဥစ္စာဖြင့် စောင့်ရှောက်ရန်ကို ပြခြင်း ပြီး၏။)

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

# နိဂုံးဂါထာပါဠိ-အနက်ကို ပြဆိုခြင်း

**ကျိုက္ကစန္တိ မဟာထေရဿ၊ ရွှေကျင်နိကာယ သာမိနော။**
**ကဘော၀ ပဏ္ဍိဓမ္မေန၊ အယံဂန္ထော သုနိဋ္ဌိတော‌တိ။ ။**

ကျိုက္ကစန္တိ၊ ရန်ကုန်မြေ၏ နောက်သို့ယွန်းခါ ဒိသာဥတ္တရ ရပ်ဌာနဝယ် ပါကဋ္ဌ ကျော်ဟည်း ကျိုက္ကစံ စေတီတော်ကြီး၏ အနီး ထံပါး ဆောက်လုပ်တည်ထားအပ်သော သဒ္ဒမ္မဇ္ဇောတာရုံ တိုက်ရွှေဘုံကို လွှမ်းခြုံအုပ်စိုးတော်မူသောကြောင့် ကျိုက္ကစံ ဆရာတော်ဘုရားကြီး ဟူ၍။ ဝိသုတဿ၊ နေ့,လ ပမာ တိုင်းမြန်မာဝယ် လွန်စွာ ထင်ရှား၍ ပြန့်နှံ့ကျော်ကြားတော်မူထသော။ ရွှေကျင် နိကာယသာမိနော၊ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဒုတိယနာယက သံဃရာဇာ မဟာဝိသုဒ္ဓါရာမ အာစေရ၏ သာခု ကိဋ္ဌန သဘင် ဆင်ယင် သမယ ယင်းကာလ၌ သံဃာအများမြှောက်စားတင်သ သမ္မုတိသံဃရာဇာ ဟူသော ဘွဲ့ထူးကိုရသောကြောင့် တတိယသမ္မုတိသံဃရာဇာ ဖြစ်တော်မူသော ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယကလည်း ဖြစ်တော်မူထသော၊ မဟာထေရဿ၊ သက်တော်ရှယ်ကြီး မဟာထေရ်ကြီး ဖြစ်တော်မူသည့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏။ အန္တေဝါသိကေန၊ ပညာရင်နို့ သောက်စို့ခိုမှီး အတွင်းနေတပည့်ကြီး ဖြစ်ထသော။ ပဏ္ဍိဓမ္မေန၊ ဓမ္မကထိက ဂုဏ်ထူးရသော (ဦးပဏ္ဍိဓမ္မ) ကိုယ်တော်သည်။ ကတော၀၊ သတ္တိဗလ ရှိသမျှအလျှောက် စီကောက်ရေးသားအပ်သည်သာလျှင် ဖြစ်သော။ **အယံဂန္ထော၊** ဂမ္ဘီရဓမ္မ ဒေသနာ မည်သော ဤ"**ကျိုက္ကစံယပ်လှဲ တရားကျမ်းစာ ပထမတွဲ**"သည်။ သုနိဋ္ဌိတော၊ က,ခ,ဇ,ည နှစ်ကာလမှီ ရာသီဓနု ဆန်းမှုပက္ခ စုဒ္ဒသမ ဗျဂ္ဃယှဉ်မေ့ ဤသည့်နေ့တွင် ချမ်းမြေ့သာယာ ဘယာမသန်း ဆုံးခန်း ရောက်ရ ပေပြီ။ ၀ါ၊ ၁၂၇၀-ပြည့်နှစ် နတ်တော်လဆန်း ၁၄-ရက် တနင်းလာနေ့တွင် ရေးထွင်ကမ္ပတ် အပြီးသတ်ပြီ။ ဣတိ၊ ဤသည်ကား ဂမ္ဘီရ ဓမ္မဒေသနာ ကျိုက္ကစံယပ်လှဲတရားစာ ပထမတွဲပြီး၏။

(နိဂုံးဂါထာ ပါဠိအနက် **ပြီး၏။**)

**ဂမ္ဘီရဓမ္မဒေသနာမည်သော ကျိုက္ကစံယပ်လှဲ-ပထမတွဲ ဤတွင် ပြီးဆုံးပြီ။**

(ပဉ္စမအကြိမ် ရိုက်နှိပ်သည်)

နိုင်ငံကျော် ဓမ္မကထိက

ကျီးကန်းစံ - ဦးပဏ္ဍိဓမ္မအရှင်မြတ်

ရေးသားသော

# ဥပမာ မဥ္ဇရီ

ခေါ်ထိုက်သည့်

## ဓမ္မကထိကလက်စွဲ

●

သင်္ဂဇာ-ဦးပေါ်ဦး-စကားတောင်စားတို့၏ ပျော်ရွှင်ဘွယ် ပုံပြင်များကဲ့သို့
တဘာသာထူးခြား၍ ဇာတ်-နိပါတ်-ရာဇဝင်-ပုံပြင် ညှပ်လျက်၊ စာ
ဘတ်သူတို့ မနားမရပ် ရယ်မောခြင်း လှိုင်းခပ်ပြီး ဟဒယမနော
မာတ်၌ ပီတိဟုန်အတောမသတ်ဘဲ သောမနသ် ချိုပြုံးသဖြင့်
တကိုယ်လုံး တုန်ဖိန့် အကြောစုံ ဖြာစိမ့်လျက် နှစ်သက်
ကြည်လင်စွာနှင့် မပျင်းရိရအောင် ဆန်းကြယ်လှသော
ဥပမာ—ဥပမေယျ ထူးထွေသော ပုံပြင်သာဓက
ထိမိသော စကားလုံး တို့ဖြင့် ထင်ရှားစွာ
ထည့်သွင်း၍ ဆိုင်ရာတွင် ပြောကြားနိုင်
စေရန်၊ ဗဟုသုတ ရှာဖွေသူများနှင့်
တရားဟော ဓမ္မကထိကများ
အမြဲ လက်ကိုင် ထားရန်
ကောင်းသည့် စာအုပ်
ဖြစ်ပါကြောင်း။

ပဌမ-ဒုတိယ ၃-ကျပ်စီ။

★

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် (အမှတ်၊ ၅၇၆၀)
ထုတ်ဝေသူ။ ။ဦးပါကြီး(မှတ်ပုံတင်အမှတ်-၀၁၃၃)
ရှစ်ရှင်သစ်စာပေတိုက်
အမှတ်-၅၀၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ။ ။ဦးပါကြီး(မှတ်ပုံတင်အမှတ်-မြဲ ၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
အမှတ်-၅၀၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ပဌမအကြိမ်။ ၁၉၇၃-ခုနှစ်၊ ဖေဖေါ်ဝါရီလ။ အုပ်ရေ-၂၀၀၀